www.burmeseclassic.com



www.burmeseclassic.com

ဇဝန

၏

# ဆိုးပေ

## အမှတ်(၁)

ပင်နီစာအုပ်တိုက်
စာပူး ၆၇၄
ဖုန်း - ၁၄၀၅၃၉

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် အမှတ် ✸ ၂၁၆/၉၉ (၃)

မျက်နှာဖုံးခွင့်ပြုချက် အမှတ် ✸ ၂၀၀/၂၀၀၀ (၃)

မျက်နှာဖုံးနှင့်

အတွင်းသရုပ်ဖော် ✸ စောမင်းဝေ

ထုတ်လုပ်သူ ✸ ဒေါ်မိုးကေခိုင်

ချိုတေးသံစာပေတိုက်

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)

ရန်ကုန်။

မျက်နှာဖုံးနှင့်

အတွင်းပုံနှိပ် ✸ မယာမီဒီယာပုံနှိပ်တိုက်

၁၅၂၊ ယောဂီကျောင်းလမ်း

လှိုင်မြို့နယ်။

ပုံနှိပ်ခြင်း ✸ ဒုတိယအကြိမ်။

အုပ်ရေ ✸ ၁၀၀၀

ထုတ်ဝေသည့်ကာလ ✸ ၂၀၀၀၊မေလ။

တန်ဖိုး ✸ ၅၅၀

www.burmeseclassic.com

www.burmeseclassic.com

# ထုတ်ဝေသူစကား

တလောကဘိလပ်ပြန် မိတ်ဆွေတစ်ဦးနှင့်တွေ့သော အခါ သူ့လက်ထဲမှာ စာအုပ်တစ်အုပ် မြင်ရပါတယ်။ J.K Rowling ၏ Harry Potter and the Prisoner of Azkabanအမည်ရှိ စာအုပ်ဖြစ်သည်။ 'ဥရောပမှာ ရောင်းအကောင်းဆုံး ကလေး စာပေပဲဗျ၊ ဟိုက ကလေးတွေ သိပ်ကြိုက်တယ်။ ဟယ်ရီ ပေါ်တာစာအုပ်တွေ အတွဲလိုက် တွေ့ခဲ့ရတယ်။ အိမ်က ကလေး တွေဖတ်ဖို့ တစ်အုပ်ဝယ်လာတာ' ဟု ဆိုပါသည်။

သူတို့ဆီမှာ ကလေးတွေဖတ်ဖို့၊ ကြည့်ဖို့ စာအုပ်တွေ မျိုးစုံ အများကြီးထုတ်လုပ်နိုင်ကြသည်။ ဈေးကွက်လည်း ကောင်းသည်ဟူ၏။ နှစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအ တွက် အရုပ်နှင့်အရောင် ကြည့်စရာရောင်စုံရုပ်ပုံစာအုပ်များ (Picture books)တွေရှိသည်။ ၈နှစ်မှ ၁၂ နှစ် အရွယ်များအ တွက် ဟယ်ရီပေါ်တာလို (Junior Fiction) တွေရှိသည်။ ၁၃နှစ် အထက်တွေအတွက် နာမည်ကျော်(Jacfueline Wilson) ၏(The Illustrated Mum) လိုဝတ္ထုတွေရှိတယ်။ အဖုံးမာ၊ အဖုံးပျော့ခွဲ၍ ပင်ထုတ်လိုက် ကြသေးသည်။ ဝတ္ထု (fiction)ရော၊ သုတ (Non-fiction)ပါ ကလေးတွေအတွက် ရေးသားထုတ်ဝေကြသည်။

ကျွန်တော်တို့ စာပေလောကဈေးကွက်၌မူ ကလေးစာပေ အမျိုးအစားမှာ နည်းပါးဆဲပင် ရှိနေပါသေးသည်။ ရှိခဲ့သမျှမှာ

www.burmeseclassic.com

www.burmeseclassic.com

လည်း ကလေးဖတ်ဖို့ထက် လူကြီးကြိုက်ဖို့အဓိကဖြစ်နေသည် ဟု ခံစားရပါသည်။ ကာတွန်းနှင့် ရုပ်ပြစျေးကွက်ကို ကြည့်လျှင်ပင် ကလေးသဘာဝနှင့် လျော်ညီသော၊ ကလေးတွေအတွက် သီးသန့်ရည်စူးသော စာအုပ်အတော်နည်းပါသည်။ ရှိသလောက်မှာလည်း ကလေးတွေဉာဏ်ရည်နှင့် ဖန်တီးမှုစွမ်းရည်ကို ထုတ်ဖော်ရန် အားပေးမှုမျိုးထက် ဇွတ်အတင်း ပညာပေးဆုံးမ ရန် အားထုတ်ထားသည်ကများနေဟန်တူသည်။ စောစောက မိတ်ဆွေက 'ကျုပ်ကလေးတွေဖတ်ဖို့ မြန်မာစာရေးဆရာရေးတဲ့ မြန်မာလို ကလေးစာအုပ်တွေ ရှိစေချင်သဗျာ' ဟု ညည်းညူလေ၏။

BURMESE CLASSIC .com

ထိုအခါ ငယ်ငယ်က ဖတ်ရှုစွဲလမ်းခဲ့ရသော ဆရာကြီး ဇဝန၏ 'ဆိုးပေ' အားပြန်လည်အောက်မေ့မိပါသည်။ အမှန်မှာ 'ဆိုးပေ'၏ မူလဇစ်မြစ်သည် မြန်မာစာအုပ်မဟုတ်ပါ။ 'ဝီလျံ' ဆိုသည့် မျက်လုံးပြာပြာ၊ ဆံပင်နီကြောင်ကြောင်နှင့် ဥရောပ တိုက်သား ကလေးတစ်ယောက် အကြောင်းဖြစ်ပါသည်။ သို့ရာတွင် ဆရာဇဝန၏ လက်ထဲ၌ ဝီလျံသည် ပီဘိမြန်မာကလေး ငယ်ဆိုးပေဖြစ်သွားပါသည်။ ကလေးတို့၏ ပင်ကိုယ်သဘာဝ အား အရှိအတိုင်း ရေးဖွဲ့ထားခြင်းဖြစ်သည့်ပြင် ကလေး၏ အဖြောင့်တွေးခြင်းနှင့် လောက၏ရှုပ်ထွေးပုံ ပဋိပက္ခဇာတ်လမ်းများမှာ အပြစ်ကင်းစွာရယ်မောရပါမည်။

ထိုအခါ မိတ်ဆွေ၏ ကလေးငယ်များအတွက်သာမက

www.burmeseclassic.com

www.burmeseclassic.com

(၂၁)ရာစုအဝင် မြန်မာကလေးငယ်များကို ဆိုးပေနှင့် ပြန်လည် မိတ်ဆက်ပေးဖို့ ဆုံးဖြတ်လိုက်ရပါသည်။

လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ ဖတ်ကြပါစေကုန်သောဝ်။

**ပင်နီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com

# ဆိုးပေ

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



"ကဲ–ဒို့များဘာလုပ်ကြမလဲ"ဟု ဆိုးပေ က မေးလိုက်လေသည်။

ဆိုးပေတို့အဖို့ ကျောင်းပိတ်ရက်များမှာ သဲကန္တာရ အတွင်းက စမ်းရေအိုင်ကလေးကဲ့သို့ ပျော်ရွှင်ကြည်နူးဖွယ်ရာ ဖြစ်သော်လည်း ကစားနည်းများ ထပ်နေပြီဖြစ်သဖြင့် အခု ကျောင်းပိတ်ရက်အတွင်း မည်သို့ကစားနည်း အဆန်းထွင် ရမည်ကို တွေးတောကြံဆ၍မရဘဲ ရှိနေကြလေသည်။

နောက်ဆုံးတွင်ဆိုးပေက "ကဲ–ဘာမှ စဉ်းစားလို့ မရရင် ဥယျာဉ်ထဲကို တောလယ်သွားကြမယ်" ဟု အကြံပေးလေ၏။

"တောလယ်သွားရအောင်လည်း ဒို့များမရောက်ဖူးတဲ့ နေရာရှိသေးသလား"ဟု မောင်မောင်က စောဒကတက်လေသည်။

"ဒါပေမဲ့ ဒို့များ မရောက်တာကြာလို့ ဥယျာဉ်ထဲမှာ တိရစ္ဆာန်ရိုင်းတွေ တိုးချင်တိုးနေမှာ"

ဆိုးပေ၏ အကြောင်းပြချက်မှာ စိတ်ဝင်စားစရာ ဖြစ်နေ သည့်အတွက် မနက်စာစားပြီးသည်နှင့် တောလည်ထွက်ရန် သဘောတူလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့အားဖြင့် လူစုခွဲသွားကြကာ ထမင်းစားပြီးမှ ထပ်၍ ဆုံကြလေသည်။ ထို့သို့ပြန်၍ ဆုံကြသည့်အခါတွင် မောင်မောင်၏မျက်နှာမှာ မကြည်မသာရှိသည်ကို တွေ့ကြရလေ၏။

''ငါလိုက်ဖို့ ခက်နေပြီကွာ။ ငါတို့အိမ်ကို အလည်ရောက်နေတဲ့အဒေါ်က သူ့ ခွေးကလေးထိန်းဖို့ ပြောနေတယ်''

''ဘာဖြစ်သလဲ ခေါ်ခဲ့ပေါ့ကွ။ ငါလည်း ဂျမ်ဘိုကို ခေါ်လာမှာပဲ။ သူတို့နှစ်ကောင် အဖော်ရတာပေါ့'' ဟု ဆိုးပေက မောင်မောင်၏ ပြဿနာကို ဖြေရှင်းပေးလိုက်လေသည်။

သို့သော် မောင်မောင်၏မျက်နှာတွင် အားတက်မှုပေါ်၍ မလာပေ။

''ဒို့အဒေါ် ခွေးက မင်းထင်သလို အဖော်ရတဲ့ခွေးမျိုး မဟုတ်ဘူး။ ခွေးကြည့်လိုက်တော့ ငယ်ငယ်ကလေးရယ်။ အင်မတန် ဒေါသကြီးတာ၊ အိမ်မှာနေတော့လည်း ကြမ်းပေါ်မှာ အိပ်ချင်တာမဟုတ်ဘူး။ ဆိုဖာပေါ်တက်ပြီးတော့ ဇိမ်နဲ့ကောင်းကောင်း ထိုင်စားနေရတာ အားမရသေးလို့ သူ့အနားလာသမျှ ယင်ကောင်တောင်မရှောင်ဘဲ ဖမ်းပြီးဟပ်လိုက်သေးတယ်။ မျက်နှာပေါက်ကလည်း ဆိုးပါဘိသနဲ့ အဲဒီခွေးကိုကွာ တိရစ္ဆာန်ကုတဲ့ဆရာဝန်က လမ်းလျှောက်ဖို့ ခေါ်ခေါ်သွားရမယ်ဆိုလို့တဲ့။ အခု ငါ့ကို ခွေးထိန်းခိုင်းလိုက်တာ''

''ဒီလိုဆိုရင် မခေါ်ခဲ့နဲ့ပေါ့ကွ။ မင်းအဒေါ်က ဒို့ကို အတင်းအဓမ္မ မခိုင်းနိုင်ပါဘူး။ ခွေးမထိန်းမနေရဆိုတဲ့ ဥပဒေမှမရှိဘဲ''။

ဟုတ်တော့ဟုတ်တာပဲ။ ဒါပေမဲ့ သူက မနက်ဖြန်ခါ ပြန်တော့မှာ။ သူအလည် လာတိုင်း လာတိုင်း ငါ့ကို ပိုက်ဆံပေး



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိတယ်။ ဒီနေ့ နောက်ဆုံးနေ့ဆိုတော့ သူ့သဘောကျအောင် လုပ်ဖို့ သိပ်အရေးကြီးတယ်။ သူမကျေနပ်ရင် ရဖို့ခက်တယ်။

ဆိုးပေသည် ငွေဟူသော စကားကိုကြားလိုက်ရသည်တွင် တွေဝေ၍ သွားလေ၏။ ငွေအကြောင်းပါ၍ မလာလျှင်ကား မူလပြောလိုက်သည့် စကားအတိုင်း ခွေးထိန်းရေးကို ငြင်းဆန်လိုက်ပေမည်။ ယခုမူ ငွေအကြောင်းပါ၍လာသည်။ ထိုငွေမှာ မိမိတို့၏ သံမဏိစည်းမျဉ်းအတိုင်း ညီတူညီမျှ ခွဲဝေသုံးစွဲရမည့်ငွေဖြစ်နေသည်။ ထိုငွေမျိုးကိုရရန်အတွက်လည်း မိမိတို့သည် ရှေးအထက်ထက်ကပင် အကြိမ်ပေါင်းများစွာ ဝေ၍ ဒုက္ခခံခဲ့ကြဖူးပေပြီ။ ယခုလည်း ငွေရမည်ဆိုလျှင် ထိုဒုက္ခကို ခွဲဝေယူကြရုံပင် ရှိတော့သည်။

''ဒါဖြင့်ရင်လည်း ကောင်းပြီကွာ။ မင်းခွေးကလေး ခေါ်လာခဲ့။ ဒို့နဲ့တွေ့တဲ့အခါကျတော့ မင်းပြောသလောက် ဆိုးချင်မှ ဆိုးတော့မှာပါပဲ''

''သိပ်တော့မမျှော်လင့်နဲ့ဆရာ နာမည်ကိုက နွယ်နီတဲ့။ တော်တော့ကို ခွေးကဗျာမဆန်တဲ့နာမည်ပဲကွ''

မောင်မောင်၏ စကားသည်ဆိုးပေ၏ အားတက်သရော ရှိမှုကို လေးလံထိုင်းမှိုင်းသွားစေတော့သည်။ သို့အားဖြင့် ဆိုးပေနှင့်ရဲဘော်တို့သည် စိတ်လေးလေးလံလံနှင့်ပင် နွယ်နီကိုခေါ်ရန် မောင်မောင်၏ အိမ်ဆီသို့ ထွက်လာခဲ့ကြလေ၏။

''မင်းပြောတဲ့ခွေးကလေး ငါမြင်ဖူးသားပဲ၊ ပုလိုက်တာလည်း ချာလို့။ ဝလိုက်တာကလည်း တိုနေတာပဲ။ လမ်းတောင်ကောင်းကောင်း မလျှောက်နိုင်ဘူး။ အမွေးကလည်း ထူလိုက်တာမှ မျက်လုံးတောင်ဖုံးနေလို့ မြင်မှမြင်ရရဲ့လားမသိဘူး'' ဟု အီစွတ်က ထောက်ခံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ငါလည်း မြင်ဖူးပါတယ်ကွာ။ သောက်ရုပ်ဆိုးလိုက်တာ လည်း လွန်နေတာပဲ။ ပြီးတော့ သူ့ကိုယ်ကဖြင့် တစ်လက်မ လောက်သာ ရှိတယ်။ ကိုက်ချင်လိုက်တာ လွန်ရောပဲ'' ဟု သာဒွန်းဦးက ပြောပြလေသည်။

''ဘာပဲဖြစ်ဖြစ်ကွာ။ ပိုက်ဆံလိုချင်ရင် အလကားတော့ မရဘူး။ ဒုက္ခတော့ခံရမှာပဲ'' ဟု ဆိုးပေက စဉ်းစဉ်းစားစားပြော လိုက်လေသည်။

မောင်မောင်၏ အဒေါ်မှာ ကိုယ်လုံးကိုယ်ထည် တောင့် တင်း ပြည့်ဖြိုးလျက် လမ်းလျှောက်ရာတွင် သူ၏ ခွေးကလေး နွယ်နီကဲ့သို့ တင်ပါးဆုံကြီးများကို ဘယ်ပစ် ညာပစ်နှင့် ခါးလှုပ်၍ လျှောက်တတ်ပေ၏။ အကယ်၍သာ ချစ်ခင်ဖွယ် ကောင်းသော မျက်နှာသာမရှိခဲ့လျှင် နွယ်နီကို သူကိုယ်တိုင် မွေးထုတ်သလားဟု ထင်ရပေမည်။

အိမ်ပေါက်ဝသို့ ဆိုးပေတို့ရောက်သည်နှင့် တစ်ချိန် တည်းမှာပင် မောင်မောင်၏အဒေါ်သည် နွယ်နီကိုပိုက်၍ ထွက် လာသည်နှင့် ဆုံမိကြလေ၏။ သူ၏လက်ထဲက နှာခေါင်းတစ် ရှုံ့ရှုံ့ လုပ်နေသော နွယ်နီကို ကြည့်လိုက်ရာတွင် ထိပ်လယ် တွင်ကြယ်ကဲ့သို့ ဖွေအဖြူတစ်လုံးရှိလျက် နားရွက်တစ်ဖက်ဖြူ ၍ တစ်ဖက်မည်းသည်ကို တွေ့ရလေ၏။

''ကဲ ကလေးတို့ သူ့ကို သေသေချာချာ ဂရုစိုက်ပြီးခေါ် သွားစေချင်သကွယ်။ သူအခုပဲ ထမင်းစားထားလို့ ဗိုက်လေးပြီး လမ်းကောင်းကောင်းလျှောက်နိုင်မှာ မဟုတ်ဘူး။ ပြေးဖို့ဆိုတာ ကတော့ ဝေးရော။ ဒါကြောင့်သူလမ်းလျှောက်ရင်း မောလို့ နားချင်ရင် နားပါစေ။ သူက ထမင်းစားပြီးစ လမ်းလျှောက်ရင် မောတတ်တယ်။ ပြီးတော့ သူ့ကို ကြိုးနဲ့ အတင်းမဆွဲကြနဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သင့်ကြည့်ပြီး သူ့သဘောအတိုင်းလျှောက်ပါစေ။ မင်းတို့ ကြိုးနဲ့ ရှေ့ကဆွဲလို့မရအောင်လည်း သူ့လည်ပတ်ကို အဒေါ် ပြင်တပ်ထားတယ်။ သူက ဆွဲလား လွဲလားအလုပ်ကို မကြိုက်တတ်ဘူး။ အေးအေးနေတတ်တယ်'' ဟု မောင်မောင်၏ အဒေါ်က ပြောပြပြီးလျှင် ဆက်လက်၍ ''မင်းတို့ဟာ တော်တော် ကံထူးတဲ့ကလေးတွေ တော်ရုံတန်ရုံလူကို နွယ်နီနဲ့အတူတူ လမ်းလျှောက်ဖို့ ဒေါ်ဒေါ်က အခွင့်ပေးတာမဟုတ်ဘူး။ မင်းတို့ ဂုဏ်ယူစရာပဲ။ အဲဒီလို အခွင့်အရေးရတဲ့အခါ သူ့စိတ်ချမ်းသာအောင် မင်းတို့ လုပ်ကြပါ'' ဟု ပြောပြလေ၏။

သို့ပြောနေစဉ်မှာပင် ဆိုးပေတို့နှင့်ပါလာသော ဂျမ်ဘိုကို မြင်လိုက်ရသဖြင့် ''အမောင်တို့ ဟောဒီခွေးလေခွေးလွင့်ကလေးကို နွယ်နီအနားမကပ်စေနဲ့နော်'' ဟု မှာလေ၏။

ဂျမ်ဘိုသည် နွယ်နီကို မော့၍ကြည့်လိုက်ပြီး နှာခေါင်းရှုံ့ကာ မျက်နှာလွှဲ၍ ထွက်ခွါသွားလေရာ ဆိုးပေမှာ ကျိတ်၍ ပြုံးမိလေ၏။ အဒေါ်ကြီးလည်း ဂျမ်ဘိုထွက်သွားသည်ကို မြင်ရ၍ စိတ်သက်သာရာရသွား၍ သွားလေ၏။ ဂျမ်ဘိုမှုကား ထိုနေ့အဖို့ ဆိုးပေတို့၏ အနားသို့ မကပ်တော့ချေ။

''ကဲ...ကဲ ကောင်းကောင်းခေါ်သွားကြနော်။ သူ့ကို မင်းတို့မျက်စိအောက်က မပျောက်ပါစေနဲ့'' ဟု ဆိုကာ အဒေါ်ကြီးက နွယ်နီကို မြေပေါ်သို့ချပြီး လည်ပတ်ကြိုးကို မောင်မောင်၏ လက်ထဲသို့ ထည့်လိုက်ပြီးလျှင် နွယ်နီအား မောင်မောင်တို့ ခေါ်သွားကြသည်ကို မိမိ၏ မျက်စိအောက်က ပျောက်ကွယ်သည့်တိုင်အောင် အိမ်မှရပ်၍ ကြည့်နေလေ၏။

ဆိုးပေတို့ လူသိုက်မှာ ခွေးကလေးတစ်ကောင်နှင့် လမ်းလျှောက်ထွက်လာကြသော ကလေးများနှင့်မတူ၊ ခေါင်းငိုက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်နှင့် ဖြည်းဖြည်းလျှောက်ကာ မသာလိုက်၍ ပို့နေကြသူများနှင့် တူပေ၏။ နွယ်နီမှာ တစ်ခါမှ မတွေ့ကြုံဖူးသော အပေါင်းအဖော်များနှင့် လမ်းလျှောက်ရသည့်အတွက် သွက်သွက်လက်လက် ရှိလှသော်လည်း ခြေလှမ်းစိပ်လျက် ခါးလှုပ်နေရသည်နှင့် ခရီးမရောက်နိုင် ရှိလေ၏။ လမ်းမကြီးပေါ်သို့ ရောက်သည့်အခါ၌မူ တဟဲဟဲနှင့်မောနေကာ ဆက်၍မလျှောက်တော့ဘဲ ထိုင်ချလိုက်လေ၏။ သူ့ကိုကြည့်ရသည်မှာ ထိုနေရာမှာပင် တစ်ရေးတစ်မောအိပ်တော့မည့် အသွင်ဆောင်၍ နေသည်။

မောင်မောင်သည် မြင်းမောင်းသလို ကြိုးကို လှုပ်ပေးသော်လည်း မသွားချေ။ မဆွဲပါနှင့်ဆိုသည့်အတွက် ဖင်ကိုတွန်းပေးရာ အရှေ့သို့မရွေ့ဘဲ သူ့အား တွန်းရပါမည်လားဟု လှည့်၍ ကိုက်လိုက်သဖြင့် လျင်မြန်စွာ ရှောင်တိမ်းလိုက်ရရှာလေ၏။ သို့ဖြစ်၍ အဒေါ်ကြီးက ဘာပဲပြောပြော ဆွဲခေါ်မည်ဟု ရှေ့က နေပြီး ကြိုးနှင့်ဆွဲရာ လည်ပတ်ကို ကွင်းကျယ်ကျယ် လုပ်ထားသဖြင့် ကျွတ်၍ ထွက်လာလေ၏။ ထိုအခါမှ အဒေါ်ကြီးပြောလိုက်သည့်စကားကို တွေးမိကြကာ ဆွဲ၍မခေါ်စေရအောင် ပြုလုပ်ပေးလိုက်ခြင်းကို စဉ်းစားမိကြလေ၏။ လည်ပတ်မှာ အသေလုပ်ထားသဖြင့် ကွင်းကျဉ်းအောင် လုပ်၍လည်း မရကြပေ။

နောက်ဆုံးတွင် ဆိုးပေသည် လည်ပတ်နှင့်ကြိုးမှာ အသုံးမကျဟု နှလုံးပြုကာ မိမိဘောင်းဘီအိတ်ထဲသို့ ထည့်၍ သိမ်းထားလိုက်ရပြီး မောင်မောင်က နွယ်နီကို လမ်းတစ်လျှောက်လုံး ပွေ့ပိုက်၍ ခေါ်လာခဲ့ရလေ၏။

နွယ်နီမှာ ကြည့်လိုက်လျှင် ခွေးပုကလေးမျှသာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကောင်းကောင်းစားနေရသော ခွေးဖြစ်သဖြင့် အရွယ်နှင့်မလိုက်အောင် လေးလံလှပေ၏။

ထိုသို့ မောင်မောင်မှာ ခွေးနှင့် မနိုင်မနင်းဖြစ်နေသည်ကို တွေ့ရ၍ ဆိုးပေကတစ်လှည့် ပွေ့ချီရလေ၏။ နွယ်နီသည် မောင်မောင်၏ လက်ထဲတွင် အိပ်ပျော်၍ ပါလာခဲ့ရာက ဆိုးပေ ၏လက်ထဲသို့ အပြောင်းတွင် အိပ်ရေးပျက်သွားခြင်းကြောင့် မကျေမချမ်းဖြစ်ကာ ဆိုးပေ၏ ရင်ဘတ်ကို ကုတ်လိုက်၊ လက်ကို ကိုက်လိုက်နှင့် လုပ်သဖြင့် ဆိုးပေ၏ လက်မှတစ်ဆင့် အီစွတ်လက်သို့ အပ်ရပြန်လေ၏။ သို့သော် နွယ်နီမှာ အေးအေး မနေဘဲ အီစွတ်၏ ရင်ဘတ်ကို ကိုက်ရာ အင်္ကျီကြယ်သီးတစ်လုံး ပြုတ်၍ သွားတော့၏။ သာဒွန်းဦးအား ပေးသောအခါ ငြင်းပယ် လေတော့သည်။

ဤတွင်မှ လက်လျှော့ပြီး မြေပေါ်သို့ ချပေးလိုက်ရာ နွယ်နီ သည် ၎င်းတို့၏ခြေရင်းတွင် လှဲအိပ်နေလိုက်လေ၏။

''အင်း ခက်တော့ ခက်တာပဲ။ ဒီနေ့ ပျော်စရာ ရှိတော့မှာ မဟုတ်ပါဘူး''ဟု ဆိုးပေက ညည်းတွားလေ၏။

ဆိုးပေတို့မှာ အတော်ကလေး ခရီးရောက်လာပြီးမှ ရွာ နှင့်လည်းမနီး။ ဥယျာဉ်နှင့်လည်း မမှီသည့် လမ်းခုလတ်တွင် ယခုလို ဖြစ်နေရသည့်အတွက် အတော်ကလေး စိတ်ပျက်မိကြ လေ၏။ ဆိုးပေသည် ညည်းတွားမိရာက မိမိတို့ ရောက်ရှိနေ သည့် လယ်ကွက်အနီးတဝိုက် ကြည့်လိုက်ရာ အုတ်ကျင်း ဟောင်းကြီးကို တွေ့ရလေ၏။ ထိုအုတ်ကျင်းကြီးမှာ သုံးဘက် တွင် မတ်စောက်လျက် တစ်ဘက်၌သာ ဆင်ခြေလျှောရှိရာ ဆိုးပေတို့သည် ဆင်ခြေလျှောမှ ဖင်ထိုင်လျက် လျှောစီး၍



www.burmeseclassic.com

www.burmeseclassic.com



ဆင်းနေကြဖြစ်ပေ၏။ ထိုအုတ်ကျင်းထဲမှ ပြန်၍ တက်လိုကြသည့်အခါ နံရံတစ်ဘက်နှင့်ကပ်၍ ပေါက်နေသည့် သစ်ပင်ကလေးကို တွယ်ဖက်၍ တက်ကာ ကျင်းနှုတ်ခမ်းကို လှမ်း၍ကူးကြရ၏။ ဤနေရာကား ဆိုးပေတို့ မကြာခဏ လာရောက်ဆော့နေကျနေရာ ဖြစ်ပေ၏။

''ဟော့–ဒီခွေးကလေးကို ဒီကျင်းထဲ ထည့်ထားခဲ့ရအောင်'' ဟု ဆိုးပေက ပြောလိုက်၏။

''ဒီကျင်းထဲမှာ သူ့ကို ထားပစ်ခဲ့ပြီး ဒို့များချည်း တောထဲသွားကြတာပေါ့။ ဒီထဲမှာ ထားခဲ့လို့ သူ ထွက်မပြေးနိုင်ဘူး။ နဂိုကမှ လမ်းမလျှောက်ချင်တဲ့ အကောင်ဟာ အပေါ်တော့ တက်မှာ မဟုတ်ဘူး။ ဖိမ်နဲ့ အိပ်နေမှာပဲ။ ဒို့အပြန်ကျမှ သူ့ကို ဝင်ခေါ်တာပေါ့။ သူကလည်း ဒို့နဲ့လိုက်ရတာ အနေကြပ်နေမှာပဲ''

''ဒို့ကလည်း သူမပါရင် သိပ်သဘောကျတာပေါ့ကွာ''

''ကဲ...လာ...သွားကြစို့။ သူ့ကို ငါ ချီပြီး ပို့လိုက်မယ်''

ဆိုးပေသည် တစ်ဘက်က နွယ်နီကို ပွေ့လျက် လက်တစ်ဘက်က ဂုန်နီအိတ်တစ်ခုကို ကိုင်ပြီးလျှင် အုတ်ကျင်းရှိရာသို့ ယူသွားလေ၏။ ထို့နောက် ဂုန်နီအိတ်ကို ဖင်ခုထိုင်ပြီးလျှင် အုတ်ကျင်းထိပ်မှ လျှောစီးချလိုက်ရာ ခွေးရောလူပါ ချောမောစွာ အောက်သို့ ရောက်သွားကြလေ၏။

ထိုအခါမှာ နွယ်နီသည် ငိုက်မြည်းရာက လန့်၍နိုးကာ ဟောင်လိုက်ပြီးလျှင် ဆိုးပေအား ကိုက်မည်လုပ်သဖြင့် လွှတ်ချလိုက်ရလေ၏။ နွယ်နီမှာ ကိန်ကနဲမြည်ကာ မြေပေါ်သို့ကျသွားပြီး ရုတ်တရက် မထနိုင်ဘဲ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေသည် နွယ်နီအား သိပ်၍ထားခဲ့ရန် နေရာကို ကြည့်ရာ အုတ်ကျင်းနံရံတစ်ဘက်တွင် ချိုင့်ဝင်နေသော လိုဏ်ခေါင်းကလေးတစ်ခုကို တွေ့ရသဖြင့် ထိုနေရာမှာ မိုးလုံလေလုံရှိသည့်အတိုင်း ထိုလိုဏ်ခေါင်းကလေးထဲတွင် ဂုန်နီအိတ်ကို ခင်း၍ နွယ်နီကို သိပ်ထားခဲ့လေ၏။ နွယ်နီမှာ စောစောက ဆိုးပေ လွှတ်ချလိုက်သဖြင့် အောင့်နေသောကြောင့် ဆိုးပေအား ရန်မမူတော့ဘဲ အလိုက်သင့် လိုက်သွားကာ သူသိပ်ထားသည့် နေရာတွင် အိပ်၍ နေလိုက်ရလေ၏။

''ကဲ–နွယ်နီတော့– ထားပစ်ခဲ့ပြီ'' ဟု ဆိုးပေသည် ကုန်းပေါ်သို့ တက်လာပြီး ရဲဘော်များအား ကြေညာလိုက်လေ၏။

မောင်မောင်မှာကား ဆိုးပေ၏ စီမံမှုဖြစ်၍ ငြိမ်နေလိုက်ရသော်လည်း မိမိအပေါ်၌ အပြစ်ရောက်လာမည်ကို တွေး၍ ပူမိလေ၏။

အီစွတ်မှာမူ အကိုက်ခံထားရသူ ဖြစ်သောကြောင့် ကောင်းတယ်၊ အခုမှအေးတယ်ဟု ထောက်ခံလိုက်လေ၏။

သို့အားဖြင့် ဆိုးပေနှင့်ရဲဘော်တို့သည် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လျော့ပါးသွားသည့်အလျောက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဉယျာဉ်ထဲသို့ ခုန်ပေါက်ပြေးလွှား၍ သွားရောက်ကြလေ၏။

ထိုနေ့ တစ်ညနေလုံး ဆိုးပေတို့သည် ပျော်မဆုံးနိုင်ရှိကြလေ၏။ သူတို့မျှော်လင့်သည့် သားတိရစ္ဆာန်ရိုင်းများကို မတွေ့ရှိသော်လည်း ရေစီးကြောင်းကလေးထဲဆော့၊ သစ်ပင်တက်၊ ဉယျာဉ်စောင့် လိုက်၍ပြေးရနှင့် တစ်မျိုးတစ်နည်း ပျော်ရွှင်စရာဖြစ်ရပေ၏။ ထိုသို့ နှစ်နာရီခန့် ကစားကြပြီးသည့်နောက် မောပန်းသွားကြကာ ပြန်ခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေတို့သည် ပျော်ရွှင်နေကြသဖြင့် မောရ၍လည်း မောရမှန်း မသိကြချေ။ အုတ်ကျင်းကြီးသို့ပြန်၍ ရောက်ကြပြီး နွယ်နီကိုကြည့်၍ မမြင်ကြသည့်အခါမှ အမောကြီး မောသွားကြလေတော့သည်။

''မဟုတ်ဘူးကွ......ဒီကျင်းထဲမှာပဲ အခုရှိရမယ် ဘယ်နည်းနဲ့မှ သူ မတက်နိုင်ဘူး''ဟု ဆိုးပေက စ၍ပြောလိုက်၏။

''ရှိတော့ရှိမှာပဲ နည်းနည်းမှောင်နေလို့ အပေါ်ကကြည့်တော့ မရှိဘူးထင်ရတာနဲ့တူတယ်။ လာကွာ... ဒို့အားလုံး ဆင်းပြီး ရှာရအောင်''ဟု မောင်မောင်က ပြောလေသည်။

ယင်းသို့ မောင်မောင်ပြောလိုက်သည့်အတိုင်း ကျင်းထိပ်မှနေ၍ လေးဦးသား လျှောစီးပြီးဆင်းကြရာ တစ်ယောက်ကို တစ်ယောက် တိုက်မိပြီးအောက်သို့ ဒလိမ့်ခေါက်ကွေးကျရောက်သွားလေ၏။ ထိုနောက်မှ ဖုတ်ဖတ်ခါ၍ထကြကာ နွယ်နီအား သိပ်ထားခဲ့သည့် လိုဏ်ခေါင်းဆီသို့ သွားရောက်ကာ နွယ်နီကို ကြည့်ရှုကာ ရှာဖွေကြလေ၏။

လိုဏ်ခေါင်းထဲတွင် ဂုန်နီအိတ်ကိုသာ တွေ့ရ၍ နွယ်နီကိုကား မတွေ့ရပေ။ သို့ဖြစ်၍ ဆိုးပေသည် ဂုန်နီအိတ်ကို ဆွဲထုတ်ကာ အိတ်ထဲတွင် နွယ်နီ ဝင်၍နေလေသလားဟု အိတ်ကို ခါ၍ကြည့်သော်လည်း ဘာမျှထွက်မလာချေ။ ထိုအခါမှ ရဲဘော်များသည် တစ်ဦးစီခွဲကာ ကျင်းထဲတွင် အနှံ့အပြား လိုက်လံကြည့်၍ ရှာဖွေကြလေ၏။

''နွယ်နီ....နွယ်နီ''ဟု နာမည်ခေါ်သူခေါ် လေချွန်၍ခေါ်သူခေါ် ''အို့...အို့...အို့...လာ...လာ ကြက်ကောင်လုံးကြော်ကြီး စားရအောင်''ဟု မျှားသူ မျှားကြသော်လည်း ဘယ်ကမှ နွယ်နီထွက်၍ မလာချေ။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်များ သွားပါလိမ့်မယ်။ ဒီမှာတော့ မရှိတော့ဘူး''

''သူကိုယ်တိုင်တော့ ဘယ်မှ သွားနိုင်မှာ မဟုတ်ဘူး။ သေများ သေသွားရော့လား''

''သေသွားရင် ခွေးသေကောင်တော့ တွေ့ရဦးမှာပေါ့ကွ''

''သူ့ဟာသူ သေတာ ဟုတ်ချင်မှဟုတ်မယ်။ ကြွက်ချီရင် ချီသွားမှာ။ ဒီက မြေကြွက်ကြီးတွေဟာ နည်းတဲ့ကောင်ကြီးတွေ မဟုတ်ဘူး......''

''ကြွက်ကိုက်လို့ရှိရင်လည်း သူ့အမွေးတွေတော့ နည်းနည်းပါးပါး တွေ့ဖို့ကောင်းတယ်''

မောင်မောင်သည် ခေါင်းကို ကုတ်ကာ ''ခက်တော့တာပဲကွာ၊ ငါတို့အဒေါ်တော့ ရူးတော့မှာပဲ''ဟု ညည်းလေ၏။

''ဒို့များပါ လိုက်လာပြီး ပြောပြပါမယ်ကွာ''ဟု ဆိုးပေက ဆို၏။

''မင်းတို့လိုက်လို့လည်း ဘာမှ ပိုထူးလာမှာမဟုတ်ဘူး။ ဒါထက် ငါကိုယ်တိုင်လည်း အိမ်မပြန်ရဲတော့ဘူး''

''အိုကွာ အပြန်လမ်းမှာ တွေ့ချင်တွေ့မှာပါပဲ၊ သိပ်မပူပါနဲ့''ဟု အီစွတ်က မောင်မောင်စိတ်သက်သာစေရန် ပြောလေ၏။ သို့သော် သူ့စိတ်ထဲမှာကား မမျှော်လင့်ချေ။

သူတို့သည် ကျင်းပေါ်သို့ ပြန်တက်ခဲ့ကြပြီးနောက် အိမ်သို့ နေးကွေးလေးလံစွာ ပြန်ခဲ့ရင်း လမ်းတွင် တွေ့သမျှ ချုံပုတ်၊ ရေမြောင်းစသည်တို့ကို တစ်ခုမကျန် စေ့စေ့စပ်စပ် ကြည့်ရှုရှာဖွေလေ၏။ သို့သော်လည်း နွယ်နီကိုကား မတွေ့ရပေ။

''သူ့ဘာသာသူ အိမ်ပြန်သွားပြီထင်တယ်။ သူပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေရင် ငါတော့ အဆူခံရတော့မှာပဲ''ဟု မောင်မောင်က ပြော လေ၏။

''သူ ပြန်မရောက်မှ သာပြီးအဆူခံရမှာ''ဟု ဆိုးပေက ရှင်းပြလိုက်၏။

သို့နှင့် မောင်မောင်၏အိမ်သို့ ပြန်၍ရောက်ကြပြီးနောက် ကုတ်ကုတ် ကုတ်ကုတ်နှင့် နောက်ဖေးခြံထဲတွင် နွယ်နီကို လိုက်၍ ရှာကြလေ၏။ မတွေ့ရသောအခါ နောက်ဖေး၌ ထင်းများ ပုံထားသည့် တဲကလေးထဲတွင် ဝင်၍ပုန်းနေကြရန် ဆုံးဖြတ် လိုက်ကြလေ၏။

''နေဦးကွ၊ ဒို့များ အိမ်ဘေးကို သေသေချာချာ မရှာ ရသေးဘူး''ဟု ဆိုးပေက ပြောလေ၏။

''မင်း သွားမနေပါနဲ့ကွာ။ မတော်လို့ ဒို့အဒေါ် မင်းကို မြင်သွားပါဦးမယ်''ဟု မောင်မောင်က တားလေသည်။

''တွေ့လည်း ဘာဖြစ်သလဲ။ ငါ တစ်ခုခုကြံဖန်ပြီး ပြော လိုက်မှာပေါ့''

''အဲဒါမှ ပိုဆိုးလိမ့်မယ်ထင်တယ်''

သို့သော် ဆိုးပေကား တား၍မရချေ။ သူ ထွက်၍သွား သည်ကိုသာငေး၍ ကြည့်နေကြရလေသည်။ ဆိုးပေသည် အိမ် ဘေးတွင် နွယ်နီကို တွေ့လိုတွေ့ငြား လိုက်၍ရှာနေစဉ်မှာပင် မောင်မောင်၏ အဒေါ်နှင့် ရင်ဆိုင်တိုးလေတော့၏။

''ဟော....မင်းတို့ ပြန်လာကြပြီလား....နောက်ကျတာကိုး ကွ၊ ဒေါ်ဒေါ်က မင်းတို့ အစောကြီးကတည်းက ရောက်နေကြ လိမ့်မယ်ထင်နေတာ။ ကဲ ... ကဲ မင်းတို့ နွယ်နီကို အိမ်ထဲမှာ ကောင်းကောင်းထားခဲ့ပြီး ဒေါ်ဒေါ်နောက် လိုက်ခဲ့ကြ .. ဒေါ်ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



(တိရစ္ဆာန်များနေ့) အစည်းအဝေးကို သွားမလို့၊ ဒီအစည်းအဝေး တက်ဖို့ ဖိတ်စာတွေ ပေးဖို့ဟာ ခိုင်းတဲ့သူက မေ့နေလို့ လူကိုယ်တိုင် အခုညနေမှ လာဖိတ်တဲ့အတွက် ဒေါ်ဒေါ်လည်း ကမန်းကတန်း သွားရဦးမယ်။ မင်းတို့ နွယ်နီကို ထားပြီး ဆက်ဆက်လိုက်ခဲ့နော်။ ဟိုကျရင် ဒေါ်ဒေါ်က စင်မြင့်ပေါ်မှာ နေရမှာမို့ မင်းတို့အောက်က ကြွန္ဒြေရရ ရှိကြပါစေ။ အစည်းအဝေးက စာဖတ်အသင်းမှာ လုပ်မယ်။ အဲဒီကို ဆက်ဆက်လိုက်ခဲ့ကြ''ဟု အဒေါ်ကြီးက ဆိုးပေအား မှာကြားပြီး ထွက်သွားလေ၏။

ဆိုးပေသည် နောက်ဆုံးဖြစ်ပေါ်လာသော အခြေအနေကို မိမိရဲဘော်များအား သတင်းပေးရန် ထင်းထားသည့် တင်းကုတ်ဆီသို့ ခပ်သုတ်သုတ်ပြေးလေ၏။

တိရစ္ဆာန်များအား သနားကြင်နာရေးအသင်းမှာ ဆိုးပေတို့၏ ကျောင်းအုပ်ကြီး စာဖတ်အသင်း ဥက္ကဋ္ဌကြီး၏ဇနီး ဒေါ်စိမ်းညို တည်ထောင်ထားသည့် အသင်းဖြစ်ရာ ဆိုးပေတို့မှာ စေတနာမရှိဘဲ အသင်းသားအဖြစ် ပါဝင်နေရလေသည်။ ထိုအသင်းမှာ လစဉ် အစည်းအဝေးရှိလျှက် တစ်လအတွင်း တိရစ္ဆာန်များအပေါ်တွင် ကြင်နာမှုထူးချွန်စွာပြသူကို ရင်ထိုးတံဆိပ်တစ်ခု ချီးမြှင့်လေ့ရှိပေသည်။ ဆိုးပေတို့မှာ ဂျမ်ဘိုကလွဲလျှင် မည်သည့်တိရစ္ဆာန်နှင့်မျှ သင့်တော်ခြင်းမရှိလေရာ တံဆိပ်ရဖို့ကို ဘယ်အခါမျှ မမျှော်လင့်ခဲ့ကြချေ။ ရရန်လည်း အားမထုတ်ကြပေ။ သူတို့၏ ရန်သူတစ်ဦး အပါအဝင်ဖြစ်သော ဘတင်ဆိုသည့် လူငယ်လေးတစ်ယောက်မှာမူ ထိုတံဆိပ်တပ်ဆင်ရအောင် အထူးကြိုးစားနေသည်ကို သူတို့ သိကြလေသည်။

''ငါတို့ ဒီအစည်းအဝေးကို ဒီလတော့ဖြင့် လွတ်ပြီလို့



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့နေတာ''ဟု မောင်မောင်က ဆိုလေသည်။

''အခုသွားရလို့ကော ဘာဖြစ်သလဲကွာ... ဒီအစည်းအဝေး သွားနေတုန်းတော့ဖြင့် အဆူခံရတာသက်သာသေးသပေါ့''ဟု ဆိုးပေက ပြောပြလေ၏။

''တစ်နာရီလောက်သက်သာမှာပါဘဲကွာ အဆူခံရမယ့်ကိစ္စ ကတော့ ပြေးမလွတ်ဘူး''

''ညည်းမနေနဲ့တော့ကွာ ဖြစ်ချင်ရာဖြစ် ကမ္ဘာကြီးပါပျက်ချင် ပျက်ပါစေ''

''ကမ္ဘာကြီးပျက်သွားရင်တော့လည်း အကောင်းသားပေါ့။ အားလုံးအေးရော၊ အခုတော့ မပျက်လို့ခက်နေတယ်''

''ဟေ့....လျှာရှည်မနေနဲ့ မင်းအဒေါ်ကြီးခေါ်ရအောင်ပြန်တက်လာလို့ အားလုံးမိကုန်မယ်''ဟု ဆိုးပေက သတိပေးလိုက်လေ၏။

ဤတွင်ရဲဘော်တို့သည် မိမိတို့၏ ဆံပင်များကို သပ်ယပ်အောင် လက်လှန်သပ်ပြီးလျှင် အဝတ်အစားများကို ခါ၍ပြင်ဆင်ဝတ်စားပြီးနောက် အစည်းအဝေးကျင်းပရာ စာကြည့်တိုက်သို့ ထွက်ခွာလာခဲ့ကြလေ၏။

အစည်းအဝေးအခန်းသို့ ရောက်သည့်အခါ မောင်မောင်၏ အဒေါ်နှင့်ဆရာကတော် ဒေါ်စိမ်းညိုတို့သာ စင်မြင့်ပေါ်၌ရှိကြသည် မဟုတ်ဘဲ မိမိတို့၏ရန်သူ ဘတင်ပါ စင်မြင့်ပေါ်ရောက်နေသည်ကို တွေ့ရလေ၏။ ဘတင်၏ မျက်နှာမှာ ဝင့်ဝါသည့်အသွင်ကို ဆောင်နေသည်နှင့်အမျှ သူ၏ရင်ဘတ်၌တပ်ဆင်ထားသည့် တံဆိပ်ကလည်း ဂုဏ်ဝင့်လျက်ရှိပေ၏။

အစည်းအဝေးကား စလေပြီ။ သို့သော် ဆိုးပေတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ပြဿနာနှင့် ခေါင်းရှုပ်နေကြသဖြင့် အစည်းအဝေးကို အာရုံမစိုက်နိုင်ကြပေ။ သို့သော် ဒေါ်စိမ်းညိုက ဘတင်ကို စင်မြင့်ရှေ့သို့လက်ဆွဲ၍ ခေါ်လာသည်ကို တွေ့ရသည့်အခါ အံ့အားသင့် သွားကြလေသည်။

''ဒီလအတွက် တိရစ္ဆာန်များအပေါ်မှာ ကြင်နာမှု ပြတဲ့ ဆုကို မောင်ဘတင် ရရှိပါတယ်။ အဲဒါကြောင့် အခုအစည်း အဝေးရောက် လာကြတဲ့ ကလေးများက ဩဘာပေးကြပါ''ဟု ဒေါ်စိမ်းညိုက ကြေညာလိုက်လေသည်။ ဩဘာသံများက မပွင့် တပွင့်မျှသာ ထွက်လာလေသည်။

''မောင်ဘတင်ရဲ့ စွန့်စားမှုကလေးကိုတော့ မပြောဘဲ နေလို့ မဖြစ်ဘူး။ အဲဒီအကြောင်းကို ကလေးများဂရုစိုက်ပြီး နားထောင်ကြပါ။ သိကြတဲ့အတိုင်းပဲ၊ တချို့လူများဟာ ခွေးမွေး ထားပြီး မကျွေးနိုင်လို့ မကျွေးချင်လို့ စွန့်ပစ်သူပစ်ကြတယ်။ တချို့ကလည်း သတ်ပစ်ကြတယ်။ အင်မတန်ရက်စက်ကြတယ်။ ခွေးများဟာ သခင်အသက်ကို စောင့်ရှောက်သူများဖြစ်ကြတယ်။ သူခိုးသူဝှက်ကို ကာကွယ်ပေးတယ်။ ဒီကျေးဇူးတွေကို မထောက် ကြဘူး။ ဘိုးဘိုးအောင်ဟာ ခွေးတွေကို အမြဲကျွေးမွေးတဲ့အ တွက် ပဉ္စမံထွက်ရပ်ပေါက် ဝိဇ္ဇာဖြစ်ရတာကို သတိပြုကြပါ။ ယခု မောင်ဘတင်ဟာ ဘိုးဘိုးအောင် လောင်းကလေးဆိုရင် မမှားပါဘူး။ သူဟာလူများက ရက်ရက် စက်စက်စွန့်ပစ်တဲ့ ခွေးလေးတစ်ကောင်ကို အုတ်ကျင်းထဲမှာတွေ့တာနဲ့ ကျင်းထဲ ဆင်းပြီး ကယ်ဆယ်ခဲ့တယ်။ ဒီစွန့်စားမှုဟာ အခုညနေပိုင်း ကလေးမှာပဲဖြစ်ပြီး သူကိုယ်တိုင် အခုပဲ ပြောပြတဲ့အတွက် အစည်းအဝေးနဲ့တွဲပြီး ဆုပေးပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်။ သူကယ်ခဲ့တဲ့ ခွေးကလေးကို ဟောဒီ စာဖတ်အသင်းရုံးဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ အဖီကလေးအောက်မှာ သိမ်းထားပါတယ်။ အစည်းအဝေး ပြီးတဲ့အခါ အားလုံးသွားပြီး ကြည့်နိုင်ကြတဲ့အပြင် တကယ် ချစ်ချစ်ခင်ခင်နဲ့ ကျွေးမွေးထားပါမယ်လို့ ကတိခံတဲ့လူကို ပေး ပါမယ်''။

ဒေါ်စိမ်းညိုသည် အနည်းငယ်မောသွားသဖြင့် ရေ တစ်ခွက်သောက်လိုက်ပြီး စကားကို ဆက်လေသည်။

''ဒီခွေးကလေးကို ကိုယ်တိုင်မမြင်ရသေးပါဘူး။ ဒီနေ့ အစည်းအဝေး ဖိတ်စာမကမ်းမိလို့ ကိုယ်တိုင်လိုက်ဖိတ် နေရ တာနဲ့ မကြည့်အားတာဘဲ။ ဒါပေမဲ့ မောင်ဘတင်ပြောတဲ့ အတိုင်းမှာတော့ ခွေးကလေးဟာ သဘော်ခွေးမျိုးကောင်း ကလေးဖြစ်ပြီး ထိပ်မှာကြာနဲ့ နားရွက်ဖားဖား တစ်ဘက်ဖြူ တစ်ဘက်မည်းကလေး ဖြစ်ပါတယ်''

မောင်မောင်၏အဒေါ်မှာ ဖျတ်ခနဲ ကိုယ်ကိုတည့်မတ် စွာထူလိုက်ပြီး ဆိုးပေနှင့်ရဲဘော်များဘက်သို့ မျက်တောင် တဖျတ်ဖျတ်ခတ်၍ စိုက်ကြည့်မိလေ၏။ သူ၏အကြည့်မှာ အလွန်သန်မာသော ယောကျ်ားကြီးတစ်ယောက်ကိုပင် ပြားပြား ဝပ်သွားစေလောက်အောင် စူးရှထက်မြက်လှပေသည်။ သူ၏ မျက်နှာမှာလည်း ဒေါ်စိမ်းညိုပြောနေသည့် စကားများကြောင့် နီ၍ နီ၍လာလေတော့၏။ ရဲဘော်တို့အဖို့မှာကား မျက်နှာ မထားတတ်အောင် ဖြစ်နေလေသည်။

ထိုအခိုက်မှာပင် ဆိုးပေမှာ တံတွေးသီးသကဲ့သို့ဖြစ်ပြီး တဟွတ်ဟွတ်နှင့် ချောင်းဆိုးနေလေတော့သည်။ ချောင်းမှာ အဆက်မပြတ်ဆိုးနေလေရာ အစည်းအဝေး၌ အနှောက်အယှက် ဖြစ်သဖြင့် ဆိုးပေအားဝိုင်း၍ မျက်စောင်းထိုးကြလေ၏။ သို့ဖြစ်၍ ဆိုးပေသည် အလိုက်သိသည့်အနေဖြင့် အစည်း



www.burmeseclassic.com

www.burmeseclassic.com



အဝေးခန်းထဲမှ ထွက်သွားလေတော့သည်။ မောင်မောင်ကား ဆိုးပေ ထိုသို့ထွက်သွားသည်ကို မကျေနပ်ချေ။ အားလုံးအပြစ်ရှိသည်ကို အတူဝေမျှမခံချင်၍ ရှောင်တိမ်းခြင်းဖြစ်မည်ဟု တွေးမိသည်။ ဆိုးပေသည် အရေးကြုံလျှင် ဤသို့ ချောင်းဆိုးဟန်ဆောင်ပြီး ထွက်ပြေးလေ့ရှိသည်ကို တွေ့နေကျဖြစ်သည်။

နောက်ဆုံးတွင် ဒေါ်စိမ်းညိုသည် ရေလေးခွက်လောက်ကုန်ပြီးမှ မိန့်ခွန်းစကားကို နိဂုံးချုပ်ကာ ဘတင်ကယ်ဆယ်လာခဲ့သော ခွေးကလေးကို သွားရောက်ကြည့်ကြရန် ခေါ်လေသည်။

မောင်မောင်တို့လူသိုက်ကား ပြေးပေါက်ကိုသာ ကြည့်ကြလေတော့သည်။ သို့သော် မောင်မောင်၏အဒေါ်သည် ၎င်းတို့အပေါ်တွင် မသက်သာသဖြင့် စင်မြင့်ပေါ်မှ မြန်မြန်ဆင်းလာကာ မောင်မောင့် ပခုံးကို ကိုင်ထားလိုက်သည် ''မင်းတခြားမသွားနဲ့ ဒေါ်ဒေါ်နဲ့အတူတူလိုက်ခဲ့''ဆိုသဖြင့် မပြေးသာဘဲရှိလေတော့သည်။

သို့အားဖြင့် မောင်မောင်၊ အီစွတ်၊ သာဒွန်းဦးတို့သည် မောင်မောင်၏ အဒေါ်နောက်က ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်ခဲ့ကြရလေ၏။ ဘတင် ခွေးကလေးကို ထားသည်ဆိုသော အဖီကလေးအနီးသို့ ရောက်သည့်အခါ ၎င်းတို့မှာ အသက်ကိုပင်ပြင်းပြင်းမရှူဝံ့တော့။

သို့ရာတွင် အခြားသူများ၏ ပါးစပ်မှ ''ဟင်''ဟု ထွက်၍လာသော အသံများကိုကြားသဖြင့် အဖီအောက်သို့ ကြည့်လိုက်ရာ အမွေးဖွားနှင့် ကလေးကစားစရာ ခွေးရုပ်ကလေး ဖြစ်နေသည်ကို တွေ့ကြရသည်။

''ဒါ.... ဘောဘီ့ခွေးရုပ်ကလေးပဲ'' ဟု အီစွတ်က



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲနှင့် ကျယ်လောင်စွာ ပြောလိုက်လေသည်။

ဘေဘီမှာ အီစွတ်၏ညီမလေးဖြစ်ပြီး ကလေးထိန်းသည့် မိန်းကလေးက ဘေဘီအား သစ်သားဖြင့်လုပ်သော လက်တွန်းလှည်းကလေးဖြင့် တင်ဆောင်ကာ အီစွတ်အားခေါ်ရန် ရောက်နေလျက်ရှိရာ လက်တွန်းလှည်းထဲမှ ဘေဘီကလည်း ခွေးရုပ်ကလေးကိုမြင်လျှင် ''ဒါ....ဘေဘီဟာ ဘေဘီခွေးလေး''ဟု အီစွတ်ဘက်က ဝင်၍ ထောက်ခံလေသည်။

ဘေဘီသည် ထိုသို့ပြောရင်း အရုပ်ကိုတောင်းလေသည့်အတွက် တစ်ဦးတစ်ယောက်က ယူ၍ပေးလိုက်မှ အငိုတိတ်လေ၏။ ထိုအခါမှ ဆရာကတော် ဒေါ်စိမ်းညိုက ဘတင်ဘက်သို့ စိမ်းစိမ်းလှည့်၍ကြည့်ကာ ''ဘယ့်နှယ်တုန်း မောင်ဘတင် မင်းပြောတဲ့ခွေးဟာ အရုပ်ပါပဲလား။ မင်းဟာ ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ မျက်စိမှုန်နေပြီထင်တယ်။ အခုမင်းလုပ်ပုံဟာ မင်း ရောငါရော လူရယ်စရာ လူကဲ့ရဲ့စရာဖြစ်နေပြီ''ဟု ခပ်မာမာ ပြောလိုက်လေသည်။

''ဒါ....ဒါပေမဲ့ ကျွန်တော်ခေါ်လာတာ တကယ့်ခွေး အစစ်ပဲ ကျွန်တော့်လက်မှာကြည့်ပါလား။ ဟောဒီမှာ ခွေးကိုက်ရာတောင်ရှိသေးတယ်'' ဟု ဘတင်က လက်တွင်စီးထားသည့် ပတ်တီးကိုဖြေ၍ ပြလေ၏။

''မဟုတ်တာတွေ မပြောပါနဲ့ကွယ်။ မင်းလက်ကို ဘယ်က သံဆူးကြိုးငြိသလဲမှမသိဘဲ။ ဒီခွေးအရုပ်က ထွက်နေတဲ့ ဝါယာစနဲ့ ခြစ်မိတာဖြစ်မှာပေါ့။ ကဲ....မင်းနောက်ထပ် ဘာမှ မပြောနဲ့တော့။ ဒီလို မဟုတ်မဟတ်အလုပ်တွေလည်း နောက်ကို ဘယ်တော့မှ မလုပ်နဲ့။ ပေး ငါ့တံဆိပ်ကိုပြန်ပေး''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းညိုသည် ပြောပြောဆိုဆို ဘတင်၏ ရင်ဘတ်မှ တံဆိပ်ကို ဖြုတ်ယူလိုက်လေတော့၏။

''ကဲ....ကလေးတွေ အိမ်ပြန်ကြတော့။ ငါလည်း ဘတင်လုပ်ပုံနဲ့ စိတ်ညစ်လှတယ်''

''မဟုတ်ပါဘူးဗျ။ ကျွန်တော်ယူလာတာတကယ့်ခွေးပါ။ ဗွေအဖြူကလေးနဲ့''

''တော်ကွယ် တော်တော့ မင်းဉစ္စာလွန်နေပြီ။ မင်းအမေကိုတော့ ငါပြောရအုံးမယ်။ မင်းမျက်စိကလည်း ဆရာဝန်ပြပြီး မျက်မှန်တပ်ရင်ကောင်းမယ်။ သွား....သွား မင်းသွားတော့''

ဘတင်မှာ မကျေမချမ်းဖြင့် ကျွန်တော်ယူလာတာ ခွေးအစစ်ဟုတ်ရဲ့သားနဲ့ဟု တဖျစ်တောက်တောက်ပြောရင်း ထွက်သွားရရှာလေ၏။

မောင်မောင်သည် မိမိ၏ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်၏။ ဝိုင်းဝန်းစုရုံးနေသည့် ပရိသတ်ရှေ့ပိုင်းတွင် အီစွတ်၏ညီမလေးဘေဘီကို လက်တွန်းလှည်းထဲတွင်တွေ့ရ၍ သူ့လက်ထဲက ခွေးရုပ်ကလေးကို တလှုပ်လှုပ် ဝှေ့ရမ်းနေသည်ကို မြင်ရလေ၏။ ကလေးထိန်းမမှာ ယခုဖြစ်ပျက်ပုံကို မိမိစဉ်းစား၍မရနိုင်ကြောင်းဖြင့် အနီးအပါး၌ ရှိသူများကို ပြောပြနေသည်။

''ဆန်းလိုက်ပုံက ဒီခွေးရုပ်ကလေးဟာ ဘယ်ပုံ ဘယ်နည်းနဲ့ အုတ်ကျင်းဆီရောက်သွားသလဲ မပြောတတ်ပါဘူး။ ဒီအရုပ်ကလေးကို ဘေဘီတစ်နေ့လုံးကိုင်နေပြီး နေ့ခင်းကမှ ခြံထဲမှာ ချထားတာ။ အဲဒီခြံကနေပြီး အုတ်ကျင်းထဲ ရောက်နေရအောင် အရုပ်က ခြေထောက်ပေါက်ပြီး လျှောက်သွားနိုင်မှပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မယ်။ နို့ပေမယ့် ဒီအရုပ်ကို အုတ်ကျင်းထဲက ရခဲ့တယ် ဆိုပြန်တော့လည်း စဉ်းစားစရာဖြစ်နေတယ်''

ထိုစကားကို ကြားရသည့်တွင် မောင်မောင်သည် စုံထောက်မောင်စံရှားကဲ့သို့ အချိတ်အဆက်ကလေးများ ကွက်ကနဲ မြင်မိလေသည်။

ဆိုးပေ ချောင်းဆိုးချင်ယောင်ဆောင်၍ ထွက်သွားခြင်းမှာ နှယ်နီကို အလစ်သုတ်ပြေးရန် ဖြစ်ရမည်။ ခွေးရုပ်ကလေးကို ကား စာဖတ်အသင်းနှင့် မျက်နှာချင်းဆိုင်ရှိ အီစွတ်တို့၏ ခြံထဲမှတွေ့၍လည်းကောင်း၊ လက်တွန်းလှည်းကလေးထဲမှလည်းကောင်း ယူလာပြီး နှယ်နီ၏အစား လဲလှယ်ထားခြင်းသာဖြစ်ရမည်။ ယခုအချိန်တွင် နှယ်နီမှာ အိမ်သို့ပြန်ရောက်နေပြီဟုတွေးကာ ဝမ်းမြောက်မိလျက် ဆိုးပေကိုလည်း ကျေးဇူးတင်မိလေသည်။

မောင်မောင်၏အဒေါ်သည် မောင်မောင်၏ပခုံးကို ဆုပ်ကိုင်ထားရာမှ လက်ကိုဖြေလျှော့လိုက်ပြီးနောက် အီစွတ်၏ ညီမလေး ဘေဘီ၏လက်ထဲမှ ခွေးရုပ်ကလေးကို ကြည့်နေလေ၏။ ဘေဘီကား လက်ထဲက ခွေးရုပ်ကလေးကို ချ၍ချ၍ပစ်ရာ ကလေးထိန်း မိန်းကလေးက ခဏခဏ ကောက်၍ပေးရလေ၏။ ထိုသို့ ကောက်ပေးမှန်း သိသဖြင့်လည်း ဘေဘီက အရုပ်ကလေးကို ခဏခဏချ၍နေတော့၏။

''ကဲ.....လာ သွားကြစို့။ ဒီလာရတာ အလကား အချိန်ကုန်တာဘဲ'' ဟု မောင်မောင်၏အဒေါ်ကပြောကာ ၎င်းအားခေါ်၍ သွားလေ၏။ အီစွတ်က သူ့အိမ်သူပြန်သွားလေတော့၏။

သာဒွန်းဦးမှာ မောင်မောင်တို့နှင့် အတူလိုက်၍လာခဲ့ရာ မောင်မောင်တို့၏ အိမ်သို့အရောက်တွင် အိမ်ထဲမှထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သော ဆိုးပေနှင့် ရင်ဆိုင်တိုးကြလေ၏။ ဆိုးပေ၏မျက်နှာကား နီမြန်းကာ မောပန်းသည့်အသွင်ဆောင်လျက် အသက်မရှုနိုင်အောင်ရှိသည်ကို တွေ့ရလေ၏။

''လာလေ မောင်ကျော်ဒင် အိမ်ပေါ်တက်ပါလား။ နွယ်နီကလေးကို ကြည့်ရအောင်'' ဟု မောင်မောင်၏ အဒေါ်က ခေါ်သဖြင့် ဆိုးပေလည်း အိမ်ပေါ်တက်ရပြန်သည်။

မောင်မောင်၏ အဒေါ်နေသော အခန်းတွင်းထဲသို့ ရောက်ကြသည့်အခါ နွယ်နီမှာ နွားနို့ထည့်ထားသော ပန်းကန်အား လျှက်လျက်ရှိသည်ကို တွေ့ကြရလေ၏။

''နွယ်နီကလေး တစ်နေ့ခင်းလုံး လျှောက်ရတာ မောလို့ ထင်တယ်ဒေါ်ဒေါ်၊ သူ့ဖို့ ထားခဲ့တဲ့နွားနို့တောင် အခုအမောပြေမှ သောက်နိုင်ရှာတယ်''

နွယ်နီလေးသည် သူ၏သခင်ကိုမော့၍ ကြည့်လိုက်လေ၏။ ဆိုးပေသာ တိရစ္ဆာန်စကား နားလည်မည်ဆိုလျှင် နွယ်နီက သူ့သခင်မအား မိမိအကြောင်းတိုင်ကြားနေသည်ကို ကြားသိရမည်ဖြစ်ကာ မိမိ၏ အဖြစ်အပျက်တွေ ပေါ်ကုန်မည်ဖြစ်ပေ၏။

မောင်မောင်၏အဒေါ်မှာ နွယ်နီအားတပြုံးပြုံးနှင့် ကြည့်နေရာက ဆိုးပေတို့ဘက်သို့ မျက်နှာလှည့်လိုက်လေ၏။

''ဒေါ်ဒေါ်ကို စိတ်မဆိုးကြနဲ့နော်။ ဒေါ်ဒေါ်ပြောပြမယ်။ ဟိုသူငယ်ကလေးက အုတ်ကျင်းထဲက ခွေးတစ်ကောင် ကောက်ရတယ်။ နားရွက်အဖြူတစ်ဘက် အမည်းတစ်ဘက်နဲ့ ဆိုတော့ ဒေါ်ဒေါ်ဟာ မင်းတို့အပေါ်မှာအများကြီး အထင်လွဲခဲ့မိတယ်။ အခုအကြောင်းသိတော့မှ ဒေါ်ဒေါ်ရဲ့မယုံသင်္ကာကြီးတဲ့ စိတ်ရှိမှုကို နောင်တရပြီး ဝမ်းနည်းမိတယ်။ တကယ်တော့ မင်းတို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်ကိစ္စကို စေတနာကောင်းနဲ့ ဆောင်ရွက်တဲ့ ကလေးတွေပဲ။ ဒါကြောင့် ဒေါ်ဒေါ်ပြန်ခဲ့ရင် မောင်မောင်ကို ငါးကျပ်ပေးနေကျဟာ ဒီတစ်ခါတစ်ဆယ်ပေးမယ်'' ဟု ဆိုကာ ဆယ်တန်တစ်ချပ်ထုပ်ပေးလိုက်လေ၏။

မောင်မောင်သည် ဝမ်းမြောက်ဝမ်းသာ ငွေတစ်ဆယ်လှမ်းယူလိုက်ပြီးလျှင် ဆိုးပေနှင့်သာဒွန်းဦးတို့နှင့်အတူ အပြင်သို့ ထွက်လာခဲ့လေ၏။

လမ်းမကြီးပေါ်သို့ ရောက်သည့်အခါ အီစွတ်နှင့်အဝိန်တို့ကို တွေ့ကြလေရာ အီစွတ်က ''ဟေ့...နွယ်နီကိစ္စဘယ်လိုဖြစ်သလဲ'' ဟု မေးရာ မောင်မောင်က ''မေးမနေနဲ့ ဟောဒီမှာကြည့်'' ဟု ဆိုကာ ငွေတစ်ဆယ်တန်စက္ကူ ထုတ်ပြလိုက်လေ၏။

''ဟာ.....ကော်တာဘဲဟေ့'' ဟု အဝိန်က ဝမ်းမြောက်ဝမ်းသာ အားရစွာ ပြောသည်တွင် ဆိုးပေက ''မင်း တစ်နေ့လုံးဘယ်ပျောက်နေသလဲ'' ဟု မေးလေ၏။

''မပြောပါနဲ့တော့။ ငါက ဒို့အမေကို ငါတို့ဟာ တရုတ်ဖြူလား၊ တရုတ်နီလား မေးမိတာနဲ့ ဒို့အဖေက ဒီလိုမေးရပ့်မလားဆိုပြီး ရိုက်လိုက်တာ ခါးကိုကော့နေတာဘဲ။ တစ်နေ့လုံးဘယ်မှမသွားရဘူး။ အခုမှထွက်လာခဲ့ရတယ်'' ဟု အဝိန်က ရှင်းပြရရှာလေ၏။

''မင်းကလည်း ကိုယ်နဲ့မဆိုင်တာ သွားလုပ်တာကိုကွ။ ကဲ.....လာ မုန့်သွားစားကြမယ်'' ဟု ဆိုးပေက ပြောဆို ခေါ်င်းဆောင်၍သွားလေ၏၊



www.burmeseclassic.com


www.burmeseclassic.com

# အချစ်ပြိုင်ပွဲ

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေသည် အစ်မဖြစ်သူ မယ်မြင့်၏ ချစ်ကိစ္စတွင် စေတနာ့ဝန်ထမ်း မြားနတ်မောင်အဖြစ် ပါဝင် အသုံးတော်ခံခဲ့သည်မှာ တစ်ကြိမ်တစ်ခါမျှသာ မကတော့ပေ။

မယ်မြင့်သည် နုနယ်ပျိုမြစ် နှစ်သက်စွဲလမ်းလောက်သော ရုပ်ဆင်းလက္ခဏာနှင့် ပြည့်စုံသူတစ်ဦးဖြစ်လေရာ၊ ရပ်ကွက်ဆိုင်ရာ လူငယ်များအစည်းအရုံး၌ အသင်းသားဦးရေ တိုးတက်ကြီးပွားနေခြင်းမှာ လုပ်ငန်းစဉ်ကိုနှစ်သက်၍ ဝင်ရောက်ကြခြင်းထက် မယ်မြင့်၏ ရူပါရုံဆွဲငင်မှုကြောင့် ဝင်ရောက်ကြခြင်း ဖြစ်သည်ဆိုက မှားမည်မဟုတ်ချေ။ ထို့ကြောင့်လည်း မယ်မြင့်၏ ပတ်ဝန်းကျင်လောကရှိ ကာလသားများထဲတွင် မယ်မြင့်နှင့်တစ်စွန်းတစ်စ မငြိတတ်ဖူးသူ ရှားလှပေရာ မယ်မြင့်၏အချစ်ကို တစ်ဦးတည်းကိုယ်စားလှယ် ခံယူရရှိနေနိုင်ရန် မယ်မြင့်အား မီးထဲမှ အသက်စွန့်ပြီး ကယ်ချင်သူ၊ လူဆိုးများလက်ထဲမှ အတင်းဝင်လုချင်သူ၊ မယ်မြင့်၏ ဦးခေါင်းတွင် ဆံထိုးလုပ်၍ဆင်ရန် မူဝံကြယ်ကို ဆွတ်ခူးပေးချင်သူတွေ အလုအယက် ဖြစ်နေကြပေသည်။

သို့သော် မယ်မြင့်သည် ရည်းစားတစ်ထောင် လင်ကောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဆိုဘိသကဲ့သို့ မည်သူ့ကိုမျှ အချစ်ကိုယုံ ပုံပါရဲ့ အလုံးဟု ဆုံးဖြတ်ခြင်းမရှိသေးဘဲ တစ်ယောက်ပြီးတစ်ယောက် အကဲခတ်လာခဲ့ခြင်းအားဖြင့် မယ်မြင့်၏ အချစ်မြားဒဏ်ကို အလူးအလဲခံရသူတွေ များလှခဲ့လေပြီ။ လောလောဆယ်အား ဖြင့် မယ်မြင့်အား အရူးအမူးကြိုက်နေသူမှာ မကြာမီက ရောက်ရှိလာကြသော ဝန်ထမ်းကလေး လှကြည်နှင့် မူလတန်း ပြဆရာကလေး တင့်ဆွေတို့ ဖြစ်ကြလေ၏။

ဆိုးပေသည့်ရွာထဲရှိ မယ်မြင့်၏ချစ်သူဟောင်းတို့ကို ငြီးငွေ့နေပြီဖြစ်ရာ ယခုကဲ့သို့ ချစ်သူနှစ်ဦး အသစ်ပေါ်လာပြန် သည်ကို တွေ့ရသောအခါ မယ်မြင့်၏ ချစ်ကိစ္စထဲတွင် စိတ် ဝင်စားလာပြန်ပေ၏။

လှကြည်မှာ ကာယဗလတောင့်တင်း၍ တည်တည် ခန့် ခန့် စကားပြောတတ်သူတစ်ဦးဖြစ်ပြီး တင့်ဆွေမှာမူ သေးသေး သွယ်သွယ်နှင့် အဝတ်အစားသပ်သပ်ရပ်ရပ် ဝတ်တတ်သူ ဖြစ် လေ၏။ နှစ်ယောက်စလုံးမှာ ရုပ်လက္ခဏာ သန့်ပြန့်သူများ ဖြစ်ကြပါသည်။

မယ်မြင့်အဖို့မှာ ထိုနှစ်ယောက်တွင် တစ်ယောက်ထက် တစ်ယောက်မည်သူကမျှ နှာတစ်ဖျားမသာဘဲ နှစ်ယောက်စလုံး မယ်မြင့်၏ အချစ်ပန်းတိုင်တွင် ကွက်တိဝင်၍ နေကြလေရာ မည်သူ၏အချစ်ကိစ္စကို လက်ခံရပါမည်နည်းဟု မဝေခွဲ မဆုံး ဖြတ်နိုင်ဘဲ ရှိတော့လေသည်။

လှကြည်နှင့်တင့်ဆွေတို့နှစ်ယောက်ကို တွေ့ရသည်နေ့မှ စ၍ မယ်မြင့်သည် ရွာထဲမှယ်ချစ်ဦး ဘမိုးကို အရေးမလုပ်ခဲ့ တော့ချေ။ ဘမိုးကား ကုသ၏ဖွဲ့မျိုးဖြင့် မလျှော့တမ်း ပိုးပန်းလာ ခဲ့သူ ဖြစ်လေသည်။ ဆိုးပေသည့် မယ်မြင့်၏ ချစ်သူတို့အနက်


www.burmeseclassic.com

www.burmeseclassic.com



ဘမိုးအပေါ်တွင် ခင်တွယ်မှုအတော်ပင် ရှိခဲ့လေသည်။ ဘမိုး၏ ပိုးကြေးပန်းကြေးများဖြင့် မိမိရဲဘော်တို့နှင့်အတူ အကြိမ်များစွာ စားသောက် ပျော်ပါးခဲ့ရဖူးပေ၏။ သို့သော် ဘမိုးသည် မယ်မြင့်နှင့် ချစ်ကြိုက်မှုတွင် အတော်ကလေး ခရီးရောက်နေပြီ ဖြစ်ခဲ့သဖြင့် ဆိုးပေအား ပူဇော်ပသရန် မလိုတော့ပြီဟု နှလုံးပြုကာ အပေးအကမ်းရပ်စဲခဲ့သည်မှာ ကာလအတန်ငယ် ကြာသွားပြီ ဖြစ်ပေသည်။ ထို့ကြောင့် ယခုအခါတွင် ''ပေးကမ်းခြင်း အောင်စေရာ'' ဟူသော အဆင့်အတန်းတွင် ရှိနေကြသော လှကြည်နှင့် တင့်ဆွေတို့အပေါ်တွင် စိတ်ဝင်စားနေခြင်းပင် ဖြစ်ပေ၏။

''သိပ်ချစ်စရာကောင်းတဲ့ ချာတိတ်ကလေး'' ဟု လှကြည် က ဆိုးပေအား ချီးကျူး၍ဆို၏။ ''တယ်လိမ္မာတဲ့ သူငယ် ကလေး'' ဟု တင့်ဆွေက မြှောက်၍ပြော၏။

ဆိုးပေကား မယ်မြင့်၏ ချစ်ကိစ္စများ ကြာရှည်တည်မြဲ လေ့မရှိသည်ကို တွေ့ရပေါင်းများလှပြီဖြစ်ရာ လသာတုန်း ဗိုင်း ငင်ဆိုသော စကားအရ အခွင့်ရတုန်း အရကျုံးဖို့သာ စိတ်ပိုင်း ဖြတ်ထားလေ၏။

ဤသို့ မယ်မြင့်သည် လှကြည်နှင့်တင့်ဆွေတို့ နှစ်ယောက်ကို ဝေခွဲရန်ခက်သလောက် ကာလသား လောကကြီးကလည်း မယ်မြင့် မည်သူ့ဘက်ပါသည်ကို ဝေခွဲမရရှိနေကြကာ ထိုကိစ္စကိုသာလျှင် အမျိုးမျိုးဝေဖန်နေကြရာက လူငယ်အစည်းအရုံး ကြက်တောင်ရိုက်ပွဲစတင်ရန် ရက်နီးလာရာ မည်သူနှင့် မယ်မြင့် တွဲ၍ ကစားမည်ကို အမျိုးမျိုး ထင်ကြေးပေးကြကာ၊ မယ်မြင့်နှင့်တွဲ၍ ကစားမည့်သူမှာ မယ်မြင့်၏အချစ်ပန်းကို လှမ်းဆွတ်ရသူဖြစ်မည်ဟု ယူဆကြလျက် ကြက်တောင်ရိုက်ပွဲ စတင်ကျင်းပမည့် နေ့ရက်ကိုသာလျှင် စိတ်စောနေကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟိုနေ့ကျရင် မြင့် ဘယ်သူနဲ့တွဲပြီး ကစားမလဲ။ ကျုပ်နဲ့ တွဲမလား။ အာဖြဲချောက် ပိန်တာရိုးနဲ့လား''ဟု လှကြည်က မေး၏။

''မြင့်....ကိုဆွေနဲ့ ပါတနာလုပ်မယ် မဟုတ်လားဟင်.. လှကြည်ကတော့ အလကားပါပဲ လူကောင်ထွားသလောက် ပေါ့ပေါ့ပါးပါးမရှိတဲ့ ဆန်ကုန်မြေလေးကြီးပါ။ ပြေးနိုင်လွှား နိုင်ဖို့ နေနေသာသာ သူ့ကိုယ်တောင် သူမနည်းသယ်နေရတာ'' ဟု တင့်ဆွေက မိမိဘက်သို့ မဲဆွယ်လိုက်၏။

''ကိုလှကြည်ဟာ ဒါလောက်လည်း မဝပါဘူး။ ဖျတ် ဖျတ်လတ်လတ်လည်း အရှိသားပဲ'' ဟု မယ်မြင့်က မပွင့်တပွင့် ပြန်၍ ပြော၏။

''သူနဲ့တွဲမယ်ဆိုရင်တော့ ကိုဆွေ့အသည်း ဓားနဲ့ခွဲပစ် လိုက်မှာပဲ'' ဟု တင့်ဆွေက ချွဲလိုက်လေသည်။

လှကြည်ကလည်း တင့်ဆွေနှင့်တွဲမည်ဆိုလျှင် ရေထဲ ဆင်းသေမည်ဟု မယ်မြင့်အားပြောထားလေရာ၊ မယ်မြင့်၏ ပြဿနာမှာ မူလကအတိုင်းပင် ရှင်း၍မရနိုင် ရှိပြန်ပေ၏။

ထိုကဲ့သို့ တစ်ယောက်က မည်သို့မည်ပုံ သတ်သေမည်ဟု ပြောသည်ကို အခြားတစ်ယောက်အား မယ်မြင့်က ပြန်၍ပြောရာ ''ကိုတင့်ဆွေက သူ့အသည်း ဓားနဲ့ခွဲမယ်ဆိုရအောင် အသည်းရှိ တဲ့ကောင်မှ မဟုတ်ဘဲနဲ့''ဟု လှကြည်ကပြောပြ၍၊ ''ကိုလှကြည် ခန္ဓာကိုယ်မျိုးဟာ ဘယ်တော့မှ ရေနစ်နိုင်မှာမဟုတ်ဘူး။ တိရစ္ဆာန်ရုံ မှာ ရေထဲပေါ်ပြတဲ့ လူလိုပဲ'' ဟု တင့်ဆွေက ပြောပြန်သည့် အတွက် မယ်မြင့်မှာ ''ဒီကိစ္စဟာ သိပ်အရေးကြီးတာမို့ ချက်ချင်း အဆုံးအဖြတ် မပေးပါရစေနဲ့။ စဉ်းစားပြီးမှ ဖြေပါရစေရှင်'' ဟု နှစ်ယောက်စလုံးကို ကြိုးရှည်ရှည်နှင့် လှန်ထားရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေအဖို့ကား ထိုနှစ်ယောက်စလုံးအနက် မည်သူ့ဘက်မှ မျက်နှာမလိုက်လိုဘဲ လုံးဝကြားနေရေးဝါဒကို လက်ကိုင်ထားမိပေ၏။ ထိုနှစ်ယောက်စလုံးကပင် ဆိုးပေအား ညီတူညီမျှ ပေးကမ်းကြသဖြင့် မိမိ၏ပယောဂဖြင့် မည်သူကမျှ ပို၍အရေးသာမသွားလိုပေ။ သို့သော် ဘမိုးသည်လည်း မယ်မြင့်နှင့်ကြက်တောင်ရိုက်ပွဲ အတူနွဲနိုင်ရန် အခွင့်အရေးကို မျှော်မှန်းနေကြောင်း သိရလေရာ၊ မိမိအား ပေးကမ်းမှုမပြုသည်မှာ ကြာပြီဖြစ်သော ဘမိုးကိုမူ ကူညီဆောင်ရွက်ပေးထိုက်သူ စာရင်းထဲက လုံးဝထုတ်ပယ်ထားခဲ့လေ၏။

လုကြည်နှင့်တင့်ဆွေ အကြိတ်အနယ်ဖြစ်နေရသည့် အရေးသည် မယ်မြင့်အဖို့ တွေးတွေးပြီး ကြည်နူးနှစ်သိမ့်စရာဖြစ်နေလေ၏။ မိမိစန်းပွင့်နေခြင်းကို ကြိတ်၍ဂုဏ်ယူမိ၏။ သို့သော် မိမိအတွက်နှင့် တင့်ဆွေနှင့်လုကြည်တို့ တုတ်တပြက် ဓားတပြက် ဖြစ်မည့်အရေးကိုကား မရောက်စေလိုပေ။ တစ်ယောက်ယောက် သတ်သေမှုကိုလည်း မရှုရက် မကြားရက်ပေ။ မိမိကြောင့် တစ်စုံတစ်ရာ ဖြစ်ခဲ့လျှင် မိမိ၏နာမည်ကို ထိခိုက်မည်ဟု တွေးမိလေသည်။

''ချစ်ညီမလေးမို့ မေးရအုံးမယ်၊ ဟိုနေ့ကျရင် ဘယ်သူနဲ့တွဲပြီးကစားမလဲ'' မယ်မြင့်၏ သူငယ်ချင်းမ,ကလေး ညွန့်ရီက မယ်မြင့်ထံသို့ အလည်လာရင်း မေးမြန်းလိုက်ခြင်း ဖြစ်လေသည်။ ညွန့်ရီမှာ ကိုယ်ချစ်မရှိသေးသူ တစ်ဦးဖြစ်သဖြင့် မယ်မြင့်၏ချစ်ကိစ္စကို များစွာစိတ်ဝင်စားနေသူကလေး တစ်ယောက်ဖြစ်ပေသည်။

မယ်မြင့်သည် မျက်ခုံးကလေးများကိုကျုံ့၍ အသက်ရှူထုတ်လိုက်ပြီးလျှင် ''မြင့်တော့ဖြင့် ပြောရမှာ သိပ်ခက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ဘယ်လိုမှ မပြောတတ်အောင် ဖြစ်နေတယ်'' ဟု ညည်းသံကလေးနှင့် ဖြေလေ၏။

ဆိုးပေကား အခန်းထဲတွင်ရှိနေပြီး စာဖတ်ချင်ဟန်ဆောင်၍ တိတ်တိတ်နားထောင်နေသည်ကို ဂရုမပြုမိချေ။ မိမိတို့အနီးသို့ ဆိုးပေ ချဉ်းကပ်လာပြီး ''ဘယ်သူက သာတယ်ဆိုတာ စမ်းကြည့်ပါလား''ဟု ပြောသံကိုကြားရမှ လန့်သွားကြလေ၏။

''ဟဲ့ ကောင်လေး နင်နဲ့ဘာဆိုင်လို့ ချောင်းပြီးနားထောင်နေရတာလဲ''

''မဆိုင်ဘူးဆိုရင်လည်း ပြီးရောပေါ့လေ။ နောက်တော့ သာ ဘယ်သူ့ဆီက စာပေးလိုက်သေးသလဲ။ ဘာညာနဲ့ လာပြီး မမေးနဲ့''

သို့ရာတွင် ညွန့်ရီ၏စိတ်ထဲ၌ ဆိုးပေပြောသည့် အချစ်စမ်းပွဲ ဆိုသည့်စကားကို နှစ်ခြိုက်မိသလို ဖြစ်မိသည့်အတွက် ''နေပါဦးလေ၊ သူပြောတာလည်း နားထောင်ပါဦး'' ဟု မယ်မြင့်၏ စကားကို တားမြစ်လိုက်ပြီး ဆိုးပေဘက်သို့ လှည့်၍ ''ဘယ်လို စမ်းနည်းလဲ'' ဟု မေးလိုက်လေ၏။

ဆိုးပေသည် မိမိဖတ်ရှုဖူးသော ပုံဝတ္ထုကလေးများထဲမှ အချစ်စမ်းနည်းကို ခေါင်းကုတ်၍ စဉ်းစားလိုက်ပြီးနောက် ''မမလေးရဲ့ မျက်ခုံးမွေးတွေရော၊ ဆံပင်တွေရော အပြောင်ရိတ်ပစ်လိုက်ပါလား။ အဲဒီလို အရုပ်ဆိုးအောင်လုပ်လို့ ကြိုက်နေဦးမယ်ဆိုရင် တကယ်ကြိုက်တဲ့သူ ဖြစ်လို့ပေါ့'' ဟု အကြံပေးလိုက်လေသည်။

''အမလေး တစ်သက်လုံး လင်မရချင်နေပါစေ၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို အရုပ်ဆိုးအောင်တော့ ခေါင်းတုံးပြောင်အောင် မရိတ်နိုင်ဘူး'' ဟု မယ်မြင့်က ဆိုးပေ၏အကြံပေးချက်ကို ပယ်ချလိုက်ပြီးလျှင် ''ကဲ နောက်ထပ် မင့်ဆီက အကြံပေးတာလည်း မလိုချင်တော့ဘူး။ ဒို့ကိစ္စထဲမှာလည်း မင်း ဝင်ပြီး ရှုပ်မနေနဲ့။ သွားကစားချေ'' ဟု ဆိုးပေအား နှင်ထုတ်လိုက်လေ၏။

ဆိုးပေမှာ အယူခံဝင်နေ၍ အကျိုးထူးမည်မဟုတ်။ မယ်မြင့်ကသာ အနိုင်ဘက်က အမြဲနေမည်ကို နှလုံးပိုက်မိကာ လက်လျှော့ပြီး ထွက်သွားလေ၏။

မယ်မြင့်သည် ဆိုးပေ၏ အနှောင့်အယှက်ကို ကြောက်ရွံ့သဖြင့် နှင်ထုတ်လိုက်ရသော်လည်း ဆိုးပေအကြံပေးသည့် အချစ်စမ်းမှုကို မူအားဖြင့် သဘောကျမိလေ၏။

''သူပြောသလို အချစ်စမ်းကြည့်ဖို့ဆိုတာ သိပ်မရိုင်းဘူး။ ဘယ်လိုစမ်းကြည့်ရရင် ကောင်းမလဲဆိုတာ စဉ်းစားဖို့လိုတာပဲ''

''ရှေးရှေးတုန်းက ပုံကလေးတစ်ပုံ ရှိတယ်မဟုတ်လား။ မိန်းမပျိုကလေးတစ်ယောက်ကို ယောက်ျားပျိုကလေးနှစ်ယောက်က ချစ်ကြိုက်နေကြတယ်။ နှစ်ယောက်စလုံးက ရုပ်ရော၊ ပညာရော၊ အကျင့်စာရိတ္တရော ညီညွတ်နေကြလို့ ဘယ်သူ့ယူရမယ်ဆိုတာ မဆုံးဖြတ်နိုင်ဘူးတဲ့။ နောက်တော့မှ အနောက်ဘက်က လာတဲ့ လူပျိုကလေးကို ရွေးလိုက်သတဲ့''

''အနောက်ဘက်က အရှေ့ဘက်ထက် ဘာသာလို့တုန်း''

''အရှေ့ဘက်ကလာတဲ့ ယောက်ျားပျိုကလေးဟာ အလာလည်း နေကျောပေးလာ၊ အပြန်လည်း နေကျောပေးပြန်ရတယ်။ အနောက်ဘက်က လာသူခမျာတော့ အလာရော အပြန်ရော မျက်နှာပူခံနေရတာမို့ ပိုပြီးဒုက္ခခံပြီး ချစ်ရကြောင်း ထင်ရှားလို့ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



''ပုံထဲကအတိုင်း ဖြစ်ရင်တော့ ဟုတ်သားပေါ့။ အခုတော့ နှစ်ယောက်လုံး မြောက်ပိုင်းမှာ နေကြတာဖြစ်တော့ ဘယ်လိုဆုံးဖြတ်မလဲ''

''အညွန့်လည်း ဘယ်လိုလုပ်ပြီး အချစ်စမ်းရင် ကောင်းမယ်ဆိုတာ စဉ်းစားပါဦးမယ်လေ။ အမြင့်ကလည်း စဉ်းစားထား၊ မနက်ဖြန်ကျမှ တိုင်ပင်ကြဦးမယ်''

''ဘာပဲ စိတ်ကူးလို့ရတာဖြစ်ဖြစ် အမြင့်မောင်ကလေးတော့ အသိမပေးလိုက်ပါနဲ့'' ဟု မယ်မြင့်က ကြိုတင်၍ နှုတ်ပိတ်ထားလိုက်လေ၏။

နောက်နေ့တွင် မယ်မြင့်နှင့်ညွန့်ရီတို့ တွေ့ကြ၏။ ညွန့်ရီက မယ်မြင့်၌ ဥစ္စာစီးပွားပျက်သဖြင့် ဆင်းရဲနွမ်းပါးသည့်အသွင်ကို ဆောင်ခြင်းအားဖြင့် လူကိုမက်သူ၊ ပစ္စည်းမက်သူဟူ၍ ကွဲပြားခြားနားလိမ့်မည်ဟု အကြံဉာဏ်ပေး၏။ သို့သော် ထိုအကြံပေးချက်ကို မယ်မြင့်လက်မခံချေ။ ''ညွန့်ရယ် မြင့်မှာ ကိုယ်ပိုင်ဥစ္စာ ဘာမှရှိတာမဟုတ်ဘဲ။ မိဘပစ္စည်း မှီခိုအားထားနေရတာ လူတိုင်းသိနေသားပဲ၊ မြင့်က မရှိဟန်ဆောင်လို့လည်း အကြောင်းထူးပါ့မလား'' ဟူသော အကြောင်းပြချက်ဖြင့် ညွန့်၏ အကြံပေးချက်ကို ပယ်လိုက်လေ၏။

ညွန့်ရီကား စိတ်ကူးရသမျှ ဆက်လက်၍ အကြံပေး၏။ သို့သော် ညွန့်ရီပေးသမျှ အကြံဉာဏ်တို့မှာ ဘာတစ်ခုမျှ လက်တွေ့လုပ်ကိုင်ဖြစ်မြောက်နိုင်သည့်အချက် တစ်ခုမျှ မပါလေရကား။ မယ်မြင့်က ''နောက်ထပ်ပြီး အကြံမပေးပါနှင့်တော့ ညွန့်ညွန့်ရယ်။ တကယ့် အခြေအနေအကုန်လုံးကို ညွန့်က ဘာမှ သိတာမဟုတ်ဘူး။ ဒါကြောင့် မြင့်ဘာသာမြင့် စဉ်းစားဆုံးဖြတ်ပါရစေတော့'' ဟု ပြောလိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလိုက်သည့်အတိုင်းပင် မယ်မြင့်ကိုယ်တိုင် စိတ်ကူးထုတ်ရာ အချစ်စမ်းရန် အကြံကောင်းတစ်ခုကို စဉ်းစားမိလေ၏။ ထိုအကြံမှာ ကြက်တောင်ရိုက်ပွဲ စတင်သည့်နေ့မှာပင် မယ်မြင့်နေထိုင်၍ မကောင်းသဖြင့် မလာနိုင်ကြောင်းကို အကြောင်းကြားလိုက်ခြင်းဖြင့် မည်သူ့ဘက်မှ မိမိမလိုက်ပါနိုင်သည်ကို သိသာစေပြီးလျှင်၊ မိမိနေထိုင်၍မကောင်းသည်ကို သိရှိပြီးသည့်နောက်၊ မိမိအတွက်သောကရောက်၍ မိမိကိုယ်သာလျှင် အပြေးအလွှားလာရောက် ဂရုစိုက်မည်လော။ အခြားသူနှင့် တွဲဖက်၍ ကြက်တောင်ရိုက်ကာ တံခွန်စိုက်ရန်လောက်သာ ရည်စူးလျှက် ကိုယ်ရေးကိုယ်တာကို ကြည့်မည်လောဟု ကွဲပြားခြားနားစေခြင်းဖြင့် ဆုံးဖြတ်ရန် ဖြစ်ပေတော့၏။

''မြင့် အကြံကောင်းလိုက်တာ မြင့်ရယ် တကယ့်ကိုပဲ ယဉ်ပါပေတယ်။ လက်တွေ့နည်းလည်းကျတယ်။ ညွှန့်ပြောနေတာတွေက စိတ်ကူးခေါင်နေတာပေါ့ မြင့်ရဲ့။ ဟုတ်တာပေါ့**....** မြင့်ရယ် အခုအခါမှာ နာမည်ကလေးတစ်လုံးရရင် လူရာဝင်တယ် မဟုတ်လား။ မောင်မယ် ရွေးပွဲမယ် တစ်ဆွဲရင် မျက်နှာပွင့်ကြသလို၊ ကြက်တောင်ရိုက်ပွဲမှာလည်း ဗိုလ်ဆွဲရင် သည်နာမည်ကလေးနဲ့ ရွာထဲမှာ လူတစ်လုံးသူတစ်လုံး လုပ်နိုင်မယ် မဟုတ်လား။ အဲဒါကိုတောင် စွန့်ပြီး မြင့်အတွက် ပူပင်သောကဖြစ်လို့ ပြေးလာကြတယ်ဆိုရင် မြင့်ကို တကယ်ချစ်လို့ပေါ့ မြင့်ရဲ့။ တကယ်မြတ်နိုး၊ တကယ်စုံမက်၊ တကယ်နှစ်သက်၊ တကယ်ချစ်ကြိုက်၊ တကယ်စွဲမက်၊ တကယ်**....**''

''အဲဒါတွေ ထားလိုက်ပါတော့ညွှန့်ရယ်။ သူတို့ နှစ်ယောက်စလုံးစီကို ဘယ်လို စာရေးရမလဲဆိုတာ စဉ်းစားကြဦးစို့ရဲ့''

ထိုအခါမှ ညွှန့်ရီလည်း စကားပြတ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



စာရေးရန် စီစဉ်လေတော့၏။ စာမှာ ညွှန့်ရီ စကားကြွယ်နေသလောက် မရှည်လျားဘဲ လိုရင်းကို အတိုချုံးထားပေ၏။

ကိုကိုလှ (တခြားတစ်စောင်မှာ ကိုကိုဆွေ)

''မြင့်လေ.....ဒီနေ့မနက်မှာပဲ ခေါင်းကိုက်လိုက်တာ ကြက်တောင်ရိုက်ပွဲလည်း မလာနိုင်တော့ဘူး။ လာတော့ သိပ်လာချင်တာပဲ။ ခေါင်းကိုမထူနိုင်ဘူး။ အခုနေများ ကိုကိုတစ်ယောက် မြင့်အနားကို လာမယ်ဆိုရင် မြင့်ဝေဒနာဟာ သက်သာလိမ့်မယ်လို့ မြင့်တော့ တကယ်ပဲ ထင်မိတယ်။ မြင့်တော့ မျှော်နေမှာပဲ သုံးနာရီခွဲလောက်ရှိလို့မှ မလာရင်တော့ ''ဩော်.....ငါ့ကို ငါလို ဂရုမစိုက်လို့ မလာတော့တာဘဲလို့ အောက်မေ့လိုက်ရတော့မှာပေါ့နော်.....

မြင့်မြင့်ဦး

''မြင့်မြင့်ဦး''ဟူ၍ လက်မှတ်ထိုးလိုက်သည်မှာ ယခုမှ ဖန်တီးလိုက်သော အမည်ပင်ဖြစ်၏။ တစ်သက်လုံး မယ်မြင့်ဟု တွင်ခဲ့သည်မှာ ယနေ့တိုင်ပင်။ သို့သော် ခေတ်အလျောက် ဂွက်ထော်သည်ပင် ခင်မြနွယ်ဖြစ်၍၊ ပူစူးမက ခင်သန်းဌေးဖြစ်နေသော အချိန်တွင် မယ်မြင့်က မြင့်မြင့်ဦးဟု မှည့်လိုက်ခြင်းမှာ မဆန်းပြားပါပေ။

''စာကလည်း တိုလှချည်လား မြင့်ရယ်။ ညွှန့်သာဆိုရင် ဒီထက် အရှည်ကြီးဖွဲ့နွဲ့ပြီးတော့''

''မဟုတ်ဘူးလေ သူတို့ရဲ့အချစ်ကို စမ်းတယ်ဆိုတာကို မသိစေချင်လို့ပေါ့။ နောက်ပြီး တစ်ခုတော့ ကြပ်ကြပ်ကြီး မှာပါရစေ။ ဒီကိစ္စကို ဆိုးပေတော့ အရိပ်အမြွက်မှ မသိပါစေနဲ့''

မယ်မြင့်၏ဆန္ဒအတိုင်း ညွှန့်ရီက ဒီကိစ္စကို ဆိုးပေ



www.burmeseclassic.com

www.burmeseclassic.com



မသိစေရပါဘူးဟု အကြိမ်ကြိမ် ကတိပေးသည်နှင့်ညီစွာ ဆိုးပေအား တစ်ခွန်းတစ်ပါဒမှ ထုတ်ဖော်၍မပြောချေ။ မယ်မြင့် ကိုယ်တိုင်ကလည်း ထိုစာများကို ဆိုးပေ၏ လက်မှတစ်ဆင့် ပေးရန် စိတ်မကူးပေ။ သို့သော် မျှော်လင့်တိုင်းမဖြစ်၊ မမျှော်လင့်ဘဲ ဖြစ်တတ်သကဲ့သို့ ထိုအကြောင်းကို ဆိုးပေ သိရှိသွားပေတော့၏။

အကြောင်းမူကား ဤစာနှစ်စောင် ရေးထားသည်မှာ အချိန်မရောက်မီက ကြိုတင်ရေးထားခြင်းဖြစ်လေရာ ဆိုးပေသည် စက္ကူသဘော်ရုပ်၊ ငှက်ရုပ်လုပ်ရန် စာရွက် မွှေနှောက်ရှာဖွေရင်းက မယ်မြင့်၏ အခန်းထဲရှိပြီး ထိုစာများကို တွေ့ရှိသွားခြင်းဖြင့် သိသွားလေ၏။

အစဦး၌သော် ဆိုးပေအဖို့ စာတစ်မျိုးတည်းကိုပင် နှစ်ဦးအတွက် ရေးထားသည်ကို တွေ့ရခြင်းအတွက် ဆန်းသည်ဟု ထင်မိ၏။ ထိုနောက် နေ့စွဲကို ကြည့်လိုက်ရာတွင် တနင်္ဂနွေတစ်ပတ်လောက် ခွာ၍ ရက်စွဲတပ်ထားသည်ကို တွေ့ရခြင်းကြောင့် ပို၍အံ့အားသင့်မိ၏။ စာရွက်ပေါ်တွင် ရေးထားသည့် ရက်စွဲမှာ ကြက်တောင်ရိုက်ပွဲ ကျင်းပမည့်နေ့တွင်ဖြစ်ရာ ထိုရက်မတိုင်မီက ထိုနေ့တွင် ခေါင်းကိုက်မည်ဟု ကြိုတင်ရေးသားထားသည်ကို အံ့မဆုံးတော့ပေ။ ထို့နောက်မှ ရုတ်တရက် ချက်ချင်း အမြင်မှန်ကို တွေးတောကြံဆမိပေတော့သည်။

ဤစာများကား စင်စစ်အားဖြင့် မယ်မြင့်သည် သူ၏ချစ်သူနှစ်ဦးကို အချစ်စမ်းရန် ကြံရွယ်ခြင်းမျှသာ ဖြစ်သည်ကို ဒက်ခနဲ တွေးမိ၏။ ထိုအကြံမှာ အမှန်ကိုဆိုရသော် မိမိက ဉာဏ်ထုတ်ပေးခဲ့ရ၏။ သို့သော် မိမိအား ဆရာ,မတင်လိုသဖြင့် သူတို့စိတ်ကူးရရာ လုပ်ခြင်းမျှသာဖြစ်သည်။ မိမိသာ တကယ်တမ်း စီစဉ်ပေးရပါမူ ဤထက်ကောင်းသော အကြံဆန်း၊ ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းပေါ်လာရမည်ဟု နှလုံးပြုမိလေသည်။ သို့သော် ထိုထက် ထူးခြားကောင်းမွန်သောအကြံ မိမိ၌ရှိသည်ကို မယ်မြင့်အား ပြောပြ၍လည်း ထူးမည်မဟုတ်၍ အရေးရှိမှ မိမိစိတ်ကူးကို အသုံးချရန် ဆုံးဖြတ်လိုက်မိလေ၏။

သို့အားဖြင့် ကြက်တောင်ရိုက်ပွဲ စတင်ကျင်းပမည့်နေ့သို့ ရောက်ရှိလာလေ၏။ မယ်မြင့်သည် ဆိုးပေ၏ အကူညီကို မယူဘဲ လှကြည်နှင့် တင့်ဆွေထံသို့ စာနှစ်စောင်ကို အခြားရောက်နိုင်သည့်နည်းဖြင့် ပို့လိုက်ပြီး တကယ်ပင် နေထိုင်မကောင်းသည့် အမူအရာကို ဖန်တီးကာ မည်သူ ဦးစွာရောက်လာသည်ကို စောင့်မျှော်၍ နေလေ၏။

စာနှစ်စောင်ကို ပို့လိုက်ရာမှာ တစ်ယောက်ထံသို့ စာရောက်သည့်အကြောင်းကို တစ်ယောက်သိခွင့်မရအောင် အချိန်ကပ်၍ ပေးလိုက်လေသည်။ မယ်မြင့်၏ အချစ်ကိစ္စကို အထူးစိတ်ဝင်စားနေသော ညွန့်ရီက ချစ်သူနှစ်ယောက်အနက် မည်သူဆုံးဖြတ်ချက်ကျသည်ကို ဦးဦးဖျားဖျားသိလိုလှသဖြင့် မယ်မြင့်အပါး၌ကပ်၍ ပြုစုနေရန် ခွင့်တောင်းသည်ကိုပင် မယ်မြင့်က ငြင်းပယ်လိုက်ခဲ့လေသည်။

သုံးနာရီခွဲလုနီးပေပြီ။ တစ်ယောက်မျှ ပေါ်မလာသေးပေ။ အချိန်စေ့၍မှ တစ်ယောက်မျှ မပေါ်လာခဲ့လျှင် မယ်မြင့်အဖို့ ဆက်လက်၍ အသို့စခန်းသွားမည်နည်း။

မယ်မြင့်မှာ နောက်ပိုင်းအတွက် ခေါင်းထဲတွင်ထည့်၍ မစဉ်းစားအားသေးပေ။ အချိန်စေ့ရောက်သည့်တိုင်အောင် စောင့်စားနေပြီး နောင်ခါလာ နောင်ခါစျေးဟု သဘောထားလိုက်မိပေ၏။

တင့်ဆွေနှင့် လှကြည်တို့ လာရမည့်လမ်းမှာ ရေမြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ခုကို ဖြတ်ကူးထားသော တံတားကလေးတစ်ခုကို ဖြတ်ကျော်၍ လာရမည်ဖြစ်၏။ ထိုရေမြောင်းကလေးမှာ နွေအခါတွင် ရိုးတောကလေးတစ်ခုပင် ဖြစ်သော်လည်း ယခုကဲ့သို့ မိုးအခါတွင်ကား ရေသွင်သွင်စီးသော ချောင်းကလေးတစ်ခုပင် ဖြစ်နေပေတော့၏။

ဆိုးပေသည် မြောင်းကူးတံတားကလေးထိပ်တွင် ရပ်လျက် တင့်ဆွေနှင့် လှကြည်တို့ လာမည့်လမ်းကို စောင့်မျှော်နေလေ၏။ ချိုင်းကြားထဲ၌ကား မယ်မြင့်ဝတ်လေ့ရှိသော စပါးအုံးကွက် တိုဘရဲလ်ကိုး လုံချည်ကလေးကို ညှပ်ထားလျက် ရှိပေ၏။

မကြာမီပင် ဆိုးပေမျှော်ကြည့်နေရာဘက်ဆီမှ မယ်မြင့်၏ ချစ်သူနှစ်ဦးစလုံး သုတ်ချေတင်၍လာကြသည်ကို ဆိုးပေမြင်လေ၏။ နှစ်ဦးစလုံး သူမသာ၊ ငါမသာ ရင်ဘောင်တန်း၍ လျှောက်လာနေကြသည်ကို တွေ့ရခြင်းအားဖြင့် မယ်မြင့်၏စာကို တစ်ချိန်တည်းရ၍ တစ်ပြိုင်တည်း ထွက်လာကြကာ အတူတကွလည်း တွေ့လာကြပုံရလေ၏။ နှစ်ဦးစလုံး တစ်ယောက်ထက်တစ်ယောက် သာစေတော့ဟု ဣန္ဒြေပျက်လောက်အောင် ပြေးလွှားခြင်းမပြုကြဘဲ ခြေလှမ်းကျဲကျဲနှင့်သာ တစ်ဦးကိုတစ်ဦး အနိုင်ရအောင် အံခဲ၍ ကြိုးစားလာနေကြသည်ကို ဆိုးပေတွေ့ရသောအခါ ''ဒီလိုပြိုင်ပွဲမျိုးတော့ သိပ်ရှော်သေးတာပေါ့''ဟု နှလုံးပြုမိလေ၏။

ထို့နောက်မှ ဆိုးပေသည် ချိုင်းကြားထဲမှ မယ်မြင့်၏လုံချည်ကို ရုတ်တရက် ဆွဲထုတ်လိုက်ပြီး ရေမြောင်းထဲသို့ ပစ်ချလိုက်ကာ''ကယ်ကြပါ......ကယ်ကြပါ။ မမလေး ချောင်းထဲကျလို့ ကယ်တော်မူကြပါ''ဟု တင့်ဆွေနှင့် လှကြည်တို့ ကြား



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် အသံကုန်ဟစ်၍ အော်လိုက်ရာ အချစ်လုဘက် နှစ်ဦးစလုံး တအားကြုံး၍ ပြေးလာကြလေတော့၏။

ယခုမှပင် တကယ့်အချစ်စမ်းပွဲကို တွေ့ရတော့မည်ဟု ဆိုးပေ တွေးမိလေသည်။ မယ်မြင့်၏အသက်ကို ကယ်ရန် ရေထဲသို့ မည်သူ ဒိုင်ဗင်ထိုး၍ ချမည်နည်း။ ထိုသူသာလျှင် မယ်မြင့်အပေါ်တွင် တကယ့်မေတ္တာစစ်ရှိသူ ဖြစ်ပေမည်။ အကယ်၍ နှစ်ယောက်စလုံးပင် ရေထဲသို့ ဒိုင်ဗင်ထိုးချခဲ့သော် ပထမဦးဆုံး စွန့်စားသူကိုသာ ရွေးချယ်ရလိမ့်မည်ဟု နှလုံးပြု လိုက်လေသည်။

သို့သော် ဆိုးပေမှာ ဝေခွဲဆုံးဖြတ်ရန် အခက်ကြုံရ ပြန်သည်။ နှစ်ယောက်စလုံးပင် တစ်ချိန်တည်း အင်္ကျီချွတ်၍၊ တစ်ပြိုင်တည်း ရေထဲထိုးချကာ တစ်ယောက်ထက် တစ်ယောက် ခေါင်းတစ်လုံး၊ နှာတစ်ဖျားမကွာခြားဘဲ ရေထဲသို့ ခေါင်းစိုက် ထိုးဝင်သွားကြခြင်းကြောင့်ပင် ဖြစ်၏။

''အဲဒါမှ သိပ်ခက်နေတော့တာပဲ'' ဟု ဆိုးပေစိတ်ထဲမှ ညည်းတွား လိုက်မိတော့သည်။ သို့သော် ပြိုင်ပွဲဆုံးဖြတ်ရန် နည်းလမ်း မကုန်သေးပေ။ ရေထဲတွင် မည်သူအကြာဆုံး နေနိုင်မည်နည်း။ ထိုသူသာလျှင် မယ်မြင့်အတွက်ဆိုလျှင် ဖွဲကောင်း ကောင်းဖြင့် အသက်ကိုပင် စွန့်၍ကြိုးစားမည့်သူ ဖြစ်ရမည်ဟု ယူဆထားပြန်လေ၏။

လုကြည်နှင့်တင့်ဆွေတို့၏ ဦးခေါင်းနှစ်လုံးသည် တံတား နှင့် မလှမ်းမကမ်းရေစုန်တွင် ဘွားကနဲ တစ်ပြိုင်တည်း ပေါ်လာ ကြကာ ဆိုးပေအား''ဟေ့ ... ဘယ်နေရာလဲကွ'' ဟု သံပြိုင်မေး ကြလေ၏။

''ဟိုမှာ'' ဟု ဆိုးပေက ယောင်ဝါးဝါးလုပ်၍ ဖြေလိုက်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



''သူ့လုံချည်မျောသွားတဲ့ဘက် လိုက်ပါလား'' ဟု ညွှန်ပြလေ၏။

ရည်းစားလုဘက်နှစ်ဦးမှာ အစာရှာနေကြသော ရေဝမ်းဘဲနှစ်ကောင်ကဲ့သို့ စွပ်ခနဲ မြုပ်သွားလိုက် ဘွားခနဲ ပေါ်လာလိုက်နှင့် တဖြည်းဖြည်း ရေစုန်တွင်ပါပြီး ဆိုးပေ ရပ်နေသောတံတားနှင့် အတော်ကလေးဝေးသောနေရာသို့ ရောက်သွားကြရာက လက်ပမ်းကျလာကာ ချောင်းကမ်းပါးသို့ နှစ်ယောက်လုံးတက်၍ ချောင်းဘေးရှိ ကျောက်တုံးတစ်ခုပေါ်တွင် ထိုင်လျက် ပါးစပ်ထဲမှ ရေများကိုထွေးထုတ်ပြီး အမောဖြေကြရရှာလေ၏။ နှစ်ယောက်စလုံးမှာ ခြေကုန်လက်ပမ်းကျကာ တစ်ယောက်ကိုတစ်ယောက်လည်း စကားမပြောနိုင်။ ဆိုးပေကိုလည်း လှမ်းမမြင်နိုင်တော့ဘဲ မောဟိုက်နေကြတော့၏။

တစောင့်စောင့်နှင့် မျှော်နေသောမယ်မြင့်သည် သုံးနာရီခွဲသည့်တိုင်အောင် လှကြည်လည်း ပေါ်၍မလာ။ တင့်ဆွေကိုလည်း မတွေ့ရသည့်အတွက် မိမိအား ဂရုမစိုက်။ တကယ်မေတ္တာမရှိ၍သာ ပေါ်၍ မလာကြတာဘဲဟု ဒေါကလေးပွကာ ရှက်လည်းရှက် စိတ်လည်း ပျက်မိလေ၏။ သို့သော် အကြောင်းတစ်စုံတစ်ခု ရှိကောင်းရှိပေလိမ့်မည်။ နောက်ထပ်အချိန်ပို ၁၅-မိနစ် ပေးဦးမည်။ ထိုအချိန်ကုန်၍မှု ပေါ်မလာကြလျှင် မိမိ၏ချစ်အသည်းပေါ်တွင် ရေးထားသည့် သူတို့၏အမည်ကို ဖျက်ပစ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

အချိန်စေ့ရန် တစ်မိနစ်ခန့်အလိုတွင် မယ်မြင့်၏ချစ်သူတစ်ဦးသည် ကြက်တောင်ရိုက်သည့် ပိုက်တံကို ကိုင်လျက်ရောက်လာလေ၏။ သူကား လှကြည်လည်းမဟုတ် တင့်ဆွေလည်း မဟုတ်ဘဲ မယ်မြင့်ဘယ်လောက်ပင် ဆိုးဆိုးကောင်းကောင်း မလျှော့သောဖွဲလုံ့လဖြင့် ပိုးနေသူ ဘမိုးပင် ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



''မြင့် ကြက်တောင်ရိုက်ပွဲ မသွားဘူးလား''

''သွားမလို့ပဲ လာခေါ်မယ့်သူ စောင့်နေတာ''

''ကိုလှကြည်တို့ ကိုတင့်ဆွေတို့ မလာကြဘူးလား''

''မပြောတတ်ဘူး။ သူတို့ကို စောင့်နေတာလည်း မဟုတ်ပါဘူး။ သူတို့ကလည်း လာမယ်လို့ ပြောမထားကြပါဘူး။ သူတို့လည်း ရောက်နေကြရောပေါ့''

''ဒါဖြင့် မြင့် ကိုမိုးနဲ့လိုက်ခဲ့ပါလား''

''လိုက်မယ်လေ၊ ခဏနေဦး အင်္ကျီလဲလိုက်ဦးမယ်။ မကြာပါဘူး''

တစ်ကိုယ်လုံး ရေစိုရွှဲလျက် ကြွက်စုတ်ညီနောင် ဖြစ်နေကြသောလှကြည်နှင့် တင့်ဆွေတို့သည် အမောမှ မပြေကြသေးမီ ဘမိုးနှင့်မယ်မြင့်တို့ တွဲ၍လာနေကြသည်ကို ခပ်ဝေးဝေး၌ မြင်လိုက်ကြရသည်တွင် ပြန်၍အမောဆို့သွားကြပြီး ရေထဲသို့ ပြန်၍ ကျွမ်းထိုးချကာ နှာခေါင်းပိတ်ပင် သေလိုက်ချင်မိကြတော့၏။

ဆိုးပေမှာလည်း မယ်မြင့်တို့လာနေကြသည်ကို မြင်ရသဖြင့် မျက်လုံးပြူး၍ သွားလေ၏။ မယ်မြင့်အတွက် မေတ္တာစစ်ရွေးချယ်နိုင်ရန် မိမိ၏ စေတနာ့ဝန်ထမ်း ကြိုးပမ်းချက်မှာ မအောင်မမြင် ဖြစ်ရပြန်သည်ကို စိတ်ပျက်မိခြင်းထက် အဘက်ဘက်တွင် အရည်အချင်းတူနေသော လှကြည်နှင့်တင့်ဆွေတို့မှာ ဘာမျှသူတို့၌ အပြစ်မရှိဘဲ မယ်မြင့်နှင့် လွဲရဦးတော့မည်ကို စိတ်မချမ်းမသာ ဖြစ်မိသည့်အပြင် ထိုသူနှစ်ဦးက မိမိအပေါ်တွင် မည်ကဲ့သို့ အရေးယူဦးမည်ကို မတွေးတတ်အောင် မျက်လုံးပြူးမိလေ၏။ သို့အားဖြင့် ဆိုးပေသည် လှကြည်



www.burmeseclassic.com

www.burmeseclassic.com



တို့ဘက်သို့ပင် လှည့်မကြည့်ရဲတော့ဘဲ တံတားတစ်ဘက်သို့ မျက်နှာလှည့်လျက် ချောင်းထဲသို့ ငုံ့ကြည့်နေလေ၏။

''ဟော့.....ဘာကြည့်နေတာလဲ'' ဟု အနီးသို့ ရောက်လာသော ဘမိုးက မေးလိုက်၏။

''ငါးဘတ်ကြီးတစ်ကောင် ထပွက်တာတွေ့ရလို့'' ဟု ဆိုးပေက ဦးခေါင်းထဲ၌ ပထမဆုံးပေါ်လာရာကို ဖမ်းပြီးဖြေလိုက်လေ၏။

ခေတ္တမျှ သုံးဦးသားချောင်းထဲသို့ ငုံ့ကြည့်နေကြပြီးနောက် ဘမိုးနှင့်မယ်မြင့်တို့ ဆက်လက်ထွက်ခွာသွားကြရာတွင် ထိုနှစ်ယောက်နှင့်ရောယောင်၍ လိုက်သွားခြင်းဖြင့် လှကြည်နှင့်တင့်ဆွေတို့၏ ဘေးရန်မှ လောလောဆယ် သက်သာရာရနိုင်သည်ကို တွေးမိကာ နောက်ကကပ်၍ လိုက်သွားလေ၏။

ဆိုးပေသည် လမ်းကွေ့အကွယ်လောက်သို့အရောက်တွင် နောက်လှည့်ကြည့်လိုက်ရာ လှကြည်နှင့်တင့်ဆွေတို့သည် ငုတ်တုတ် ထိုင်နေကြလျက်ပင်ရှိပြီး ပါးစပ်ဖျားမှ ရေနှင့်တကွ ဒေါသနှင့် ရေရွှတ်သံများ ထုတ်ပစ်နေသည့်အမူအရာကို နောက်ဆုံးတွေ့လိုက်ရပေ၏။

ဆိုးပေမှာ လတ်တလောအားဖြင့် လှကြည်တို့၏ လက်စားတုံ့ပြန်မည့်ဘေးရန်မှ လွတ်မြောက်ပြီးဖြစ်သော်လည်း အပြန်တွင် မည်သို့ဖြစ်ဦးမည်ကို မတွေးတတ်ဘဲ ရှေ့ရေးကို စိုးရိမ်ကြောင့်ကြနေခြင်းအားဖြင့် ကြက်တောင်ရိုက်ပွဲကိုပင် ကောင်းစွာ အာရုံမဝင်စားနိုင်အောင်ရှိပေ၏။

ယင်းသို့ရှိခိုက် မိမိကိုရှာဖွေရန် ပျာပျာသလဲပြေးလာသော မောင်မောင်ကို မြင်ရသဖြင့် အရေးတော်ပုံတစ်ခု ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီဟု ရိပ်မိက စိတ်နှလုံးလှုပ်ရှားသွား၏။

‘‘ဆိုးပေ မင်းတို့မမကို လူကြီးနှစ်ယောက်က သတ်ပစ်မယ်လို့ လုပ်နေကြတယ်ဆရာ’’

မောင်မောင်၏ စိုးရိမ်တကြီး ပြောလိုက်သောစကားများသည် ဆိုးပေအား ထိတ်လန့်သွားစေတော့၏။

‘‘ဟုတ်ကဲ့လား၊ မင်းဘယ်မှာတွေ့ခဲ့လို့လဲ’’

‘‘အဟုတ်ပြောနေတာပါ။ ချောင်းကမ်းပါးနားမှာ နှစ်ယောက်သားထိုင်ပြီး တိုင်ပင်နေတာ ကြားခဲ့ရတယ်’’

‘‘သတ်မယ်ဆိုတာ ငါတို့အစ်မကို ဟုတ်ရဲ့လား’’ ဟု ဆိုးပေက မေးလိုက်၏။ သူ၏စိတ်ထဲတွင် လှကြည်နှင့် တင့်ဆွေတို့က တကယ်တမ်း သတ်မည်ဆိုလျှင် မယ်မြင့်ကို သတ်ပစ်ရန်အကြောင်းမရှိ။ မိမိ၌သာ အပြစ်မကင်းသဖြင့် မိမိကိုသာလျှင် ကြံစည်ဖို့ရှိသည်ဟု တွေးမိ၏။

‘‘ငါကိုယ်တိုင်နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ။ တစ်ယောက်က ဘာပြောသလဲဆိုရင် သူတော့ အမြင့်ကိုသတ်ဖို့ ဆုံးဖြတ်လိုက်ပြီတဲ့။ အမြင့်မရှိမှ ဒီကိစ္စအေးတော့မှာပဲ။ အဲဒီတော့ တခြားတစ်ယောက်က ဘယ်လိုသတ်မလဲ မေးတဲ့အခါ ချောင်းထဲ တွန်းချလိုက်တာပေါ့ကွာတဲ့’’

‘‘ဟာ–ဒီလိုဆိုရင် ငါတို့မမကို ပြောပြမှပါပဲ။ သူက ရေကူးတတ်တာမဟုတ်ဘူး။ ရေထဲတွန်းချရင် တကယ်သေမှာ’’

ဆိုးပေသည် ကြက်တောင်ရိုက်ပွဲ အလှည့်မကျသေးသဖြင့် ထိုင်၍စောင့်နေကြသော ဘမိုးနှင့်မယ်မြင့်တို့ထံ မောင်မောင်ကိုပါခေါ်၍ ခပ်မြန်မြန်သွားလေ၏။

‘‘မမ.....မမ.....မမကို လူကြီးနှစ်ယောက်က သတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



မလို့တဲ့''

''အို.....နင် ဘာမဟုတ်တာတွေ လာပြောနေတာလဲ''

''အဟုတ်ပါ၊ ချောင်းကမ်းပါးမှာ ကိုကိုလှနဲ့ ကိုကိုဆွေတို့ တိုင်ပင်နေကြတာကို မောင်မောင်ကိုယ်တိုင်ကြားခဲ့ရလို့ လာပြီး ပြောနေတာ''

ထိုစကားကို ဘမိုးကြားရသည်တွင် မယ်မြင့်ထက် ဘမိုးက ပို၍စိုးရိမ်မိကာ မောင်မောင်အား ''မင်းတကယ်တွေ့လာလို့ ပြောနေတာလား'' ဟု မေးလေ၏။

''တကယ့်ကိုတွေ့ပြီး တကယ့်ကို ကြားခဲ့တာပါ။ မဟုတ်ဘဲနဲ့ ကျွန်တော်ဘာပြုလို့ လိမ်ပြောမလဲ။ ရေထဲကို တွန်းချပြီး သတ်ပစ်မယ်တဲ့''

ထိုအခါမှ မယ်မြင့်မှာ မျက်စိမျက်နှာပျက်ကာ ''လုပ်ပါဦး.....ကိုဘမိုးရယ်.....သူတို့က မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဆိုပြီး တကယ်သတ်ဖို့ ကြံစည်တာဖြစ်မှာပဲ... ကယ်ပါဦးရှင် ... ကျွန်မကို ဒီလိုကြည့်မနေပါနဲ့'' ဟု တောင်းပန်လေ၏။

''ကဲ ဒါဖြင့် မင်းတို့နှစ်ယောက် ကင်းဂတ်ကိုသွားပြီး ပုလိပ်နှစ်ယောက် မြန်မြန်ခေါ်ခဲ့'' ဟု ဘမိုးက ဆိုးပေနှင့် မောင်မောင်တို့ကို လွှတ်လိုက်လေ၏။

ဂတ်သို့ရောက်သောအခါ ဆိုးပေသည် အမှုကို မကြီးကြီးအောင် ချဲ့ထွင်ပြောမှ ပုလိပ်လိုက်လာမည်ကို စဉ်းစားမိကာ ကျွန်တော်တို့အစ်မ မမမြင့်ကို လူကြီးနှစ်ယောက်က သတ်ပစ်ကြမလို့ တိုင်ပင်နေကြတယ်။ သူတို့လက်ထဲမှ ဤအခါတွင်မှ ထိပ်ပြောင်နှင့်လူက တစ်စုံတစ်ရာ ရိပ်မိဟန်ဖြင့် ခပ်ပြုံးပြုံးလုပ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုဗျ ကျုပ်က ပန်းချီဆရာ။ ကျုပ်မိတ်ဆွေက စာရေးဆရာ။ ကျုပ်တို့ အောက်ဒိုးထွက်ရင်း ဒီရောက်လာကြတာ။ ကျုပ် မိတ်ဆွေဟာ သတင်းစာထဲမှာ ဝတ္ထုရှည်အမြဲရေးနေတဲ့ ကိုဖုန်းမို ဆိုတာပါပဲ။ အခုထည့်နေတဲ့ ဝတ္ထုရှည်ကြီးမှာ ဇာတ်ကောင်တွေ သိပ်များနေတဲ့ ဇာတ်လမ်းကို ဘယ်လိုသိမ်းရမလဲ ဆိုတာ အကြံအိုက်ပြီး ကျုပ်တို့ချင်း တိုင်ပင်ကြတဲ့အခါ ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ အမြင့်ကို ပြန်ပြီး မဖေါ်ဘဲ ထားတာထက် ဇာတ်လမ်းထဲမှာ သတ်ပစ်လိုက်ရင် ကျန်တာတွေ ဇာတ်သိမ်းရမှာ လွယ်မယ်လို့ တိုင်ပင်နေကြတာဗျ။ ဟဲ**...** ဟဲ**...** လတ်စသတ်တော့ ဒီကနုမယ်ရဲ့ နာမည်ကလည်း အမြင့် ဖြစ်နေဟန်တူတယ်''

''ဟုတ်ကဲ့'' ဟု ရှက်သွေးဖြန်းလျက် အမြင့်က ဖြေလေ၏။

ဤတွင် ဆိုးပေနှင့် မောင်မောင်တို့မှာ မိမိတို့ကိစ္စ ချွတ်ယွင်းလွဲမှားနေသည်ကို သိရှိရကာ ''ကဲ**...** ဘယ်လိုလုပ်ကြမလဲ'' ဟူသော အမေးမျိုးဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြလေ၏။ မောင်မောင်အဖို့မှာ နားကြားလွဲမှုလောက်သာ ပြောစရာရှိ၏။ ဆိုးပေအဖို့ကား အတည်ပေါက်ချဲ့ကား ထားမိခြင်းကြောင့် မမှန်သတင်းပေးမှုဖြစ်မည်ကို လန့်မိလေ၏။

ထိုအခိုက်တွင် အခြားပုလိပ်တစ်ယောက်သည် ရေစိုအဝတ်များနှင့် ရှိကြသေးသော လုကြည်နှင့်တင့်ဆွေတို့အား ဆွဲခေါ်လာသည်ကို တွေ့ရလေ၏။

ဆိုးပေအဖို့ အမှုဟောင်းတစ်ခု ထပ်မှန်၍ ပေါ်လာပြန်သည့်အတွက် ဤကိစ္စအားလုံး ရှင်းလင်းဆင်ခြေပေးရမည့် အလုပ်မှာ ပြီးနိုင်တော့မည်မဟုတ်သည့်အပြင် အပြစ်ဒဏ် မခံ



www.burmeseclassic.com

www.burmeseclassic.com



ရသည့်တိုင်အောင် ဆူပူမှု ကင်းမည်မဟုတ်သည်ကို ရိပ်မိရကာ လာမည့်ဘေး ပြေး၍တွေ့ခြင်းထက် လာမည့်ဘေးတွေး၍ပြေး ခြင်းကား အကောင်းဆုံးဟု ဆုံးဖြတ်ကာ မောင်မောင်ကို လက်တို့ပြီး လစ်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ဘကြီးအမွေ

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေတို့မှာ တောပုန်းကြီးများ၊ လူရိုင်းကြီးများလုပ်တမ်း ကစားရသည်မှာ ဖန်တရာတေနေကြပြီဖြစ်၍ အသစ်အဆန်း ကစားနည်းကိုသာလျှင် အမြဲရှာနေကြရ၏။ ကင်းထောက်လ၏လုလင်များကဲ့သို့ ဝံပုလွေလုပ်ခြင်း၊ မီးပုံရှို့ခြင်းတို့ကို ပြုလုပ်ကစားပြန်ကလည်း အူသံ ဆူသံကိုနားငြီးကြ၍ တစ်ကြောင်း။ မီးလောင်မည် စိုးရိမ်၍တစ်ကြောင်း ရွာထဲ၌ မကစားရန် တားမြစ်ခြင်းခံရသည့်အတွက် မကစားရဘဲရှိကြ၏။

တရားသူကြီးလုပ်တမ်း ကစားကြမည်ဆိုပါကလည်း တရားသူကြီးလုပ်မည့်သူ၊ ပုလိပ်လုပ်မည့်သူ၊ ရှေ့နေလုပ်မည့်သူတွေ ရှိကြသော်လည်း မည်သူကမျှ တရားခံအဖြစ် မပါဝင်လိုကြသဖြင့် ကစား၍မဖြစ်။ အခြားနည်းများမှာလည်း ဖန်တရာတေနေပြီဖြစ်၍ အသစ်အဆန်းရှာ၍ မရနိုင်အောင်ရှိကြ၏။

ထိုသို့အကြံထုတ်နေကြရာက အီစွတ်သည် ရုတ်တရက် စိတ်ကူးရသဖြင့် ''ရာဇဝင်ထဲက တစ်ခုခုထွင်ပြီးကစားပါလားကွ'' ဟု အကြံပေး၏။

ဆိုးပေသည် ရာဇဝင်ထဲကအတိုင်းဆိုလျှင် စစ်တိုက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



များ၍ ပျော်စရာကောင်းမည်ကို တွေးမိသော်လည်း ရာဇဝင်ဆို လျှင် ရှင်ဘုရင်တစ်ပါး ပါရမည်။ ရှင်ဘုရင်ဆိုလျှင် မိမိသာ လျှင်ဖြစ်ရမည်ဟု ဆက်လက်တွေးမိလေရာ ရာဇဝင်ထဲက ရှင်ဘုရင်မျိုးကား မဖြစ်လိုချေ။ သို့ဖြစ်၍ ဆိုးပေက ''ရာဇဝင် ထဲက ဟာမျိုးတော့ ငါမကစားချင်ဘူး'' ဟု ကန့်ကွက်လိုက်၏။

''ဘာဖြစ်လို့လဲကွ''

''ပျူစောထီးဆိုရင် မကောင်းဘူးလား။ ငှက်ကြီးတွေ၊ ဝက်ကြီးတွေကို အမဲလိုက်ရတာ ဘယ်လောက်ကောင်းမလဲ''

''အဲဒါ ငါတို့ကစားဖူးပြီ''

''တခြားဟာတွေ ရှိသေးတာပေါ့ကွ''

ဆိုးပေ ပြောနေသည်ကို အားလုံးငြိမ်သက်စွာ နားထောင် နေကြရာမှ အဝိန်က ''ဒို့တရုတ်ရှင်ဘုရင်တွေမှ တကယ်ဟုတ် တာ။ လူစွမ်းကောင်းချည်းပဲ'' ဟု ဆိုလေ၏။

ဤတွင် အီစွတ်က''တော်စမ်းပါ ချန်ကေရှိတ်ရာ စကား ကောင်းကောင်းပြောနေတဲ့အထဲ ဝင်မဖျက်စမ်းပါနဲ့'' ဟု ဆို လိုက်၏။

''ငါလည်း အကောင်းပြောနေတာပဲကွ။ မင်းကဘာ ငါ့ကို ချန်ကေရှိတ်လို့ဆိုရသလဲ။ မင်းသာ မူဂျာဟစ်''

အဝိန်သည်သူ့အား မော်စီတုန်းခေါ်လျှင် ကြိုက်၏။ ချန်ကေရှိတ်ခေါ်လျှင် စိတ်ဆိုးတတ်သလောက် အီစွတ်ကလည်း သူ့ကို မူဂျာဟစ်ခေါ်လျှင် မခံနိုင်။ သို့နှင့် နှစ်ယောက်သား ထ၍ နပမ်းလုံးကြလေတော့ရာ ဝိုင်း၍ ဖျန်လိုက်ကြရလေတော့ ၏။

ချစ်တီးကိုဒေါင်အတွင်း၌ ကျင်းပသော ဆိုးပေတို့၏



www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်း ညီလာခံမှာ နပမ်းပွဲဖြင့် အဆုံးသတ်ခဲ့ရလေ၏။ သို့သော် နေ့လယ်စာ စားသောက်ပြီးကြသည့်နောက်တွင် ဂိုဒေါင်ကြီးမှာပင် ပြန်၍ ဆုံကြရလေ၏။

နံနက်ညီလာခံတွင် တက်ရောက်ရန် ပျက်ကွက်နေသော မောင်မောင်သည် ညနေပိုင်းညီလာခံကျမှ ရောက်လာလေ၏။

''ဟေ့ မောင်မောင်။ မနက်က မင်းဘယ်သွားနေလဲ''ဟု ဆိုးပေက မေး၏။

''အိမ်မှာ ဧည့်သည်ရောက်နေလို့ကွ''

''ဘယ်ကဧည့်သည်လဲ''

''သနပ္ပင်ကလာတဲ့ ဒို့အဒေါ်တစ်ယောက်ပါ''

''ဒါဖြင့် မင်းပိုက်ဆံတွေ ဘာတွေ ရဦးမှာပေါ့''

''ငါတော့ မမျှော်လင့်ပါဘူးကွာ''

''မင်းတို့အဒေါ်ကလည်း ကပ်စေးနဲတဲ့ အစားထဲကပဲလား.... အဒေါ်တွေဆိုရင် ဒါမျိုးချည်းပဲ'' ဟု ဆိုးပေက မိမိအဒေါ်များနှင့် နှိုင်းယှဉ်ဆုံးဖြတ်ချက်ချလိုက်၏။

''ကပ်စေးနဲလို့တော့ မဟုတ်ဘူး။ ဒီအဒေါ်က ဆင်းရဲတယ်။ ငယ်ငယ်ကတည်းက ဘကြီးနဲ့ နေလာရတယ်။ ဘကြီးက အရင်တုန်းက ပိုက်ဆံ နည်းနည်းပါးပါးရှိတယ်လို့တော့ ပြောတယ်။ နောက်တော့ ဘကြီးလည်း အရင်လောက် မချမ်းသာတော့ဘဲ ဘကြီးသေတော့ တစ်ပြားမှ မရလိုက်ဘူး။ ဘကြီးမသေခင် သူပဲပြုစုနေရလို့ ယောကျ်ားလည်း မယူဖြစ်ဘူး။ အခုတော့ ဘကြီးသေတော့ သူ့ဟာသူ ရှာစားနေရတာပေါ့''

''အပျိုကြီး အဒေါ်တွေဆိုတာ သဘောကောင်းတာ ရှား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ကွာ။ မင်းတို့အဒေါ်လည်း ဒီလိုပဲထင်ပါရဲ့''

''သူများတွေလိုတော့ မဆိုးပါဘူးကွ။ ငါ့ကို အတော်ခင်တယ်။ သူ့မှာ ယုန်ရုပ်ကြီးတစ်ခု ပါလာတာ ငါ့ကိုပြတယ်ကွ''

ဆိုးပေသည် အနည်းငယ် စဉ်းစားနေပြီး ''နေပါဦးကွ။ မင်းတို့အဒေါ်က အရုပ်နဲ့ကစားတဲ့အရွယ်လား။ အသက်ဘယ်လောက်ရှိပြီလဲ'' ဟု မေးလိုက်၏။

''အဒေါ်ဆိုမှပဲကွာ ဘယ်ကလာ အရုပ်နဲ့ကစားတဲ့အရွယ် ဖြစ်နိုင်ပါ့မလဲ''

''ရှိတာပေါ့မောင်ရာ။ တချို့ဦးလေးတွေ အဒေါ်တွေဟာ ကိုယ့်အဖေအမေရဲ့ အငယ်ဆုံးညီလေး၊ ညီမလေး၊ မောင်လေးဖြစ်လို့ ကိုယ့်ထက်တောင် ငယ်သေးတဲ့ ဦးလေးတွေ၊ အဒေါ်တွေရှိတာပေါ့''

''ဒီ အဒေါ်ကတော့ ဒို့အမေထက် နည်းနည်းပဲငယ်တယ်''

''ဒါဖြင့် ဒီယုန်ရုပ်ဟာ သူပြန်တော့မှ မင်းကို ပေးဖို့နဲ့တူတယ်''

''မပြောတတ်ဘူးကွ၊ ဒါပေမယ့် ရမယ်လို့တော့ ငါသိပ်မထင်ဘူး။ သူ့အရုပ်ကို သူက အမြဲ အရိပ်တကြည့်ကြည့်နဲ့နေတာ''

''အရုပ်ကရော တကယ့်ယုန်နဲ့ တူရဲ့လား''

''တူရုံဘယ်ကမလဲ တကယ့်ယုန်ကို အရေဆုတ်ပြီး ပြန်ချုပ် အစာသွတ်ထားတာ။ အသက်မရှိတာတစ်ခုပဲ ယုန်အစစ်နဲ့ခြားနားတာ ရှိတော့တယ်''

မောင်မောင်ပြောပြသည်ကို အားလုံးကပင် စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



မိကြသည့်အလျောက် ''ဒို့လိုက်ကြည့်ရင် မဖြစ်ဘူးလား'' ဟု မေးကြလေ၏။

''ဒီအခေါ်ကတော့ သဘောကောင်းပါတယ်။ ပြချင်ပြမှာ ပဲ.....''

''ဒါဖြင့် လာသွားကြစို့၊ သွားကြည့်ရအောင်'' ဟု ဆိုးပေ က အဖော်ညှိလေ၏။

ဆိုးပေသည် တိရစ္ဆာန်ကို အရေဆုတ်၍ မူလအကောင် နှင့်တူအောင် အစာသွတ်သွင်းချုပ်လုပ်ခြင်းကို များစွာစိတ်ဝင် စား၏။ တစ်ခါက ရှဉ့်ကလေးတစ်ကောင် ပစ်ခတ်ရ၍ အရေခွံ ဆုတ်ပြီး ပြာနှင့်နယ်ကာ အခြောက်လှန်းထားရာ ကျီးချီသွား သဖြင့် မိမိ စမ်းသပ်လုပ်ကြည့်လိုသည့်အလုပ်ကို မလုပ်လိုက် ရသည့်အတွက် မကျေမနပ် ဖြစ်ခဲ့ရလေသည်။ သို့ဖြစ်၍ ယခု မောင်မောင်တို့၏အိမ်တွင် ယုန်ရေကိုဆုတ်၍ မူလအကောင် နှင့်မခြားရအောင် အစာသွင်း ချုပ်လုပ်ထားသော ယုန်ရုပ်ရှိ သည်ကို ကြားရသောအခါ အခြားသူအားလုံးထက် ပို၍ စိတ်ဝင် စားခြင်းကို ဖြစ်မိလေသည်။

မောင်မောင်၏ အိမ်သို့ရောက်သောအခါ မောင်မောင်၏ အဒေါ်က ''အော် မောင်မောင်သူငယ်ချင်းတွေပဲကိုး။ ချစ်စရာ ကလေးတွေပါလား။ အားလုံး ရွယ်တူကလေးတွေချည်းပဲ'' ဟု ဖော်ဖော်ရွေရွေ နှုတ်ဆက်ပြောဆိုလိုက်သည်တွင် ဆိုးပေတို့မှာ မောင်မောင်၏ အဒေါ်ပေါ်တွင် များစွာနှစ်သက် ချစ်ခင်မိကြလေ ၏။ ထိုမျှမကသေး မိမိယူဆောင်လာခဲ့သော ပဲကြီးလှော်၊ ကြံ သကာတို့ကိုပါ ထုတ်၍ကျွေးသေးရာ လူကြီးလောက၏ ယုယ လိုက်လျောခြင်းကို ခံရခဲလှသော ဆိုးပေတို့လူသိုက်မှာ ထို အဒေါ်အား အထင်မကြီးဘဲ မနေနိုင်ကြတော့ပေ။ သူ့အား စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲက ကြိတ်၍ကျေးဇူးတင် ချီးကျူးမိကြလေ၏။

"ဒေါ်လေး.....ဒေါ်လေး ယုန်ရုပ်ကို သူတို့လည်း ကြည့်ချင်လို့တဲ့"

"ကြည့်ချင်ရင် ပြတာပေါ့ကွယ်။ လာကြ လာကြ"ဟု သူ့အား သီးသန့်ရှင်းလင်းပေးထားသော အခန်းထဲသို့ ခေါ်သွားလေ၏။

ဆိုးပေတို့သည် အရုပ်ကိုကြည့်ကာ များစွာ အံ့သြနှစ်သက်နေကြသည်။

"ဒါ ဒေါ်လေးငယ်ငယ်က ကစားတာလား"

"မဟုတ်ပါဘူးကွယ်။ ဒေါ်လေးရဲ့ဘကြီး၊ မောင်မောင်ရဲ့အဖိုးလေး ဦးစံရွှန်းရဲ့ မူလပစ္စည်းပါ"

"ဒါဖြင့် အဖိုးလေးငယ်ငယ်က ကစားတဲ့အရုပ်ပေါ့"

"မဟုတ်ဘူးကွယ့်။ အကြောင်းကဒီလို ဒီယုန်က သေသွားတော့ သူ အင်မတန်ချစ်တဲ့ တိရစ္ဆာန်ကလေး ဒီယုန်ကလေး မွေးကာမှ စီးပွားတက်တယ်ဆိုပြီး ယုန်ကလေးကို အရေဆုတ်မပုပ်မသိုးအောင် သားရေနယ်ပြီးတော့ အစာသွင်းချုပ်ထားတာ၊ ဒီယုန်ရုပ်ကလေးကို သူ့ အိပ်ရာနားမှာ အမြဲထားတယ်။ နောက်ဘကြီးစံရွှန်းသေတော့ သူမသေခင် ဒေါ်လေးက ပြုစုခဲ့ရတာမို့ သူမြတ်နိုးတဲ့ပစ္စည်းကို သူမသေမီက မှာခဲ့တဲ့အတိုင်း ဒေါ်လေးက အမွေရလိုက်တာ။ ဒီအရုပ်ဟာ ဒေါ်လေးလည်း ဘာမှအသုံးချနိုင်တာမဟုတ်ပေမယ့်လည်း ဘကြီးမြတ်နိုးတဲ့ပစ္စည်းအမွေပေးခဲ့တဲ့ပစ္စည်းမို့ တရိုတသေသိမ်းထားရတာပဲ။ ဒါကြောင့် ခရီးသွားလာရင်းတောင် ထားမပစ်ခဲ့ဘဲ ယူလာခဲ့ရတာ"

ဆိုးပေတို့ကား ယုန်ရုပ်ကလေးရာဇဝင်ကို ကြားရသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပုံဝတ္ထုကလေးတစ်ခု နားထောင်ရသကဲ့သို့ စိတ်စွဲလန်းမိကြလေ၏။ မောင်မောင်ကမူ သူ၏ အဖိုးလေးအကြောင်းကိုပါ စိတ်ဝင်စားသဖြင့် သူ့ဒေါ်လေးက ပြောပြရလေ၏။

''မောင်မောင်တို့ အဖိုးလေး ဘကြီးစံရွှန်းဟာ လူထူးလူဆန်းကြီးတစ်ယောက် ဆိုမယ်ဆိုရင်လည်း ဆိုလောက်တယ်ကွဲ့။ သူဟာ ဒေါ်လေးကိုချစ်တော့လည်း ချစ်ပါရဲ့။ ဒါပေမယ့် ငွေကလေး တစ်ကျပ်တစ်ပြားလောက် ပေးဖို့ဆိုရင် အင်မတန်လက်ခက်တယ်။ တစ်ခါတစ်ရံ သူဟာသူ ပေးချင်တာတောင် သူ့လက်နဲ့မပေးဘဲ သူ ညက အိပ်မက်မက်သလိုလို ဝတ်ဖြူစင်ကြယ်နဲ့ လူကြီးတစ်ယောက် လာပြီးပြောသလိုလို ဘယ်သစ်ပင်အောက်မှာ သွားပြီးတူးချေ။ ပိုက်ဆံရလိမ့်မယ်လို့ ပြောပြီး တူးခိုင်းတဲ့အတိုင်း တူးယူရှာယူမှရတယ်။ စင်စစ်တော့ သူသွားပြီး မြှုပ်ထားတာ ဖြစ်မှာပဲ။ ဒေါ်လေးကို သူ့စိတ်ထဲမှာ ငယ်ငယ်ကလေးကအတိုင်း ကလေးပဲ အောက်မေ့နေသလားမသိဘူး။ တစ်ခါတစ်ခါတော့လည်း တကယ်မြှုပ်မထားဘဲ တမင်ကြည်စားတာလည်း ရှိတယ်။ သူနေမကောင်းတုန်းကလည်း သူ့အနားမှာ ဒေါ်လေးမရှိရင် အမြဲခေါ်နေတာပဲ။ သူ့အနား သွားပြန်တော့လည်း ငါလည်း မခေါ်ပါလားဆိုပြီး ပြန်သွားခိုင်းတယ်။ အံ့သြစရာကောင်းတာက သူသေတော့ သူ့အိပ်ရာ အောက်မှာ သင်္ဂြိုဟ်စရိတ်ပဲ ချန်ထားတာတွေ့ရတယ်။ ဒီ့ပြင် တစ်ပြားမှမရှိဘူး။ မသေခင်တုန်းက ဘုန်းကြီးကျောင်းကို တိတ်တိတ်သွားပြီး လှူတယ်လို့ထင်တာပဲ''

ယင်းသို့ ဆိုးပေတို့လူသိုက်သည် မောင်မောင်၏ ဒေါ်လေးနှင့် အလွမ်းသင့်ပြီးနောက် ရွာထဲသို့ လှည့်ပတ်ကြည့်ရှုလိုသည်ဆိုသဖြင့် ဆိုးပေတို့ကပင် အဖော်လုပ်၍ လိုက်လံပြသကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေတို့ကား မိမိတို့နှင့် သက်ဆိုင်ရာနေရာ၊ ဌာနတို့ကိုသာလျှင် စိတ်ဝင်စား၍ တန်ဖိုးထားကြသည့် အလျောက် ဒေါ်လေးအား မိမိတို့၏ စည်းဝေးရာ ဂိုဒေါင်ပျက်ကို ဦးစွာပြသလေ၏။

ဒေါ်လေးကလည်း သူတို့၏အကြိုက်ကို လိုက်လျောကာ ''တယ်ပြီး ကြီးကျယ်ခမ်းနားတဲ့ ရဲတိုက်ကြီးပါလား'' ဟု မြှောက်ပင့်ပြောလိုက်ရာ ဆိုးပေတို့မှာ အကြိုက်နှင့် တွေ့သွားကြလေ၏။

''ကလေးတွေ မင်းတို့ကြီးလာရင် ဘာလုပ်ကြမလဲ''

''ကျွန်တော်ကြီးလာရင် အင်ဂျင်နီယာကြီးလုပ်မယ်'' ဟု မောင်မောင်ကဖြေ၏။

''ကောင်းတယ်......မင်းကကော''

''ကျွန်တော်ကတော့ ဝက်တွေမွေးပြီး......အဲဒါလည်း မကောင်းသေးဘူး။ ကျွန်တော် ဘားဂျမ်းကစားတဲ့ဆရာ လုပ်မယ်'' ဟု အဝိန်က ဖြေလေ၏။

''မင်းကော......ဘာလုပ်မလဲ''

''ကျွန်တော် လေယာဉ်ပျံမောင်းသမားလုပ်မယ်''ဟု အီစွတ်က အဖြေပေး၏။

''မင်းကော''

''ကျွန်တော်က ဆရာလုပ်မယ်'' ဟု သာဒွန်းဦးက ဆို၏။

''ကဲ......မင်းကကော''

''ကျွန်တော်ကတော့ ကမ္ဘာပေါ်မှာ အကြီးဆုံးအာဏာရှင် လုပ်မယ်'' ဟု ဆိုးပေက ဖြေလိုက်ရာ မောင်မောင်၏အဒေါ် ပြုံးလျက် ''ဒီအထဲမှာ မင်းက အကြံအကြီးဆုံးပဲဟေ့'' ဟု မှတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချလိုက်လေ၏။

ထို့နောက် ရွာထဲ၌ လှည့်ပတ်ကြည့်ရှုကြပြီးလျှင် မောင်မောင်၏အဒေါ်က ''ကဲ......မင်းတို့ပြန်ကြဦး။ မနက်ဖြန်ကျမှ တစ်ခါလာခဲ့ကြ'' ဟု ပြောလိုက်သဖြင့် လူစုခွဲသွားကြလေ၏။

နောက်နေ့တွင် ဒေါ်လေးထံသို့ ရောက်ရှိလာကြရာ၌ ဆိုးပေသည် အကြံတစ်ခုရလေ၏။ ထိုအကြံကား ဒေါ်လေး၏ ယုန်အရုပ်ကို မိမိ၏အချစ်တော် ဂျမ်ဘိုအား ပြသကြည့်ရှုရန် ဖြစ်ပေ၏။ ထိုအရုပ်ကိုပြလျှင် ဂျမ်ဘိုက မည်သို့ပြုမူမည်ကို သိမြင်လို၏။ ထိုအကြောင်းကို ဆိုးပေက ရဲဘော်များအား တိုင်ပင်လေ၏။

''ဘယ့်နှယ်လဲ မင်းတို့ဒေါ်လေးဆီက ခဏတောင်းလို့ ရပါ့မလား''

''ကစားမှာဆိုရင် ညစ်ပတ်ပျက်စီးသွားမှာစိုးလို့ ဒေါ်လေး က ပေးချင်မှပေးမယ်''ဟု မောင်မောင်က ထင်မြင်ချက်ပေးလေ၏။

''မြေကြီးပေါ်ချပြီး ကစားမှာမှ မဟုတ်ဘဲ။ ငါ့လက်ထဲမှာ ကိုင်ထားပြီး ဂျမ်ဘိုကို ပြကြည့်မှာပါ။ သူ့စိတ်ထဲမှာ တကယ့် ယုန်လို့ ထင်မလား မထင်ဘူးလား သိရမှာပေါ့။ ဒို့က ရုတ်တရက် ကြည့်လိုက်ရင် ယုန်အစစ်လို့ ထင်နေပေမယ့် တိရစ္ဆာန်အချင်းချင်း ကြတော့ ဘယ်လိုနေမလဲ မပြောတတ်နိုင်ဘူး။ ငါတော့ မင်းတို့ ဒေါ်လေးကို ပြောပြပြီးတောင်းရင် ရမယ်လို့ထင်တာပဲ။

''လာလေ.....ပြောကြည့်တာပေါ့''

ဒေါ်လေးမှာ အပြင်သွားနေသဖြင့် အိမ်တွင်မရှိချေ။ သူ၏ အခန်းထဲ၌ကား ပကတိငြိမ်သက်စွာထိုင်နေသော သက်ရှိသတ္တဝါကဲ့သို့ ယုန်ရုပ်ကလေးကို အိပ်ရာဘေးတွင် တွေ့ကြရ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

''ဒေါ်လေးလည်း မရှိဘူး– ဘယ်နှယ့်လုပ်မလဲ'' ဟု မောင်မောင်က မဝေခွဲနိုင်သော အမူအရာဖြင့် ပြောလေ၏။

''မရှိပေမယ့်လည်း ခဏယူသွားတယ်ဆိုရင် မင်းတို့ ဒေါ်လေးက စိတ်ဆိုးမယ်မထင်ပါဘူး။ ဂျမ်ဘိုကို ပြရုံပြကြည့်ပြီး ချက်ခြင်းပြန်ထားမှာပဲ'' ဆိုးပေ၏ အကြံကို အခြားရဲဘော်များကပါ ဝိုင်းဝန်းထောက်ခံကြသဖြင့် မောင်မောင်လည်း သဘောတူကာ အရုပ်ကို ယူဆောင်သွားကြရန် ဆုံးဖြတ်လိုက်ကြလေ၏။ သို့ဖြစ်၍ ဆိုးပေသည် ယုန်ရုပ်ကို အင်္ကျီအတွင်းသို့ ထည့်၍ ဝှက်ကာ ရဲဘော်များကို ရှေ့ဆောင်၍ထွက်ခဲ့ပြီးလျှင် အိမ်နောက်ဖေးခြံစည်းရိုးအပြင်ဘက်၌ ထားခဲ့သော ဂျမ်ဘိုထံသို့ သွားကြလေ၏။

ဂျမ်ဘို၏ အနီးသို့ရောက်သောအခါ ဆိုးပေသည် အင်္ကျီထဲ၌ ဝှက်ထားသော ယုန်ရုပ်ကို ထုတ်၍ပြလိုက်လေ၏။ ဂျမ်ဘိုသည် နားရွက်နှစ်ဘက်ကို ထောင်လိုက်ပြီး အရုပ်ကို စိုက်ကြည့်ကာ အမြီးနှံ့ပြလေ၏။

''ဟော့....ကြည့်စမ်း....ကြည့်စမ်း.... သဘောကျနေတယ်ကွ'' ဟု ဆိုးပေကပြောကာ ဂျမ်ဘို၏အနီးသို့ကပ်သွားပြီးလျှင် အရုပ်ကလေးကို လက်နှစ်ဘက်နှင့် မြှောက်ကိုင်ထားလေ၏။

ဂျမ်ဘိုသည် ဆိုးပေ၏ကိုယ်ပေါ်တွင် မတ်တပ်ရပ်၍ တက်ကာ အရုပ်ကလေးကို လှမ်း၍ နမ်းရှုပ်အနံ့ခံကြည့်လေ၏။

''ဂျမ်ဘိုဟာ ယုန်ကို ချစ်တယ်ကွ။ တိရစ္ဆာန်တွေဟာ တစ်ကောင်နဲ့တစ်ကောင် အလကားမကိုက်ဘူး။ ရန်ဖြစ်မှကိုက်တာ ရန်စမရှိရင် ကြောင်နဲ့ခွေးတောင် ချစ်ချစ်ခင်ခင် မိတ်ဆွေဖွဲ့နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ။ စာအုပ်ထဲမှာကြည့်ပါလား..ဖျံရယ်...ခွေးရယ်...မျောက်ရယ် အဆွေခင်ပွန်းဖွဲ့တယ်လို့ ပါတယ်မဟုတ်လား ...... အခု ဂျမ်ဘိုက မိတ်ဆွေဖွဲ့ချင်တယ်''

''အေးကွ .... ဂျမ်ဘိုကြည့်ရတာ ဒီယုန်ကလေးကို တော်တော်ချစ်ပုံရတယ်''

''သူတို့ဘယ်လို မိတ်ဆွေဖွဲ့မလဲဆိုတာ ကြည့်ကြရအောင်၊ ဒီယုန်ကလေးကို အောက်ချထားပြီး ကြည့်ကြရအောင်''

ဆိုးပေသည် မည်သူ၏အပြောကိုမှမစောင့်ဘဲ ယုန်ကလေးကို အောက်သို့ချ၍ပေးလိုက်လေ၏။ ဂျမ်ဘိုသည် ယုန်ကလေးအနားသို့ ကပ်၍နမ်းလိုက်၊ ရွှင်မြူးအားရစွာ နောက်သို့ပြန်၍ လှည့်ပတ်ပြေးလိုက် အနားသို့ပြန်ကပ်ပြီး နမ်းလိုက်လုပ်နေပြီးမှယုန်ကလေး၏ လှုပ်ရှားခြင်းကို မတွေ့ရသဖြင့် တစ်ကြိမ်အနားသို့ အရောက်တွင် နမ်းပြီးသေချာစွာ စိုက်ကြည့်နေလေ၏။ သို့ကြည့်ရာတွင် ကျောက်နီတပ်ထားသည့် နီမြန်းသောမျက်လုံးများကို တွေ့ရသည်တွင် ရုတ်တရက် စိတ်ထားပြောင်းသွားကာ သွားများကိုဖြဲ၍ မာန်မဲလိုက်ပြီးနောက် ယုန်ကလေး၏ ဇက်ကိုခဲကာ ခါရမ်းလေတော့၏။

ဤတွင် ရဲဘော်များက ဂျမ်ဘို၏ပါးစပ်ထဲမှ ယုန်ကလေးကို လုယူရန် ပြေးလာကြလေ၏။ ဂျမ်ဘိုလည်း ယုန်ကလေးကို ကိုက်ချီထွက်ပြေးရာက မိမိနောက်သို့ ပြေး၍လိုက်လာသူများ မီတော့မည်ကို သိရသဖြင့် အရုပ်ကလေးကို လွှတ်ချလိုက်ပြီးနောက် ချုံပုတ်တစ်ခုထဲသို့ ပြေးဝင်၍ပုန်းလေ၏။

ရဲဘော်တို့သည် ယုန်ကလေးကို ကောက်ယူကြည့်လိုက်ကြသည်နှင့် အားလုံးပင် မျက်စိမျက်နှာပျက်၍သွားလေ၏။ အရုပ်ကလေးမှာ ဂျမ်ဘိုကိုက်၍ ခါရမ်းပစ်ခြင်းကြောင့် ဂုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျိုးနေသည်ကို တွေ့ကြရလေ၏။ ဂုတ်ပေါ်မှ ယုန်အမွေး အချို့ လည်း စုတ်ပြတ်၍ နေတော့၏။

သို့ဖြစ်၍ ရဲဘော်တို့သည် အရုပ်ကလေးကို မူလအတိုင်း ခေါင်းထောင်လာအောင် ဝိုင်ယာကြိုးများ ကော်ကပ်ထားသော လချေးစက္ကူပါးများနှင့် ချည်နှောင်ကော်ကပ်၍ ကြိုးစားပြုပြင် ကြပါသော်လည်း ကောင်းမွန်၍မလာဘဲ တစ်ယောက်တစ်လက် ကိုင်တွယ်ကြခြင်းကြောင့် ဂုတ်ကျိုးခြင်းမှာ ပို၍ပင်ဆိုးဝါးသည့် အခြေအနေသို့ ဆိုက်သွားလေ၏။

ရဲဘော်များမှာ စိတ်အပျက်ကြီး ပျက်သွားကြလေ၏။ ဘာမဆို လုပ်လျှင်ဖြစ်ရမည်ဟု အကောင်းဘက်ကို အမြဲမျှော် လေ့ရှိသော ဆိုးပေပင်လျှင် အခိုက်အတန့်အားဖြင့် စိတ်ကို လုံးဝ လျှော့လိုက်ကာ ဂျမ်ဘိုကိုသာ ဒေါသဖြစ်မိလေသည်။

ဂျမ်ဘိုကား ဆိုးပေဒေါသဖြစ်လျှင် မိမိမည်သို့ခံရသည် ကိုသိ၍ ချုံပုတ်ထဲကပင် မထွက်တော့ချေ။ ဆိုးပေ၏ ဒေါသ သည် အချိန်မည်မျှကြာရှည်စွာ တည်မြဲလေ့ရှိသည်ကို ဘဝ အတွေ့အကြုံ များနေပြီဖြစ်သော ဂျမ်ဘိုသည် ထိုနေ့ညနေ အထိ ချုံပုတ်ထဲက မထွက်တော့ဟု ဆုံးဖြတ်ထားလိုက်လေ၏။

နောက်ဆုံး၌ ဆိုးပေနှင့် ရဲဘော်တစ်စုတို့သည် မျက်နှာ ငယ်ကလေးများနှင့် ဒေါ်လေး၏ရှေ့မှောက်သို့ ရောက်လာ ကြပြီးလျှင် ဖြစ်ကြောင်းကုန်စင် အစီရင်ခံကြကာ အသနားခံကြ လေ၏။ ထိုသို့ဦးစွာ စကားပလ္လင်ခံကြပြီးသည့်နောက်မှ ဆိုးပေ က အင်္ကျီအတွင်း၌ ထည့်သွင်းထားသော အရုပ်ကိုထုတ် ပြလေ ၏။

ဒေါ်လေးသည် အရုပ်ကိုလှမ်းယူ၍ကြည့်ကာ ''အို ဖြစ်မှ ဖြစ်ရလေ'' ဟု ပါးစပ်မှ လွှတ်ကနဲ ထွက်သွားပြီးမှ......



www.burmeseclassic.com

www.burmeseclassic.com



''အေးကွယ်.... ဖြစ်ပြီးတာ ဘယ်တတ်နိုင်တော့မှာလဲ.... ရှိပါစေတော့လေ'' ဟု ဆိုလိုက်သဖြင့် ရဲဘော်တို့လည်း စိတ်မကောင်းကာ ဒေါ်လေးအပါးမှ ခွာခဲ့ကြလေ၏။

အကယ်၍ဒေါ်လေးသည် သူတို့အား ဆူပူကြိမ်းမောင်းခြင်း၊ ဒေါသဖြင့် ပြောလိုက်ခြင်းတို့ကို ပြုပါမူ သူတို့သည် မိမိတို့၌အပြစ်ရှိ၍ ပြောဆိုခံရခြင်းဖြစ်ပြီး ထိုသို့ပြောဆိုခံရခြင်းဖြင့် ပြုမိသောအပြစ်မှာ ကျေလေပြီဟု ယူဆနိုင်ကြပေသေးသည်။ ယခုမူ မိမိတို့အပေါ်၌ ဒေါ်လေး၏စိတ်ကောင်းနှလုံးထားမှုသည် မိမိတို့၏အပြစ်ကိုဘယ်ခါမှ မကျေနိုင်အောင်ရှိစေရာ ရဲဘော်တို့မှာ ပို၍ စိတ်မကောင်းဖြစ်ကြရလေ၏။

''ဒေါ်လေးဟာ သိပ်သဘောကောင်းတာပဲကွာ။ အဲဒီလိုသူက သဘောကောင်းတော့ ဒို့အပြစ်ကို ကျေအောင်ဆပ်ဖို့လိုတယ်'' ဟု ဆိုးပေက ပြောလေ၏။

''အေးကွ ဒါပေမယ့် ဘယ်လိုလုပ်ဆပ်ရမှာလဲ''

''ဒီအရုပ်ကလေးကို ပြန်ကောင်းလာအောင် လုပ်ဖို့ရှိတာပဲ။ တခြားနည်းလည်း မရှိဘူး''

''ဒို့လည်း ပြန်ကောင်းအောင် ကြိုးစားကြသားပဲ။ ဒါပေမဲ့ မလုပ်တတ်တော့ မဖြစ်ဘူးပေါ့''

''ဖိနပ်ချုပ်တဲ့ဆိုင်မှာ သွားပြီးပြင်ခိုင်းရင် ရမယ်ထင်တယ်'' ဟု အဝိန်ကအကြံပေးလေ၏။

ဆိုးပေသည် ထိုအကြံပေးချက်ကို တွေဝေစဉ်းစား၍နေလေ၏။

ဖိနပ်ချုပ်တာနဲ့ အရုပ်ချုပ်တာနဲ့တော့ သိပ်မဆိုင်ဘူး။ ဒါပေမယ့်လည်း သူတို့မှာလက်နက်ပစ္စည်းရှိတော့ ဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်မှာပဲ''ဟု ဆိုးပေက မှတ်ချက်ချကာ ဖိနပ်ချုပ်ဆိုင်သို့ သွားရောက်စုံစမ်းကြလေ၏။ ထိုသို့ စုံစမ်းရာတွင် ပြန်၍ ကောင်းအောင်လုပ်၍ ပေးနိုင်မည်ကို သိကြရသော်လည်း ပြင်ပေးခ (၅) ကျပ်ပေးရမည်ဟု ဆိုလိုက်သည့်အတွက် ဆိုင်ထဲမှမှိုင်၍ ထွက်လာကြလေတော့၏။

ငွေငါးကျပ်ဆိုလျှင် တစ်ယောက်ကို တစ်ကျပ်ရအောင် ရှာကြရပေလိမ့်မည်။ ထိုမျှသောငွေကို လောလောဆယ်အားဖြင့် မည်သူမျှ ရအောင် မရှာနိုင်ကြချေ။ သို့အားဖြင့် ကြံရာမရ ရှိနေကြကာ ဂိုဒေါင်ပျက်ထဲတွင် စုဝေး၍ထိုင်လျှက် ငေးငိုင်တွေဝေကာ အသံမထွက် စကားမပြောသော အစည်းအဝေးကို ကျင်းပနေကြလေ၏။

နောက်ဆုံးတွင် ဆိုးပေက ''ဖိနပ်ချုပ်ဆိုင်ကရအောင် လုပ်ပေးနိုင်မယ်ဆိုရင် ဒို့လည်း ရအောင်လုပ်ရင် ရမှာပဲကွ'' ဟု ဆိတ်ငြိမ်ခြင်းကို ဖောက်လိုက်လေ၏။

''လုပ်ကြည့်ပြီးပြီမဟုတ်လားကွာ''

''လုပ်တာမှားလို့ပေါ့ကွ၊ ဒို့ကအရုပ်ကို အပြင်ဘက်ကနေပြီး လုပ်ကြည့်နေကြတာ။ ဖိနပ်ဆိုင်ကပြောလိုက်တယ် မဟုတ်လား။ အထဲကဟာတွေ ပြန်ထုတ်ပြီး အသစ်ပြန်ချုပ်မှ ရမယ်။ ဒါကြောင့် လက်ခများတယ် မဟုတ်လား။ အဲဒါ ဟုတ်တာပေါ့ကွ။ လူကိုဆေးကုတာလိုပေါ့။ အနာဖြစ်တာ၊ ပေါက်ပြဲသွားတာသာ အပြင်ကဆေးကုလို့ရတာ။ အတွင်းရောဂါဆိုရင် ခွဲစိတ်ပြီး ကုရတယ်မဟုတ်လား။ အခု ဒို့များနည်းလမ်း သိလာရပြီပဲ။ လက်တွေ့စမ်းကြည့်ဖို့လိုတော့တာပဲ''

ဆိုးပေ၏ အကြံကြီးမှုသည် များသောအားဖြင့် ကူးစက်လေ့ရှိသည့်အတိုင်း ရဲဘော်များကလည်း ထိုသို့ စမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြရန် စိတ်ဝင်စားကြလေ၏။

''ဒါပေမဲ့ အထဲမှာ ထည့်တဲ့ဟာတွေဟာ ဘာတွေလဲဆို တာ ဒို့လည်းမသိဘူး။ ရှိလည်းမရှိဘူး။ ဘယ်လိုလုပ်မလဲ''

''အရုပ်ထဲမှာ ထည့်တာဆိုရင် လွှစာလား၊ ကောက်ရိုး လား၊ စက္ကူတွေလား။ တစ်ခုခုထဲက ဖြစ်ရမယ်။ ဒါတွေလောက် တော့ အခုသွားရှာ အခုရနိုင်ပါတယ်။ တစ်ပြားမှလည်း မကုန် နိုင်ပါဘူး။ အရုပ်က ချုပ်ရိုးဖျက်ဖို့ ဓားကလေးရယ်။ ပြန်ပြီးချုပ် ဖို့ ကြိုးနဲ့အပ်ရယ်။ အဲဒါပါ ရှာဖို့လိုတယ်။ ဒါတွေရရင် ပြီး တာပဲ။

''ဒါဖြင့်ကောင်းပြီ။ ဒါတွေကို ဒို့ရအောင်ရှာပြီးတော့ ဒေါ်လေးကို အကျိုးအကြောင်းပြောပြီး ပြင်လုပ်ကြတာပေါ့''

ဆိုးပေကစဉ်းစားပြီးမှ ''ငါတော့ ဒေါ်လေးကို အရင် မပြောချင်သေးဘူး။ သူမသိအောင် ဒို့ဟာဒို့ တိတ်တိတ်ကလေး လုပ်မယ်။ ဒါမှ အရုပ်ကလေး ပြန်ကောင်းလာတာတွေ့ရတော့ သူအံ့အားသင့်ပြီး ဝမ်းသာသွားမယ်'' ဟု ပြောပြလေ၏။

''အေးကွ ဒီအကြံ ငါလည်း သဘောတူတယ်။ မင်းတို့ ဒေါ်လေးကို အရင်ပြောရင် တစ်ခါက ဒို့ကြောင့်ပျက်သွားလို့ ဒို့ကို မယုံတော့ဘဲ၊ နေပါစေ၊ ဒီအတိုင်းပဲ ထားမယ်ဆိုရင် ဒို့ပြောတာသာ အဖတ်တင်နေမယ်'' ဟု သာဒွန်းဦးက ထောက်ခံ ပြောဆိုလိုက်သဖြင့် အားလုံးသဘောတူကြပြီးလျှင် လိုအပ် သောပစ္စည်းများကိုရှာရန် လူစုခွဲလိုက်လေ၏။

နောက်နေ့ နေ့လယ်တွင် ဒေါ်လေးသည် အပြင်သို့သွား လိမ့်မည်ဟု မောင်မောင်က သတင်းပေးသဖြင့် ထိုအချိန်လောက် တွင် ရဲဘော်အားလုံး အိမ်နှင့် မလှမ်းမကမ်းမှနေ၍ ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ ထွက်အသွားကိုသာ စောင့်စားနေကြလေ၏။

ထို့နောက် ဒေါ်လေးထွက်သွားသည်ကို တွေ့ကြရသည်နှင့် မောင်မောင်က ခေါင်းဆောင်ကာ အိမ်ထဲသို့ဝင်ကြလေ၏။ ဆိုးပေ၏ ချိုင်းကြားတွင် ကောက်ရိုးနှင့် သတင်းစာစက္ကူများ တစ်ပုံကြီးပါလာ၍ အဝိန်က မောင်းချခား၊ အီစွတ်နှင့် သာဒွန်း ဦးတို့က ကြိုးနှင့်လွှစာမှုန့်များ ယူခဲ့ကြလေ၏။

ဒေါ်လေး၏ အိပ်ယာဘေးမှ ယုန်ရုပ်ကလေးမှာ လည်လိမ်၍ ခေါင်းငိုက်စိုက်ချကာ ကြည့်ရှုမလှဖြစ်နေပေ၏။

ဆိုးပေသည် အရုပ်ကိုယူ၍ သေချာစွာကြည့်ရှုပြီးလျှင် ''ဟောဒီမှာ ချုပ်ရိုးတွေရှိတယ်။ ဒါတွေကိုဖြတ်ပြီး အထဲကဟာတွေ ထုတ်ကြည့်ရမယ်'' ဟု ဆိုကာ အဝိန်ထံမှ ဓါးကိုတောင်းယူလိုက်လေ၏။ ထိုနောက် အရုပ်မှချုပ်ရိုးများကို ဓါးနှင့်ဖြတ်လေရာ အဝိန်က ''ဟေ့ကြည့်ပြီး လုပ်ပါကွ။ ချုပ်ရိုးတွေ မဖြတ်မိဘဲ အသားကို လှီးမိပါဦးမယ်'' ဟု သတိပေးလေ၏။

''အမယ် မင်းက မပူစမ်းပါနဲ့။ မင်းခါးက ချီးလှီးလို့ သွေးထွက်တဲ့ခါးမဟုတ်ဘူး'' ဟု အီစွတ်ကနောက်လိုက်၏။

''ဟေ့ကောင်တွေ အရေးထဲမှာ မင်းတို့က စကားများမနေစမ်းပါနဲ့။ မင်းတို့ကို အာရုံစိုက်မိတာနဲ့ ချော်ချက်လှီးမိ၊ ဖြတ်မိပါဦးမယ်'' ဟု မောင်မောင်က သတိပေးလိုက်လေ၏။

ဆိုးပေကား မည်သူ့စကားကိုမျှ နားမထောင်ဘဲ အလုပ်ကိုသာ အာရုံစိုက်နေရာက ချုပ်ရိုးများကို အတော်ဖြုတ်မိပြီး အတွင်းကို ဖြဲကြည့်လိုက်ပြီးလျှင် ''ဟောကြည့် ငါမပြောလား။ အထဲမှာ စက္ကူတွေထည့်ပြီးထားတာ။ ဟုတ်ပြီကွ စက္ကူတွေကို မာတောင့်နေအောင် ထည့်ပြီးထားရတယ်။ ဟုတ်ပြီကွ။ ငါနား



www.burmeseclassic.com

www.burmeseclassic.com



လည်ပြီ။ ငါသိပြီ။ သူ့ မူလစက္ကူတွေကို ခေါင်းနဲ့လည်ပင်းထဲ ရောက်အောင် နာနာသွတ်ပေးရမယ်။ ဒါမှ တောင့်ပြီး ခေါင်း ထောင်လာမှာ။ ပြီးတော့မှ ကိုယ်ထဲကိုတော့ ဒို့စက္ကူအသစ်တွေ သွတ်ပေးရမယ်'' ဟု လုပ်ရင်းပြော ပြောရင်းလုပ်နေလေ၏။

ဝိုင်း၍ကြည့်နေကြသော ရဲဘော်များကား ကောင်းကောင်း မွန်မွန်ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်နိုင်ကြသေးဘဲ စိုးရိမ်ကြီး စွာနှင့်ပင် ငြိမ်သက်၍ကြည့်နေကြလေ၏။

''ငါလုပ်တတ်ပြီကွ။ ငါကြီးလာရင် အဲဒီအလုပ်လုပ်မယ်။ ပထမဆုံး အကောင်သေးသေးကလေးတွေကစပြီး အစာသွင်းတဲ့ အရုပ်လုပ်မယ်။ တီကောင်တို့ အိမ်မြှောင်တို့ဆိုရင် လွယ်လွယ် ကလေး နေမှာပဲ။ ဒီနောက်မှ ခြင်္သေ့တွေ၊ ဆင်တွေ လုပ်မယ်။ ဆင်ကို လုပ်နိုင်ပြီဆိုရင် ကမ္ဘာပေါ်မှာ ဒီလိုအလုပ်မျိုးမှာ ငါဟာ ဝိဇ္ဇာပဲ။ ဟောကြည့် ဘယ်လောက် လည်ပင်းတောင့်သွားပြီလဲ''

ဆိုးပေသည် အရုပ်ကို ကြမ်းပြင်ပေါ်တွင်ချ၍ ပြလိုက် လေ၏။ သို့ရာတွင် အရုပ်သည်ရပ်တည်၍မနေဘဲ တစ်ဖက်သို့ ယိုင်လဲနေလေ၏။

''စက္ကူတွေသွင်းတာ တစ်ဘက်နဲ့တစ်ဘက် အလေးချိန် မညီသေးလို့''

မည်သို့ပင် ဆိုးပေက အကြောင်းပြသော်လည်း ယခင် ကထက်ပင်ပို၍ အခြေအနေဆိုးနေသည်ဟု ရဲဘော်တို့ ယူဆမိ ကြလေ၏။

''နောက်ပြီးတော့ ဒီအထဲမှာထည့်ထားတဲ့ စက္ကူတွေဟာ ကြာတော့ ဟောင်းပြီး ဆွေးချင်နေပြီ။ အဲဒီတော့အထဲက စက္ကူ တွေထုတ်ပစ်ပြီး အကုန်လုံးအသစ်ပြင်ထည့်တာ ကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒို့မှာလည်း စက္ကူတွေအများကြီးအရှိသားပဲ။ လိုတာထက်တောင် ပိုပြီးနေဦးမယ်''

ဆိုးပေတို့၏အနီးတဝိုက်တွင်စက္ကူစများ ကောက်ရိုးများဖြင့် ရှုပ်ပွေနေလေတော့၏။ ရဲဘော်တို့မှာ အလုပ်ထဲတွင် အာရုံစိုက်နေကြသဖြင့် အချိန်မည်မျှကြာမြင့်သွားသည်ကိုပင် သတိမပြုမိကြချေ။ လုပ်ရင်းလုပ်ရင်းနှင့်ပင် ယုန်ရုပ်ကလေးမှာ အရုပ်အဖြစ်မှ ယုန်အရေအဖြစ်သို့ရောက်လာကာ ပြန်၍အစာသွတ်ရမည့် တာဝန်မှာပို၍ကြီးလာလေ၏။

ထိုအခိုက်တွင် ဒေါ်လေးသည် အပြင်သွားရာမှ ပြန်၍ရောက်လာလေ၏။ ရဲဘော်တို့မှာ အလုပ်တွင် အာရုံစိုက်နေကြသဖြင့် ဒေါ်လေးပြန်လာသည်ကိုပင် ဂရုမပြုကြချေ။ ဒေါ်လေးသည် ဆိုးပေ၏ လက်ထဲ၌ ပျော့စိပျော့ဖတ်ဖြစ်နေသော ယုန်ရုပ်ကိုတွေ့ရသဖြင့် အံ့အားသင့်ကာ ခေတ္တမျှကြက်သေသေပြီး ရပ်ကြည့်နေမိလေ၏။

ထိုနောက်မှ အထဲသို့ဝင်လိုက်ရာ ရဲဘော်တို့က လှည့်ကြည့်ပြီး ကြောင်တောင်ငေး၍ နေမိကြလေ၏။

ဆိုးပေသည် ဆင်ခြေပေးရာတွင် စကားကြွယ်ဝသွက်လက်သူတစ်ယောက်ဖြစ်သော်လည်း ယခုမူ ဒေါ်လေးက မမေးမီပင် ဆင်ခြေကိုဦးစွာပေးသော်လည်း စကားထစ်အဲ ထစ်အဲနှင့်ဖြစ်နေ၏။

''ကျွန်တော် **....** ကျွန်တော်တို့ အသစ်ပြန်လုပ်နေကြတာပါ။ အားလုံးပြီးသွားရင် အကောင်းပြန်ဖြစ်လာမှာပဲ။ အခုတော့ အထဲကဟာတွေ ထုတ်တုန်းရှိသေးတယ်။ ပြန်ပြီး မသွင်းရသေးလို့ပါ။ နောက်ဆုံး ကျွန်တော်တို့ လုပ်ကြည့်လို့မှမရရင် ဆိုင်မှာ အပ်မလို့ပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးသည် စိတ်ပျက်စွာနှင့်ကြည့်နေပြီးမှ မည်သို့မျှ မဆူပူ အပြစ်မတင်ဘဲ ''နေပါစေကွယ်။ ထားလိုက်ပါတော့။ မင်းတို့ပိုက်ဆံနဲ့လည်း ပြင်ပေးမနေနဲ့။ နောက်မှ ဒေါ်လေး ကြည့်လုပ်ပါမယ်။ ကဲ .... ကဲဟောဒီစက္ကူစုတ်၊ အဝတ်စုတ်နဲ့ ကောက်ရိုးတွေ ရှုပ်နေတာကိုသာ ဒေါ်လေးကိုကူပြီး ရှင်းပေးကြပါ'' ဟု ဆို၍ ကိုယ်တိုင်အမှိုက်များသိမ်းလေ၏။

ထိုသို့ စက္ကူများကို ကောက်ငင်သိမ်းယူရာတွင် ယုန်ရုပ်ထဲမှ ထွက်လာသော စက္ကူလိပ်၊ စက္ကူလုံးများမှာ သတင်းစာအဟောင်းများဖြစ်နေသည့်အလျောက် ထိုစက္ကူများကို ဖြေ၍ဖြန့်ကြည့်လိုက်ရာတွင် ထိုစက္ကူလိပ်များထဲမှ ဘကြီးစံရွှန်း သိုဝှက်စုဆောင်းထားသည့် တစ်ရာတန်ငွေစက္ကူ အများအပြားထွက်လာသည်ကို အံ့သြစွာ တွေ့ရလေ၏။

ထိုအခါမှ ဘကြီးစံရွှန်းသည် သူ့အားပြုစုလာခဲ့သည့်အတွက် အမွေပေးခဲ့လိုသော်လည်း အခြားဆွေမျိုးသားချင်းများ မသိစေလိုသဖြင့် အရုပ်ထဲတွင် လျှို့ဝှက်သိုမှီးကာ မိမိအား အမွေပေးခဲ့ခြင်းဖြစ်သည်ကို ဒေါ်လေးတွေးမိလေ၏။

ထိုသို့ဘကြီးစံရွှန်းက အမွေပေးပစ်ခဲ့သော်လည်း မိမိသဘောအရဆိုလျှင် လုံးဝဘာမှ ရိပ်မိသိရှိမည်မဟုတ်ဘဲ ထိုအရုပ်ကို ဆိုးပေတို့ယူ၍ ကစားသဖြင့်သာ ဤလိုဖြစ်ပြီး ဤလိုတွေ့ရသောကြောင့် ဝမ်းမြောက်မိသည်နှင့်အမျှ ဆိုးပေတို့အား ကျေးဇူးတင်၍ မဆုံးနိုင်တော့ပေ။

နောက်နေ့တွင် ဒေါ်လေးကိုယ်တိုင် ဆိုးပေတို့အား ရုပ်ရှင်လိုက်ပြ၊ အိုက်စကရင် ဖိုက်ကားအောင်ကျွေး၊ မုန့်ဖိုးလည်း တစ်ယောက်ငါးကျပ်စီ ပေးပြန်သဖြင့် ဆိုးပေတို့မှာ ပျော်မဆုံးမော်မဆုံး တပြုံးပြုံးတရှန်းရှန်း ဖြစ်နေကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ကြောင်သူခိုး

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေနှင့် ရဲဘော်တို့သည် ချစ်တီးကိုဒေါင်ပျက်ကြီးထဲတွင် ဝိုင်းဖွဲ့၍ထိုင်ကြကာ မိမိတို့နှင့် အမြဲတမ်း ရင်ဆိုင်နေရသည့် ဘဏ္ဍာရေးအခက်အခဲကို နက်နဲစွာ တွေးတောလျက် ရှိကြလေ၏။ သာမန်အားဖြင့်ဆိုလျှင် ဤပြဿနာကို အရေးတကြီး အာရုံပြုကြမည် မဟုတ်ပေ။ သူတို့အဖို့မှာ လက်ထဲသို့ မုန့်ဖိုးရောက်ပြီးသည့်နောက် ၅ မိနစ်အတွင်း အကုန်သုံးစွဲပစ်မြဲ ဖြစ်ကြပေသည်။ ယခုမူ အောင်စိန်ဆိုသော သူငယ်ကလေးတစ်ယောက်က သူ၏မွေးနေ့အတွက် ဘောလုံးလေးနှစ်လုံး မွေးနေ့လက်ဆောင် ရရှိထားရာ သူ့အဖို့ ပို၍နေသော ဘောလုံးတစ်လုံးကို နှစ်ကျပ်တည်းနှင့် ရောင်းမည်။ တနင်္ဂနွေတစ်ပတ်အတွင်း ဝယ်နိုင်မည်ဆိုလျှင် အခြားသူများအား မရောင်းဘဲ စောင့်ထားမည်ဟုဆိုသည့်အတွက် ထိုဘောလုံးဝယ်ယူနိုင်ရန် ငွေရေးကြေးရေး ပြဿနာကို ဖြေရှင်းဖို့ စဉ်းစားနေရခြင်း ဖြစ်လေသည်။

ဘောလုံးမှာ ငါးကျပ်မက တန်သည်ကို ဆိုးပေတို့ သိကြသည်။ အောင်စိန်က နှစ်ကျပ်နှင့်ရောင်းမည် ဆိုခြင်းမှာလည်း မသိ၍မဟုတ်ဘဲ ဆိုးပေတို့အား မျက်နှာလိုမျက်နှာရ ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမျှသာ ဖြစ်ပေ၏။ သို့ဖြစ်၍ ဆိုးပေတို့က ဝယ်မည်ဟု ဆိုလိုက်ကြ၏။ သို့သော် သူတို့၌ နှစ်ကျပ်သော ငွေကိုမဆိုထားဘိ။ နှစ်ပဲသော အသပြာကိုမျှ ရအောင်မဖန်တီးနိုင်ဘဲ ရှိနေကြလေ၏။

''ဒီလိုလုပ်ပါလားကွာ။ ဒို့များ မုန့်ဖိုးရတဲ့အခါတိုင်း သူ့ကို ပေးပေးသွားပါ့မယ်ဆိုရင် မဖြစ်ဘူးလား'' ဟု အဝိန်က အကြံပေး၏။

''ငါပြောပြီးပါပြီကွ။ မရဘူး'' ဟု ဆိုးပေက အခြေအနေကို ရှင်းပြလိုက်၏။ ''သူက လူတိုင်းလူတိုင်းသူ့ကို ဒီလိုပြောပြောပြီး ဘယ်တော့မှလည်း ပြန်မရဘူးလို့ ပြောနေတယ်။ ဒို့ကို ခုနှစ်ရက် အချိန်ပေးထားလို့မှ မဝယ်နိုင်ဘူးဆိုရင် မောင်တင်ပုကလေးက ဝယ်မယ်လို့ သူက ပြောပြလိုက်တယ်''

''ငါလည်း ရအောင်တော့ ရှာတာပဲကွာ… ဒို့အမေ ဦးရှင်ကြီး ကိုးထားတဲ့ပိုက်ဆံ ခဏချေးစမ်းပါ ပြောတာတောင် မရဘူး'' ဟု မောင်မောင်က ပြောပြလေ၏။

''ရလည်းပဲ ဘာအကြောင်းထူးမှာလဲ… ဦးရှင်ကြီးကိုးထားတဲ့ ပိုက်ဆံဆိုတာ ရှိလှမှ တစ်မတ်, ငါးမူးပေါ့'' ဟု ဆိုးပေက ဆို၏။

''ငါကွာ အကြံကောင်းတစ်ခု ရရဲ့သားနဲ့။ လူတွေက သိပ်အဖြစ်ကြီးလွန်းတယ်''

''ဘယ်လိုအကြံကောင်းလဲ ပြောပြစမ်းပါဦး'' ဟု ဆိုးပေက အီစွတ်အား လှမ်း၍မေးလိုက်၏။

''အရင်လတုန်းက ငါ သွားတစ်ချောင်းနှုတ်တာ အဖေက ငါးမူးပေးတယ်။ အဲဒါကြောင့် ငွေနှစ်ကျပ်ရအောင် နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လေးချောင်းနှုတ်ပါရစေပြောတာ မရဘူးကွာ သိပ်ရှော်တာပဲ''

အဝေးရှိ ဘုန်းကြီးကျောင်းမှ မွန်းတည့်အုန်းမောင်း ခေါက်သံကြားရသဖြင့် အစည်းအဝေးမှာ အလိုအလျောက် ရုပ်သိမ်းပြီးသား ဖြစ်သွားလေ၏။

ရဲဘော်တို့သည် ဂိုဒေါင်ပျက်ထဲမှထွက်၍ လာကြစဉ် ဆိုးပေက ''ဒို့များနေ့လယ်စာစားရင်း အကြံကောင်းထုတ်ကြ သေးတာပေါ့ကွာ။ ညနေကြမှ ပြန်တွေ့ကြပြီး အကောင်းဆုံး အကြံကို ယူကြတာပေါ့'' ဟု ပြောလိုက်၏။

ဆိုးပေကား အကြံအမျိုးမျိုး ထုတ်ကြည့်၏။ သို့သော် အကြံကောင်းလှသော်လည်း လက်တွေ့လုပ်ကိုင်၍ မဖြစ်နိုင် သည့်အရာများသာ ဖြစ်နေကြလေ၏။

''ကျွန်တော် စစ်ထဲဝင်တော့မယ်အမေ''

''အလိုလေး... ဘယ်လိုများ စိတ်ကူးပေါက်လာတာလဲ သားရယ်။ မဖြစ်နိုင်တာဘဲ''

''ကျွန်တော်ငွေလိုချင်နေတယ်အမေရဲ့။ ငွေနှစ်ကျပ်လောက် လိုနေတယ်။ အဲဒီငွေကို အမေပေးမယ်ဆိုရင် စစ်ထဲမဝင်ဘူး''

''မပေးနိုင်ဘူး။ မပေးနိုင်ဘူး။ ငွေနှစ်ကျပ်လိုချင်ရင် မုန့် ဖိုးထဲက ရအောင်စုပေါ့''

''နောက် သောကြာနေ့အတွင်း မုန့်ဖိုးထဲက စုလို့ပြည့်ပါ့ မလား အမေရဲ့။ ခုအမေက နှစ်ကျပ်ပေးထားပြီး မုန့်ဖိုးထဲက ဖြတ်ယူပါလားလို့''

''ငွေနှစ်ကျပ်တော့ လုံးကနဲ ခဲကနဲ ပေးမထားနိုင်ဘူး''ဟု ဆိုးပေ၏မိခင်က ငြင်းပယ်လိုက်ပြီးနောက် ''ဒါ့ထက် မင်း ဒေါ်လေး ဒေါ်ဒေါ်ကြည်ဆီက စာတစ်စောင် အခုမနက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတယ်။ သူက ကျောင်းပိတ်ထားတုန်း သူတို့ဆီမှာ တနင်္ဂနွေ တစ်ပတ်လောက် လာပြီးနေစေချင်တယ်လို့ ခေါ် နေတယ်''

''ဘယ်ဒေါ်ဒေါ်ကြည်လဲ'' ဟု ဆိုးပေက မေး၏။

ဆိုးပေမှာ အဒေါ်တွေများသည့်အပြင် မည်သည့် အဒေါ် ကမှ နှစ်လိုချစ်ခင်သည့် အမူအရာကို ပြလေ့မရှိပေ။

''သူ့ကို မင်းမတွေ့ဖူးသေးဘူးထင်တယ်။ သူက ဟိုမြို့ ဒီမြို့ သွားလေ့သွားထ မရှိလှဘူး။ အဲဒီ ဒေါ်လေးဆီသွားပြီး တနင်္ဂနွေတစ်ပတ်လောက် မနေချင်ဘူးလား''

''ဟာ... အမေကလည်း ဘယ်အဒေါ်နဲ့မှ သွားပြီးမနေချင် ဘူး... ပြီးတော့လည်း ဒီတစ်ပတ်ထဲမှာ ငွေနှစ်ကျပ် ရအောင်ရှာ ဖို့က အရေးကြီးနေတယ်''

ဆိုးပေ၏အမေမှာ စိတ်ပျက်စွာဖြင့် သက်ပြင်းချလိုက်ပြီး ''ဒါတော့ လူလေးရဲ့သဘောပေါ့ကွယ်'' ဟု ဆိုလိုက်၏။

ဆိုးပေသည် နေ့လယ်စာစားပြီးသည့်နောက် ဂိုဒေါင် ပျက်ကြီးဆီသို့ သုတ်ခြေတင်၍သွားလေ၏။ ရဲဘော်များမှာ ဆိုးပေထက်စော၍ ရောက်နှင့်နေကြလေသည်။ သို့သော် မည် သူတစ်ဦးတစ်ယောက်မျှ အကြံကောင်း မပါလာကြချေ။

''ခက်တာပဲကွာ။ ဒီပိုက်ဆံရအောင်ရှာဖို့ အရေးကြီးနေရ တဲ့ အထဲမှာ ငါ့အမေက ငါ့ကို အဒေါ်တစ်ယောက်ဆီ အလည် သွားနေဖို့ ပြောနေလိုက်သေးတယ်'' ဟု ဆိုးပေက ခေါင်းကုတ် ရင်း ညည်းတွားလိုက်လေ၏။

သို့ပြောလိုက်ရာတွင် မောင်မောင်၏မျက်နှာတွင် ပွင့် လင်းသောအရောင် ပေါ်ထွက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟ သွားရင်ကောင်းတာပေါ့ကွ။ ပြန်လာရင် မင်းကို အနည်းဆုံး ငွေနှစ်ကျပ်လောက်တော့ ပေးလိုက်မှာပဲ။ သွားသာ သွားပါကွာ''

ဆိုးပေသည် မောင်မောင်၏အမြင်ဘက်က လှည့်၍ စဉ်းစားကြည့်လေ၏။

''သွားတာက ဟုတ်ပါရဲ့။ ပြောချင်တာမပြောရ။ လုပ်ချင်တာ မလုပ်ရ။ ငြိမ်ငြိမ်ကလေး ကုပ်နေရရင် ငါသေဖို့ပဲရှိတော့တယ်။ မင်းတို့ကတော့ ဒီမှာ ဆော့ချင်တိုင်းဆော့ ပျော်ချင်တိုင်း ပျော်ရမှာ သိပ်ဟုတ်တယ်။ တခြားအကြံတစ်ခုသာ ကြံကြစမ်းပါကွာ''

သို့သော် ညနေစောင်း၍ လာသည့်တိုင်အောင် မည်သည့် အကြံမှ မပေါ်လာကြပေ။ သို့ဖြစ်၍ ဆိုးပေသည် အများကောင်းစားရေးအတွက် မိမိအနစ်နာခံမည်ဟု ဆုံးဖြတ်ကာ မိမိအဒေါ်ထံ အလည်အပတ်သွားရောက်နေထိုင်ဖို့ ဝိုင်းဝန်းတိုက်တွန်းချက်ကို စိတ်မပါဘဲ သဘောတူလိုက်လေ၏။ ရဲဘော်များက ဆိုးပေအား ကိုယ်ကျိုးမငဲ့သူတစ်ယောက် ဖြစ်ပါပေသည်ဟု ချီးကျူးကြလေ၏။

ဆိုးပေ၏မိခင်မှာ ဒေါ်ဒေါ်ကြည်ထံသွားပါမည်ဟု ဆိုးပေ၏ စကားကိုကြားရသည့်အခါ များစွာ အံ့အားသင့်မိလေသည်။

''ဒါပေမယ့် ကျွန်တော် ကြာသပတေးနေ့အထိပဲ နေမယ်''

''အေး....အေး လူကလေး သဘောအတိုင်းပါပဲ။ ဒါထက် အမေ မေးစမ်းပါရစေဦး၊ စောစောက မသွားချင်ဘူး ဆိုပြီး ခုမှ သွားမယ်လို့ဆိုတာ သူငယ်ချင်းတွေနဲ့ ရန်ဖြစ်လို့လား။ ဒါမှ မဟုတ် မင်းတစ်ခုခု ဖြစ်လာလို့ ရှောင်ချင်လို့လား''



www.burmeseclassic.com

www.burmeseclassic.com



''ဘာမှမဖြစ်ပါဘူး၊ ဒေါ်ဒေါ်ကြည့်ဆီကို ခဏသွားနေချင်လို့ပါ''

ထို့နောက် ဆိုးပေက အလွမ်းမင်းသားဟန် အမူအရာဖမ်းကာ ''မေမေ ကျွန်တော့်ကို အိမ်ကသွားစေချင်လို့လား''ဟု ဝမ်းနည်းသံပါပါနှင့် မေးလိုက်လေ၏။

''ငါ့သားကလေး အမေ့မျက်စိအောက်က ဘယ်ပျောက်စေချင်ပါ့မလဲကွယ်''

''အမေ သွားစေချင်လို့ မဟုတ်ရင်လည်း ကျွန်တော့်ကို ငွေနှစ်ကျပ်ပေးပါလား။ ကျွန်တော် မသွားဘဲနေမယ်လေ''

''အို... ငွေတော့မပေးနိုင်ဘူး''

''တစ်ချို့အမေတွေက ဒီလိုပဲ ကိုယ့်သားသမီးကို ငွေနှစ်ကျပ်လောက်မှ မစုံမက်ကြဘူး''

''ဘာပြောတယ်... ဘာပြောတယ်''

ဆိုးပေသည် မကြားဟန်ဆောင်ကာ အဝတ်အစားပြင်ဆင်ထုပ်ပိုးရန် အိမ်ပေါ်သို့တက်သွားလေ၏။

ဆိုးပေ၏အဒေါ် ဒေါ်ဒေါ်ကြည်သည် ဘူတာရုံသို့ ကိုယ်တိုင်လာရောက်၍ ဆိုးပေအား ကြိုဆိုလေ၏။ ဒေါ်ကြည်ကြည်မှာ ဆိုးပေ၏ အခြားအဒေါ်များကဲ့သို့ မျက်နှာကောက်ကောက်မျက်နှာပေါက်ဆိုးဆိုးထဲက မဟုတ်ပေ။ ရုပ်ရည်သန့်ပြန့်၍ သပ်ရပ်သန့်ရှင်းမှုကို နှစ်သက်မြတ်နိုးပုံရပေ၏။

''ငါ့တူကြီးဟာ တိရစ္ဆာန်လေးတွေကို ချစ်တတ်မှာပဲနော်'' ဟု ဒေါ်ကြည်ကြည်က ဘူတာရုံမှ အိမ်သို့လာရင်း ပြောဆိုကာ ''ဒေါ်ဒေါ့်မှာ ချစ်စရာ တိရစ္ဆာန်လေးတစ်ကောင် မွေးထားတာရှိတယ်။ ဒေါ်ဒေါ်ကြည်ရဲ့ အသက်လောက်ချစ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆက်၍ပြောပြလေ၏။

ဆိုးပေ၏စိတ်ထဲတွင် ကေန္တ အမွေးဖွားဖွားနှင့် သဘော်ာ ခွေးကလေးတစ်ကောင် ဖြစ်ရမည်ဟု ယူဆလိုက်မိ၏။ သို့ မဟုတ်ပါကလည်း စကားတတ်သော ကြက်တူရွေးလေးတစ်ကောင် ဖြစ်ရမည်။ ဘာပဲဖြစ်ဖြစ် မျောက်ကိုတော့ဖြင့် မွေးထားမည် မဟုတ်ဟု ယုံကြည်မိလေ၏။

''ဒေါ်ဒေါ်ရဲ့ ကြောင်ကလေးကို မင်းတွေ့ရရင် မင်းလည်း သိပ်ချစ်မှာပဲ'' ဟုထပ်၍ပြောကာမှ ဒေါ်ဒေါ်ကြည် ချစ်စနိုးမွေး ထားသည့် တိရစ္ဆာန်ကလေးမှာ ကြောင်ဖြစ်နေသည်ကို သိရ တော့၏။ ဆိုးပေမှာ ကြောင်ကို များစွာ မချစ်လှချေ။ ကြောင်နှင့် ရန်ဖြစ်ရပေါင်း များလှပြီဖြစ်၏။ သို့သော် နောင်ရေးကို မျှော် တွေးလျက် မချစ်သော်လည်း အောင့်ကာ နမ်းရတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ရလေ၏။

မြင်းရထားပေါ်ကဆင်း၍ အိမ်ထဲသို့ဝင်လိုက်သည်နှင့် ယိုးဒယားကြောင်တစ်ကောင်နှင့် ထိုကြောင်ကို ပွေ့ပိုက်ထား သော အစေခံမိန်းကလေးတစ်ယောက်ကို ဦးစွာတွေ့ရလေသည်။ အစေခံမိန်းကလေး၏မျက်နှာမှာ ကြောင်နှင့်တူပဲတူလွန်းလှ သည်ဟု ဆိုးပေ၏စိတ်ထဲ၌တွေး၍ ပြုံးမိလေ၏။

ဒေါ်ဒေါ်ကြည်သည် မိန်းကလေး၏လက်ထဲမှ ကြောင် ကို လှမ်းယူလိုက်ပြီး မိန်းကလေးအား မြင်းရထားပေါ်မှ ပစ္စည်း များကို သွားရောက်သယ်ယူရန် ညွှန်ကြားလိုက်လေ၏။

''ဒေါ်ဒေါ့်ကြောင်ကလေးကို သူဇာလို့ နာမည်ပေးထား တယ်။ တိရစ္ဆာန်ပြပွဲ ပြိုင်ပွဲရှိတိုင်း ကြောင်ချင်းယှဉ်လိုက်ရင် သူဇာချည်း ပထမရတာပဲ။ ဒါပေမဲ့ အခုတော့ သူဇာကို ပြိုင် ဘက်ပေါ်လာတယ်။ မာလာဆိုတဲ့ ကြောင်ပေါ့။ အဲဒီ မာလာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း ယိုးဒယားကြောင်မျိုးပဲ။ ဒေါ်ဒေါ့်ကို အားကျမခံ ကုန်သည်တန်းက မမြမူတို့ မွေးထားတာ။ ပြီးခဲ့တဲ့နှစ်က ပြိုင်ပွဲမှာ မာလာကို ပထမဆုပေးလိုက်ကြတယ်။ အဲဒါ ဒိုင်လူကြီးတွေက မတရားလုပ်တယ်လို့ ဒေါ်ဒေါ်ဆိုရဲတယ်။ ဘယ်ဘက်က ယှဉ်လိုက်ယှဉ်လိုက် ဒေါ်ဒေါ့်သူဇာက သာတာချည်းပဲဟာ''

ဆိုးပေမှာ တစ်နေ့လုံး ကြောင်တရားနာ၍ နေရလေရာ ယှဉ်ပြိုင်မှုကိစ္စမှန်လျှင် စိတ်ပါဝင်စားသူတစ်ယောက်ဖြစ်လျက်နှင့်ပင် ဒေါ်ဒေါ်ကြည်၏ အပြောကဲခြင်းကြောင့် သူ့ကြောင်ရှုံး၍သာ မနာလိုစိတ်နှင့် ပြောနေခြင်းဖြစ်သည်ဟု မှတ်ချက်ပြုမိလျက် ညအိပ်ရာဝင်တော့မှသာလျှင် နားအေးပါးအေးရှိတော့၏။

ယခုအချိန်ထိ ဆိုးပေ၏ အနေအထိုင်အပြုအမူမှာ မှန်ကန်လျက် ရှိနေပေ၏။ သူကိုယ်တိုင်က မိမိအား တစ်ဦးတစ်ယောက်က စတင်ပြောဆိုခြင်းမရှိဘဲ မိမိက ပြောဆိုခြင်းမရှိရလေအောင် အထူးဂရုစိုက်နေလေသည်။ သို့ဖြစ်၍ သူ၏အဒေါ် ဒေါ်ဒေါ်ကြည်က ''မင်းဟာ အင်မတန် ငြိမ်ငြိမ်သက်သက် သိမ်သိမ်မွေ့မွေ့နေတတ်တာ တွေ့ရလို့ ဒေါ်ဒေါ် သိပ်ဝမ်းသာတယ်။ မင်းကို မတွေ့ရခင်က တခြားကလေးတွေလို ဆိုးဆိုးဝါးဝါးကလေးများ ဖြစ်နေမလားလို့ ပူမိသေးတယ်'' ဟု ပြောဆိုချီးကျူးရလေတော့သည်။

ဆိုးပေသည် စိတ်ထဲက လှိုက်လှဲမှုမပါသော အပြုံးဖြင့်ပြုံးကာ နောက်လေးရက်အတွက် အခုအတိုင်းဟန်မပျက်နေရအောင် ဝဋ်ဒုက္ခခံရဦးမှာပါလားဟု တွေးမိလေသည်။ သို့သော် ရှေ့လာဘ်ကို မျှော်ကိုးကာ ရဲဘော်တို့အကျိုးငှာ မိမိက ခေါင်းဆောင်ပီပီ အနစ်နာခံရပေတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေ၏။

နောက်တစ်နေ့နံနက်တွင် ဆိုးပေသည် ဖောက်ပြန်စပြု၍လာလေ၏။ အိပ်ချိန်စားချိန်ကလွဲ၍ အိမ်တွင် ကပ်လေ့မရှိသော ဆိုးပေမှာ လမ်းထွက်လိုစိတ် ဖြစ်ပေါ်၍ လာလေသည်။

''ဒေါ်ဒေါ် ကျွန်တော် လမ်းလျှောက်ထွက်ပါရစေ''

''ဘယ်သွားချင်လို့လဲ။ ဒေါ်ဒေါ်လည်း အတူလိုက်မှာပေါ့''

ဆိုးပေမှာ လူကြီးများ၏ စောင့်ရှောက်မှုဖြင့် သွားလာရသည်ကို မလိုလားသည့်အလျောက် ရှောင်လွဲနိုင်ရန် အကြံထုတ်ရလေ၏။

''ကျွန်တော်က ဒေါ်ဒေါ်နဲ့ အတူတူတော့ သွားချင်ပါရဲ့။ ဒါပေမယ့် ကျွန်တော်က ဖြည်းဖြည်းလျှောက်လို့မရဘူး။ မြန်မြန်ဆို မြန်မြန်လျှောက်ရတယ်။ ဒေါ်ဒေါ် အမီလိုက်နိုင်မှာ မဟုတ်ဘူး။ မောနေမယ်''

''ဩော်... ဆရာဝန်က မြန်မြန်လျှောက်ရမယ်လို့ ပြောထားလို့လား''

''မဟုတ်ဘူး။ အဲလေ... ဟုတ်တယ်။ ဆရာဝန်က ဟုတ်တယ် ပြောထားလို့''

ဒေါ်ဒေါ်ကြည်က သက်ပြင်းချလိုက်ကာ ''မင်းတို့ကတော့ ဖျတ်လတ်တုန်းအရွယ်ကိုး''ဟု မှတ်ချက်ချလိုက်၏။

''အဲဒါကြောင့် ဆရာဝန်က မြန်မြန်လျှောက်မှ ပျောက်မယ်လို့ပြောတာ''

ဒေါ်ဒေါ်ကြည်မှာ ဆိုးပေ၏စကားကို နားမလည်နိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသော်လည်း ထိုစကားကို ဆက်လက်မဆွေးနွေးတော့ဘဲ ဆိုးပေအား လမ်းလျှောက်ခွင့် ပြုလိုက်လေ၏။

နံနက် လက်ဖက်ရည်သောက်ပြီးနောက် ဆိုးပေသည် တစ်ယောက်တည်း လမ်းလျှောက်ထွက်၍လာခဲ့ရာ အိမ်တစ်အိမ်ရှေ့တွင် ဒေါ်ဒေါ်ကြည်၏ကြောင်ကလေး သူဇာနှင့်ချွတ်စွတ်ထားသည်နှင့်မခြား တစ်ထေရာတည်းတူလှသော ကြောင်တစ်ကောင်ကို တွေ့ရလေ၏။ ထိုကြောင်မှာလည်း အသွေးအမွေးကို ကြည့်ရခြင်းအားဖြင့် ယိုးဒယားကြောင် ဖြစ်နေသည်ကို တွေ့မြင်ရလေရာ သူဇာနှင့်ယှဉ်ပြိုင်ဘက်ဖြစ်သော မာလာပင်မှုချဖြစ်ရလိမ့်မည်ဟု တစ်ထစ်ချ မှတ်ယူလိုက်မိလေ၏။

ထို့နောက် ဆိုးပေသည် ဆက်လက်၍ လျှောက်သွားရာက ကွင်းပြင်ကလေးတစ်ခုသို့ ရောက်သွားလေ၏။ ထိုကွင်းပြင်မှာ စပါးကျီကြီးတစ်ခုနှင့် ကပ်လျက်ရှိသောကြောင့် ကြွက်တွင်းများ အလွန်ပေါသည်ကို တွေ့ရလေရာ ထိုကြွက်တွင်းများကို နှိုက်၍ဖမ်းလျှင် ကြွက်ဝမ်းဖြူကလေးများ ရနိုင်လိမ့်မည်ဟု ယုံကြည်မိလေ၏။ သို့အားဖြင့် သူဇာကို ခေါ်လာပြီး ကြွက်ဖမ်းခိုင်းရမည်။ မိမိအလိုရှိသော ကြွက်ဖြူကလေးတစ်ကောင်တော့ သေချာပေါက်ရရှိကာ မိမိ၏ ရဲဘော်များအတွက် ကစားစရာ လက်ဆောင်ကောင်းတစ်ခုဖြစ်မည်ဟု နှလုံးပြုကာ သူဇာကိုခေါ်လာပြီး ကြွက်ဖမ်းခိုင်းရန် စိတ်ပိုင်းဖြတ်လိုက်လေ၏။

အိမ်သို့ ပြန်ရောက်သောအခါ ဒေါ်ဒေါ်ကြည်က ''ဒေါ်ဒေါ် ထမင်းစားပြီးရင် ဦးကောဝိဒတရားပွဲသွားမလို့ မင်းလည်း လိုက်ခဲ့ပါလား'' ဟု ခေါ်လေ၏။

ဆိုးပေမှာ တရားပွဲဆိုလျှင် မိမိနှင့် ဘယ်အခါကမျှ အပေါက်အလမ်း မတည့်ဖူးသည့်အလျှောက် '' ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ မဖြစ်ဘူးဒေါ်ဒေါ်။ ဆရာဝန်က ထမင်းစားပြီးတိုင်း ပိုပြီးကြာကြာ လမ်းလျှောက်ရမယ်လို့ ပြောထားတယ်'' ဟုပြော ပြရလေ၏။

ဒေါ်ဒေါ်ကြည်သည် ထမင်းစားပြီးလျှင် ပြီးချင်းပင် တရားပွဲသို့ ထွက်သွားရာ ဆိုးပေအဖို့မှာ မိမိအကြံရှိသည့် အတိုင်း အကောင်အထည်ဖော်နိုင်ရန် အခွင့်အရေးကို အသင့် ပင် ရရှိလေတော့၏။

ဆိုးပေသည် ပထမလုပ်ငန်းမှာ ကြောင်ကို လူသူလေး ပါးမမြင်စေရအောင် သယ်ယူသွားနိုင်ရန်နှင့် ကြောင်၏ငြင်း ဆန်ကိုက်ဖဲ့ခြင်း မခံရစေရန် ကြောင်ထည့်စရာ အဖုံးပါသော ခြင်းတစ်ခုကို ရှာရခြင်းပင်ဖြစ်လေ၏။ ကံအားလျော်စွာ ဒေါ်ဒေါ်ကြည်ခိုင်းစေသည့် မိန်းခလေးမှာ အပြင်ထွက်နေခိုက် ဖြစ်၍ မိမိအလိုရှိသောခြင်းကို အလွယ်တကူရရှိကာ ကြောင်ကို လည်း ဖမ်းဆီး၍ ထိုခြင်းထဲသို့ သွတ်သွင်းလိုက်နိုင်စေ၏။

သူဇာမှာ ဒေါ်ဒေါ်ကြည်၏ အယုအယကို ကောင်းစွာ ခံယူနေခဲ့ရလေရာ ယခုကဲ့သို့ ကြမ်းတမ်းလှသော ခြင်းထဲသို့ ဇွတ်အတင်း ဖမ်းဆီးထိုးသိပ် ထည့်သွင်းခြင်းကို မနှစ်မြို့နိုင်ဘဲ တစ်ကြော်ကြော် အော်ဟစ်ကန့်ကွက်ရင်း လိုက်ပါခဲ့ရလေ၏။ သည်ထဲတွင် ဆိုးပေသည် သူဇာအား ထည့်ထားသည့်ခြင်းကို ကောင်းမွန်ငြိမ်သက်စွာ မကိုင်ဘဲ လွှဲကာရမ်းကာ ဆွဲကိုင်လာခဲ့ လေရာ သူဇာမှာ ခြင်းထဲတွင် လိမ့်၍နေရာ တခွီးခွီး ရေရွတ် လျက် ပါလာလေတော့၏။

သို့နှင့် ကြွက်တွင်းများရှိရာ ကွင်းပြင်သို့ရောက်၍ သူဇာ အား ခြင်းထဲမှ ထုတ်ယူရန် ခြင်းအဖုံးကို လက်တစ်ဖက်နှင့် ဖွင့်ဟ၍ အခြားလက်တစ်ဖက်ဖြင့် ခြင်းထဲသို့ နှိုက်လိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



သူဇာသည် ခြင်းထဲသို့ဝင်လာသော ဆိုးပေ၏လက်ကို ကုတ်ခြစ်ကာ တဟုတ်ထိုး ခြင်းထဲမှ ခုန်၍ ထွက်လေ၏။

သို့သော် သူဇာသည် တစ်ခါတည်း ထွက်၍မပြေးဘဲ မလှမ်းမကမ်းတွင် ရပ်ကာ ဆိုးပေအား ပြန်၍လှည့်ကြည့်နေလေသည်။

''သူဇာ... သူဇာ... လာပါဟယ်။ ကြွက်ကလေးတွေ ဖမ်းရအောင်''

သူဇာသည် ဆိုးပေ၏ စကားကို စိတ်မဝင်စားသကဲ့သို့ တစ်ဖက်ကို လှည့်၍သွားရာ ဆိုးပေက သူဇာ လွတ်ပြေးမည်စိုး၍ အလျင်အမြန်ပြေး၍လိုက်ရာ ထိုသို့လိုက်ကာမှ သူဇာမှာ ပို၍ လန့်ပြီး စပါးကျီရှိရာဘက်သို့ ထွက်ပြေးပျောက်ကွယ်သွားလေ၏။

''ဟား... ဟား... ဟား... ဟား''

ဆိုးပေသည် မိမိအား ပြောင်လှောင်ရယ်မောလိုက်သည့် အသံကို ကြားရ၍ ထိုအသံလာရာဘက်သို့ လှည့်၍ကြည့်လိုက်ရာ မိမိထက် အသက်အနည်းငယ်မျှလောက်သာ ကြီးပုံရသော သူငယ်ကလေးတစ်ယောက်ကို တွေ့ရလေ၏။ ထိုသူငယ်လေးသည် ဆိုးပေကြည့်နေသည်ကို ဂရုမစိုက်သည့် အမူအရာပြကာ ''ကြောင်ကလေးက ဗေဒင်တွက်လို့ ကြွက်ကလေးက ချောင်မှာငို မျက်ရည်တောက်တောက်ယို။ မငိုပါနဲ့ ကြွက်ကလေး ဗေဒင်ဆရာအတွက်မှားလို့ စပါးကျီအို ဟိုဘက်နား သွားပြီကွဲ့လေး'' ဟု ဆိုနေလေရာ ဆိုးပေမှာ မခံချိမခံသာဖြစ်လျက်နှင့်ပင် ကြိတ်၍ခံနေလိုက်ရလေ၏။ ခါတိုင်းဆိုလျှင် ဆိုးပေသည် မိမိအား ဤကဲ့သို့ ပြောင်လှောင်သရော်ခြင်းကို ခံမည်မဟုတ်ပေ။ ယခုမူ မိမိ၏ နယ်မဟုတ်သည်ကတစ်ကြောင်း၊ ထိုသူငယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ခဲ့လျှင် ထိုအကြောင်းကို ဒေါ်ဒေါ်ကြည်သိပြီး မိမိကြောင့် ကြောင်ပျောက်ဆုံးရကြောင်းကို သိရှိသွားကာ မိမိမျှော်မှန်းထား သော လာဘ်လာဘ ဆုံးရမည့်ကြောင့်တစ်ကြောင်း၊ ထိုသို့ စော်ကားခြင်းကို ကြိတ်မှိတ်၍ခံကာ သူဇာကို ပြန်လည်ရရှိရေး အတွက် အကြံဉာဏ်ထုတ်ဖို့ရန်လည်းကောင်း၊ မိမိလက် ချက်ကြောင့်ဖြစ်သည်ကို မသိစေရန် ခြေရာလက်ရာပျောက်ဖို့ရန် လည်းကောင်း၊ နေအိမ်သို့ ခပ်မြန်မြန်ပြန်ခဲ့ရလေ၏။

ထိုသို့ အိမ်ကိုပြန်လာရင်း ကြောင်များသည် မည်မျှ ဝေးရာ၌ သွားရောက်စွန့်ပစ်စေကာမူ အိမ်သို့ပြန်လာတတ်သည် ဟု မိမိကြားဖူးသော ပုံဝတ္ထုများထဲ၌ ပါရှိသည့်အတိုင်း အိမ်သို့ ရောက်နှင့်နေမည်လားဟု မျှော်လင့်မိလေ၏။ သို့သော် အိမ်သို့ ရောက်သည့်အခါ သူဇာ၏ အရိပ်အရောင်ကို ဘာမျှမတွေ့ရ၍ စိတ်ပျက်သွားမိလေ၏။ ဒေါ်ဒေါ်ကြည်လည်း အိမ်သို့ပြန်၍ မရောက်သေးသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ ကြောင်ထည့်ယူ သွားသောခြင်းကို မူလအတိုင်းနေရာတကျ ပြန်၍ထားပြီးလျှင် မိမိဘာမျှမသိရသည့် အနေမျိုးရောက်စေရန် ဒေါ်ဒေါ်ကြည် ပြန် ၍မရောက်လာမချင်း အိမ်အနီးအပါးတစ်ဝိုက်တွင် မရောင် မလည်လုပ်၍နေရလေ၏။ ထို့နောက် ဒေါ်ဒေါ်ကြည် ပြန်လည် ရောက်ရှိကာ ကြောင်ပျောက်သည်ကို သိလောက်သည့်အချိန် လောက်ရှိမှ ဆိုးပေသည် လုံးဝအပြစ်မရှိသူတစ်ယောက်၏ မျက်နှာမျိုးဖြင့် အိမ်ထဲသို့ ပြန်၍ဝင်ခဲ့လေ၏။

''အမယ်လေး မောင်ကျော်ဒင်ရေ့။ ဒေါ်ဒေါ့်သူဇာကလေး မရှိတော့ဘူး။ ဘယ့်နှယ်လုပ်ရပါ့မလဲ''

ဆိုးပေသည် အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ ဂရုဏာသက် ခြင်းစသော ဟန်အမူအရာများကို ပိုင်နိုင်စွာလုပ်၍ ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ အဒေါ်မှာ ပျောက်ဆုံးသော သူဇာအတွက် ဗျာများနေသဖြင့် ဆိုးပေ၏ အမှုအရာ ''အိုဗာအိုင်တင်'' ဖြစ်သွားသည့်တိုင်အောင် အကဲခတ်အားမည် မဟုတ်ချေ။ ဒေါ်ဒေါ်ကြည်သည် တစ်အိမ်လုံး တက်လိုက်, ဆင်းလိုက်၊ ဝင်လိုက် ထွက်လိုက်နှင့် သူဇာကို ဒေါင်းတောက်အောင် လိုက်၍ရှာရာတွင် ဆိုးပေကလည်း အတန်ကြာမျှ အတူလိုက်ပါ ရှာဖွေပေးနေလိုက်သေးသည်။ ထို့နောက်မှ အံ့ဩခြင်း၊ စိတ်မကောင်းခြင်းစသော အမူအရာတို့ကို ကြာကြာလုပ်ပေးမိ၍နေရလျှင် ဟန်ဆောင်မှု ပေါ်သွားမည်ကို တွေးမိ၍ အပြင်ထွက်ကာ ရှာပေးပါမည်ဟု ဆိုလိုက်၏။

''လုပ်ပါဦး လူလေးရာ။ ဒေါ်ဒေါ်ဖြင့် ဘယ်လိုမှ တွေးမရဘူး။ သူဇာဟာ ဘယ်တော့မှ အပြင်မထွက်တတ်ပါဘူး''

ဆိုးပေသည် သူဇာကို ရှာလေဟန် အပြင်သို့ထွက်နေလိုက်ပြီးနောက် အိမ်သို့ ပြန်ရောက်လာသည့်အခါ အိမ်ရှေ့တံခါး၊ ဘေးတံခါး၊ နောက်ဖေးတံခါး၊ ပြူတင်းပေါက် ရှိသမျှတို့တွင် နွားနို့ခွက်ကလေးများချထားကာ သူဇာပြန်လာအောင် ဒေါ်ဒေါ်ကြည်က နွားနို့ဖြင့် ချော့မြူသွေးဆောင်ထားသည်ကို တွေ့ရလေ၏။

''ဘယ့်နှယ်လုပ်ရမလဲ မသိဘူး... ပြပွဲကလည်း နောက်တစ်ပတ်ထဲမှာ ရှိနေတယ်။ သူဇာပျောက်တာဟာ မရိုးဘူး။ မမြမူက သူ့မာလာကို ပြိုင်ဘက်မပေါ်အောင် တစ်နည်းနည်း ကြံစည်တာ ဖြစ်မှာပဲ''

ထိုသို့ ဒေါ်ဒေါ်ကြည်ပြောလိုက်သည့်စကားအရ မိမိအပေါ်တွင် မသင်္ကာမှုမရှိသည်ကို တွေ့ရသဖြင့် ဆိုးပေသည် ဝမ်းမြောက်မိရာက ဒေါ်ဒေါ်ကြည်က ''မင်းလက်မှာ ကုတ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာတွေနဲ့ပါကလား'' ဟု ပြောလိုက်ရာ ဆိုးပေမှာ အတော်ကလေး ကြွေပျက်သွားလေ၏။ ထိုနောက် မနည်းကြိုးစားဟန်ဆောင်ကာ ''ကျွန်... ကျွန်တော် ဇီးပင်ပေါ်တက်ပြီး ဇီးသီးခူးရင်း ကုတ်ခြစ်မိတာပါ'' ဟု ကာကွယ်ပြောလိုက်ရလေ၏။

သို့သော် ဒေါ်ဒေါ်ကြည်သည် မိမိအပေါ်တွင် မသင်္ကာပုံရှိနေသည်ကို အကဲခတ်မိသဖြင့် ထိုမသင်္ကာမှုကို ဒေါ်မြမှုဘက်သို့ လုံးဝမြေးဦးလှည့်သွားရန် ကြိုးစားလိုက်ကာ ''သူဇာ ပျောက်တာ ဒေါ်မြမှု လက်ချက်ဖြစ်ဖို့များတယ်'' ဟု ဆိုလိုက်၏။

''မင်းနဲ့သူနဲ့ စကားပြောဖူးလား''

ထိုမေးခွန်းသည် မိမိနှင့် ဒေါ်မြမှု အဆက်အသွယ်ရှိမရှိ မေးရာရောက်သည့်သဘော ပေါက်နေသည်ကို ဆိုးပေရိပ်မိ၏။ သို့သော် မိမိနှင့်အဆက်အသွယ်ရှိဖူးသည် မဟုတ်သည့်အလျောက် စကားမပြောရကြောင်းကို ရဲရဲတင်းတင်း ပြောလိုက်ရလေ၏။

နောက်နေ့တွင် ဒေါ်မြမှုထံမှ ဒေါ်ဒေါ်ကြည့်ထံသို့ လူလွှတ်ကာ သူဇာပျောက်သွားကြောင်းကြားရ၍ ဝမ်းနည်းစကားကမ်းလှမ်းလိုက်ရာ ဆိုးပေမှာ မိမိအပေါ်တွင် မသင်္ကာမှု တိုးလာမည်ကို ရှေ့ကထက်ပို၍ ပူပန်မိကာ မိမိအလိုရှိ တောင့်တနေသော ဆုလာဘ်ကို ရနိုင်ရေးမှာ သူဇာအား အမြန်ဆုံး ပြန်လည်ရရှိစေရန် ကြိုးစားအားထုတ်မှုပေါ်တွင် တည်ရှိနေသည်ကို သဘောပေါက်မိလေ၏။ ထို့ကြောင့် ''ကဲ ဒေါ်ဒေါ် ကျွန်တော် သူဇာ့ကို ဒီနေ့တွေ့အောင် လိုက်ရှာမယ်။ မတွေ့သမျှ ပြန်မလာဘူး''ဟု ပြောဆိုအယုံသွင်းလိုက်ရလေ၏။

''မောင်ကျော်ဒင်... ရအောင်ရှာပေးနိုင်ရင်တော့ ဒေါ်ဒေါ် အများကြီး ကျေးဇူးတင်ရမှာပဲ''

ဒေါ်ဒေါ်ကြည်၏ မျက်နှာတွင် တကယ်ပင် အားထား



www.burmeseclassic.com

www.burmeseclassic.com



သော အမှုအရာကို ပြုရုံသာမက ဆိုးပေအပေါ်တွင် မိမိအထင် မှားခဲ့ခြင်းကို နောင်တရဟန် ပေါ်လွင်လျက်ရှိလေ၏။

သို့အားဖြင့် ဆိုးပေသည် သူဇာကို ပြန်၍ဖမ်းမိရန်နှင့် ထိုသို့ ရရှိလာသည်နှင့်အမျှ ဆုငွေကိုပါ ဆွတ်ချူရန် အဓိဋ္ဌာန် ပြုကာ အိမ်မှ ထွက်ခဲ့လေ၏။

ထိုနေ့တစ်နေ့လုံး ဆိုးပေသည် သူဇာထွက်ပြေးသည့် ကွင်းပြင်အနီးတစ်ဝိုက်တွင် အချိန်ကုန်လွန်စေလျက် သူဇာကို လိုက်၍ ရှာလေ၏။ သို့သော်လည်း နေသာကုန်ခဲ့၍ သူဇာ ကိုကား အမြီးဖျားကိုမျှပင် မတွေ့ခဲ့ရပေ။

ထို့နောက် စိတ်ပျက်စွာနှင့်ပင် အိမ်သို့ပြန်လာခဲ့လေရာ ဒေါ်မြမူတို့အိမ်ရှေ့သို့အရောက်တွင် ခြံတံခါးဝ၌ ထိုင်နေသော မာလာကို တွေ့ရလေ၏။ ဆိုးပေသည် အိမ်ပြူတင်းပေါက်ဆီ သို့ လှမ်း၍ကြည့်လိုက်ရာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် စိတ်ထဲက အကြံပေါက်သလောက် လျင်မြန်စွာ ဖြင့် မာလာကို ပြေး၍ဖမ်းကာ အင်္ကျီအတွင်းသို့ သွတ်သွင်းပြီး လျှင် အိမ်ဘက်သို့ သုတ်ခြေတင်လေတော့၏။ မာလာမှာ ဆိုးပေ၏အင်္ကျီအတွင်း၌ ကျပ်တည်းစွာ လိုက်ခဲ့ရသဖြင့် တွန့် လိမ်ရုန်းကန်နေရာ ထိုသို့ရုန်းကန်လေလေ ဆိုးပေ၏ ခြေလှမ်း မှာသွက်လေလေဖြစ်ပြီးလျှင် ဒေါ်ဒေါ်ကြည်ထံ အမြန်ရောက် ၍သွားလေ၏။

''သူဇာကို တွေ့ပြီ ဒေါ်ဒေါ်'' ဟု ဆိုးပေက အိမ်ထဲရောက် သည်နှင့်တစ်ပြိုင်နက် အားရဝမ်းသာ ကြွေးကြော်လိုက်လေ၏။

ဒေါ်ဒေါ်ကြည်သည် ဝမ်းသာအားရပြေး၍လာပြီး ဆိုးပေ ၏ လက်ထဲက ကြောင်ကလေးကို ပွေ့ချီကာ ယုယချော့မြူလျက် ရွှင်လန်း၍ မဆုံးနိုင်ဘဲ ရှိလေ၏။ မာလာမှာမူကား မိမိအား



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်ယုယနေကျ အပြုအမူမျိုးနှင့် မတူသည့်အလျောက် မှုန်ကုပ်ကုပ်နှင့် ငြိမ်၍ ခံနေရလေ၏။

သူဇာနှင့်မာလာတို့မှာ တစ်ကောင်နှင့်တစ်ကောင် လွန်စွာ ဆင်တူရကား ၎င်းတို့၏ သခင်မများနှင့် ပြပွဲအကဲဖြတ်လူကြီးများသာ ခွဲခြားပြောနိုင်ကြပေသည်။ အသွေးအမွေးနှင့် အကွက်များမှာ တစ်ထပ်တည်း တူညီလှပေသည်။ သို့သော် ဒေါ်ဒေါ်ကြည်က သူဇာကို ကြိုက်ရာကျွေး၍ ဒေါ်မြမူကမူ အစားအစာကို စနစ်တကျကျွေးလေရာ သူဇာမှာ မာလာထက်ပို၍ ပြည့်ဝလေသည်။ သို့အတွက်ကြောင့်လည်း ပြိုင်ပွဲတွင် ကိုယ်လုံးကိုယ်ထည် သွက်လက်ခြင်းဘက်က မာလာအနိုင်ရကာ ပြိုင်ပွဲတွင် ပထမစွဲနေခြင်း ဖြစ်လေသည်။

ဒေါ်ဒေါ်ကြည်သည် မာလာအား ပွတ်သပ်ယုယရာက ''ကြည့်စမ်းပါဦး မောင်ကျော်ဒင်ရယ်။ သူဇာ ဘာမျှမစားရလို့ ထင်တယ် ပိန်သွားလိုက်တာ နံရိုးကလေးတွေတောင် စမ်းလို့ရနေပြီ''ဟု ဆိုပြီး မလိုင်၊ ထောပတ်နှင့် ငါးသေတ္တာများကို ယူ၍ကျွေးလေ၏။ သို့သော် မာလာမှာ စားနေကျမဟုတ်၍ နှစ်နှစ်ခြိုက်ခြိုက် မစားဘဲ ရှိတော့၏။

''ဒေါ်ဒေါ်လေ မောင်ကျော်ဒင့် ကျေးဇူးကို တစ်သက်လုံး မမေ့ဘူး မင်းရှာပေးလို့ပြန်ပြီး ရတာပဲ။ အခုတောင် တစ်ညလောက် ခွဲလိုက်ရရုံနဲ့ သူ့ခမျာ စိတ်မကောင်းလို့ အစားတောင် ကောင်းကောင်းမစားဘူး။ တစ်ရက်၊ နှစ်ရက်လောက်သာ ကွဲနေရရင် ရင်ကွဲနာကျပြီး သေမှာပါပဲ မင့်ကျေးဇူးပါပဲကွယ်''

ဆိုးပေ၏ မျက်စေ့ရှေ့တွင် ငါးကျပ်တန် တစ်ဆယ်တန် ငွေစက္ကူများ ပျံဝဲနေသည်ကို မြင်ယောင်မိလေ၏။

ထိုနေ့ညဘက်မှာပင် ဒေါ်မြမူ၏ ကြောင်ကလေး မာလာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားသည် ဆိုသည့်သတင်းကိုကြားရလေရာ။ ဒေါ်ဒေါ်ကြည်မှာ ဝမ်းသာမဆုံး ဖြစ်နေလေ၏။

''ဟိုနေ့က သူဇာပျောက်သွားတယ်ဆိုလို့ သူက ဝမ်းနည်းစကားပြောလိုက်တာဟာ သက်သက်သရော်တာ။ အခု ကြည့်ပါလား။ သူများကို မနာလိုလို့ သူ့မှာ ဘေးဒဏ်ထိတာ၊ သူ့ကြောင်က သူ့အိမ်မှာ ပျော်ပါ့မလား။ ကြောင်ကိုမှ ဝအောင်မကျွေးတာ။ အခုတော့ ဒေါ်ဒေါ့်သူဇာဟာ ပထမဆု သေချာနေပြီဟု ဆိုကာ ''ဟုတ်လား သူဇာလေးရယ်''ဟု ကြောင်ကလေးကို မိမိ၏ပါးနှင့်ပွတ်သပ်ကာ ပြုံးပြုံးကြီးလုပ်နေသေး၏။

ထိုအချိန်မှာပင် ဒေါ်မြမူရောက်၍ လာလေ၏။ ''မသင်းကြည် ကြောင်ကလေး ပြန်တွေ့ပြီကြားလို့ ဝမ်းသာလွန်းလို့ ပြောရအောင် လိုက်လာတာ''

ဒေါ်ဒေါ်ကြည်သည် လက်ထဲမှ ကြောင်ကလေးကို ချကာ ဒေါ်မြမူအနားသို့ ကပ်သွားလေ၏။

''ကျေးဇူးတင်ပါတယ် မမြမူရယ်.....ကျေးဇူးတင်ပါတယ်၊ ဒါထက် မမြမူရဲ့ ကြောင်ကလေး ပျောက်သွားတယ် ကြားရတာ စိတ်မကောင်းပါဘူး။ ပြိုင်ပွဲတော့ မဝင်နိုင်တော့ဘူးထင်တယ်''

ဒေါ်ဒေါ်ကြည်၏ စကားမှာ စိတ်ထဲကမပါဘဲ ပြောနေသံပေါ်လွင်နေပေ၏။

''ကျွန်မတော့ မကြာခင်ပြန်တွေ့မယ်လို့ ယုံကြည်တယ်။ သိပ်ပြီး ဝေးဝေးမှာတောင် ရှိမှာမဟုတ်ပါဘူး။ ဒါထက် မသင်းကြည်ရဲ့ ကြောင်ကလေးဆိုတာ ဒီကြောင်လား''

ဒေါ်မြမူ၏အသံမှာ ခပ်မာမာရှိလျက်၊ မျက်နှာပေါ်တွင်လည်း စစ်ရိပ်စစ်ငွေ့များ သန်းနေသကဲ့သို့ ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဒီကြောင်မဟုတ်လို့ ဘယ်ကြောင်ဖြစ်ရဦးမှာလဲ မမြမူရဲ့''

''ဒါ ရှင့်ကြောင်မှ မဟုတ်ဘဲ၊ ကျွန်မရဲ့ မာလာကလေးပဲ'' ဟု ဒေါ်မြမူက ဆိုလိုက်၏။

''အလို....ကြားသားမိုးကြိုး၊ ဒါကျွန်မသူဇာပါရှင်''

''ဒါကျွန်မရဲ့ မာလာပါ။ ကျွန်မ မမှတ်မိဘဲ နေပါ့မလား။ ကျွန်မအသံ သိတယ်။ မာလာ.....မာလာ.....မာလာ''

''သူဇာ....သူဇာ....သူဇာ....''ဟု ဒေါ်ဒေါ်ကြည်က ခေါ်လိုက်၏။

မာလာသည်ကြမ်းပေါ်တွင် ဆောင့်ကြောင့်ကလေး ထိုင်ကာ ဒေါ်ဒေါ်ကြည်ကို မော့ကြည့်လိုက်၊ ဒေါ်မြမူကိုမော့ကြည့်လိုက်နှင့် တညောင်ညောင် လုပ်နေလေ၏။

ဆိုးပေမှာ အခြေအနေအတော်မလှဘဲ ရှိနေသည်ကို တွေ့ရ၍ ရှေ့ဆက်၍အခြေအနေ မည်မျှဆိုးဝါးလာမည်ကို တွေးမျှော်ပူပင်ကာ တံခါးဝတွင်ရပ်၍ နေလေ၏။ သို့သော် ရှေ့ဆက်၍ဖြစ်ပေါ်လာသည့်အရာမှာ ဆိုးပေ မျှော်လင့်သည်ထက် ပို၍ ဆိုးနေလေတော့၏။ အကြောင်းမူကား စပါးကျီအနီးတွင် မိမိတွေ့ခဲ့ရသော သူငယ်ကလေး ရောက်၍လာကာ သူ့လက်ထဲတွင် ပျောက်ဆုံးနေသောသူဇာ ပါ၍လာသည်ကို တွေ့ရခြင်းကြောင့် ဖြစ်ပေ၏။

''ဟောဒီမှာ ဒေါ်ဒေါ်ကြည်....ကျွန်တော် ကြောင်မိလာပြီ''

''ဟဲ့.....ဘယ်ကကြောင်လဲ''

''အဒေါ်တို့ အိမ်ကကြောင်ပေါ့''ဟု ဆိုကာ ဆိုးပေဘက်သို့ လှည့်ပြီး ''ဟောဒီကောင် ကြွက်ဖမ်းခိုင်းဖို့ စပါးကျီနားယူလာပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲက လွတ်သွားတဲ့ကြောင်ပေါ့။ ခွေးတွေလိုက်လို့ သစ်ပင်ပေါ်တက်နေတာ ဒီနေ့မှ ဖမ်းလို့ရတယ်''ဟု ပြောပြကာ ခြင်းတစ်လုံးထဲတွင် ထည့်ယူလာသောသူဇာကို ထုတ်ပေးလိုက်လေ၏။

သူဇာသည် ထိုသူငယ်ကလေး၏လက်ထဲမှ ခုန်ဆင်းကာ မိမိအိမ်ထဲသို့ စော်ကားကျူးကျော်ဝင်ရောက်နေသော မာလာကို ဒေါသကြီးစွာဖြင့် တဟုန်ထိုးပြေးအုပ် ကိုက်ခဲလိုက်ရာ ဒေါ်ဒေါ်ကြည်မှာ ဆိုးပေအား မေးမြန်းစုံစမ်းရန် သတိမရဘဲ သူဇာအနိုင်ရဖို့ကိုသာလျှင် အာရုံစိုက်နေမိလေ၏။

ကြောင်နှစ်ကောင်မှာ ခါးကုန်းအမွေးထောင်ကာ အော်လိုက်၊ ပြေးကိုက်လိုက်၊ နပမ်းလုံးလိုက်နှင့် အတန်ကြာသတ်ပုတ်နေကြပြီးနောက် နှစ်ကောင်စလုံးအပြင်သို့ ပြေးထွက်ကြလေ၏။ သူတို့နောက်က ဒေါ်ဒေါ်ကြည်နှင့်ဒေါ်မြမူတို့ ပြေး၍ လိုက်ခဲ့ကြရ၏။ ဆယ့်ငါးမိနစ်ခန့်ကြာမှ ဒေါ်ဒေါ်ကြည်အိမ်ထဲသို့ပြန်ဝင်လာကာ ကိုက်ရသတ်ရခြင်းကြောင့် ပေကျံကာ အမွေးထောင်နေသောသူဇာကို ပွေ့ပိုက်ယူလာခဲ့လေ၏။

အိမ်ထဲသို့အရောက်တွင် ကြောင်တောင်တောင်နှင့်ကြည့်နေသော အခိုင်းအစေမိန်းကလေးအား ''မောင်ကျော်ဒင်ဘယ်မှာလဲ''ဟု မေးလိုက်၏။

မိန်းကလေးကလမ်းပေါ်သို့ လက်ညှိုးထိုး၍ ပြသည့်အတိုင်း ဒေါ်ဒေါ်ကြည်က လှမ်းကြည့်လိုက်ရာ မိမိ၏အဝတ်အစားများကို လွယ်အိတ်ထဲတွင်ထည့်ကာ ဘူတာရုံသို့ သုတ်ခြေတင်နေသော ဆိုးပေကို တွေ့လိုက်ရလေ၏။

''သူ့ဗိုက်ထဲကရောဂါ ပြန်ပြီးထလာလို့ အိမ်ပြန်မှဖြစ်မယ်လို့ မမကို ပြောဖို့မှာသွားပြီး သွားလေရဲ့''ဟု မိန်းကလေးက ရှင်း၍ ပြလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဆေးလက်ကိုင်ပဝါ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါသည် ကိုယ်လက်သန့်ရှင်းမှု အတွက် လိုအပ်သော အသုံးအဆောင်ဟူ၍ ဆိုးပေ၏ စိတ်ထဲ၌ အသိအမှတ်မပြုခဲ့ချေ။ ဆိုးပေအဖို့ လက်ကိုင်ပဝါ၏ အသုံးဝင်ခြင်းမှာ မင်နှိပ်စက္ကူ အလွယ်တကူမရှိသည့်အခါ အစားသုံးရန်၊ ဖားအရှင်ကိုထည့်၍ ထုပ်ပိုးရန်၊ အတန်းထဲတွင် ဆရာပြနေသောစာကို စိတ်မဝင်စားသည့်အခါ ကြွက်ရုပ်လုပ်၍ ကစားရန်မျှသာဖြစ်ပေ၏။ ထိုကလွဲ၍ အခြားနည်းအသုံးမဝင်။ လက်ကိုင်ပဝါဆိုသည်မှာ လေးထောင့်သဏ္ဍာန်ရှိသော အဝတ်ကလေးဖြစ်၍ တစ်ရံရောအခါက ဖြူဖြူဖွေးဖွေးရှိခဲ့သည် ဟူ၍သာ ဆိုးပေ နားလည်ခဲ့လေသည်။

သို့ရာတွင် လွန်ခဲ့သည့်တစ်နေ့က ရဲဘော်အီစွတ်သည် ပိုးလက်ကိုင်ပဝါတစ်ခု ရခဲ့လေရာ ထိုသတင်းကို ကြားရသည့်အခါတွင် ဆိုးပေ၏စိတ်ထဲ၌ မနာလိုဖြစ်ခဲ့မိလေသည်။

''ပိုးလက်ကိုင်ပဝါဆိုတာ ဘာအသုံးကျလို့လဲ၊ မိန်းမလျာတွေသာကိုင်တာ''ဟု ဆိုးပေက သရော်လိုက်သော်လည်း အီစွတ်၏ လက်ကိုင်ပဝါကို သေသေချာချာတွေ့ရသည့်အခါ မကောင်းကြောင်း ပြောစရာရှာမရအောင် ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါဟု ဆိုသော်လည်း သာမန်အိတ်ဆောင်မျိုး မဟုတ်ဘဲ လည်စီးအဖြစ် အသုံးချနိုင်သော လက်ကိုင်ပဝါတစ်ခုဖြစ်လျက် ဆိုးပေ၏ စိတ်ထဲ၌ လက်ကိုင်ပဝါတစ်ထည်သည် အကြီးဆုံးမည်မျှရှိလိမ့်မည်ဟု ထင်မှတ်ထားခဲ့သည်ထက်ပို၍ ကြီးနေသည်ကို တွေ့ရလေ၏။ ထိုသို့ ကြီးရုံမျှသာမဟုတ်ဘဲ အရောင်အသွေးမှာလည်း စုံလှသည်။ ဘေးပတ်လည်တွင် ဒေါင်းမြီးကွက်ကဲ့သို့ လှပသော ကွက်ဆန်းကလေးများရှိ၍၊ အလယ်၌ နေကြာပန်းပွင့်ကြီးကဲ့သို့ ခြယ်လှယ်ထားသည်မှာ နှစ်သက်ဖွယ်ရာရှိလှပေ၏။

အီစွတ်ထုတ်ပြသော လက်ကိုင်ပဝါကိုကြည့်၍ ရဲဘော်အားလုံး၏ စိတ်ထဲတွင် စွဲမက်ခြင်းဖြစ်မိကြသော်လည်း ထုံးစံအတိုင်း အကြောင်းရှာ၍ ဝေဖန်ခြင်းကား မကင်းသေးချေ။

''အလကား ခေါ်တောဆင်ကြီးပါ''ဟု သာဒွန်းဦးက စ၍ဆို၏။

''ဒါလား....လက်ကိုင်ပဝါ၊ ဒီလောက်ကြီးတာ ခေါင်းပေါင်းပဲ ဖြစ်ရမယ်''ဟု မောင်မောင်က ထင်မြင်ချက်ပေး၏။

''ခေါင်းပေါင်းတောင် ဒါလောက် မကြီးပါဘူးကွာ၊ ဒါအိပ်ရာခင်းကြီးပါ''ဟု ဆိုးပေက ဆုံးဖြတ်လိုက်၏။

အဝိန်ကမူ ငြိမ်၍နေလေ၏။ လက်ကိုင်ပဝါရှင် အီစွတ်ကား ဤမျှလောက်သာ မိမိ၏ လက်ကိုင်ပဝါအပေါ်၌ ပြောစရာရှိနေသည်ကို တွေ့ရ၍ စိတ်သက်သာရာရသွားလေ၏။ အူတက်မတတ် ရယ်မောပြောင်လှောင်ခြင်း မရှိကြသည်ကိုပင် ကျေနပ်မိပေသည်။ ထိုသို့ ပြောင်လှောင်ရှုတ်ချခြင်း မရှိသည်မှာ မိမိ၏ လက်ကိုင်ပဝါအပေါ်တွင် အထင်အမြင်မသေးကြ၍ ဖြစ်သည်ဟု တွေးမိလေသည်။ ထို့ကြောင့်လည်း ခဏခဏ ထိုလက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပဝါကို ထုတ်၍ထုတ်၍ ဟန်ကြွားလျက်နေတော့၏။

နောက်တစ်နေ့ အဝိန်ကလည်း ပိုးလက်ကိုင်ပဝါ တစ်ထည်ယူလာကာ အီစွတ်ကိုအားကျမခံ ကြွားလုံးထုတ်ပြန်လေတော့သည်။ အဝိန်၏ လက်ကိုင်ပဝါမှာလည်း အီစွတ်လက်ကိုင်ပဝါလောက်ပင်ကြီး၍ တရုတ်ပိုးပေါ်တွင် တရုတ်နဂါးကြီးများပုံ ရောင်စုံခြယ်လှယ် ရက်လုပ်ထားသဖြင့် နှစ်သက်မက်မောစရာတစ်ခုပင် ဖြစ်ပေ၏။

ဤသို့ အီစွတ်နှင့်အဝိန်တို့မှာ ရောင်စုံပိုးလက်ကိုင်ပဝါ အသီးသီးရှိကြ၍ ခေါင်းဆောင်လုပ်နေသော ဆိုးပေမှာ ကြွားစရာမရှိဖြစ်လေရာ ခေါင်းဆောင်၏ ဂုဏ်သိက္ခာလျှော့၍ နေလေတော့၏။ ထိုသို့ ဂုဏ်လျှော့မသွားအောင် လုပ်နိုင်ဖို့ရန် ဆိုးပေအဖို့ အီစွတ်တို့ကဲ့သို့ ရောင်စုံပိုးလက်ကိုင်ပဝါတစ်ထည်ရအောင် ကြိုးစားရှာဖွေရရှိဖို့ အရေးကြီးလာလေ၏။

ထိုသို့ရနိုင်ရန်မှာ မိမိ၏ဘဏ္ဍာရေး အင်အားနှင့်ကားမည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း ကောင်းစွာသိသဖြင့် တစ်အိမ်လုံးတွင် မိမိအားအထားရဆုံးဖြစ်သော မိခင်ထံသို့ ရှေးဦးစွာ ချဉ်းကပ်ရလေ၏။

''ပဝါဖြူဟာ မကောင်းပါဘူး မေမေရာ''

ဆိုးပေ၏ မိခင်သည်အဝတ်ချုပ်နေရာမှ ''အေး'' ဟု ဆိုးပေအား လှည့်မကြည့်ဘဲ ပြောလိုက်လေ၏။

''ကျွန်တော်ပြောနေတာ လက်ကိုင်ပဝါအဖြူကို ပြောနေတာပါ''

''ဩော်**.....**လက်ကိုင်ပဝါကိုပြောနေတာလား၊ လက်ကိုင်ပဝါဆိုရင် အဖြူဟာအကောင်းဆုံးပေါ့ လူလေးရဲ့၊ လျှော်ရ၊



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်ရတာ လွယ်တယ်။ ဒိုဘီပေးလိုက်ရင် ဖွေးနေတာပဲ။ မင်း လက်ကိုင်ပဝါတစ်ခုသာ ညစ်ပတ်လွန်းလို့ ခဝါသည်ငိုရမယ်''

''ပိုးလက်ကိုင်ပဝါဟာ သာပြီးမကောင်းဘူးလားမေမေ ရာ အဖိုးလည်းတန်တယ်။ ကြည့်လို့လည်းလှတယ်၊ ပဝါဖြူကြီး ကြည့်ကြည့်နေရတာ မျက်စိထဲ သိပ်စူးတာပဲ။ ကြာရင် ကျွန်တော် မျက်စိကန်းလိမ့်မယ်။ ပိုးလက်ကိုင်ပဝါတစ်ထည် ဝယ်ပေးပါ မေမေရဲ့''

''တော်တော့ တော်တော့၊ မင်းနဲ့ ပိုးလက်ကိုင်ပဝါနဲ့ မတန်ဘူး၊ ပိုးလက်ကိုင်ပဝါဆိုတာ ညစ်ညစ်ပတ်ပတ် ကိုင်ရတာ မဟုတ်ဘူး.....''

''ကျွန်တော် ညစ်ညစ်ပတ်ပတ် မကိုင်ပါဘူး၊ ချည်လက်ကိုင်ပဝါသာ အဖိုးမတန်လို့ ညစ်ပတ်အောင်ကိုင်တာ ပိုးဆိုရင် ကောင်းကောင်းကိုင်မှာပေါ့''

''ချည်လက်ကိုင်ပဝါဆိုပေမယ့် မင်းကိုင်ရတာ မာစရိုက် အချောစားတွေ မောင်ရဲ့''

''မာစရိုက်ကော ပိုးမှမဟုတ်ဘဲ၊ ပိုးလက်ကိုင်ပဝါ အရောင် လှလှလေး ဝယ်ပေးပါ အမေရယ်။ များများ မဟုတ်ပါဘူး..... တစ်ထည်လောက်ရရင် တော်ပါပြီ''

''တစ်ထည်မပြောနဲ့ တစ်စတောင် ဝယ်မပေးနိုင်ဘူး။ ဒီလထဲမှာ အင်္ကျီနဲ့ ဘောင်းဘီအသစ် ဝယ်ပေးရပြီးပြီ။ သူများ ဘောင်းဘီတစ်ထည်ဆိုရင် အကြာကြီးဝတ်ရတယ်။ မင်းမှာ ဖင်လျှောစီးရတာနဲ့ပဲ ကြာကြာမခံဘူး။ ဒီလထဲမှာ မင်းအတွက် နောက်ထပ်ဘာမှ အကုန်မခံနိုင်တော့ဘူး''

ဆိုးပေမှာ မိခင်ထံတွင် အရေးနိမ့်ခဲ့ရသဖြင့် ဖခင်ထံ



www.burmeseclassic.com

www.burmeseclassic.com



အယူခံ ဝင်ရန်အကြံရလေ၏။ မိခင်မှာ အိမ်သုံးစရိတ်ကို ကိုင်ရသဖြင့် မိမိအတွက် ယခုလအကုန်အကျများသည်ကို သိနေသော်လည်း ဖခင်မှာ ထိုအကြောင်းကို မသိနိုင်ဟုယူဆကာ ရဲဝံ့စွာပင် ဖခင်ထံသို့ ချဉ်းကပ်လေ၏။

ဆိုးပေ၏ ဖခင်သည် ဆိုးပေ ချဉ်းကပ်လာသည်ကို ဂရုမပြုမိဘဲ ဖတ်နေသောသတင်းစာ၌သာ အာရုံစိုက်နေလေ၏။

''လက်ကိုင်ပဝါအဖြူတွေဟာ အစတုန်းကသာ သန့်ရှင်းတာ နောက်တော့ ညစ်ပတ်လာတာချည်းပဲ အဖေရ''

''အေးပေါ့ကွ''

''လက်ကိုင်တုတ်တွေ ပြောနေတာမဟုတ်ပါဘူး အဖေရ၊ လက်ကိုင်ပဝါအဖြူကို ပြောတာပါ၊ အဖြူကြီး အမြဲကိုင်နေရတာ ငြီးငွေ့စရာကောင်းပါတယ်။ လူများဟာ ထမင်းဖြူချည်းတစ်သက်လုံးမစားနေနိုင်ဘူး မဟုတ်လား၊ တစ်ခါတလေတော့လည်း အုန်းထမင်းကလေး၊ ဒန်ပေါက်ထမင်းကလေး အပြောင်းအလဲ စားချင်သေးတာပဲ''

''မင်းစားချင်တာ မင်းအမေသွားပြောချေ။ ငါက ချက်ကျွေးနေတာ မဟုတ်ဘူး''

''ကျွန်တော်က စားချင်တာတွေ ပြောနေတာမဟုတ်ဘူး''

''မစားချင်ဘဲနဲ့ ဒန်ပေါက်တွေ၊ အုန်းထမင်းတွေ ဘာကိစ္စ ပြောနေရတာလဲ''

''ပိုးလက်ကိုင်ပဝါလိုချင်လို့ ပြောနေတာအဖေရ''

''ပိုးလက်ကိုင်ပဝါနဲ့ အုန်းထမင်းနဲ့ ဆိုင်လို့လား''

''ဥပမာပြောနေတာပါ.....''



www.burmeseclassic.com

www.burmeseclassic.com



''မင်းစကားဟာ အခုတစ်မျိုး အခုတစ်မျိုး အင်မတန်ရှုပ်တယ်၊ သွား..... မင်းဟာမင်း လွတ်ရာကျွတ်ရာ သွားပြီးကစားချေ။ ဒီနားမလာနဲ့ ငါစာဖတ်ပျက်တယ်''

ဆိုးပေမှာ ဘဏ္ဍာရေးအတွက် အားကိုးစရာရှိသူ နှစ်ဦးစလုံး၏ ငြင်းပယ်ခြင်းခံရသဖြင့် ပိုးလက်ကိုင်ပဝါ ရရှိရေးအတွက် မျှော်လင့်ချက် ကင်းမဲ့နေသည်ကို တွေ့ရသော်လည်း စိတ်မလျှော့သေးဘဲ ရနိုင်သည့်နည်းလမ်းရှိသမျှ ကြံစည်စိတ်ကူးကြည့်လိုက်ရာ တစ်ခါက အစ်ကိုမောင်တင့်လက်ထဲတွင် ပိုးလက်ကိုင်ပဝါတစ်ထည် တွေ့ရဖူးသည်ကို သတိရလေ၏။

သို့ဖြစ်၍ ဆိုးပေသည် မောင်တင့်၏ အခန်းထဲသို့ ဝင်ရောက်သွားပြီးလျှင် မောင်တင့်၏ သေတ္တာကိုဖွင့်၍ လှန်လှောကြည့်ရှုရာ ပိုးလက်ကိုင်ပဝါတစ်ထည်ကို တွေ့ရသဖြင့် ဝမ်းသာလုံးဆို့ကာ အသက်ကိုပင် မှန်အောင်မရှူနိုင်ဘဲ ဖြစ်သွားလေတော့၏။

မောင်တင့်၏ လက်ကိုင်ပဝါမှာ အီစွတ်နှင့်အဝိန်တို့၏ လက်တွင်တွေ့ရသည့် ပိုးလက်ကိုင်ပဝါထက် ပို၍ကြီးပြီး ပိုးသားလည်း ကောင်းသည်ကို တွေ့ရ၏။ အရောင်အသွေးမှာလည်း ပို၍ စုံလင်စိုပြည်လှလေသည်။

ဆိုးပေသည် ထိုလက်ကိုင်ပဝါကို မိမိအိတ်ထဲသို့ လျင်မြန်စွာ သွတ်သွင်းလိုက်ပြီးလျှင် မောင်တင့်၏ အဝတ်အစားများကို ခြေရာလက်ရာ မပျက်ရစေအောင် နေရာတကျထား၍ သေတ္တာကိုပြန်၍ ပိတ်ထားလိုက်လေ၏။

သို့ရာတွင် ဆိုးပေသည် ရုတ်တရက်အခန်းထဲမှ ထွက်မသွားသေးဘဲ မောင်တင့်ဆံပင်ဖြီးသည့်အခါ ကြည့်သည့်မှန်ရှေ့တွင်ရပ်လျက် ပိုးလက်ကိုင်ပဝါကို မိမိ၏အိတ်ထဲမှ ထုတ်



www.burmeseclassic.com

www.burmeseclassic.com



၍ဖြန့်ကာ ကိုယ်နှင့်ယှဉ်ကပ်ပြီးလျှင် မှန်ထဲတွင် ကြည့်ရင်း ကျေနပ်နှစ်သိမ့်နေလေ၏။

ထိုအခိုက်တွင် အခန်းထဲသို့ဝင်လာသော ခြေသံကို ကြား ရ၍ လက်ကိုင်ပဝါကို ဝှက်ကာ လှည့်ကြည့်လိုက်ရာ မောင်တင့် ဖြစ်နေသည်ကို တွေ့ရလေ၏။

''ဟော့ မင်းငါ့အခန်းထဲဝင်ပြီး ဘာတွေမွှေနှောက်နေတာလဲ'' ဟု မောင်တင့်က မသင်္ကာသောမျက်နှာဖြင့် အခန်းထဲ၌ ဟိုဟို သည်သည် လှည့်ကြည့်ရင်း မေးလိုက်လေ၏။

''ကျွန်တော် အစ်ကို့ပစ္စည်းတွေ ဘာမှ မွှေနှောက်ထားတာ မရှိဘူး''

''နို့ မင်းဘာလုပ်နေတာလဲ''

''အစ်ကို့ဆီက လက်ကိုင်ပဝါတစ်ထည် ငှားမလို့ပါ။ ဒါပေမဲ့ အဖိုးတန် လက်ကိုင်ပဝါအဖြူကို ကျွန်တော် မတောင်း ပါဘူး။ အစ်ကို မသုံးဘဲထားတဲ့ ပိုးလက်ကိုင်ပဝါအဟောင်း ကလေးပဲ လိုချင်တာပါ''

မောင်တင့်သည် ဆိုးပေဘာလုပ်ထားသည်ကို ရိပ်မိလာ ကာ ''ဘယ်ပိုးလက်ကိုင်ပဝါလည်း ပြစမ်းပါဦး'' ဟု မေးလိုက် လေ၏။

ဆိုးပေသည် မိမိအား မောင်တင့်က အမိဖမ်းသည်ကို မရိပ်မိဘဲ သတိလစ်ကာ ''ဟောဒါလေးပါ'' ဆို၍ ဝှက်ထား သော လက်ကိုင်ပဝါကို ထုတ်ပြလိုက်မိလေ၏။

ဤတွင် မောင်တင့်က လက်ကိုင်ပဝါကို ဆတ်ကနဲဆွဲယူ လိုက်ကာ ''ဘာရမလဲ... သာဝရာ... မင်းလောက်တော့ ငါလည်း ပါးသေးတာပဲ'' ဟု အောင်မြင်သူ၏အပြုံးဖြင့် ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဒီလက်ကိုင်ပဝါလေးတော့ ကျွန်တော့်ကို ခဏငှားပါ။ အစ်ကိုလိုချင်တာ လုပ်ပေးပါမယ်''

''မင်း ဘယ်လောက်ပေးမလဲ''

''အခုတော့ ကျွန်တော့်မှာ ပိုက်ဆံမရှိသေးဘူး အစ်ကိုရ။ နောက်တော့ ပိုက်ဆံပေးပါ့မယ်။ အခု အတောအတွင်းမှာ ဘာဖြစ်ဖြစ် အစ်ကိုခိုင်းချင်တာခိုင်းပါ။ လုပ်မပေးတော့ အစ်ကိုပြောချင်တိုင်းပြော... လက်ကိုင်ပဝါလည်း မပေးနဲ့''

''ဟဲ... ဟဲ... ငါ့လက်ကိုင်ပဝါကို မင်းဘယ်လောက် ပေးပေး ဘာလုပ်ပေးပေး... ငါမပေးဘူး။ မင်းလိုချင်ရင် အင်းချထားတဲ့ ဆေးလက်ကိုင်ပဝါရှာလာခဲ့၊ ငါပေးမယ်''

မောင်တင့်သည် အကယ်ပင် ဆေးလက်ကိုင်ပဝါနှင့် လဲလို၍မဟုတ်ဘဲ ဆိုးပေ မစွမ်းဆောင်နိုင်သည့်အရာကို ပြောလိုက်ခြင်းမျှသာ ဖြစ်သော်လည်း ဆိုးပေကမူ မောင်တင့်၏ စကားအတိုင်း ယုံကြည်လိုက်လေသည်။

''အစ်ကို... တကယ်ပြောတာလား''

''အေးပါ... မင်းသာ ရအောင်ရှာခဲ့ပါ။ မင်း ရှာနိုင်လို့မှ ငါ မပေးနိုင်ဘဲ ရှိပါ့မလား''

ဆိုးပေသည် လက်ထဲရောက်ပြီးမှ ပြန်ထွက်သွားသော လက်ကိုင်ပဝါကို နှမြောတသရင်း အခန်းထဲမှထွက်ခဲ့လေ၏။

ဆိုးပေအဖို့ ဆေးလက်ကိုင်ပဝါရဖို့အရေးမှာ ဘယ်ဆီဘယ်အရပ်သို့ သွားရောက်ရှာဖွေရပါမည်နည်းဟု မကြံစည်အားသေးဘဲ ဆေးလက်ကိုင်ပဝါဆိုသည်မှာ ဘယ်ကဲ့သို့သော အရာဖြစ်သည်ကို ဦးစွာစုံစမ်းသိရှိဖို့ရန် ပထမအရေးကြီးနေပေ၏။ ထိုသို့စုံစမ်းရေး၌ ဆိုးပေ၏အားကိုးရသူမှာ မောင်မောင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း မောင်မောင့်ကို လိုက်၍ရှာရလေ၏။

''ဟေ့... မောင်မောင်... အင်းချထားတဲ့ လက်ကိုင်ပဝါကို မင်း မြင်ဖူးလား''

''ဒီလိုလက်ကိုင်ပဝါမျိုးကိုတော့ တစ်ခါမှ ငါမတွေ့ဖူး သေးဘူး။ ဒါပေမဲ့ အင်းချတာကိုတော့ ငါမြင်ဖူးတယ်''

''ဘယ်မှာလဲ''

''အရှေ့ပိုင်းက လှည်းထောင်တဲ့အိမ်နားမှာ ဆရာတုတ် ဆိုတာ မင်းမသိဘူးလား''

''သိသားပဲ... သူက မင်ကြောင်ထိုးတဲ့ဆရာပဲ။ ဆေး ဆရာမှ မဟုတ်ဘဲ''

''သူလည်း နငယ်ဂင်းပိတ်တွေ၊ ဆေးနီအင်းတွေ ထိုးပေး နေတာ၊ အင်းလည်း ချတတ်လို့ပေါ့။ သူ့ဆီသွားမေးရင် ပိုပြီးသိ မှာပဲ''

ဆိုးပေလည်း မောင်မောင်၏အကြံပေးချက်ကို သဘောတူ ကာ ဆရာတုတ်ထံသို့ အတူတကွလာခဲ့ကြလေ၏။

''ဘာလဲဟေ့... မင်းတို့က ထိုးကွင်းထိုးချင်ကြလို့လား၊ ခံနိုင်မှလုပ်ကြနော်''

''မဟုတ်ပါဘူး။ ကျွန်တော်တို့ အင်းချတဲ့ လက်ကိုင်ပဝါ ကို မေးချင်လို့''

''ဘာလဲကွ... မင်းတို့က ငယ်ငယ်လေးတွေရှိသေးတယ်။ ပီယဆေးတွေ ဘာတွေ ဆောင်ပြီး နောက်ပိုးချင်နေကြပြီလား''

''ပီယဆေးဆိုတာ ဘာလဲဗျ''

''ကောင်မလေးတွေချစ်အောင် လုပ်တဲ့ဆေးပေါ့ကွ။ ဒီဆေး



www.burmeseclassic.com

www.burmeseclassic.com



တွေက အမျိုးမျိုးရှိတယ်။ လက်ဖွဲ့လည်းရှိတယ်။ ခုန ပြောသလို လက်ကိုင်ပဝါမှာ အင်းချရင်လည်း ဖြစ်တယ်''

''အင်းချတဲ့ လက်ကိုင်ပဝါရှိရင် ကောင်မလေးတွေ ကြိုက်တာပဲလား''

''ပီယအင်းဆိုရင် ကောင်မလေးတွေ ကြိုက်အောင်လုပ်နိုင်တာပေါ့။ ကာယသိဒ္ဓိဆိုရင် ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးတယ်''

''အဲဒါ... ဆရာကြီး လုပ်တတ်သလား''

''ငါက ဒီလမ်းလိုက်တဲ့ဆရာမှ မဟုတ်ဘဲ။ ထိုးကွင်းတွေ အရုပ်တွေထိုးပေးနေတာ။ ဒါပေမဲ့ မြွေဆေးတော့ ထိုးပေးနိုင်တယ်''

''ဟင့်အင်း...အသားနာတယ်...မထိုးချင်ဘူး'' ဟု မောင်မောင်ကပြောပြီး ဆိုးပေက ''အဲဒီအင်းချတတ်တဲ့ဆရာ ဘယ်မှာရှိသလဲ'' ဟု မေးလေ၏။

''မိန်းမတွေက ပိုပြီးကဲတယ်။ ကန်ဖျားကျောင်းနဲ့ ကပ်နေတဲ့ ကျောင်းမှာနေလေရဲ့။ ဒါထက် မင်းတို့က ဘာကိစ္စလို ချင်ကြတာလဲ''

ဆိုးပေတို့မှာ မိမိတို့သိလိုသောသတင်းကို ရပြီဖြစ်၍ ဆရာတုတ်၏ စကားမဆုံးမီမှာပင် လှည့်ထွက်ခဲ့ကြလေ၏။

''ဟေ့... မင်းဟာမင်း သွားကွာ။ ငါမလိုက်နိုင်ဘူး'' ဟု မောင်မောင်က ပြောသဖြင့် ''ငါတစ်ယောက်တည်း သာတောင် ကောင်းသေးတယ်'' ဟု ဆိုးပေကပြောပြီး ခွဲလိုက်ကြလေ၏။

ဆိုးပေသည် ကန်ဖျားကျောင်းအနီးရှိ ရွှေကိုယ်တော်နေသော ဘုန်းကြီးကျောင်းသို့ ရောက်သွားရာတွင် ရွှေကိုယ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖူးရန်လာသူ အတော်ကလေး များသည်ကို တွေ့ရလေ၏။ ထိုသို့ လာကြသူများအနက် ယောက်ျားထက် မိန်းမဦးရေက များပြီး အချို့မှာ မြို့ထဲက ကားနှင့်လာကြသူများ ဖြစ်ကြလေ၏။

ထိုသို့ လာရောက်သူများမှာ ရွှေကိုယ်တော်နှင့် တစ်ယောက်ချင်းတွေ့ကြရ၍ အလှည့်ကျတွေ့ဖို့ရန်ကို ရွှေကိုယ်တော်၏ ကပ္ပိယလုပ်သူ ခေါင်းတုံးပြောင်ပြောင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသူတစ်ဦးက စီစဉ်ပေးရလေ၏။ တွေ့ဆုံရန်အချိန်ကိုလည်း ကန့်သတ်ထားလေရာ အချို့တို့မှာ ထိုနေ့အဖို့ တွေ့နိုင်ခွင့်မရတော့၍ ပြန်သွားကြရသည်ကို ဆိုးပေတွေ့လေရာ မိမိမှာ မည်သည့်နည်းနှင့်မှ ဝင်ခွင့်မရနိုင်သည်ကို စဉ်းစားမိလေ၏။

သို့ဖြစ်သည့်အလျောက် ဆိုးပေသည် ထိုနေ့အဖို့ ရွှေကိုယ်တော်အား တစ်နည်းနည်းဖြင့် မြင်ရလျှင် တော်ပြီဟု အောက်မေ့ကာ အပြင်မှချောင်း၍ကြည့်မြင်နိုင်မည့် အပေါက်ကို လိုက်၍ရှာရလေ၏။

သို့သော် ရွှေကိုယ်တော်နှင့်တွေ့ဆုံခွင့်ပြုသည့် အချိန်စေ့၍ လာရောက်သူများ ပြန်ကုန်ကြသည့်တိုင်အောင် ဆိုးပေမှာ ချောင်းကြည့်စရာ အပေါက်ရှာ၍ မတွေ့ရသေးချေ။ ထိုသို့ အားလုံးပြန်သွားကြသည့်အခါမှ ရွှေကိုယ်တော်၏ အခန်းမှ ပြူတင်းပေါက်တံခါး ဖွင့်လိုက်သည်ကို ဆိုးပေတွေ့ရလေ၏။

ဆိုးပေသည် လူရိပ်လူခြေကို ကြည့်ပြီးလျှင် ကျောင်းနံရံကို တွယ်ကပ်၍တက်ကာ ပြူတင်းပေါက်မှ မျက်လုံးပေါ်ရုံမျှ ခေါင်းထောင်ပြီး အခန်းတွင်းသို့ ချောင်း၍ကြည့်လေ၏။ ထိုသို့ ကြည့်လိုက်ရာတွင် ဆိုးပေအံ့အားသင့်သလို ရွှေကိုယ်တော်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြူတင်းပေါက်ကို လှမ်းကြည့်မိကာ ကလေးတစ်ယောက်၏ မျက်နှာအထက်ပိုင်းကို တွေ့ရ၍ အံ့အားသင့်နေလေ၏။

''ဟိုက်... ဟိုကလေးဘယ်ကလဲ''

ရွှေကိုယ်တော်၏ အလန့်တကြား ပြောလိုက်သံကြောင့် ပြူတင်းပေါက်၌ တစ်ခြမ်းပေါ်နေသည့် ဆိုးပေ၏မျက်နှာသည် ရေထဲတွင် ဖားငုတ်သလို ပျောက်ကွယ်သွားလေ၏။

ကပ္ပိယသည် ကမန်းကတန်း ပြူတင်းပေါက်ဆီသို့ ပြေးသွားပြီးလျှင် အပြင်ကို ကြည့်လိုက်ရာ မည်သည့်ကလေးကိုမျှ မတွေ့ရဘဲ ရှိလေ၏။ အရေးမဟန်လျှင် အပြေးသန်လှသော ဆိုးပေက ထိုအချိန်တွင် ကျောင်းဝင်းအပြင်ဘက်သို့ ရောက်နေပြီးဖြစ်လေ၏။

''ဘယ်ကလေးမှလည်း မတွေ့ရဘူး''ဟု ကပ္ပိယက ရွှေကိုယ်တော်အား ပြန်၍လျှောက်၏။

''ကျုပ်မျက်စိနဲ့ကို တပ်အပ်မြင်လိုက်ရပါတယ်။ ကြည့်ပါဦး''

''ကိုယ်တော် စိတ်ထင်လို့ဖြစ်ပါလိမ့်မယ်။ ဘယ်ကလေးမှ မရှိပါဘူး''

ဆိုးပေ၏ စူးရှသော မျက်လုံးများကိုသာ မြင်ယောင်လျက်ရှိကာ ထိုမျက်လုံးကလေးများသည် ဟိုချောင်ကချောင်းနေသလိုလို၊ ဒီထောင့်က ကြည့်နေသလိုလို ထင်မိလျက် သရဲချောက်ခံရသကဲ့သို့ ရှိနေတော့၏။

ဆိုးပေကား တစ်ခါတည်း အိမ်သို့ပြန်မပြေးဘဲ ကျောင်းဝင်းအပြင်ဘက်မှ ပုန်းလျှိုးကွယ်လျှိုး ချောင်း၍ နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စောင့်နေသော်လည်း အတန်ကြာသည့်တိုင်အောင် ရွှေကိုယ်တော်၏ အရိပ်အစကိုမျှ မမြင်ရသဖြင့် ပြန်ရလျှင် ကောင်းမည်လားဟု စိတ်ကူးနေစဉ်မှာပင် ကပ္ပိယလုပ်သူသည် ပက်လက်ကုလားထိုင်တစ်လုံးကို သယ်လျက် ကျောင်းထဲမှ ထွက်လာပြီး ဗာဒံပင်တစ်ပင်အောက်တွင် ချခင်းသည်ကို တွေ့ရသဖြင့် မျှော်လင့်ချက်ရှိနေသည်ကို တွေ့ရ၍ ဆက်လက်စောင့်ကြည့်နေလေ၏။

မကြာမီ ရွှေကိုယ်တော်ထွက်လာပြီးလျှင် ထိုပက်လက်ကုလားထိုင်တွင် စီးကရက်တစ်လိပ် မီးညှိ၍သောက်ရင်း ဇိမ်နှင့်မှိန်းနေသည်ကို တွေ့ရလေ၏။

ဆိုးပေသည် ရွှေကိုယ်တော်ကို စေ့စေ့စပ်စပ်အကဲခတ်၍ ကြည့်လိုက်ရာ ခါးကြားတွင်ညှပ်ထားသော လက်ကိုင်ပဝါကို မြင်ရသဖြင့် ကေန္တ ဆေးလက်ကိုင်ပဝါဖြစ်ရမည်ဟု မှတ်ယူလိုက်လေ၏။

ရွှေကိုယ်တော်သည် ခေါက်ဆွဲစားပြီး စီးကရက်မှိန်းလိုက်ရသဖြင့် ဇိမ်ရစ်ကာ အိပ်ချင်လာသည့်အလျောက် ခါးကြားမှ လက်ကိုင်ပဝါကိုဖြုတ်၍ မျက်နှာပေါ်တွင် အုပ်ကာ အိပ်လေတော့၏။

ဆိုးပေသည် ရွှေကိုယ်တော် အိပ်ပျော်နေခိုက် လက်ကိုင်ပဝါကို အလစ်သုတ်ပြေးရန် ကြံရွယ်၍ ကျောင်းဝင်းအပြင်ဘက်မှ ခြံစည်းရိုးကို လျှိုဝင်ပြီးလျှင် ရွှေကိုယ်တော် အနားသို့ ချွတ်နင်းသည့်ဟန်ဖြင့် ချဉ်းကပ်သွားလေ၏။ နောက်သုံးလေးလှမ်းလောက် လှမ်းမိလျှင် ရွှေကိုယ်တော်၏ လက်ကိုင်ပဝါသည် ဆိုးပေ၏ လက်ထဲသို့ ရောက်ရန် သေချာနေပြီ ဖြစ်၏။ သို့သော် ထိုအခိုက်တွင် ကျောင်းထဲမှပြန်၍ ထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယ၏ အရိပ်ကို မြင်လိုက်ရလေရာ ထွက်ပြေးလျှင်လည်း မိမိကို မြင်၍သွားတော့မည်၊ ရပ်နေလျှင်လည်း မိသွားမည် ဖြစ်သဖြင့် ရုတ်တရက် အကြံရသည့်အတိုင်း ဗာဒံပင်ပေါ်သို့ အလျင်အမြန် တက်လိုက်ရလေ၏။ ဗာဒံပင်မှာ အရွက်တွေ ဝေဆာလှသဖြင့် ဆိုးပေကို အောက်က မမြင်ရအောင် ကာကွယ် ပေးသကဲ့သို့ ရှိလေ၏။

ကပ္ပိယသည် ရွှေကိုယ်တော်အား တစ်စုံတစ်ရာပြောရန် လာရာ အိပ်နေသည်ကို တွေ့ရသဖြင့် ကျောင်းထဲသို့ ပြန်ဝင် သွားလေ၏။

ဆိုးပေသည် ကပ္ပိယ ထွက်သွားသော်လည်း အောက်သို့ ပြန်မဆင်းဘဲ သစ်ပင်ပေါ်မှနေ၍ ရွှေကိုယ်တော်၏ လက်ကိုင်ပဝါ ရအောင် ကြိုးစားခြင်းသည် ပို၍ဘေးအန္တရာယ် ကင်းလိမ့် မည်ဟုတွေးမိကာ ထိုသို့ရအောင်လုပ်ဖို့ရန် နည်းလမ်းကို ရှာ ကြံရာတွင် မိမိအိတ်ထဲ၌ အမြဲဆောင်လေ့ရှိသော ငါးမျှားချိတ် နှင့်ကြိုးကို သတိရလေ၏။

ငါးမျှားချိတ်မှာ တကယ်ငါးမျှားချိတ်အစစ် မဟုတ်ဘဲ တွယ်အပ်ကို ကောက်ထားသော ငါးမျှားချိတ်မျှသာ ဖြစ်ပေ၏။ ထိုချိတ်ကို ကြိုးချည်ပြီးလျှင် သစ်ပင်ပေါ်မှ ကြိုးလျှော့၍ ချကြည့်ရာ လက်ကိုင်ပဝါကို လှမ်းချိတ်ဆွဲနိုင်ရန် ကောင်းစွာ မီနေသည်ကို တွေ့ရလေ၏။

ဆိုးပေ သစ်ပင်ပေါ်သို့တက်၍ ပုန်းကွယ်နေသည့် နေရာ နှင့် ရွှေကိုယ်တော်အိပ်သည့်နေရာမှာ အပေါ်နှင့်အောက် တည့်တည့်မဟုတ်ဘဲ ခပ်စွေစွေရှိနေသဖြင့် ဆိုးပေသည် ငါးမျှား ချိတ်ကို နာရီချိန်သီးကဲ့သို့လွှဲကာ လက်ကိုင်ပဝါကို ချိတ်မိ အောင် အတော်ကြိုးစားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာ လက်ကိုင်ပဝါကို ချိတ်မိပြီး ပုစွန်ဆိတ်များသကဲ့သို့ အသာကလေးဆွဲယူရာတွင် အိပ်၍မပျော်တပျော်ဖြစ်နေသော ရွှေကိုယ်တော်သည် လေတိုက်သဖြင့် လက်ကိုင်ပဝါကို လက်နှင့်အုပ်ထားလိုက်သည့်အတွက် လက်ကိုင်ပဝါပါ၍မလာဘဲ ရှိလေ၏။

ဒုတိယအကြိမ် ချိတ်မိပြန်ရာ ပါလာတော့မည်ဖြစ်ပြီးမှ ငါးမျှားချိတ် လွတ်သွားပြန်လေ၏။ တတိယအကြိမ်တွင်မူ ဆိုးပေသည် တအားတုပ်၍ဆွဲလိုက်ရာ ငါးမျှားချိတ်သည် လက်ကိုင်ပဝါကို လွတ်၍ ရွှေကိုယ်တော်၏ နားရွက်ဖျားကို ချိတ်မိကာ ရွှေကိုယ်တော်၏ပါးစပ်မှ ''အမလေးဗျ'' ဟူသော အသံနှင့် ရေရွတ်ဆဲဆိုသံများ ထွက်ပေါ်လာလေတော့၏။

ရွှေကိုယ်တော်မှာ နာကျင်လှသဖြင့် မျက်စိမှိတ်ပြီး ညည်းတွားနေစဉ် ဆိုးပေသည် ငါးမျှားချိတ်နှင့်ကြိုးကို မြန်မြန်ဆွဲယူရလေ၏။ ရွှေကိုယ်တော်၏ အော်သံကြား၍ ကပ္ပိယလည်း ကျောင်းထဲမှ ပြေးလာလေ၏။

''ကိုယ်တော်ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ ကိုယ်တော်''

''ဘယ်သူဘာလုပ်လိုက်သလဲမသိဘူး။ ကျုပ်နားရွက်ကြည့်စမ်းပါဦး၊ ချီးတဲ့မှပဲ နာလိုက်တာ''

''သွေးကလေး နည်းနည်းစို့နေတယ်။ ပိုးကောင် ကိုက်တယ် ထင်တယ်။ တစ်ယောက်ယောက်က တစ်ခုခုလုပ်ရအောင် ဟာလည်း ဒီအနားမှာ ဘယ်သူမှလည်း မမြင်ရဘူး... ကိုယ်တော်ရဲ့''

''ဘယ်လိုအကောင်များပါလိမ့်မလဲ။ ကြည့်စမ်းပါဦး။ မြွေဆိုရင် ခက်ရချည်ရဲ့''


www.burmeseclassic.com

www.burmeseclassic.com



''မြွေမဟုတ်ပါဘူး... ကိုယ်တော်... ဒီအနားမှာ ကိုက်တတ်တဲ့ ပိုးကောင်၊ မွှားကောင်ထဲက ဖြစ်မှာပါပဲ။ နေဦး နေဦး ပရုပ်ဆီ သွားပြီးယူလိုက်ဦးမယ်''

ကပ္ပိယသည် ပျာပျာသလဲ ကျောင်းထဲဝင်ပြေးကာ ပရုပ်ဆီပူးယူလာပြီး ရွှေကိုယ်တော်၏ နားရွက်ကို ပရုပ်ဆီလူးပေးလေ၏။

''အမယ်လေး... စပ်လိုက်တာ''

ဆိုးပေမှာ ကပ္ပိယနှင့်ရွှေကိုယ်တော် ဖြစ်နေကြပုံကို အလွန်သဘောကျပြီး တခိခိဖြစ်နေကာ ရယ်သံမထွက်ရအောင် ပါးစပ်ကို မနည်းကြိုးစား၍ စေ့ထားရလေ၏။ သို့ရာတွင် ဆိုးပေမှာ လက်အငြိမ်မနေနိုင် ကပ္ပိယ၏ ထိပ်ပြောင်ပြောင်ကြီးကို ကြည့်ပြီး လက်ယားလာကာ ဗာဒံသီးကလေးတစ်လုံးခူး၍ ကပ္ပိယထိပ်ကို ဒေါက်ကနဲမှန်အောင် ပစ်ချလိုက်လေ၏။

ကပ္ပိယက လန့်အော်လိုက်ပြီးမှ ''ကန်တော့ပါ ကိုယ်တော်'' ဟု ဆိုလေ၏။

''ဘာဖြစ်တာတုန်း''

ကပ္ပိယသည် သစ်ပင်ပေါ်သို့ မော့ကြည့်ရာ သစ်ရွက်တွေ အုပ်နေသည့် သစ်ကိုင်းကွယ်ထားသဖြင့် ဆိုးပေကို မမြင်ရဘဲ ရှိလေ၏။

''ငှက်တွေဟာ သစ်ပင်ပေါ်လာနားပြီး အသီးတွေ ကိုက်ကိုက်ချနေတာ ခေါင်းပေါ်လာကျလို့ပါ''

ကပ္ပိယအလစ်တွင် ဆိုးပေသည် နောက်ထပ်သစ်သီးတစ်လုံးနှင့် ပေါက်လိုက်ပြန်လေ၏။ ကပ္ပိယသည် မျက်နှာရှုံ့၍ သွားရာက သစ်ပင်ပေါ်သို့ လှမ်း၍ပစ်ရန် အနီးအပါးတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲရှာ၍ မတွေ့သဖြင့် ဘုန်းကြီးဖိနပ်တစ်ဘက်ကို ယူပြီး သစ်ပင်ပေါ်သို့ လှမ်း၍ ပစ်လိုက်လေ၏။

ဆိုးပေသည် သစ်ရွက်များကြားမှ ဖောက်ဝင်လာသော ဖိနပ်တစ်ဖက်ကို လက်တစ်ဖက်နှင့် ဖမ်းယူထားလေ၏။

''ကပ္ပိယ ဘယ့်နှယ်လုပ်တာလဲ၊ ကျုပ်ဖိနပ် အပေါ်တင် နေပြီ…''

''မပူပါနဲ့ ကိုယ်တော်။ ပြန်ပြီးရအောင် ယူပေးပါမယ်…''

ထိုသို့ ကပ္ပိယက ရွှေကိုယ်တော်အားလှည့်၍ အပြောတွင် ဆိုးပေသည် ကပ္ပိယယယ်ထိပ်ကို ချိန်ပြီး ဖိနပ်ကို လွှတ်ချလိုက် လေ၏။

''ဘာဖြစ်ပြန်တာတုန်း''

''ဖိနပ် ပြန်ကျလာတာပါ''

ဆိုးပေမှာ လွန်စွာသဘောကျလှသဖြင့် တခိခိနှင့် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ရယ်မိရာတွင် ယိမ်းယိုင်ပြီး သစ်ကိုင်းငယ်ငယ်တစ်ခုကို ဆွဲမိပြီး တွဲလွဲဖြစ်နေရာက သစ် ကိုင်းသည် ဆိုးပေ၏ ကိုယ်အလေးဒဏ်ကို မခံနိုင်ဘဲ အိပြီးလျှင် ကြက်ပေါင်ဖွဲ့ကျလေ၏။

ကပ္ပိယနှင့် ရွှေကိုယ်တော်တို့မှာ သစ်ကိုင်းကျိုးကျသဖြင့် လန့်၍ ထပြေးကြပြီး ကလေးတစ်ယောက်ကျလာသည်ကို မြင် ရ၍ အံ့အားသင့်နေ၏။

ဆိုးပေမှာ သစ်ကိုင်းဆွဲမိပြီး သစ်ကိုင်းအိ၍ ကျသည့် အတွက် အကျသက်သာသော်လည်း ခြေတစ်ဖက်မျက်သွား သဖြင့် ရုတ်တရက် မထနိုင်ရှိလေ၏။

ကပ္ပိယသည် ဆိုးပေအား ပွေ့ထူနှိပ်နယ်ပေးကာ ဒူးပြဲ



www.burmeseclassic.com

www.burmeseclassic.com



သွားသည့်နေရာတွင် ပရုပ်ဆီ လူးပေးရလေ၏။

''ဟော ဒီကောင်လေးပဲ ထင်တယ်။ စောစောက ချောင်းကြည့်တာ'' ဟု ရွှေကိုယ်တော်က ဆိုလိုက်ရာ ကပ္ပိယက ''ဟုတ်လား၊ မင်းချောင်းကြည့်နေသလား'' ဟု မေးလေ၏။

ဆိုးပေက ခေါင်းခါပြလိုက်လေ၏။

''နို့... မင်း ဒီမှာဘာလာလုပ်တာလဲ''

''ကျွန်တော် ဗာဒံသီးတက်ခူးနေတာ''

ရွှေကိုယ်တော်က ဖြတ်၍ ''ဒို့ဘာလုပ်နေတယ်ဆိုတာ မင်းမြင်သလား'' ဟု မေးလိုက်၏။

''ကျွန်တော် အဲလေ။ တပည့်တော် ဗာဒံသီးခူးနေတာပဲ''

''ဒို့ပြောတဲ့စကားတွေ ဘာမှမကြားဘူးလား''

''သစ်ပင်ပေါ်က ကြားနိုင်ပါ့မလား ဘုရား''

''မင်း မှန်မှန်ပြော။ ဒို့တွေဘာလုပ်နေတယ်။ ဒို့တွေ ဘာပြောနေတယ်ဆိုတာ မင်းကို တစ်ယောက်ယောက်က ချောင်းခိုင်းလိုက်တယ် မဟုတ်လား''

''တပည့်တော်.. အဲလေ ကျွန်တော် ဟုတ်ပေါင်။ တပည့်တော်ကို ဘယ်သူမှခိုင်းတာ မဟုတ်ပါဘူး''

''ဒို့ပြောတာတွေ နည်းနည်းပါးပါးတော့ ကြားမှာပေါ့''

ဆိုးပေသည် ခေါင်းညိတ်မိပြီးမှ ခေါင်းခါလိုက်လေ၏။

''မင်းက ခေါင်းလည်းညိတ် ခေါင်းလည်းခါ ဘာပြောတာလဲ''

''စကားပြောသံတော့ကြားတယ်။ ဘာတွေပြောမှန်း မသိပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



ရွှေကိုယ်တော်သည် ခါးကြားထဲမှ ငွေတစ်ကျပ်ထုတ်ကာ ''မင်းကို ငွေတစ်ကျပ်ပေးမယ်။ ကြားတာရှိလည်း ဘယ်သူမှ မပြောနဲ့။ မြင်တာရှိလည်း ဘယ်သူမှမပြောနဲ့'' ဟု ဆို၍ ဆိုးပေအား ငွေကို ပေးလေ၏။

ဆိုးပေသည် ငွေကို လှမ်း၍မယူဘဲနေသဖြင့် ရွှေကိုယ်တော်က ''ဘာလဲ မင်းက ငွေတစ်ကျပ်နည်းတယ် ထင်လို့လား'' ဟု မေးကာ နောက်ထပ် ခါးကြားမှ နှိုက်ပြန်လေ၏။

''ငွေပေးဖို့မလိုပါဘူး။ ဒူးက အနာစီးချင်လို့ အဲဒီ လက်ကိုင်ပဝါ မပေးနိုင်ဘူးလား''

''လက်ကိုင်ပဝါကတော့ အင်းချထားတဲ့ လက်ကိုင်ပဝါပဲကွဲ့။ ဒါပေမယ့် ချချင်တာချထားတာတွေပါ။ ဟောင်းလည်းနေပါပြီ။ ရော့ရော့ အဲဒါနဲ့ မင်းအနာကိုစီး မုန့်ဖိုးလည်း ယူသွားဦး။ ပြီးတော့ မင်း ဒို့ဆီမလာနဲ့ ဟုတ်လား''

ဆိုးပေသည် ခေါင်းညိတ်လျက် ရွှေကိုယ်တော်ပေးသည့် ပစ္စည်းများကို ဝမ်းသာအားရ လက်ခံလိုက်လေ၏။

ဆိုးပေသည် အိမ်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် အစ်ကိုမောင်တင့်ကိုရှာရာ မတွေ့ရသော်လည်း သူ၏ စကားရှိထားသည့်အတိုင်း မောင်တင့်ပိုးလက်ကိုင်ပဝါကို မိမိရလာသော ဆေးလက်ကိုင်ပဝါနှင့်လဲ၍ ယူလိုက်ပြီးလျှင် အိမ်ကပြန်ထွက်ခဲ့လေ၏။

အိမ်မှအထွက်တွင် အိမ်သို့ပြန်လာသော မောင်တင့်နှင့်တွေ့ရာ ''ဟော့... မင်း ငါ့လက်ကိုင်ပဝါယူပြီး ကိုင်ပြန်ပြီလားသွားထားချေ'' ဟု မောင်တင့်က အမိန့်ပေးလေ၏။

''အစ်ကို ဘာပြောထားသလဲ။ အင်းချထားတဲ့ ဆေးလက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပဝါနှင့် လဲမယ်ပြောတယ် မဟုတ်လား။ ကျွန်တော် ရွှေကိုယ်တော်ဘုန်းကြီးရဲ့ ဆေးလက်ကိုင်ပဝါကို ရအောင်ယူပြီးတော့ အစ်ကို့သေတ္တာထဲထားခဲ့ပြီ၊ သွားကြည့်ပါဦး''

''ဟေ... ဟုတ်လား''

မောင်တင့် အိမ်ထဲသို့ ကမန်းကတန်း ပြေးအသွားတွင် ဆိုးပေသည် ပိုးလက်ကိုင်ပဝါကို တရမ်းရမ်းဝှေ့၍ ကိုင်လျက်ထွက်ခဲ့လေ၏။

အတန်ကြာလျှောက်မိ၍ မိမိရှေ့ ခပ်လှမ်းလှမ်းတွင် ရဲဘော်တစ်ယောက်ကို မြင်ရသဖြင့် ''မောင်မောင်ရေ... ဟေ့ မောင်မောင်'' ဟု အော်လျက် လက်ထဲမှ ပိုးလက်ကိုင်ပဝါကို လှုပ်ပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဆိုးပေတဖြစ်လဲ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်၌ လျှောက်လာသော ဆိုးပေအား သာမန်ကြည့်ရှု အကဲခတ်သူတစ်ဦးအဖို့မှာ ညစ်ပတ်ပေရေနေသော သူငယ်ကလေးတစ်ယောက် အင်္ကျီဖိုသီဖတ်သီ ဆီမလိမ်းသော ဆံပင်စုတ်ဖွား ဟန့်ကြွားသောအမူအရာဖြင့် ဝင်းထရံတစ်ခုမှ ဝါးခြမ်းပြားတစ်ချောင်း နှုတ်၍ ဝှေ့ရမ်းလာသည်ကို မြင်ရပေလိမ့်မည်။ ဆိုးပေ၏ စိတ်ထဲ၌ကား မိမိကိုယ်ကို ဤသို့မမြင်ချေ။ အမေရိကန် ရုပ်ရှင်ဇာတ်ကားထဲက ပင်လယ်ဓားပြကြီးကဲ့သို့ အရပ်ရှည်ရှည် မျက်နှာပေါက်ဆိုးဆိုး မျက်လုံးတစ်ဖက်ဖုံးအုပ်ထားလျက် ခါးတွင် ရောင်စုံလက်ကိုင်ပဝါ စီးကာ လက်ထဲတွင် ဓားရှည်ကြီးရမ်း၍ လာသကဲ့သို့ မိမိကိုယ်ကို ထင်မှတ်ထားလေ၏။ မိမိ၏ နောက်ဘက်ရှိ ရွာလမ်းကလေးပေါ်တွင် လူတစ်ဦးတစ်ယောက်မျှ မရှိသော်လည်း ဆိုးပေ၏ စိတ်ကူးထဲ၌ကား မိမိ၏နောက်လိုက်နောက်ပါ ငယ်သားများဖြင့် ပြည့်နှက်နေပေ၏။

ပင်လယ်ဓားပြကြီး ဆိုးပေကား မိမိ၏ရန်ဘက်ဖြစ်သော ဓားပြဂိုဏ်းကြီးတစ်ဂိုဏ်းကို တိုက်ခိုက်အောင်မြင်ခဲ့ပြီးဖြစ်၍ ထိုဓားပြကြီး၏ လျှို့ဝှက်သော ရွှေငွေရတနာများကို မွှေနှောက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွေရန် ကျွန်းပေါ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်ပေ၏။

ဆိုးပေသည် မိမိ၏စိတ်ကူးထဲတွင် အာရုံနစ်မွန်း၍လာခဲ့ရကား ရှေ့နောက်ဝဲယာရှိ အရာဝတ္ထုတို့ကို မမြင်ဘဲရှိလေရကား ရွှာလမ်းကလေးကို ချိုး၍ အကွေ့တွင် မိမိနှင့် ရင်ဆိုင်လာနေသော လူငယ်တစ်ဦးနှင့် ဝင်၍တိုးမိလေ၏။ ထိုသူငယ်ကား ဆိုးပေထက် အနည်းငယ်ကြီး၍ ပိုမိုညစ်ပတ်ပေရေသည့်အပြင် ဆံပင်ကို တိုတိုရိတ်ထားပေ၏။

''ဟေ့ကောင် မင်းက တစ်လမ်းလုံး မင်းတစ်ယောက်တည်းပိုင်တယ် ထင်သလား''ဟု ထိုသူငယ်က ဆိုးပေအား မေးလိုက်လေ၏။

ဆိုးပေသည် ထိုသူငယ်ကို မြင်လျှင်မြင်ချင်း လေးစားသောစိတ် ဖြစ်ပေါ်မိသည့်အပြင် မိမိကို အထင်ကြီးစေလိုသော ဆန္ဒရှိမိလေ၏။

''ဟေ့ ဒီတစ်လမ်းလုံးမပြောနဲ့ ဒီတစ်ကျွန်းလုံးတောင် ငါ ပိုင်လိုက်ပြီ။ ငါ အခု ပင်လယ်ဓားပြသင်္ဘောသားသုံးရာကို နိုင်လာခဲ့တယ်။ ကျန်တဲ့ပင်လယ်ဓားပြတွေကို ငါနှိမ်နင်းပြီးလျှင် ကမ္ဘာပေါ်မှာ ငါတစ်ယောက်တည်း အကြီးဆုံးပင်လယ်ဓားပြဗိုလ်ကြီး ဖြစ်ရမယ်။ အဲဒီအခါ ကမ္ဘာကြီးတစ်ခုလုံးပါ ငါပိုင်မယ်။ ငါ့နောက်မှာ စစ်သားတွေအများကြီးရှိနေပြီ'' ဟု ဆိုးပေသည် မိမိ၏နောက်ရှိ လူသူမမြင်ရသော ရွှာလမ်းကလေးကို လက်တန်း၍ ပြလိုက်လေ၏။

ဆံပင်တိုတိုနှင့် သူငယ်သည် ဆိုးပေ၏စကားနှင့် အမူအရာကို ကြားမြင်ရသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟားဟား… မင်းပြောနေတာ စာအုပ်ထဲက ဟာတွေ ပါကွာ။ လက်တွေ့မဟုတ်ဘူး။ ငါက မင်းလို ပုံတွေဖတ်ပြီး စိတ်ကူးယဉ်မနေဘူး။ လက်တွေ့မှလုပ်တာ။ ဒီနေ့ ငါဘာတွေ လုပ်လာခဲ့သလဲဆိုတာ မင်းသိရဲ့လား''

''ပြောစမ်းပါဦး''

''ငါ ပထမဦးဆုံး ကိုနီတိုးခြံထဲက ဘဲတွေကို ဦးဖြိုးသာ လယ်ထဲ မောင်းထုတ်ခဲ့တယ်။ ဘဲတွေလည်း ခွေးလိုက်လို့ ဟိုပြေးသည်ပြေးနဲ့ တစ်ကွဲတစ်ပြားစီဖြစ်ပြီး တချို့လည်း ချောင်းရေစီးထဲမှာ ပါသွားကြတယ်။ ဒါတွင် မကသေးဘူး။ သူ့ဆိတ်တွေလည်း ငါ ကြိုးဖြေလွှတ်လိုက်တာ အခုလောက်ရှိ ဗန်းမော်လောက် ရောက်ကုန်ပြီ။ နောက်ပြီး သူ့မုံလာခင်းထဲ နွားတွေ မောင်းထည့်ခဲ့တယ်။ ဒါပြီးတဲ့နောက် ကြက်ခြံထဲက ဥတွေကို နှိုက်ပြီး စာကလေးသိုက်ထဲ ထည့်ခဲ့သေးတယ်။ နောက် ဆုံးပိတ် ခြင်းထဲမှာ ကောက်ရိုးနဲ့အုပ်ထားတဲ့ သရက်သီးတွေ ငါနှိုက်ပြီး လစ်လာခဲ့တာပဲ''

''ဒီလိုဆိုရင် သိပ်စမတ်ကျတာပဲ'' ဟု ဆိုးပေက စိတ် လိုက်မာန်ပါ ချီးကျူးမိလေ၏။

''အဲဒါ ငါဘာကြောင့်လုပ်သလဲ၊ သိရဲ့လား။ ဒီလူကြီးက ငါ့ကို တစ်ခါတုန်းက စိတ်ညစ်အောင်လုပ်ဖူးတယ်။ ငါ့ကို ဒီလို လုပ်ဖူးရင် ငါဘယ်တော့မှ မကျေဘူး။ တစ်နေ့နေ့ပြန်ပြီး လက်စားချေရမှ ငါက စိတ်ကျေတယ်''

''မင်း ဒီလိုလုပ်တော့ မမိဘူးလား''

''ငါ့ကို ဒီလိုဖမ်းလို့ရမလား။ သူ့ခြံထဲမှာ လူငှားထားတဲ့ ကိုသာရင်ဆိုတဲ့လူကြီးက ငါ့နောက်အတင်းလိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့လိုလူတစ်ယောက်မပြောနဲ့... နှစ်ယောက်လိုက်တောင် ငါ့ကို မိဖို့ ကျဲသေးတယ်''

ထိုသူငယ်သည် ထပ်မံ၍ရယ်မောပြီးလျှင် ဝင့်ဝါမောက်ကြွားသော ဟန်အမူအရာဖြင့် ထွက်ခွာသွားလေ၏။ ဆိုးပေသည် မိမိထက်ပင် ဂိုက်ထွားလှသော ထိုသူငယ်၏ အမူအရာကို ကြည့်ကာ ပါးစပ်ဟ၍ ကျန်ရစ်လေ၏။ ယခုကြားသိရသော ထိုသူငယ်၏ စွန့်စားခန်းနှင့် ယှဉ်လိုက်လျှင် မိမိ၏စိတ်ကူးထဲက စွန့်စားခန်းမှာ ကလေးကလားနိုင်လှသည်ဟု တွေးမိလေ၏။ ပင်လယ်ဓားပြများ၏ စွန့်စားမှုများမှာ ဖြစ်နိုင်သည့် အရာများမဟုတ်။ ယခု စွန့်စားမှုများသာလျှင် တကယ်လက်တွေ့ဖြစ်သည်။ သို့ဖြစ်၍...

ဆိုးပေသည် ထိုသူငယ်၏ စွန့်စားမှုတို့ကို မိမိ၏စွန့်စားမှုအဖြစ် စိတ်ထဲတွင် ဆောင်ယူရန် ဆုံးဖြတ်လိုက်ပြီးလျှင် မိမိကိုယ်ကို ပင်လယ်ဓားပြအဖြစ်မှ စွန့်ပယ်လိုက်လေ၏။ ထိုသို့စိတ်ဆုံးဖြတ်လိုက်သည်နှင့်တစ်ပြိုင်နက် ဆိုးပေသည် ကိုနီတိုးခြံထဲက ဘဲများ၊ ဆိတ်များကို ယခုပင် မောင်းထုတ်လာခဲ့သည့် အနေမျိုးသို့ ရောက်ရှိကာ ဆံပင်တိုနှင့်သူငယ်ကလေး ရယ်မောပုံကို အတုယူ၍ ရယ်မောလေ၏။

''ငါ့ကိုတော့ စိတ်ညစ်အောင်မလုပ်နဲ့။ ငါ့ကို စိတ်ညစ်အောင် လုပ်တဲ့လူကို ငါကပြန်ပြီး လက်စားချေရမှ စိတ်ကျေတယ်။ ငါ့ကို ထိရင်တော့လား မီးပွင့်သွားမယ်'' ဟု ဆိုးပေ၏ ပါးစပ်က တတွတ်တွတ် ရွတ်ဆိုကာ ဆံပင်တိုနှင့် လူငယ်ကလေး၏ ဟန်အမူအရာအတိုင်း ဝင့်ဝါမောက်ကြွားကာ ဆက်လက်၍ လျှောက်သွားလေ၏။

ထိုသို့ လျှောက်၍သွားရင်း ရွာလမ်းဆုံး၍ လမ်းကျဉ်းက



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခုထဲသို့ ကွေ့ဝင်လိုက်ရာတွင် ခြံထဲမှထွက်လာသော ကလေးမကလေးတစ်ယောက်ကို တွေ့ရလေ၏။ ထိုကလေးမ ကလေးမှာ မျက်နှာဝိုင်းဝိုင်း ပါးချိုင့်ကလေးနှင့် ချစ်စရာကောင်း လှ၍ အသက်အားဖြင့် ဆိုးပေထက် မတိမ်းမယိမ်းမျှသာ ငယ် ပုံရသည့်အပြင် ဆံပင်မှာ ဆံတိုလည်းမဟုတ်၊ ဦးစွန်းဖုတ် လည်းမကဘဲ ခေတ်ဆန်သလိုလို၊ တောကျသလိုလို စကော စက ညှပ်ထားသည်ကို တွေ့ရ၏။

ဆိုးပေအဖို့ ထိုကလေးမ၏ ရုပ်ရည်သဏ္ဌာန်သည် အရာ မဟုတ်ချေ။ သူ့အဖို့ အရေးကြီးသည့်အရာမှာ တစ်စုံတစ်ခုသော စွန့်စားမှုကို ပြောလောက်စရာရှိနေပါလျက် ပြောပြစရာ လူ မရှိလျှင် ထိုသို့ စွန့်စားလာခဲ့ရသည်ဟု စိတ်ကူးယဉ်ရခြင်းမှာ အသုံးဝင်မည် မဟုတ်လေရာ ထိုသို့ ပြောပြစရာလူတွေ့ဖို့သာ လျှင် အရေးကြီးပေ၏။ ယခုမူ ထိုစွန့်စားမှုကို ပြောပြရန် နားထောင်မည့်သူကို တွေ့ရလေပြီ။

''ဟေ့... နင်ဘယ်သွားမလို့လဲ'' ဟု ထိုမိန်းကလေးက သွက်လက်ချက်ချာစွာ လှမ်း၍မေးလိုက်လေ၏။

ဆိုးပေသည် ထိုကလေးမ၏ အမေးကို တိုက်ရိုက်ပြန်၍ မဖြေဘဲ လောလောဆယ် အတုမြင်အတတ်သင်ထားသော ရယ်နည်းဖြင့် ရယ်မောကာ ''ဟေ့... ငါ ဒီနေ့ ဘာတွေလုပ်လာခဲ့ တယ်ဆိုတာ နင်သိရဲ့လား'' ဟု မေးလေ၏။

''ငါမသိတော့လား။ ပြောစမ်းပါဦး''

''ကိုနီတိုး ခြံထဲက ဘဲတွေကို ဦးဖြိုးသာလယ်ထဲ မောင်း ထုတ်။ ဆိတ်တွေကို ကြိုးဖြေလွှတ်၊ နွားတွေကို မုံလာခင်းထဲ မောင်းပို့၊ ကြက်ဥတွေနှိုက်ပြီး စာကလေးသိုက်ထဲထည့်၊ သရက် သီးတွေ ကောက်ရိုးနဲ့အုပ်ထားတာ နှိုက်ယူလာခဲ့တယ်။ သူ့ခြံ



www.burmeseclassic.com

www.burmeseclassic.com



ထဲက လူငှားထားတဲ့ လူကြီးက လိုက်ဖမ်းပေမယ့် သူ့လိုလူ တစ်ယောက်မပြောနဲ့။ နှစ်ယောက်လိုက်တောင် ငါ့ကိုမိဖို့ ကျဲ သေးတယ်။ သိလား။ အဲဒါ ငါ့ကို ဒုက္ခပေးဖူးလို့ ငါက ပြန်ပြီး ဒုက္ခပေးတာ။ ဘာမဆို ငါက လက်စားချေရမှ စိတ်ကျေတာ''

ထိုသို့ပြောပြီး ဆိုးပေက ဟက်ဟက်ပက်ပက် ရယ်လိုက် လေ၏။ ဆိုးပေအဖို့ ထိုပုံကို ပြောပြရသည်မှာ ပင်လယ်ဓားပြ အဖြစ် စွန့်စားခန်းကို ပြောပြရသည်ထက်ပင် ခံတွင်းတွေ့နေ လေ၏။ သို့ဖြစ်၍ မိမိအား ဆံပင်တိုနှင့် သူငယ်ကလေး ပြောပြ သွားသည့်အတိုင်း ပြန်၍ပြောပြရုံနှင့် မတင်းတိမ်သေးဘဲ ဆက်လက်၍ ချဲ့ထွင်လိုသည့်အလျောက် ''အဲဒီလို လုပ်ပြီးတဲ့ နောက်'' ဟု စကားဆက်လိုက်စဉ် ခြံထဲမှ လူကြီးတစ်ယောက် ထွက်လာသည်ကို တွေ့ရသဖြင့် စကားရပ်၍ သွားလေ၏။

ထိုလူကြီးကို မြင်ရသဖြင့် ဆိုးပေ၏ပုံကို နားထောင်နေ သော ကလေးမက ''ဘကြီးတိုး... ဘကြီးတိုး''ဟု ပျာပျာသလဲ ခေါ် လိုက်ကာ ''ဘကြီးတိုးခြံထဲက ဘဲတွေ၊ ဆိတ်တွေ မောင်းထုတ် ပြီး၊ ကြက်ဥတွေ၊ သရက်သီးတွေ နှိုက်တာ သူပဲ... သူလုပ်တယ် ဆိုတာ အခုပဲ သူပြောပြနေတယ်'' ဟု ဖော်လေ၏။

ဆိုးပေသည် ရုတ်တရက် အံ့အားသင့်နေစဉ် သူ၏ဂုတ် ကို ပြုတ်တူနှင့် ညှပ်လိုက်သည့်အလား ကိုနီတိုး၏ လက်များ က ဖမ်း၍ ဆုပ်ကိုင်လိုက်လေ၏။

''ဟင်း... လက်စသတ် မင်းပဲကိုးကွ။ ငါ တစ်မနက်လုံး လက်သယ်ကို လိုက်ရှာနေတာ အခုမှပဲ တွေ့ရတော့တယ်''

ဆိုးပေမှာ ကျောရိုးတစ်လျှောက် ရေခဲရေ လောင်းချ လိုက်သကဲ့သို့ တစ်ကိုယ်လုံးစိမ့်စိမ့်တုန်၍ သွားလေ၏။

''မင်းတော့လား အကြောင်းပြလိုက်ရဦးမှာပေါ့။ လာ ...



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့''

ဆိုးပေ၏ ဂုတ်ကို ဆွဲထားသည့် ပြုတ်တူမှာ မလူးသာ မလွန့်သာရကား။ ထိုသူ၏ တွန်းထိုးဆွဲဆောင်ရာသို့ ပါသွားလေ၏။

''မဟုတ်ဘူးခင်ဗျ။ ကျွန်တော် မဟုတ်ဘူး။ တခြားကောင်လေးလုပ်တာ။ ကျွန်တော်က ဟန်လုပ်ပြီး ပြောနေတာ မိုးကြိုးပစ်ရစေရဲ့။ ဟိုကောင်ကလေးက သူလုပ်ခဲ့တာ ပြောပြတာကို ကျွန်တော်က ကျွန်တော်လုပ်ခဲ့သလို တမင်ကြွားပြီးပြောတာ ... တကယ့်ကိုပါပဲ''

''ဟေ့... မင်းဘာမှ ပြောမနေနဲ့၊ ငါ့ကိုလိမ်လို့မရဘူး''

ဆိုးပေမှာ ရုန်းကန်သော်လည်း မရချေ။ ဇက်ကို ဆုပ်ကိုင်ထားသည့်လက်မှာ မြဲမြံလှသည့်အပြင် အားချင်းလည်းမမျှရကား စောစောက ဂိုက်ထွားခဲ့လေသမျှ စတိုင်ပွဲစွာဖြင့် ကိုနီတိုးဆွဲဆောင်ရာသို့ ဒယီးဒယိုင် ပါ၍သွားရှာလေ၏။ သို့သော် အလျှော့ပေးလေ့မရှိသည့်အတိုင်း ခေါ်ဆောင်သွားရာ လမ်းတစ်လျှောက်လုံး ပါးစပ်လက်နက်ဖြင့် ကန့်ကွက်ခုခံရင်း လိုက်ပါခဲ့လေ၏။ ''တကယ့်ကို ပြောတာပါ။ ကျွန်တော်လုပ်တာ မဟုတ်ရပါဘူး။ ဟိုကောင်ကလေး လုပ်တာပါ။ ကျွန်တော်က တမင်လုပ်ပြီး ပြောတာ''

ဆိုးပေမှာ မိမိကြွားဝါခဲ့ပြီးသည်မှာ အရာမဝင် အထင်ကြီးမခံရသည့်အထဲ၊ ထိုသို့ကြွားဝါခြင်းကိုပင် ထုတ်ဖော်ဝန်ခံရပြန်သည်မှာ တဖူနာ၍နေပါလျက်၊ ယခုကဲ့သို့ ဖမ်းစီးချုပ်ကိုင်ခံရသဖြင့် စိတ်ထဲ၌ အတော်ပင် မခံချိမခံသာ ဖြစ်မိလေ၏။

''ဟေ့ကောင်လေး စကားများမနေနဲ့။ ဒါ မင်းလိမ်နိုင်တာ အစွမ်းကုန်ပဲ မဟုတ်လား။ ဒါမျိုးနဲ့တော့ ငါ့ကို လှိမ့်လို့မရ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး'' ဟု ကိုနီတိုးက ပြောပြောဆိုဆို ခြံထဲသို့ဆွဲသွားပြီးလျှင် စပါးကျီတစ်ခုဆီသို့ ခေါ်ဆောင်သွားလေ၏။ ''မင်းကို ဒီထဲမှာ ပိတ်ထားခဲ့ပြီး ငါ ပုလိပ်သွားခေါ်မယ်။ မင်းတော့လားထောင်ချပစ်မှ အေးတော့မယ်''

ကိုနီတိုးသည် ဆိုးပေအား စပါးကျီထဲသို့ တွန်းထည့်လိုက်ပြီးလျှင် တံခါးပိတ်လိုက်လေ၏။ ဆိုးပေသည် မိမိ၏ ဝဲယာသို့ကြည့်ပြီး၊ ထွက်ပေါက်ကို ရှာရာတွင် ပြူတင်းပေါက်တစ်ခုကို တွေ့ရသော်လည်း တက်ရောက်နိုင်ဖို့ရန် မဖြစ်နိုင်သည်ကို တွေးမိလေ၏။ သို့ဖြစ်၍ တံခါးကို တွန်းကြည့်ရာ အပြင်မှ မင်းတုန်းထိုးထားသည်ကို တွေ့ရ၍ လက်လျှော့လိုက်လေ၏။ ထိုအခိုက်တွင် ပြူတင်းပေါက်မှ ကလေးမကလေး၏ မျက်နှာ ပေါ်ထွက်လာသည်ကို တွေ့ရလေ၏။

''ဟေ့ နင့်ကိုမြင်ရအောင် ငါသစ်ပင်ပေါ်က တက်ပြီးကြည့်နေတာ။ ဘကြီးတိုး ပုလိပ်ကို ခေါ်ရအောင် သွားနေပြီ''

ဆိုးပေသည် ကလေးမအပေါ်တွင် မကျေနပ်သောအမူအရာဖြင့် ''ဒါဘာဖြစ်လဲ'' ဟု ခပ်အေးအေးပြန်၍ ပြောလိုက်လေ၏။

''နင်တော့ ထောင်ကျမှာပဲ။ အကြာကြီးနေရမှာ သိရဲ့လား...''

ဆိုးပေသည် ခေတ္တမျှ တွေဝေပြီးနောက် ''နင်ငါ့ကို အပြင်ရောက်အောင် လုပ်ပေးရင် နင့်ကို ပိုက်ဆံပေးမယ်''

''နင့်မှာ ဘယ်လောက်ရှိလို့လဲ''

ဆိုးပေသည် သူ့အိတ်ထဲနှိုက်၍ ကြည့်လေ၏။

''အခု ငါ့အိတ်ထဲမှာတော့ တမူးပဲရှိတယ်။ အိမ်မှာ နို့ဆီ



www.burmeseclassic.com

www.burmeseclassic.com



ဗူးနဲ့ စုထားတာ ငါးပဲရှိသေးတယ်။ ငါ သူများစာအုပ်ကို ဖြုပစ်လို့ မုန့်ဖိုးထဲက အလျော်ပေးရတာ ကျေသွားလို့ရှိရင် နောက်ကို မုန့်ဖိုးတွေ အများကြီးရမယ်။ အခုရှိတဲ့ပိုက်ဆံတွေနဲ့ နောက်ကိုရတဲ့ မုန့်ဖိုးပါ နင့်ကို နေ့တိုင်းနေ့တိုင်း အကြာကြီးပေးနေမယ်။ ငါ့ကို အပြင်ရောက်အောင်သာ လုပ်ပေး''

''နင် ထောင်ကျရင်တော့ မုန့်ဖိုးရတော့မှာ မဟုတ်ဘူး။ ထောင်ထဲမှာ ထမင်းနဲ့ဆားနဲ့ပဲ စားရမှာ။ ထောင်ကျသွားရင် မထွက်ရတော့ဘူး။ တစ်သက်လုံးကျချင်ကျမှာ''

''နင်က ဘာသိလို့လဲ''

''ငါက သိလိုက်တာမှ နောလို့။ ထောင်ကျနေတဲ့ လူတစ်ယောက်ရဲ့ ဝတ္ထုတစ်အုပ် ငါဖတ်ဖူးတယ်။ သူ့ကို ထောင်တစ်သက် လွတ်ရက်မရှိ ချထားလိုက်ပေမယ့် သူ့မိန်းမက ထောင်ထဲဝင်ပြီး သူနဲ့အဝတ်အစားလဲ မိန်းမဟန်ဆောင်ပြီး လွတ်ပြေးတယ်။ သူ့မိန်းမတော့ ထောင်ထဲမှာ ကျန်ရစ်ခဲ့ပေမယ့် သူနဲ့မဆိုင်တဲ့အတွက် ပြန်လွှတ်လိုက်ရတယ်။ သိရဲ့လား''

''အဲဒါ နေစမ်းပါဦးဟာ။ ငါ့ကို အပြင်က တံခါးဖွင့်ပေးစမ်းပါ။ နင့်ကို စီးကရက်အရုပ်ကားတွေ ပေးပါ့မယ်''

''နင့်မှာ ဘယ်နှစ်ကားရှိလို့လဲ''

''တစ်ရာတောင်မှပဲ''

''အကုန်ပေးမှာလား''

''ပေးမှာပေါ့''

''ဒါပေမယ့် ငါက တံခါးဖွင့်ပေးလိုက်လို့ နင်လွတ်ဦးမှာ မဟုတ်သေးဘူး။ ဘကြီးတိုးက လူငှားထားတဲ့ ကိုသာရင်ကို သူ ပုလိပ်သွားခေါ်နေတုန်း နင် လွတ်မပြေးအောင် စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းဖို့ မှာသွားတယ်။ ဒါကြောင့် ငါဖတ်ဖူးတဲ့ပုံထဲကလို အဝတ်အစားလဲပြီး ထွက်ပြေးမှဖြစ်မှာ။ အဲဒီတော့ နင့်အင်္ကျီနဲ့ ငါ့အင်္ကျီနဲ့လဲမယ်။ ငါလည်း ယောကျ်ားလေးလို သိပ်ဝတ်ချင်တာ။ အဲဒီလိုဝတ်ရင် နင်သွားလို့ လွယ်မယ်''

ဆိုးပေသည် ဖြစ်နိုင်ပါ့မလားဟု တွေဝေစဉ်းစားနေလေ၏။ ''နင်က ငါ့ထက်နည်းနည်းငယ်တယ်။ နင့်အင်္ကျီ ငါဝတ်လို့ တော်ပါ့မလား'' ဟု ပြန်၍မေးလိုက်၏။

''ဘာလို့မတော်ရမှာလည်း။ အမေက ရှေ့နှစ်ဆို ငါ နည်းနည်းထွားလာမယ်ဆိုပြီး အင်္ကျီကို ခပ်ပွပွချုပ်ထားတာ။ ငါက ဟောဒီ ပြူတင်းပေါက်ကနေပြီး တံချူထိုးချလိုက်မယ်။ နင်က အင်္ကျီချွတ်ပြီး ဝါးလုံးထိပ်မှာ ချိတ်ပေးလိုက်။ ပြီးတော့ ငါ့အင်္ကျီလဲပြီး ပြူတင်းပေါက်ကနေပြီး ပစ်ချပေးလိုက်မယ်''

အတန်ကြာသောအခါ ပြူတင်းပေါက်မှ မိန်းကလေး အဝတ်အစားတစ်စုံကျ၍ လာလေ၏။ ဆိုးပေသည် မိန်းကလေး အသွင် ပြောင်းရမည်ကို များစွာ မနှစ်လိုလှပေ။ သို့ရာတွင် မိမိ၏ ထွက်ရပ်လမ်းကို ရည်စူး၍သာလျှင် ထိုအဝတ်အစား များကို ကောက်ငင်ဝတ်ဆင်လေ၏။ ထိုသို့ ဝတ်ဆင်လိုက်သည်တွင် ရှင်မီးကကြပ်၊ ထမီက တိုလျက်၊ အင်္ကျီလက်ဖျားမှာ တံတောင်ဆစ်နားသို့ ရောက်နေသည်ကို စိတ်ပျက်စွာ တွေ့ရလေ၏။

ခဏမျှအကြာတွင် မိန်းကလေး၏ မျက်နှာကို ပြူတင်းပေါက်တွင် တွေ့ရလေ၏။ ဆိုးပေ၏ အဝတ်အစားများမှာ သူနှင့် ကြီး၍နေသော်လည်း သူ၏ မျက်နှာမှာကား ကျေနပ်ပြုံးရွှင်၍ နေပေ၏။

''ငါ့ကြည့်စမ်း။ ယောကျ်ားလေးနဲ့ တကယ့်ကို တူတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ငါယောကျ်ားလေး တကယ်ဖြစ်ချင်နေတာ''

''နင် ယောကျ်ားလေးဖြစ်ချင်နေတာက အရေးမကြီးဘူး။ နင့် အဝတ်အစားတွေနဲ့ ငါနဲ့မတော်ဘူး။ ငါ့အင်္ကျီတွေ ပြန်ပေးမှ ဖြစ်မယ်။ နင့်အင်္ကျီတွေဝတ်ပြီး ငါထွက်ပြေးလို့ရမှာ မဟုတ်ဘူး။ မြင်တာနဲ့ သိမှာ။ ငါ့အဝတ်တွေသာ ပြန်ပေးပါတော့ဟယ်။ နင့်အကြံက မဟန်ပါဘူး''

ကလေးမကလေးမှာ ယောကျ်ားလေးကဲ့သို့ ဝတ်ဆင်ရခြင်းကို အကျေနပ်ကြီး ကျေနပ်နေလေရာ၊ ထိုသို့ အဝတ်အစားလဲလှယ်ဝတ်ဆင်ရခြင်းမှာ ဆိုးပေ၏ လွတ်မြောက်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်သည်ကိုပင် မေ့လျော့၍နေမိလေ၏။

''နင့်အင်္ကျီအဝတ်အစားတွေ ငါ သိပ်သဘောကျနေတယ်။ ငါ ပြန်မလဲချင်တော့ဘူး။ အခုမှ ငါသစ်ပင်တက်ရတာ သိပ်လွယ်တာပဲ''

ထိုသို့ ပြောပြောဆိုဆို ကလေးမကလေး၏ မျက်နှာမှာ ပြုတင်းပေါက်မှ ပျောက်ကွယ်သွားလေ၏။

''ဟဲ့... ကောင်မလေး... ဟေ့... ဟေ့... ''

ခေါ်၍မရတော့ပေ။ ကလေးမကလေး၏ ပျော်မြူးစွာ သီးချင်းဆိုသည့်အသံမှာ တဖြည်းဖြည်းနှင့် ဝေးသွားသည်ကိုသာ ကြားရပြီး ကွယ်ပျောက်သွားလေ၏။

ထိုအခါမှ ဆိုးပေမှာ ယခင်ကထက်ပို၍ ဆိုးသည့်အဖြစ်သို့ ရောက်နေပြီကို တွေ့ကြုံနေရလေ၏။ မိမိအား ပုလိပ်လာ၍ ဖမ်းပြီး ထောင်ထဲသို့ ခေါ်သွားလျှင် စောစောကမှ အိန္ဒြေသိက္ခာနှင့် လိုက်ပါနိုင်ပေဦးမည်။ ယခုမူ ကိုးရိုးကားရား အဝတ်အစားနှင့် လူမြင်၍ မတင့်တယ် လိုက်ပါရတော့မည်ဟု တွေးမိကာ ပို၍



www.burmeseclassic.com

www.burmeseclassic.com



ပင် စိတ်ရှုပ်မိလေ၏။

ကလေးမကလေးသည် ဆိုးပေအား လုံးဝမေ့ပစ်ကာ ထွက်ခွာသွားခြင်း မဟုတ်ပေ။ များမကြာမီပင် ပြူတင်းပေါက်မှ မျက်နှာပေါ်လာပြီးလျှင် အဝတ်အစားများကို ပစ်ချလိုက်ပြန်လေ၏။

''ငါ့အဝတ်အစားတွေနဲ့ ငယ်နေတယ်ဆိုလို့ ခပ်ကြီးကြီးတွေယူလာတယ်။ အဲဒါ အရီးစိမ်းရဲ့ အဝတ်တွေပဲ။ အဲဒီထမိကိုဝတ်ပြီး တဘက်ကို ခေါင်းမြီးခြုံလိုက်ရင် နင့်ကို ဘယ်သူမှ မှတ်မိမှာ မဟုတ်ဘူး။ အရီးစိမ်းပဲလို့ ထင်နေကြမှာ။ ဒီလုံချည်နဲ့ ဒီတဘက်ဟာ အရီးစိမ်းရဲ့ပစ္စည်းဆိုးတာ မြင်တဲ့လူတိုင်းသိတယ်''

ဆိုးပေသည် ကလေးမညွှန်ကြားသည့်အတိုင်း ထမိကို ဝတ်၍ တဘက်ကို ခေါင်းမြီးခြုံလိုက်စဉ်မှာပင် စပါးကျီတံခါး ဖွင့်သံကြားရလေ၏။

''လာ လာ... မြန်မြန်လာ။ ကိုသာရင် နို့ညှစ်ဖို့ သွားနေတုန်း ခပ်မြန်မြန်ပြေးမှ... ''

ဆိုးပေသည် စပါးကျီထဲမှ ခပ်သုတ်သုတ်ထွက်ပြေးခဲ့ရာ ကလေးမက ''ဟဲ့ ဘယ်သူမှ မမြင်ပါဘူး။ အရီးစိမ်းနဲ့တူအောင် ဖြည်းဖြည်းလျှောက်ပါ'' ဆိုမှ ခြေလှမ်းကို လျှော့လိုက်လေ၏။

ထိုသို့ ထွက်ခွာလာကြရင်း ဦးနီတိုးခြံနှင့် ခပ်လှမ်းလှမ်းသို့ ရောက်ကြသည့်အခါ ဆိုးပေက ''ကဲ... ဒို့များတစ်နေရာရာသွားပြီး အဝတ်အစားလဲရအောင်။ ငါ့အင်္ကျီကို ငါပြန်ပြီး ဝတ်ချင်ပြီ။ ဒီထမိကြီးနဲ့ တဘက်ကြီးဟာ လမ်းသွားလို့ကို မဖြစ်ဘူး''

''ဒါပေမယ့် နင့်အင်္ကျီကို ငါသိပ်သဘောကျနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်လည်း ဒီအတိုင်းဝတ်နေပါဦးလား။ ငါဖတ်ထားတဲ့စာအုပ်ထဲမှာ အဲဒီလိုဝတ်ပြီး တခြားတစ်နိုင်ငံရောက်မှ အဝတ်လဲတော့တယ်။ နင်လည်း တစ်ရွာကို ပြေးမှပေါ့''

''ငါ ဘယ်မှမသွားဘူး။ ငါ့အပြစ်မှမရှိဘဲ။ နင်သွားပြောလို့ ဖြစ်ရတာ။ ငါက ဟန်လုပ်ပြီးတော့သာ ပြောနေတာ။ လုပ်တာက ငါမှ မဟုတ်ဘဲ။ ငါ့မှာ အပြစ်မရှိဘူး''

''တခြားကောင်ကလေးဆိုတာ အခုမှ နင်ကြောက်လို့ လိမ်ပြောတာ။ နင်ပဲလုပ်တာ''

''နင်... မပြောနဲ့။ နင်တို့မိန်းကလေးတွေဟာ ဘာမှစဉ်းစားဉာဏ်မရှိဘူး။ ငါပြောမယ်'' ဟု ဆိုးပေသည် စကားကို ရပ်လိုက်၏။

ဆိုးပေသည် ဆရာမဒေါ်စိန်နုနှင့် အခြားမိန်းမတစ်ဦး လာ၍နေကြသည်ကို တွေ့ရ၍ စကားရပ်လိုက်ခြင်း ဖြစ်ပေ၏။

ဒေါ်စိန်နုက ဆိုးပေကို ကြည့်ပြီးလျှင် သူနှင့်ပါလာသော အမျိုးသမီးဘက်သို့လှည့်၍ ''အဲဒါ ကျွန်မတို့ရွာထဲက အရီးစိမ်းဆိုတာပဲ။ အသက်ခုနစ်ဆယ့်ငါးနှစ်ရှိနေပြီ။ အခုထက်ထိ သန်သန်မာမာ သွားနိုင်လာနိုင်တုန်းပဲ'' ဟု ပြောပြပြီးနောက် ဆိုးပေအား ''ဟောဒီမှာ အရီးစိမ်းကို တွေ့ချင်လို့တဲ့။ ရန်ကုန်က လာတဲ့ အမျိုးသမီး ကျန်းမာရေးအဖွဲ့ဝင် ဒေါ်ခင်ခင်စု ဆိုတာပဲ။ အရီးစိမ်း အခုလို ကျန်းမာသန်စွမ်းရှိနေတာ ဘယ်လိုနေထိုင်စားသောက်တယ်ဆိုတာ စုံစမ်းရအောင်လာတာပဲ။ အရီးစိမ်း တစ်ဦးတည်းသာ မဟုတ်ဘူး၊ ရွာထဲမှာရှိတဲ့ အသက်အရွယ်ကြီးသူတွေကိုပါ မေးမြန်းစုံစမ်းပြီး အသင်းကြီးကို အစီရင်ခံစာသွင်းဖို့ လာတာပဲ။ သူမေးတာတွေကို တဆိတ် အဖြေပေးစေချင်ပါတယ်'' ဟု တောင်းပန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်စုသည် ခေါင်းမြီးခြုံထားသဖြင့် မျက်နှာတစ်ခုလုံးမှာ မျက်စိနှစ်လုံးသာ မြင်ရသော ဆိုးပေကို ကြည့်ကာ အံ့သြနေလေ၏။ အဖွားကြီးတစ်ယောက်ဟု ဆိုသော်လည်း သေးကွေး ပုညက်လှချည်လားဟု တွေးမိ၏။ ဆရာမ ဒေါ်စိန်နုမှာလည်း အရီးစိမ်းကို ကြည့်ရသည်မှာ ခါတိုင်းနှင့် မတူဘဲ သေးငယ်နေသည်ကို အကဲခတ်မိကာ မျက်မှန်တပ်၍ မလာမိသည့်အတွက် ဤသို့ မြင်နေရခြင်းပင် ဖြစ်လိမ့်မည်ဟု အောက်မေ့မိလေ၏။

''ကြီးကြီးရဲ့ မျက်နှာကို နည်းနည်းလောက် မဖော်နိုင်ဘူးလာရှင်'' ဟု ဒေါ်ခင်ခင်စုက ပြောလိုက်ရာ ဆိုးပေသည် တဘက်ကို ဖွင့်လိုက်လျှင် မိမိကို သိသွားမည် ဖြစ်သည့်အတွက် မျက်နှာကို မပြနိုင်သည့် အမူအရာဖြင့် ခေါင်းခါ၍ပြကာ အဝိပ္ပါယ်ဖမ်း၍မရ၊ မပီသသောအသံဖြင့် စကားပြန်၍ပြောသကဲ့သို့ ပြုလိုက်လေ၏။

''ဩော် ကြီးကြီးအအေးမိနေပုံရတယ်''

ဆိုးပေသည် ပြန်၍မပြောဘဲ နှာစေးနေသကဲ့သို့ နှာခေါင်းကို အထပ်ထပ် ရှုံ့သံပြုလေ၏။

''အခုကြီးကြီးရဲ့ အသက်ဟာ ခုနစ်ဆယ့်ငါးနှစ်ရှိပြီး မဟုတ်လား''

ဆိုးပေသည် မိမိအား ဤသို့ စစ်ဆေးမေးမြန်းနေခြင်းကို ဖြေကြားခြင်း မပြုလိုလှပေ။ ထိုနေရာမှ မြန်မြန်လစ်ချင်လှ၏။ သို့သော် ယခုအချိန်လောက်တွင် ခြံရှင်ဦးနီတိုးသည် ပုလိပ်ကို ခေါ်၍ ပြန်လာလောက်ပြီဖြစ်လေရာ လမ်းတွင် ရင်ဆိုင်တွေ့နေပါက မိမိမှာ ရှောင်တိမ်းဖို့ရန် အမှန်ပင် ခဲယဉ်းပေလိမ့်မည်။ ဤနေရာတွင် တွေ့သွားပါမူကား မိမိတို့ တစ်စုကို မသင်္ကာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မည် မဟုတ်ဘဲ၊ အမှုမဲ့အမှတ်မဲ့ လျှောက်၍သွားကြလိမ့်မည် ဟု တွက်ချက် စဉ်းစားမိကာ ဒေါ်ခင်ခင်စု မေးမြန်းစုံစမ်းသည့် အချက်များကို ဖြေကြားနေရန် စိတ်ပိုင်းဖြတ်လိုက်မိလေ၏။

''ကြီးကြီးမှာ သားသမီးဘယ်လောက်ရှိသလဲ''

ဆိုးပေသည် အရီးစိမ်း၌ သားသမီး ဘယ်နှစ်ယောက်ရှိပါလိမ့်မလဲဟု တွေး၍မရပေ။ အရီးစိမ်း၌ တူ၊ သား၊ မြေး၊ မြစ်တွေ များလှသဖြင့် တစ်ရွာလုံးမှာ အရီးစိမ်း၏ ဆွေမျိုးသားချင်းများဖြင့် ပြည့်နေသကဲ့သို့ ထင်မှတ်ရ၏။

''ဘယ်နှစ်ယောက်လဲဆိုတာ မေ့နေပြီ။ များတော့ အများကြီးပဲ'' ဟု ဆိုးပေက အဘွားကြီးအသံထွက်အောင် လုပ်၍ပြောလိုက်လေ၏။

''ကိုယ့်မှာ သားသမီးဘယ်နှစ်ယောက် ရှိတယ်ဆိုတာ သိရမှာပေါ့ ကြီးကြီးရဲ့''

''တစ်ခါတစ်ခါတော့ ကိုယ့်မှာသားသမီး ဘယ်နှစ်ယောက် ရှိတယ်ဆိုတာ ရေကြည့်မယ်လို့ ကြံမိတာပဲ။ ဒါပေမယ့် ခဏခဏ မေ့သွားတယ်''

ဒေါ်ခင်ခင်စုသည် ဆရာမဒေါ်စိန်နုဘက်သို့ လှည့်၍ ''ဘယ်လိုသဘောလဲ'' ဟု မေးမြန်းသော အမူအရာဖြင့် ကြည့်လိုက်ရာ ဒေါ်စိန်နုက ဒေါ်ခင်ခင်စု၏ နားကိုကပ်၍ ''အဘွားကြီး သူငယ်ပြန်ခါနီးနေပြီထင်တယ်' ဟု အဖြေပေးလိုက်လေ၏။

''အခုလောက် အသက်ရှည်ရှည်နေရတာ ဘယ်လိုကြောင့်ဆိုတာ မပြောနိုင်ဘူးလား''

''ဟင်...''



www.burmeseclassic.com

www.burmeseclassic.com



''အခုလို အသက်ရှည်ရှည်နေရတာ ကျန်းမာရေးလိုက်စားလို့လား။ သီလကြောင့်လား။ ဘာကြောင့်လဲ''

''မသေသေးလို့ ဒါလောက်အသက်ရှည်နေတာပေါ့'' ဟု ဆိုးပေက စဉ်းစားပြီး ဖြေလေ၏။

ဒေါ်ခင်ခင်စုသည် မနည်းပင် စိတ်ရှည်ရှည်ထား၍ နေရတော့၏။

''ကြီးကြီး ဘယ်လိုအစားအစာတွေကို ကြိုက်လေ့ရှိပါသလဲ''

''အိုက်စကရင်ကြိုက်တယ်။ ပါတာနီကြိုက်တယ်။ ခေါက်ဆွဲနှစ်ခွက်များတော့ နံတောင်မစွတ်ဘူး''

ဒေါ်ခင်ခင်စုသည် ခေတ္တမျှတွေဝေ စဉ်းစားနေပြီးနောက် ''ဘယ်လိုစာအုပ်တွေ ဖတ်ပါသလဲ'' ဟု မေးလေ၏။

''ထိုးတာကြိတ်တာ ဓားချင်းခုတ်တာ များများပါတဲ့ စာအုပ်ဆိုရင် မနားတမ်း ဖတ်တာပဲ။ ကော်မစ်ဆိုရင် သိပ်ကြိုက်တယ်'' ဟု ပြောနေစဉ်မှာပင် မိမိ၏ အင်္ကျီအဝတ်အစားကို ဝတ်ထားသော ကလေးမသည် စောင့်၍နေရသည်ကို ငြီးငွေ့လာပြီဖြစ်၍ ထိုနေရာမှ ခပ်သွက်သွက် ထွက်ခွာပျောက်ကွယ်သွားသည်ကို တွေ့ရလေရာ ဆိုးပေလည်း ထိုကလေးမကလေးကို မမိလိုက်မည်စိုး၍ ''မဖြစ်ဘူး သွားဦးမယ်'' ဟုဆိုကာ မိန်းကလေးနောက်သို့ လိုက်လေ၏။

သို့သော် ဆိုးပေမှာ အဖွားကြီးကဲ့သို့ ဝတ်စားထားသည့်အတွက် ပြေး၍လိုက်ရန် မတော်သဖြင့် ဟန်လည်းမပျက် ခြေလည်းသွက်အောင် ကြိုးစား၍လျှောက်ခဲ့ရပြီး ဒေါ်ခင်ခင်စုတို့နှင့် ကွယ်ရာသို့ရောက်မှ ခြေကုန်သုတ်လိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေသည် မိမိ၏ အိမ်ဘက်သို့သွားသော လမ်းကလေးသို့အရောက်တွင် ကလေးမကလေးကို လိုက်၍မီလေ၏။

''ဟော့ ငါ့အဝတ်အစားတွေ ပြန်ပေးတော့။ ဒို့ အိမ်နောက်ဖေးဘက်က တဲထဲကိုသွားပြီး အဝတ်အစားလဲမယ်။ နင့်ဟာတွေ ငါမဝတ်ချင်တော့ဘူး''

''ငါ မပေးချင်တော့ဘူးဟယ်။ ငါ ယောက်ျားကလေးလိုပဲ ဝတ်နေချင်တယ်''

''ယောက်ျားလေးလိုဝတ်နေချင်ရင် နင်တို့အိမ်ကို ပြောပါလား။ ငါ့အင်္ကျီယူဝတ်မှ ဖြစ်မလား''

''နင့်ကို ငါကယ်ရတာ ဒီအင်္ကျီကလေးမှ ကြာကြာမဝတ်ရဘူးလား''

''နင့်ကို ကြာကြာဝတ်စေချင်ပေမယ့် ဒီအဝတ်အစားတွေကို ငါ ကြာကြာဝတ်မနေနိုင်ဘူး။ လာဟာ... နောက်ဘေးက တဲထဲ သွားပြီးလဲကြမယ်''

''နင် ငါ့ကို မိအောင်ဖမ်း။ ငါ့ကို မိမှလဲမယ်'' ဟု ဆိုကာ ကလေးမကလေးက အိမ်နောက်ဖေး တဲဘက်ဆီသို့ ထွက်ပြေးရာ ဆိုးပေလည်း ထမီမနိုင် ပဝါမနိုင်နှင့် ဖိုသီဖတ်သီ ပြေး၍ လိုက်ရလေ၏။

ဆိုးပေ၏ အိမ်ရှေ့ဧည့်ခန်းတွင် ဧည့်သည်လင်မယားနှစ်ယောက်ကို ဆိုးပေ၏မိခင်က ဧည့်ခံလျက်ရှိနေလေ၏။ ထိုဧည့်သည်များမှာ ဆိုးပေ၏ဖခင်နှင့် အလုပ်ကြီးအကိုင်ကြီးဆက်သွယ်နေသူများ ဖြစ်သဖြင့် ဆိုးပေ၏မိခင်သည် အနာဂတ်စီးပွားရေးကို မျှော်ပြီးလျှင် ထိုဧည့်သည် ဇနီးမောင်နှံတို့အား ဂရုတစိုက် ဧည့်ခံပြုစုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဒီအရပ်ဟာ တော်တော့်ကို သာယာတယ်နော်'' ဟု ညွှ်သည်ယောက်ျားက ပြော၏။

''ဟုတ်ကဲ့ ကျွန်မတို့တော့ မြို့ထဲမှာထက် ဒီမှာနေရတာ ပိုပြီး စိတ်ချမ်းသာတယ်။ နားအေးပါးအေးရှိတယ်'' ဟု ဆိုးပေ၏မိခင်က ဖြေ၏။

''ဒီအိမ်မှာ ကလေးငယ်ရှိတယ် မဟုတ်လား''

''ဟုတ်ကဲ့''

''ကျုပ်တို့မှာ သားသမီးမရနိုင်လို့ ကလေးများတော့ အင်မတန် ချစ်တယ်။ အဲဒီကလေးကော မမြင်ပါလား။ တွေ့ချင်လိုက်တာ''

''အပြင်သွားနေပါတယ်'' ဟု ဆိုးပေ၏မိခင်က ဖြေရင်း မည်မျှ ကလေးချစ်သူဖြစ်စေ ဆိုးပေကိုတော့ ဆလံသရလိမ့်မည် ဟု တွေးမိ၏။

''ကျုပ်တို့ မသွားခင်တော့ ပြန်လာကောင်းပါရဲ့''

''လာ... လာဦးမယ်တော့ မထင်ပါဘူး''

ဆိုးပေ၏မိခင်သည် စကားမှအစ မသိမ်းရမီ ခြံထဲသို့ တစေ့တစောင်း ကြည့်လိုက်မိကာ စောစောက ရွှင်ပြုံးနေသော မျက်နှာမှာ ပျက်၍ သွားလေ၏။ ထိုသို့ အမူအရာပျက်ရခြင်းမှာ ဆိုးပေကို မြင်လိုက်ရခြင်းကြောင့် ဆိုးပေပြန်၍လာဦးမည် မဟုတ်ဟူသော စကားနှင့်မညီဘဲ ရှိမည်စိုး၍မဟုတ်ဘဲ ဆိုးပေ က ရှေ့ကပြေး အရီးစိမ်းက နောက်က အူယားဖားယား လိုက်၍ ဖမ်းနေသည်ကို တွေ့ရခြင်းကြောင့် ဆိုးပေနှင့်အရီးစိမ်း ဘယ် လိုဖြစ်ကြ၍ ဘယ်လိုအမှုမျိုး ပေါ်လာဦးတော့မည် နည်းဟု စိုးရိမ်မိကာ မျက်နှာပျက်သွားခြင်းပင် ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆိုးပေနှင့် အရီးစိမ်း၏အရေးကို နောင်ခါလာ နောင်ခါဈေးထား၍ လောလောဆယ်အားဖြင့် ထိုအဖြစ်ကို ညော့်သည်လင်မယား မမြင်အောင်လုပ်မှ ဖြစ်မည်ဟု ယူဆကာ ဆိုးပေနှင့် အရီးစိမ်းတို့ကို မမြင်ရသည့် ပြူတင်းပေါက်တစ်ဘက် သို့ သွား၍ရပ်ကာ ''ကဲ... ဟောဒီကလာပြီး ကြည့်လှည့်စမ်း ပါဦး။ ဘယ်လောက် သာယာသလဲ'' ဟု ခေါ်၍ ပြလေ၏။

ညော့်သည်လင်မယားလည်း ထိုပြူတင်းပေါက်ဆီသို့ ထ၍ လာကြပြီးလျှင် ရွာကလေး၏ ရှုမျှော်ခင်းကို ကြည့်ကြ လေ၏။

''ဒီရွာကလေးဟာ မြို့နဲ့မခြား စံပြရွာဖြစ်တဲ့အတွက် သပ်သပ်ရပ်ရပ် သာသာယာယာရှိတာပဲ'' ဟု ညော့်သည်ယောက်ျား က မှတ်ချက်ချလေ၏။

ထိုနေရာမှ ကြည့်နေရာတွင် ဆိုးပေနှင့်အရီးစိမ်းတို့ကို မမြင်ရသော်လည်း ထိုနှစ်ဦးထက် ထူးခြားသော လူတစ်စု ဝင်လာသည်ကို တွေ့မြင်ရသဖြင့် ဆိုးပေ၏မိခင်မှာ မျက်လုံး ပြူး မျက်ဆံပြူး ဖြစ်သွားလေ၏။

ပထမဦးဆုံးဝင်လာသူကား ခြံရှင်ဦးနီတိုး၊ ဒုတိယ ပုလိပ်၊ တတိယ ဦးနီတိုး၏လူငှား ကိုသာရင်။ ထို့နောက်...

ဆိုးပေ၏မိခင်မှာ စတုတ္ထဝင်ရောက်လာသူကို တွေ့ရာ တွင် မျက်စိမှုးနောက်၍ ခွေလဲသွားလုမတတ် ဖြစ်မိပေ၏။ အကြောင်းမူကား ၎င်းမှာ အရီးစိမ်းဖြစ်နေလေရာ၊ အိမ်နောက် ဖေးဘက်မှာလည်း အရီးစိမ်းတစ်ယောက်။ ဒီမှာလည်း အရီးစိမ်း တစ်ယောက်။ နောက်ဖေးမှာ ဖြစ်နေပုံက တစ်မျိုး။ ဒီမှာ တစ်မျိုး။ ဘယ်အဖြစ်မျိုးများပါလိမ့်ဟု ဝေခွဲမရနိုင်ဘဲ ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆိုးပေ၏မိခင်မှာ တွေဝေ၍မဖြစ်တော့ချေ။ အခြေအနေအရ အပြင်သို့ထွက်၍ တွေ့ဆုံလိုက်ပါမှ ဖြစ်ပေါ်နေသော အရှုပ်အထွေးကို ဧည့်သည်များ မသိရအောင် လုပ်နိုင်လိမ့်မည်ဟု တွေးမိလေ၏။

''တအောင့်ကလေး သည်းခံကြပါ'' ဟု ဆိုးပေ၏မိခင်သည် ဧည့်သည်များထံမှ ခွင့်ပန်ကြားပြီးလျှင် ''သူတို့တတွေ ကျွန်မနဲ့ ပြောစရာရှိလို့ လာကြတာနဲ့တူတယ်။ သွားပြီး တွေ့လိုက်ပါရစေ'' ဟု ဆိုကာ အိမ်ထဲမှ ထွက်ခဲ့လေ၏။

ထိုအချိန်မှာပင် ဆိုးပေနှင့် ကလေးမတို့သည် မိုးပေါ်က ကျရောက်လာသကဲ့သို့ ပေါ်ပေါက်လာကြလေ၏။ ဆိုးပေမှာက လေးမကလေးအား သားရေလေးဂွ၊ စီးကရက်အရုပ်ကားနှင့် အသံမထွက်တော့သော ပီပီကလေးကို ပေးကာ မိမိအဝတ်အစားကို ပြန်၍ရယူပြီးလျှင် အိမ်နောက်ဘေးတဲထဲ၌ အလျင်အမြန် အဝတ်အစားလဲလှယ်ကြကာ ထွက်လာခဲ့လေ၏။ ဆိုးပေမှာကား ယောကျ်ားဘဝကို ပြန်ရသကဲ့သို့ ကျေနပ်အားရစွာဖြင့် ကြွားကြွားယားယားရှိသလောက် ကလေးမကလေးမှာကား မိမိနှစ်သက် သဘောကျသော အဝတ်အစားကို ချွတ်လဲလိုက်ရသဖြင့် ဆိုးပေလောက် ရွှင်လန်းခြင်းမရှိလှပေ။ အရီးစိမ်း၏ ထမီ၊ တဘက်တို့မှာကား အိမ်နောက်ဘေးရှိ တင်းကုတ်ထဲတွင် ကြမ်းပေါ်၌ စွန့်ပစ်ခြင်း ခံကြရလေ၏။

ဆိုးပေသည် ဦးနီတိုးနှင့်တကွ ပုလိပ်ကို တွေ့ရသည်တွင် မျက်လုံးပြူး၍ သွားကာ ပြေးပေါက်ကို ရှာလေတော့၏။ အကယ်၍ စောစောက တွေ့ရလျှင် မိမိမှာ ရုပ်ပြောင်းရုပ်လွှဲနှင့် ရှိနေသည့်အတွက် တိမ်းရှောင်၍သွားနိုင်ပေလိမ့်မည်။ ယခုမူ မိမိ အဝတ်အစားကို ပြန်၍ဝတ်ပြီးပြီ ဖြစ်ကာမှ တွေ့နေရလေရာ



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို ဆိုးပေမဟုတ်ပါဟု ပြော၍မဖြစ်နိုင်သည်ကို တွေး မိပြီး အဝတ်အစားပြန်၍လဲမိသည်မှာ စောလွန်းသွားသည်ဟု အောက်မေ့မိလေ၏။

သို့သော် ဦးနီတိုးနှင့် ပုလိပ်တို့၏နောက်က အရီးစိမ်း လည်း ပါလာသည်ကို တွေ့ရပြန်ရာ မိမိအဖို့မှာ အဝတ်အစား ပြန်၍ မလဲမိသေးပါကလည်း တစ်နည်းမဟုတ်တနည်း ရှောင် ၍ မလွတ်နိုင်ဟု စဉ်းစားမိလေ၏။

ဆိုးပေတို့၏ အိမ်ပြူတင်းပေါက်မှ ရပ်၍ ကြည့်နေကြ သော လင်မယားနှစ်ယောက်မှာ ခြံထဲရှိ လူသိုက်တွင် ပုလိပ် ရော၊ ကလေးရော၊ အဘွားကြီးရော လူမျိုးစုံနေသည်ကို တွေ့ရ သဖြင့် ရုပ်ရှင်ရိုက်ရန် စီမံနေကြလေရော့သလား။ ဘာဖြစ်နေကြ တာလဲဟု မတွေးတတ်အောင် ဖြစ်မိကြလေ၏။

ဦးနီတိုးသည် ဆိုးပေကို မြင်ရသည်နှင့်တပြိုင်နက် ''ဟော... ဒီကောင်ကလေးပဲ'' ဟု ပြောပြောဆိုဆို ဆိုးပေ၏ လည်ဂုတ်ကို ပြုတ်တူနှင့်တူသော လက်များဖြင့် ဖမ်း၍ညှစ် လိုက်လေ၏။

ပုလိပ်သည် အိတ်ထဲက မှတ်စုစာအုပ်နှင့် ခဲတံကို ထုတ် ၍ ရေးရန် ပြင်ဆင်၏။

ထိုအခိုက် ဦးနီတိုး၏ လူငှားဖြစ်သော ကိုသာရင်သည် ဆိုးပေ၏အနားသို့ ချဉ်းကပ်၍ လာပြီးလျှင် အရပ်အမောင်းကို အကဲခတ်၍ ခြေဆုံးခေါင်းဆုံးကြည့်ကာ ''ဒီကလေးမဟုတ်ဘူး ဗျ'' ဟု ဆိုလိုက်ရာ ဦးနီတိုး၏ လက်များမှာ ဆိုးပေ၏ ဂုတ် ပေါ်မှ တစ်စတစ်စ ပြေ၍သွားလေ၏။

''ဟ... သာရင်ရ သူပဲမဟုတ်လားဟ''



www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်ဘူးဗျ။ ခြံထဲလာပြီး ပြောင်းဆန်အောင် လုပ်သွားတာ ဒီကလေးမဟုတ်ဘူး။ လုပ်သွားတဲ့ကောင်လေးက သူ့ထက်နည်းနည်းကြီးတယ်။ ဆံပင်ကလည်း ခပ်တိုတိုနဲ့။ အဲဒါတော့ သူ့နောက်က ကျွန်တော် ပြေးလိုက်လို့ ကောင်းကောင်းမှတ်မိတယ်''

ဦးနီတိုးသည် သေချာအောင် ဆိုးပေ၏ ဆံပင်များကို ကိုင်တွယ်ကြည့်ကာ အတုများတပ်ထားလေရော့သလားဟု အနည်းငယ် ဆွဲကြည့်လိုက်လေ၏။ ဦးနီတိုးမှာ မိမိလက်ဆုပ်လက်ကိုင် မိထားပြီဟု ယုံကြည်သူမှာ အမှန်အားဖြင့် မဟုတ်ဘဲ ဖြစ်နေသည်ကို တွေ့ရကာ စိတ်ပျက်လက်ပျက်ဖြစ်ပြီး လူငှားကိုသာရင်ကို လက်သည်ကိုမိအောင် လိုက်၍မဖမ်းနိုင်ရကောင်းလားဟု မြည်တွန်တောက်တီးလေ၏။

ဤတွင် စကားတွေ များကုန်ကြလေ၏။ ပုလိပ်က ဦးနီတိုးနှင့် စကားများလေ၏။ ဦးနီတိုးက ကိုသာရင်နှင့် စကားများလေ၏။ ကိုသာရင်မှာ ဆိုးပေ၏မိခင်နှင့် ရှင်းနေရ၏။ ဆိုးပေ၏မိခင်မှာ အရီးစိမ်းနှင့် ရှင်းနေရပြန်၏။ အရီးစိမ်းမှာကား အကုန်လုံးကို မြည်တွန်တောက်တီးကာ မိမိ၏ထမီနှင့်တဘက်ကို ပြန်မရလျှင် မိုးကို မီးလောင်မည်ဟု ကြုံးဝါးနေ၏။

ထိုသို့ တစ်ယောက်ကို တစ်ယောက် ဆူပူပြစ်တင် မြည်တွန်တောက်တီးနေသည့်အကြားတွင် ဆိုးပေသည် နားအေးပါးအေးရှိရာအရပ်သို့ တိတ်ဆိတ်စွာ လစ်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# တိုင်းပြည်အကျိုးဆောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ ဆိုးပေအဖို့ အဆင်မပြေ
သည့်ဘက်ကသာ များ၍နေလေသည်။ ဆိုးပေ လုပ်လေသမျှ
အစစအရာရာ စေတနာ အရင်းခံထားသည် မှန်သော်လည်း
ရည်မှန်းချက်အတိုင်း ဖြစ်ပေါ်မလာဘဲ တလွဲတချော်ဖြင့်သာ
အဆုံးသတ်ခဲ့ရပေါင်း များလေပြီ။

တနင်္ဂနွေ တစ်ပတ်ကြာသည့်တိုင်အောင် မိမိ၏ ဆောင်း
ပါးကို မတွေ့ရဘဲ တရုတ်နီများ ဗမာပြည်ထဲ ဝင်နေကြပြီဟူ
သော သတင်းတစ်ရပ်ကို ဖတ်လိုက်ရသည်။ ဤသို့ ဖတ်ရသည်
တွင် သူ၏ စာများကို အစိုးရက အရေးမယူသဖြင့် သူတို့တတွေ
ဝင်လာနိုင်ကြခြင်း ဖြစ်သည်။ သို့သော် ဗမာပြည်ထဲသို့
မည်သူမျှ ရောက်မလာနိုင်အောင် သူလုပ်မည်။ ရောက်လာက
လည်း ပြန်၍ထွက်သွားရအောင် လုပ်မည်ဟု အကြံထုတ်ရလေ
၏။

သူ၏ ဦးခေါင်းထဲ၌ ပေါ်လာသောအကြံကား လမ်း
နာမည်များကို ဖြုတ်ပစ်ရန် (သို့မဟုတ်) နာမည်ဆိုင်းဘုတ်
များကို လွှဲပြောင်းတပ်ထားရန် ဖြစ်လေသည်။ ထိုသို့ ပြုလုပ်
ခြင်းအားဖြင့် တရုတ်ဖြူများ ဝင်လာလျှင် လမ်းမှားကုန်ကြကာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍သွားကြရလိမ့်မည်ဟု သူယုံကြည်မိလေသည်။ သို့အား ဖြင့် ရွာထိပ် လမ်းဆုံလမ်းခွရှိ လမ်းခရီးညွှန်ပြထားသော တိုင် များကို တူးဖော်၍ ပြောင်းပြန်လှည့်ထားရန် ကြိုးစားရာတွင် ပုလိပ်လိုက်ခံရသဖြင့် ထိုသို့လုပ်ရန်ကို လက်လျှော့ရလေ၏။

ဆိုးပေသည် စိတ်ပျက်စွာဖြင့် ရွာထဲသို့ ပြန်၍လာခဲ့ရာ အိမ်တစ်အိမ်ရှေ့သို့အရောက်တွင် အိမ်ခြံဝင်းတံခါး၏ တိုင် တစ်ဖက်၌ တပ်ထားသည့် ''မာလာမြိုင်'' ဟု ရေးထားသည့် ဆိုင်းဘုတ်ကလေးကို ဂရုပြုလိုက်မိလေသည်။ ယင်းသို့တွေ့ရာ တွင် ခပ်လှမ်းလှမ်းရှိ အခြားအိမ်တစ်ခု၏ ရှေ့၌လည်း ထို ဆိုင်းဘုတ်နှင့် အရွယ်တူ စာရေးထားပုံခြင်းတူသော ဆိုင်းဘုတ် တစ်ခု တပ်ထားသည်ကို မြင်မိကြောင်း သတိရလေ၏။ သို့ဖြစ်၍ ထိုအိမ်သို့ သွား၍ကြည့်ရာ ''ဟေမာမြိုင်'' ဟု ရေးထားသည်ကို ဖတ်ရှုရလေ၏။ ဤတွင် အကြံသစ်တစ်ခု ရလာပြန်လေသည်။

သူ့အဖို့ လမ်းပြတိုင်များကို ချွတ်ပစ်ရန်သော်လည်း ကောင်း၊ လှည့်ထားရန်သော်လည်းကောင်း မလွယ်ကူချေ။ သို့သော် အိမ်တွင် တပ်ထားသော ဆိုင်းဘုတ်ကလေးများကို ပြောင်းလဲ၍ တပ်ထားလျှင် ဖြစ်နိုင်၍နေလေသည်။ ယင်းသို့ ပြုလုပ်ထားခြင်းအားဖြင့် တရုတ်ဖြူတွေ ဝင်လာမိလျှင် မျက်စိ လည်ကုန်ကြကာ ကိုယ့်လာလမ်း ကိုယ်ပြန်ရောက်သွားကြလိမ့် မည်ဟု တစ်ထစ်ချတွက်မိလေ၏။

ဆိုးပေသည် သူ၏အကြံကို သူကိုယ်တိုင် အလွန် သဘောကျကာ ထိုအကြံကို ချက်ခြင်းပင် အကောင်အထည် ဖော်ရန် စိတ်ပိုင်းဖြတ်လိုက်ရလေ၏။ သို့ဖြစ်၍ အိမ်သို့ပြန်ကာ အစ်ကိုမောင်တင့်၏ စက်ဘီးပြင်ရာတွင် အသုံးပြုသော ဝက်အူ လှည့် ဂဏန်းလက်မ စသည်တို့ကို တိတ်တဆိတ် ယူလာပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကို မသိတသိ အချိန်ရောက်အောင် စောင့်နေပြီးနောက် မာလာမြိုင်ဆိုင်းဘုတ်ကို စတင်၍ ဖြုတ်လေ၏။ ထို့နောက် မာလာမြိုင်ဆိုင်းဘုတ်ကို ချိုင်းကြားတွင်ညှပ်၍ ဟေမာမြိုင် အိမ်သို့ ယူဆောင်သွားပြီးလျှင် ဆိုင်းဘုတ်ချင်းလဲ၍ တပ်လေ၏။ ထိုမှတဖန် ဟေမာမြိုင်ဆိုင်းဘုတ်ကို ချိုင်းကြားတွင် ညှပ်၍ ယူလာခဲ့ပြီး မာလာမြိုင်အိမ်တွင် တပ်ထားလိုက်ရလေ၏။

ဆိုးပေကား တိုင်းပြည်အတွက် အလွန်အရေးပါအရာရောက်သော အလုပ်ကြီးတစ်ခုကို စွန့်စွန့်စားစား ဆောင်ရွက်လိုက်ရသကဲ့သို့ တက်ကြွသောစိတ်ဖြင့် အိမ်သို့ပြန်ခဲ့လေ၏။ ထိုသို့လာခဲ့ရင်း အကယ်၍ မိမိလုပ်ငန်းမှာ ရာခိုင်နှုန်းပြည့် မထိရောက်နိုင်သေးဟု ယူဆစရာအကြောင်းပေါ်လာလျှင် လူတိုင်းလူတိုင်းအား ခေါင်းစုတ်ဖွားနှင့် မုတ်ဆိတ်မွေးရှည်ကြီးများထားရန်ကို သတင်းစာမှနေ၍ ဆော်သြဦးမည်။ ယင်းသို့ လူတိုင်း မုတ်ဆိတ်မွေးစုတ်ဖွား ဖြစ်နေကြလျှင် ကာတွန်းအရုပ်များတွင် တွေ့ရသော ရုရှားကွန်မြူနစ်များနှင့် တူနေမည်ဖြစ်ရာ ဝင်လာကြသော တရုတ်ဖြူတို့၏စိတ်တွင် ဗမာပြည်မဟုတ်ဘဲ ရုရှားပြည်ထဲသို့ မှားယွင်းဝင်ရောက်မိကြပြီဟု အထင်မှားသွားကာ တရုတ်ဖြူတွေက ကွန်မြူနစ်ကို ကြောက်ပြီး ထွက်ပြေးကြလိမ့်မည်။ တရုတ်နီက သူတို့ မဟာမိတ်နိုင်ငံဖြစ်သည်ဆိုပြီး မှားယွင်းဝင်ရောက်မိကြောင်း ဝန်ချကာ အေးအေးချမ်းချမ်း ပြန်သွားကြမည်ဟုပင် စိတ်ကူးကြံစည်၍ လာခဲ့လေ၏။

အိမ်သို့ပြန်ရောက်သောအခါ ကံအားလျော်စွာ မောင်တင့်ပြန်၍ မလာမီကလေးပင် ရောက်နှင့်နေသည့်အတွက် သူတိတ်တိတ်ပုန်း ယူလာသော မောင်တင့်၏ ပစ္စည်းများကို မသိအောင် ပြန်၍ထားလိုက်နိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်တင့်သည် ဘယ်အခါမဆို ဆိုးပေကို မြင်လျှင် ကောက်ကောက်ကွေ့ကွေ့ တစ်ခုခုတော့ဖြင့် လုပ်နေသည်ဟု မသင်္ကာဖြစ်လေ့ရှိသည့်အတိုင်း ''မင်းသည်နေ့ ဘယ်သွား နေသလဲ'' ဟု မေးလိုက်လေ၏။

''ကျွန်တော် အစောကြီးပြန်ရောက်လာသားပဲ အစ်ကိုရဲ့''

''မင်းပြန်လာတာကို မေးတာမဟုတ်ဘူး။ ဘယ်သွား သလဲလို့ ငါမေးနေတာ''

''ကျွန်တော် သာယာကုန်းဘက်ကိုပဲ သွားတယ်''

မောင်တင့်သည် ထိုအဖြေကို ကြားရသည်တွင် အနည်း ငယ် စကားဆိုင်းသွားပြီး တွေဝေစဉ်းစားနေလိုက်လေသည်။

''မင်း မာလာမြိုင်အိမ်နားကို ရောက်သလား''

ဆိုးပေက မောင်တင့် စဉ်းစားသည့်ဟန်မျိုးဖြင့် မျက်လုံး ကလေး ပေကလပ် ပေကလပ် လုပ်နေလိုက်လေ၏။ ဘာကြောင့် ထိုအမေးကို မေးရသနည်းဟု ဆိုးပေစဉ်းစားလိုက်သည့်အခါ ထိုအိမ်တွင် မခင်သီခေါ်သော မိန်းမပျိုကလေး တစ်ဦးရှိပြီး ၎င်းအား မောင်တင့်က ပိုးပန်းနေခဲ့ဖူးသည်ကို အမှတ်ရလေ သည်။ မောင်တင့်သည် မခင်သီနှင့် လူချင်းတွေ့၍ စကားပြော ခွင့်ရဖို့ရန် အခါအခွင့်ကို ရှာနေသော်လည်း ယခုထက်ထိ မအောင်မြင်သေးဘဲ ရှိနေပေ၏။ ညှော်ခံပွဲ၊ မိတ်ဆုံပွဲကလေးများ မဖြစ်သည်မှာလည်း အတော်ကြာခဲ့ပြီဖြစ်ရာ မောင်တင့်မှာ ခင်သီ၏ အိမ်ရှေ့က လျှောက်ပြန်သံပေး လူရေးဟန်ပြ ပိုးနည်း ဖြင့်သာ ပိုးပန်းနေခဲ့ရသည်မှာ အတန်ကြာခဲ့ပေပြီ။ ထိုသို့ မြင်ရုံသာမြင်ရ မကြင်ရ မောင့်ကိုယ် ဖြစ်နေရခြင်းကို မောင် တင့်မှာ ကြိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရလေသည်။ ထိုအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေရိတ်မိသည့်အလျောက် မောင်တင့်နှင့် ပတ်သက်သောကိစ္စတွင် မသိကြားချင်ဟန်ဆောင်၍ နေလိုက်ခြင်းသည် မိမိအဖို့ အန္တရာယ်ကင်း ဘေးရှင်းလိမ့်မည်ဟု နှလုံးပြုလိုက်ရလေသည်။

''မာလာမြိုင်ဟုတ်လား... ဘယ်ဟာလဲ။ မာလာမြိုင်ဆိုတာ''

''မင်းဟိုဘက်ပိုင်းသွားနေပြီး မာလာမြိုင်ကိုမှ မမြင်ခဲ့ဘူးလား။ မင်းမျက်စိကန်းနေသလား''

''ဟုတ်တယ်... အစ်ကိုရဲ့... ကျွန်တော်မျက်စိတွေ အရင်လောက် မကောင်းတော့ဘူး။ ကျောင်းမှာ စာတွေကြည့်ရလွန်းလို့ဖြစ်တာ။ ဒါကြောင့် မျက်မှန်တပ်နေရမယ်။ ကျောင်းက ခဏလောက် ထုတ်ထားပါဦးလို့ အဖေ့ကို ပြောပြောနေတာ အဖေကသဘောမပေါက်ဘူး။ အဲဒါ... အစ်ကို ပြောပေးပါဦး''

မောင်တင့်သည် စကားဆက်၍ မပြောတော့ဘဲ ဆိုးပေအား ရှုတ်ချသော မျက်နှာထားဖြင့် ရွံရှာသလိုကြည့်၍ ရှောင်ထွက်သွားလေသည်။ ထိုအခါမှ ဆိုးပေမှာလည်း မဟာမြိုင်မှာ တစ်စုံတစ်ခုဖြစ်ခဲ့လျှင် မိမိနှင့် ဘာမျှ မပတ်သက်ခြင်းကို မောင်တင့်အား သိစေလိုက်ရပြီဟု ဝမ်းမြောက်မိလေ၏။

ဆိုးပေသည် မာလာမြိုင်အိမ်ရှင် ဦးကံရနှင့် ဟေမာမြိုင်အိမ်ရှင် ဦးလူကလေးတို့၏ ဆက်ဆံမှုအခြေအနေကို သိခဲ့ပါမူ ယခု မိမိပြုခဲ့သည့်အလုပ်ကို လုပ်ချင်မှ လုပ်မိပေလိမ့်မည်။ ဦးကံရနှင့် ဦးလူကလေးတို့မှာ တစ်ခါက တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ခဲ့ကြသည်။ ထို့ကြောင့်ပင် အိမ်ရာဆောက်ရာ၌လည်း ပုံစံချင်းအတူတူဆောက်၍ ဆိုင်းဘုတ်တပ်ရာ၌မှာပင် တစ်နေရာတည်း၌ အတူတူအပ်ကာ အရွယ်ချင်းမှာလည်း တူနေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ယခုမူကား သူတို့၏ ဆက်ဆံရေး မကောင်းကြဘဲ တစ်ယောက်၏မျက်နှာကိုပင် တစ်ယောက်မကြည့်ချင်လောက် အောင် ဖြစ်နေကြလေသည်။

သူတို့ချင်းချင်း မသင့်မြတ်အောင် ဖြစ်ကြရသည့် အကြောင်းမှာကား ကြီးကြီးကျယ်ကျယ်မဟုတ်ပေ။ အသေး အဖွဲကိစ္စလေးကို အကြောင်းပြုကာ အချစ်ကြီးခဲ့သလောက် အမျက်ကြီးနေကြခြင်းပင် ဖြစ်ပေ၏။

ဦးလူလေးကား သူ့ခြံထဲတွင် သီးပင်စားပင်များ စိုက်ပျိုး ထား၍ သူ့ခြံထဲက အကောင်းဆုံးထွက်သည်ဟု အများ၏ ချီးကျူးမှုကို အထူးဂုဏ်ယူလေသည်။ ဦးကံရကား ပန်းပင် စိုက်ပျိုးခြင်းကို ဝါသနာပါသဖြင့် ခြံထဲတွင် ပန်းမျိုးစုံစိုက် ပျိုးထားရာ ရပ်ရွာထဲတွင် လူကလေးသီးနှံ၊ ကံရပန်းမန်ဟု စာချိုးရလောက်အောင် နှစ်ယောက်စလုံး ထင်ရှားလျက် ကိုယ့် ခြံထွက်ပစ္စည်းကို အမြတ်တနိုး အမွှမ်းတင်နေကြသူများ ဖြစ် ကြလေသည်။

တစ်နေ့တွင် ရွာထဲရှိ စာဖတ်ခန်း၌တွေ့ကြပြီး အချင်း ချင်း ရယ်စရာ၊ မောစရာပြောရာက လုပ်ငန်းချင်း ဂုဏ်ပြိုင်လာ ကြကာ သူ့အလုပ်ထက် ငါ့အလုပ်က တန်ဖိုးရှိသည်၊ မွန်မြတ် သည်ဟု အငြင်းပွားကြလေ၏။

''ကျုပ်ပြောမယ် ကိုလူလေးရ၊ ကိုရင့်သစ်သီးဝလံဆိုတာ က စာထဲပေထဲဝင်တဲ့ ပစ္စည်းမျိုးမဟုတ်ဘူး။ ရှေးက ဆယ့်နှစ် ရာသီပွဲဆိုရင် ပန်းတွေကိုသာ ဖွဲ့တယ်။ ဘယ်လောက် တန်ဖိုး ရှိသလဲ''

''ဒီမှာ ဖိုးကံရရဲ့ အရမ်းတွေ စွတ်ပြောမနေနဲ့ဦး၊ သစ် ပုလွေ၊ တောင်သလဲရယ်နဲ့ နရွဲတဲ့၊ ပင်ကြောင်လျှာ ပိန္နဲသြဇာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကဗျာမဟုတ်လို့ နင့်အမေခေါင်းလား''

ဝုန်းကနဲ ဦးကံရဒေါသဖြစ်ပြီး ထလိုက်ရာ ဦးလူကလေးကလည်း ဝုန်းကနဲ ထလိုက်လေ၏။ သို့သော် လူကြီးများဖြစ်နေသည့်အတွက် လက်သီးလက်မောင်း မတန်းရုံတမည် ရှိလေ၏။

ဤတွင်မှစ၍ နှစ်ယောက်သား မသင့်မမြတ်ဖြစ်ကြရာ မခေါ်နိုင်မပြောနိုင် ဖြစ်ခဲ့ကြလေ၏။ တစ်ခါတစ်ရံ စာဖတ်ခန်းတွင် ဆုံမိကြရာ ဦးကံရက ''ပန်းဆိုတာ လူတိုင်းရဲ့ခေါင်းပေါ်မှာနေရတယ်။ ဘုရားစင်မှာ တင်ရတယ်။ ဘူးသီး၊ ခရမ်းသီးဆိုတာတွေကတော့ကွာ၊ စားပြီးရင် ချီးအိမ်သာထဲ ရောက်တာပဲ'' ဟု ဦးလူကလေး မကြားတကြား ခနိုးခနဲ့ ပြောလေ့ရှိ၏။ ဦးလူကလေးကလည်း ''ဟော့... ဒို့ခြံထဲက ရွှေပန်းတွေ ခေါင်းထဲမှာထိုးရအောင် ဘယ်သူယူမလဲဟေ့'' ဟု ခပ်ကြမ်းကြမ်းပြောတတ်သည့်အပြင် ''ပန်းပါရင် ဘယ်ပန်းမှ မကောင်းဘူး။ ပန်းပဲလူလိမ်... ပန်းထိမ်ရွှေခိုးတဲ့ ရှေးတုန်းက ပန်းချီဆရာဆိုရင် သက်သေအရာတောင် မဝင်ဘူး။ လူတောင် လူ့ပေါက်ပန်းဆိုရင် အသုံးမကျဘူး မဟုတ်လား'' ဟူ၍ ဦးကံရ မကြား ကြားအောင် ပြောတတ်၏။

သို့အားဖြင့် တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင်၍ မရအောင် ဖြစ်လာကြကာ နောက်တွင် စာဖတ်ခန်းထဲ၌ ဦးလူကလေး ဝင်လာလျှင် ဦးကံရ အပြင်ထွက်သွား၏။ ဦးကံရ ဝင်လာလျှင် ဦးလူကလေး ထွက်သွား၏။

ရှေးက ဘုန်းကြီးကျောင်းတစ်ကျောင်းထဲ၌ ဥပုသ်စောင့်လေ့ရှိကြသော်လည်း ဦးကံရ တောင်ကျောင်းသွားလျှင် ဦးလူကလေးက မြောက်ကျောင်းသွား၍ ဥပုသ်စောင့်လေတော့၏။

ဤအကြောင်းများကို ဆိုးပေ ဘာမျှမသိချေ။ သူ့အဖို့



www.burmeseclassic.com

www.burmeseclassic.com



အရွယ်တူ ဆင်တူ ဆိုင်းဘုတ်နှစ်ခုကို တွေ့ရသဖြင့် လဲလှယ်ရန် လွယ်ကူသည့်အလျောက် သူ၏ထူးကဲသော စေတနာအတိုင်း လဲလှယ်ထားလိုက်ခြင်းသာဖြစ်ပေ၏။ ယင်းသို့ လုပ်ပြီးသည့် နောက်တွင် ဆိုးပေကား မိမိလုပ်ကိုင်ဆောင်ရွက်အပ်သော တာဝန်ဝတ္တရားတစ်ခုကို ကျေပွန်သွားသည့် အနေမျိုးဖြင့် အေးအေးပင် နေလိုက်လေသည်။

မောင်တင့်ကား ခင်သီတို့အိမ်ဆီသို့ မရောက်ဘဲ ရှိခဲ့သည်မှာ ရက်အနည်းငယ်ကြာခဲ့ရာ ယခုဆိုးပေနှင့် စကားစပ်မိမှ အချစ်ရောဂါ ပြန်၍ထလာလေ၏။ မောင်တင့်သည် ခင်သီနှင့် တွေ့ဆုံစကားပြောခွင့် မကြုံခဲ့စေကာမူ ဦးကံရနှင့် ရင်းရင်းနှီးနှီးဖြစ်ရလျှင် တစ်နေ့နေ့တွင် ဦးကံရ၏ ဖိတ်ခေါ်ချက်ကြောင့် အိမ်သို့ရောက်ရှိကာ ပြောခွင့်ကြုံလိမ့်မည်ဟု မျှော်လင့်လျက် ဦးကံရကို တွေ့တိုင်း မျက်နှာချိုသွေးခဲ့၏။ အရေးတယူ နှုတ်ဆက်၏။ စကားရော၊ ဖော်ရောလုပ်၏။ သို့သော် ဦးကံရက သူ့ကို မျက်မှောင်ကုတ်၍ကြည့်ကာ ဘာမျှမပြောဘဲ ထွက်သွားသည်လည်း ရှိ၏။ ပြန်၍ နှုတ်ဆက်သည့်အနေဖြင့် ခေါင်းညိတ်ရုံညိတ်သွားသည်လည်းရှိ၏။ မောင်တင့်က ဦးကံရ နှစ်သက်မည်ထင်၍ ပန်းပင်အကြောင်း စကားဆက်၍ ပြောလျှင် အို... မင်းက... ဒါတွေဘာသိလို့လဲ... ဟု ပိတ်၍ ပြောလိုက်သည့် အခါလည်းရှိ၏။

ဦးကံရကား မောင်တင့်တို့အရွယ်ရှိသည့် လူငယ်များ မိမိအား အရောတဝင်လုပ်ခြင်းကို မနှစ်သက်လှပေ။ သမီးပျို တစ်ယောက် ရှိနေခြင်းကြောင့်လည်း ခပ်တန်းတန်းနေရခြင်း ဖြစ်ပေ၏။ ထို့အပြင် လူငယ်များနှင့် ဦးလူကလေးတို့ ရယ်လား၊ မောလား၊ ပြောလား၊ ဆိုလားရှိခြင်းကြောင့်လည်း ဦးလူ



www.burmeseclassic.com

www.burmeseclassic.com



ကလေး၏ ဘက်တော်သားများဟု ယူဆကာ ရှောင်ရှားနေခြင်း ဖြစ်၏။ သို့အားဖြင့် မောင်တင့်သည် ခင်သီတို့ အိမ်ဘက်ဆီသို့ လမ်းပြတ်နေခဲ့ရာမှ ယခုတဖန် ခင်သီကို သွား၍မျှော်ရန် စေ့ဆော်စိတ် ဖြစ်ပေါ်လာပြန်လေ၏။

ထိုသို့ သွားခြင်းအားဖြင့် ကံကောင်းလျှင်လည်း တွေ့ခွင့် ကြုံလိမ့်မည်။ နောက်ဆုံး ဤအခွင့်အရေးကို မရသည့်တိုင် ခင်သီ၏မျက်နှာ ချိုပြုံးယဉ်ကလေးကိုတော့ မြင်ခဲ့ရမှာပဲ ဟူ၍လည်း မျှော်လင့်လေသည်။

နောက်တစ်နေ့ ညနေဘက်လောက်တွင် ခင်သီတို့အိမ် ဆီသို့ လျှောက်၍လာခဲ့လေ၏။ အိမ်ကြီးကား တံခါးများ အားလုံး ပိတ်ထားသည်ကို မောင်တင့်တွေ့လေရာ မျှော်တော် ဇောနှင့် မော၍သွားလေတော့သည်။ သို့အားဖြင့် လှည့်၍ပြန် မည်အပြုတွင် ခြံထဲ၌ ပန်းပင်များကို ဆွပေးနေသော လူ တစ်ယောက်ကို မြင်လေရာ ထိုသူမှာ ခင်သီတို့အိမ်က အလုပ် သမားဖြစ်ပါက သူ့ကိုအကြောင်းပြုပြီး ခင်သီနှင့် အဆက် အသွယ်ရရန် ကြိုးစားမည်ဟု နှလုံးပြုကာ ခြံထဲသို့ဝင်သွား လေ၏။

ခြံထဲသို့ ရောက်သောအခါ ထိုသူသည် ပန်းပင်များ စိုက် ပျိုးရန် မြေတူးဆွနေသည်မဟုတ်ဘဲ လှပစွာ စိုက်ပျိုးထားသော ပန်းပင်များအား တူးဖော်လွှင့်ပစ်နေသည်ကို တွေ့ရ၍ အံ့အား သင့်သွားလေ၏။

''ဟေ့လူ... ဟေ့လူ... ခင်ဗျားသည်ပန်းပင်တွေ ဘာပြုလို့ တူးပစ်နေတာလဲ''

''ခိုင်းလို့လုပ်တာပေါ့ဗျ''

''ခင်ဗျားခိုင်းတာ သည်ပန်းပင်တွေ တူးဖို့ခိုင်းတာဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား''

''မနိုင်းတဲ့အလုပ်ကို လုပ်ဝံ့ပါ့မလားဗျ။ ခင်ဗျားက ဘုမသိ ဘမသိ ဘယ့်နှယ်တွေ လာပြောနေတာလဲ''

''ဘယ်သူနိုင်းတာလဲ''

''အိမ်ရှင်ပဲ ဖြစ်မှာပေါ့ဗျာ... ဘယ်သူ ဖြစ်ရဦးမှာလဲ''

မောင်တင့်သည် မစဉ်းစားတတ်သကဲ့သို့ တွေဝေ၍နေရာက ''သူဟာ သည်ပန်းပင်တွေ အမြတ်တနိုးစိုက်ထားတာ အခု တူးပစ်ခိုင်းတယ်ဆိုတော့ အတော်စဉ်းစားရကြပ်တာပဲ'' ဟု ဆိုလေ၏။

''သူဆိုတာ ဘယ်သူကလဲ''

''အိမ်ရှင်ပေါ့။ သူ့ပန်းပင်တွေကို လက်ဖျားနဲ့ တို့တာတောင် မခံချင်ဘူး''

''ဒါတော့ ကျုပ်လည်းမသိဘူး။ မနေ့က သူ ကျုပ်အိမ်လာပြီး ကျုပ်နဲ့မတွေ့ဘဲ ကျုပ်မိန်းမကို မှာသွားလို့ သူ့စကားအတိုင်း ပန်းပင်တွေ တူးပစ်ရတာ။ တူးပစ်ရုံတင်မကသေးဘူး၊ မီးနဲ့ရှို့ပစ်ဆို့ပါ မှာသွားသတဲ့။ ဒါကြောင့် ဟိုမှာ ကျုပ်မီးရှို့ပစ်ထားတာ''

မောင်တင့်သည် မြေတူးသမားညွှန်ပြရာသို့ ကြည့်လိုက်ရာ လှပစွာသော ပန်းပွင့်များဝေနေသည့်အပင်များမှာ မီးလောင်စာဖြစ်နေသည်ကို တွေ့ရ၍ ကြည့်ရင်း နှမြောမိလေ၏။

''ဒီအိမ်က လူတွေရော''

''ဒီနေ့ ဥပုသ်နေ့လေ။ ဥပုသ်စောင့်သွားကြတယ်။ ကျုပ်ရောက်လာတော့ မရှိကြတော့ဘူး။ ဒါပေမယ့် မှာသွားတဲ့စကားရှိလို့။ သူတို့ပြန်မလာခင် အပြီးလုပ်နေရတာ။ သည်အထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားလာပြီး စကားပြောနေတော့ ကျုပ်အလုပ်တွေတောင် ဖင့်နွဲ့ကုန်ပြီ''

''မြေတူးသမား၏စကားမှာ အတော်ပင် ခိုင်လုံနေရာ မောင်တင့်၏ သံသယရှိမှုများမှာ ကင်းပျောက်သွားကာ ဦးကံရ စိတ်တစ်မျိုး ပြောင်းသွားသဖြင့် ပန်းပင်များကို တူးပစ်ရန်ခိုင်း ခြင်းဖြစ်လိမ့်မည်ဟု ယူဆလေ၏။ ဤအတိုင်းဆိုလျှင် ဦးကံရ မှာ သူ၏ပန်းပင်များကို မကြည့်ချင်အောင် မုန်းနေ၍ဖြစ်မည်။ ထို့ကြောင့် သူပြန်လာလျှင် မမြင်ရအောင် မပြန်မီ အပြီးတူး ခိုင်းခြင်းသာ ဖြစ်ရမည်။ ထို့ကြောင့် မိမိပါ ကူညီ၍ တူးပစ်လိုက် လျှင် ဦးကံရ၏ အလိုဆန္ဒကို ဖြည့်ရာရောက်နိုင်၍ မိမိအား အထူး သဘောကျသွားလိမ့်မည်။ မခင်သီနှင့်လည်း အသိဖြစ် ရဖို့ အခွင့်ကောင်းရမည်။ မိမိ စကားပြောနေခြင်းအတွက် မြေတူးသမား အလုပ်မတွင်ကျယ်ခြင်းကိုလည်း မိမိကူညီတူး ဆွပေးခြင်းဖြင့် အလုပ်တွင်သွားစေလိမ့်မည်ဟု တွေးမိလေ၏။

''ကဲ... ကျုပ်ကြောင့် ခင်ဗျားအလုပ် မတွင်ကျယ်မဖြစ်စေ ရပါဘူးဗျာ။ မြန်မြန်ပြီးအောင် ကျုပ်ပါ ကူလုပ်ပါ့မယ်''

''ကျေးဇူးပါပဲဗျာ... ဒီလိုဆိုရင် ကျုပ်လည်း နည်းနည်း နားလိုက်ပါရစေဦး။ တစ်နေ့လုံး မနားရသေးဘူး။ ခါးချိနေပြီ။ စရန် ယူထားလိုက်မိလို့သာ လုပ်နေရတာ'' ဟု မြေတူးသမားက ရွှင်လန်းအားရသော မျက်နှာထား၍ပြောကာ ''ကဲ......ရော့ ပေါက်ပြား ခင်ဗျားတူးနှင့်၊ ကျုပ်လည်း အိမ်ပြန်ရေချွေးကြိမ်း လေးသောက်ရင်း၊ တူရွင်းယူလာခဲ့မယ်'' ဟု မှာကြားပြီး ထွက် သွားလေ၏။

မြေတူးသမားကား ထိုအရပ်တွင် မည်သူနေ၍ မည်သူ ထိုင်ကြသည်ကို သိသူမဟုတ်ပေ။ သူ့မိန်းမက ''ရှင့်ကို မြေတူး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အလုပ်လာခေါ်တယ်။ သာယာကုန်းကိုသွား၊ ဟိုမှာ ဟေမာမြိုင်ဆိုတဲ့ ဆိုင်းဘုတ်နဲ့အိမ်ကို တွေ့ရလိမ့်မယ်လို့ ပြောတယ်။ အဲဒီအိမ်ကိုလာပြီး ခြံထဲက ပန်းပင်မှန်သမျှ အကုန်လုံးတူးပစ်ရမယ်လို့၊ မနက်ကျရင် အဲဒီလာခေါ်တဲ့လူကြီးနဲ့ တွေ့ချင်လည်းတွေ့ဦးမှာပဲ။ ရှင် အရောက်နောက်ကျလို့ သူတို့ ဥပုသ်ထွက်သွားတာနဲ့ လွဲနေကြလို့ရှိရင်လည်း ကိစ္စမရှိဘူး။ မှာတဲ့အတိုင်းသာလုပ်၊ ဒါပေမဲ့ စားပင်၊ သောက်ပင်တွေတော့ မထိပါစေနဲ့လို့ သေသေချာချာ မှာသွားတယ်'' ဆိုသည့်စကားအရ ဟေမာမြိုင်ဆိုင်းဘုတ် တပ်ထားသည့်အိမ်ကို ရှာ၍ဝင်ကာ ပန်းပင်များမှာဘယ်လောက်လှ၍ ဘယ်လို အဖိုးတန်မျိုးကောင်းများ ဖြစ်လိမ့်မည်ဟု မစဉ်းစားဘဲ အမေမှာ မှာသည့်အတိုင်းဆိုသလို သူအလုပ်ပြီးအောင် လုပ်ရခြင်းပင် ဖြစ်ပေ၏။

စင်စစ်ကား သူတို့အလုပ်ခေါ်၍ခိုင်းသူမှာ ဦးလူကလေးသာဖြစ်ပေ၏။ ဦးလူကလေးက ပန်းပင်များကို တူးပစ်ခိုင်းခြင်းမှာ သူ့ခြံထဲက ပန်းပင်များကိုသာ တူးရန်ခေါ်ခြင်းဖြစ်၍ ဦးကံရ၏ ပန်းပင်များကို တူးပစ်ရန် ခိုင်းခြင်းမဟုတ်ပေ။ ထိုသို့ခေါ်ရာတွင် သူ့အိမ်မှာ ဟေမာမြိုင်ဟု အမည်မှည့်ထားသည့်အတိုင်း ထိုဆိုင်းဘုတ်ကို ကြည့်၍လာရန် မှာခဲ့၏။ ထိုအချိန်တွင် ဆိုင်းဘုတ်ပြောင်းမထားသေးပေ။ ထို့နောက် ဆိုးပေဆိုင်းဘုတ်ပြောင်းထားသည်ကိုလည်း သူမသိ။ မြေတူးသမားအဖို့မှာကား ဦးလူကလေးအိမ်လား၊ ဦးကံရအိမ်လားဟု နားမလည်၊ ဟေမာမြိုင်ဆိုင်းဘုတ် တွေ့သည့်အိမ်ထဲဝင်၍ အမှာအတိုင်း ပန်းပင်များတူးပစ်နေခြင်းသာ ဖြစ်ပေသည်။

ဦးလူကလေးသည် ပန်းပင်အကြောင်း မကောင်းပြောနေသော်လည်း သူ့ခြံထဲ၌ ပန်းပင်အချို့ရှိနေသေးသည်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရသောကြောင့် ဤပန်းပင်များကို ဦးကံရ မြင်တိုင်း မြင်တိုင်း ကြိတ်ပြီး ပြုံးနေလိမ့်မည်ဟု တွေးမိသတိရကာ တူးပစ်မှဖြစ်မည်ဟု ဆုံးဖြတ်၍ ငါ့အိမ်မှာ ပန်းပင်နဲ့တူတာဆိုရင် ဘာပင်မှ မထားဘူး။ အကုန်တူးပစ်ဟေ့ဟု စာဖတ်ခန်းတွင် ကြေညာခဲ့လေသည်။ ထိုသို့ ကြေညာခဲ့ပြီးသူ၏ ခြံစိုက်သမားမှာ နေထိုင်မကောင်း ဖြစ်နေသည့်အပြင် သူကိုယ်တိုင်လည်း ဥပုသ်စောင့်သွားရန် ရှိနေသည့်အတွက် မြေတူးသမားကို ခေါ်ပြီး ခိုင်းရခြင်း ဖြစ်လေသည်။

မောင်တင့်ကား မြေတူးသမား အိမ်မှား၍ တူးနေသည်ကို မသိရှာ။ သူယခု မြေတူးသမား၏ကိုယ်စား ဝင်၍လုပ်နေခြင်းမှာ ယောက္ခမလောင်းကြီး၏ အကြိုက်ကို လိုက်၍လုပ်နေခြင်းဖြစ်ပြီး မခင်သီနှင့်နီးစပ်မှုကို လမ်းစဖော်နေခြင်းဖြစ်သည်ဟု ကျေနပ်နှစ်သိမ့်နေလေလျက် အင်္ကျီလက်ပင့်ကာ ချွေးတလုံးလုံးနှင့် ဖြစ်နေလေတော့၏။ စိတ်ထဲကလည်း ခင်သီကလေး အချစ်ဘူး တူးပေးလိုက်ကွဟု ကိုယ့်ကိုယ်ကို အားပေးလျက်ရှိ၏။

ထိုအခိုက်တွင် ဦးကံရ ပြန်၍ရောက်လာလေ၏။ ဦးကံရသည် ခြံဝင်းဝသို့ ရောက်ရာတွင် ရှေ့သို့ခြေလှမ်း၍ မရသကဲ့သို့ ရပ်တန့်သွားလေ၏။ ရုတ်တရက်သော်…သူမြင်နေရသည့်အရာများကို သူမယုံ မျက်လုံးကြီးများ ချာလည်လည်၍ နေတော့သည်။ ယင်းသို့ ထိတ်လန့်ရာက ဒေါသထွက်လာကာ မျက်လုံးကြီးများ နီမြန်းလာ၏။ သူ၏ တယုတယပြုစုထားသော ပန်းပင်များကား မရှိတော့ပြီ။ သူတစိမ့်စိမ့် ကြည့်ပြီး နှစ်သိမ့်ကြည်နူးနေခဲ့သော ပန်းများ ခြံထောင့်ရှိ မီးပုံထဲတွင် လောင်တိုက်သွင်းခံနေကြရလေသည်။ လက်သည်ကိုလည်း လက်ပူး



www.burmeseclassic.com

www.burmeseclassic.com



လက်ကြပ် မိနေပေပြီ။

မောင်တင့်မူကား ပေါက်ပြားကို လက်ထောက်ကာ စတိုင်နှင့် ရပ်နေလိုက်ပြီးလျှင် မိမိဆီသို့ ဦးတည်၍လာနေသော ဦးကံရအား ချိုပြုံးသောမျက်နှာဖြင့် ကြိုဆို၍နေလေ၏။

''ဦး... ကျွန်တော်လုပ်တာ ဟန်ရဲ့ မဟုတ်လား။ အချိန်မီ ပါပဲ၊ အားလုံး ပြီးသလောက်ရှိနေပါပြီ''

ဦးကံရက စကားမထွက်ဘဲ ပါးစပ်တလှုပ်လှုပ်နှင့် ဖြစ်နေတော့၏။ မောင်တင့်စိတ်ထဲတွင် ဦးကံရသည် ကျေးဇူးတင်စကားကိုပြောရန် အကောင်းဆုံးစကားလုံးကို ရှာ၍မရသည့်အတွက် ဖြစ်မည်ဟု အစ၌ထင်မိသော်လည်း ကြည့်ရင်းပင် သူ့အမူအရာမှာ ဒေါသဟုန်းဟုန်း တောက်လောင်နေခြင်းဖြစ်သည်ကို ထင်ရှားလာလေရာ ဘာစကားကိုဆက်၍ ပြောရမှန်း မသိသကဲ့သို့ ပါးစပ်ဟပြီး ကြည့်နေလိုက်ရလေ၏။

မောင်တင့်ကား ဘာကြောင့်ဦးကံရ ဒေါသ, ထွက်နေသည်ကို နားမလည်နိုင်။ သူ၏ မှာကြားချက်အတိုင်း မိမိ၏ အစွမ်းရှိသမျှ လုပ်ကိုင်ပေးခြင်းကို ကျေနပ်ဖို့ရန်သာရှိသည်ဟု သဘောရနေပေသည်။ ထို့နောက် သူ၏မျက်လုံးများသည် ဦးကံရ၏ နောက်က မခင်သီဆီသို့ ရောက်သွားလေသည်။ မခင်သီ၏မျက်လုံးကား ဖြူဖတ်ဖြူရော် ဖြစ်နေပေ၏။ ထိုသို့ ဖြစ်နေခြင်းမှာ မိမိကို အားနာနေခြင်းပေလောဟု ကိုယ်လိုရဆွဲ၍တွေးလိုက်မိလေ၏။

ခင်သီ၏စိတ်ထဲတွင် မိမိအား သိပ်ပြီးအထင်ကြီးသွားလေပြီဟူ၍လည်း ထင်မိကာ မိမိအစွမ်းချည်းမဟုတ်ဘဲ မိမိအစွမ်းကဲ့သို့ အထင်ရှိမသွားစေလိုသောကြောင့် ဦးကံရဘက်သို့လှည့်ကာ ''ကျွန်တော်ချည်းပဲ လုပ်တာတော့ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မြေတူးသမားကလည်း အတော်ပဲလုပ်ပါတယ်။ ကျွန်တော်ကလည်း ဝင်ကူရတာပေါ့'' ဟု ပြောပြလေ၏။

''ဒါ... ဒါတွေ မင်းလုပ်တာတွေပေါ့''

''ဟုတ်ပါတယ်... ကျွန်တော်လုပ်တာ တော်တော်များပါတယ်'' ဟုဆိုရင်း မောင်တင့်သည် သူ၏ လက်မောင်းတစ်ဖက်ကို ကွေးကာ ကြွက်သားများ ထုတ်သည့်ဟန် ပြုလုပ်လေ၏။

ဤတွင် ဦးကံရ၏ပါးစပ်မှာ စက်ခလုတ်နှိုးလိုက်သည့် အလား စကားများ ဒလဟောသွန်၍ ထွက်လာလေ၏။ မောင်တင့်မှာ နားထဲတွင် စကားများ တင်းကြမ်းပြည့်နှက်သွားသဖြင့် မည်သည့်စကားကို မှတ်လိုက်ရမှန်း မသိတော့ချေ။ မိမိအား အမျိုးမျိုးရှုတ်ချ ခေါ်ဝေါ်နေသည်ကိုကား သိလိုက်လေသည်။

''မ...မ...မဟုတ်ပါဘူးခင်ဗျာ။ ကျွန်...ကျွန်တော်...တစ်ဆိတ်ရှင်း ... ရှင်း''

''သွား... ထွက်သွား'' ဦးကံရ၏မျက်နှာမှာ အနီလွန်ပြီး မရမ်းရောင်ထွက်လျက် ရှိလေတော့သည်။ သူ့မျက်လုံးများကား လူသားစားမည့် ကျားကဲ့သို့ ဝင်းလက်နေတော့၏။ ''မင်း ... မင်းကို ဂါတ်တိုင်ပြီး ဖမ်းချုပ်ရလိမ့်မယ်''

ယင်းသို့ ဆူပွက်နေစဉ်မှာပင် ဦးလူကလေးရောက်လာလေ၏။ သူ့မျက်နှာမှာလည်း ဒေါသ, အခိုးအလျှံထွက်၍ နေပေ၏။ ပါးစပ်ကလည်း တတွတ်တွတ်ရေရွတ်ကာ လက်ကိုင်တုတ်တစ်ချောင်းကို လေထဲတွင် ရမ်း၍လာလေသည်။ ယမန်နေ့က စာဖတ်သင်းတွင် ဦးလူကလေးက သူ၏ခြံအတွင်းမှ ပန်းပင်များ တူးပစ်မည်ဟု ကြိမ်းဝါးသွားသည်ကို ဦးကံရ ကြားရသဖြင့် မိမိလည်း မိမိခြံတွင်းမှ စားသောက်၍ ရနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



အပင်အချို့ကို တူးပစ်ရန် ဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်ချက်အတိုင်း ရွာထဲမှ လယ်ကူလီလုပ်သူ တစ်ယောက်ထံသွားကာ မာလာမြိုင်အိမ်သို့လာပြီး သစ်ပင်များကို တူးပစ်ရန် မှာကြားခဲ့လေ၏။ ထိုသူကလည်း ဆိုင်းဘုတ်ကို ကြည့်၍လာရာ ဦးလူကလေး၏ အိမ်ရှေ့တွင် ချိတ်ထားသော ဆိုင်းဘုတ်မှာ မာလာမြိုင်အိမ်ဖြစ်သည်ကို တွေ့ရ၍ ထိုအိမ်ထဲသို့ဝင်ပြီး မှာထားသည့်အတိုင်း ဦးလူကလေး အမြတ်တနိုး စိုက်ထားသော စားပင်သီးပင်တို့ကို ခုတ်ပိုင်း တူးဆွပစ်လေတော့၏။

ဦးလူကလေး အိမ်ပြန်ရောက်လာသောအခါ မိမိမလိုလားသော ပန်းပင်များက မားမားမတ်မတ်ရှိနေကြပြီး ကျန်သစ်ပင်များ လဲပြိုပြတ်သတ်နေသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ လယ်ကူလီအား မည်သူ့အမိန့်နှင့် ထိုသို့ပြုလုပ်ခြင်းကို မေးမြန်းကြည့်ရာ ၎င်းအား လာရောက်ခိုင်းသူ၏ ပုံပန်းသဏ္ဍာန်ကို ပြောပြခြင်းအားဖြင့် ဦးကံရအမှန်းပင်ဖြစ်ကြောင်း သိရလေ၏။ သို့ဖြစ်၍ ဤကိစ္စမှာ ဦးကံရ၏ အကောက်ကြံစည်ခိုင်းမှုသာ ဖြစ်ရမည်ဟု ယူဆပြီး ဦးကံရနှင့် ရန်ဖြစ်ရန်လာခဲ့ခြင်း ဖြစ်လေတော့၏။ ဦးလူကလေး၏ နောက်ပါးတွင် ကပ်၍ လူတစ်ယောက်ပါလာသေးရာ ထိုသူမှာ ဦးကံရက မိမိ၏ခြံထဲမှ အသီးအပင်များကို ခုတ်ထစ်တူးဖော်ရန် မှာခဲ့သူ၊ အိမ်မှားပြီး ဦးလူကလေး အိမ်သို့ရောက်သွားသူ လယ်ကူလီပင် ဖြစ်ပေ၏။ သို့သော် ဦးကံရမှာ သူ့ကိုမမြင်။ ဒေါသ, မောဟ,နှင့်လာနေသော ဦးလူကလေးကိုသာ မြင်ရလေ၏။

ဦးလူကလေးကား ဦးကံရ ခြံတိုင်တွင် မိမိအိမ်က ဆိုင်းဘုတ် တပ်ထားသည်ကို မမြင်။ ဦးကံရခြံထဲတွင်လည်း ပန်းပင်များ မရှိတော့သည်ကို ဂရုမပြုနိုင်။ ဦးကံရထံသို့သာ မဲပြီး



www.burmeseclassic.com

www.burmeseclassic.com



လာနေ၏။

''ဟော့ ဖိုးကံရရဲ့ ဒါမျိုးဟာ လူယုတ်မာမှ လုပ်တဲ့အလုပ် သတ္တိရှိရင် လူချင်း စမ်း,စမ်းပါ။ ဘာမှ ရန်မမူနိုင်တဲ့ သစ်ပင်တွေကို လူမရှိတုန်း လာတူးပစ်ခိုင်းတာ မိန်းမလိုမိန်းမရ အကြံမျိုးကွ''

ဦးကံရမှာ မိမိခြံထဲမှ ပန်းပင်များကို တူးဆွမီးရှို့ပစ်ခံနေရသည့်အထဲ မဆီမဆိုင် လက်ပံသားစားနှင့်ချိုင် ဆိုသလိုလာ၍ လုပ်ခံရသည်ကို တွေ့ရသောကြောင့် ဒေါပွသည်ထက် ပွသွားလေတော့၏။

''အောင်မာ လူကလေးရာ ဒညင်းသီးက အီးတစ်ပြန် လုပ်မနေစမ်းပါနဲ့။ သူများပန်းပင်တွေ ဖျက်တာတော့ဖြင့် မပြောဘဲ။ သူ့သစ်ပင်တွေ ဖျက်ခံရပါတယ်လို့ မျက်နှာပြောင်ပဲ တိုက်ရက်ပလေတယ်''

ထိုသို့ပြောရင်းက ဦးလူကလေး၏ နောက်ကွယ်တွင် ပါလာသော လယ်ကူလီကို ဦးကံရက မြင်လေ၏။

''ဟော့ကောင် မင်းကို မနေ့ညက ငါလာပြီး ခြံထဲက သစ်ပင်တွေ တူးပစ်ဖို့ပြောတာ ဘာပြုလို့ မင်းက ပန်းပင်တွေ တူးပစ်ရတာလဲ''

''ကျွန်တော် သစ်ပင်တွေ တူးတာပဲ''

''ခွေးမသား နင့်မျက်စိကန်းနေသလား။ နင်တူးပစ်တာ ပန်းပင်တွေမမြင်ဘူးလား။ ကြည့်စမ်း တစ်ပင်မှမရှိတော့ဘူး''

''ဒါတွေ ကျွန်တော်မှမတူးပဲ''

''ဘာ...''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် မာလာမြိုင်အိမ်က သစ်ပင်တွေကိုသာ တူးတာပဲ''

''ငါ့အိမ်ဟာ မာလာမြိုင်အိမ်မဟုတ်လို့ ဘာအိမ်လဲ''

''မပြောတတ်ဘူးလေ။ ကျွန်တော်က မာလာမြိုင်အိမ်ကို လာခဲ့ဆိုလို့ အဲဒီဆိုင်းဘုတ်ရှိတဲ့အိမ်ကို သွားရတာပေါ့''

''ငါ့အိမ်ဟာ မာလာမြိုင်အိမ်။ ဒီဆိုင်းဘုတ်ဟာ ငါ့အိမ်မှာမှ ရှိရမှာပေါ့''

''အေး ငါ့အိမ်ကလည်း ဟေမာမြိုင်အိမ်ပဲ။ မင်း ဘယ့်နှယ့်ကြောင့် ငါ့အိမ်လာတူးရတာလဲ''

ထိုအခါမှ ဦးလူကလေးက မောင်တင့်ဘက်သို့လှည့်ကာ ''စောစောက ပန်းပင်တွေတူးပစ်တာ သူမဟုတ်ဘူးလား'' ဟုမေးလိုက်၏။

မောင်တင့်က ခေါင်းခါပြပြီးလျှင် ''ထိုလူက တစ်ယောက်။ သူမဟုတ်ဘူး'' ဟု အဖြေပေးလေ၏။

''ဟင်... '' ''ဟာ... ''

မြေတူးသူမှာ အူကြောင်ကြောင်ဖြစ်ပြီးနေရာက ''ကျွန်တော်ချည်းပဲ အပြစ်တင်မနေကြပါနဲ့ဦး။ အိမ်ရှေ့က ဆိုင်းဘုတ်တွေလည်း ကြည့်ပြီးပြောကြပါ။ ကျွန်တော့်အမှားဘာမှ မရှိပါဘူး''ဟု ပြောလေ၏။

ခင်သီသည် ခြံဝသို့ထွက်ပြီး တိုင်တွင်တပ်ထားသော ဆိုင်းဘုတ်ကို ကြည့်လိုက်ရာ ဟေမာမြိုင် ဆိုင်းဘုတ်ဖြစ်နေသည်ကို တွေ့ရ၏။

''ဟုတ်ပ့ါ ဖေဖေ။ အိမ်ရှေ့မှာတပ်ထားတာ ဟေမာမြိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်ပါလား''

''ဟိုက်...ဘယ့်နှယ်ဖြစ်တာတုန်းဟ''ဟု ဦးကံရနှင့် ဦးလူကလေးတို့၏ ပါးစပ်မှ တစ်ထပ်တည်း ထွက်လာတော့၏။

''ဘယ့်နှယ်ဖြစ်တာ... ကျွန်တော် ဘယ်သိမလဲ။ ဟောဒီ ဦးကြီးအိမ်မှာ ကျွန်တော်တွေ့ရတဲ့ ဆိုင်းဘုတ်က မာလာမြိုင်ဗျ''

''ကဲ... သွားကြည့်ကြမယ်''ဟု ဆိုကာ ဦးကံရ၊ ဦးလူကလေးနှင့် မြေတူးသမားပါ ထွက်သွားကြလေ၏။

မောင်တင့်မှာ ခင်သီနှင့်အတူ ကျန်ရစ်ခဲ့ရသဖြင့် အကြည်ဆိုက်အကြိုက်ကျကာ ဤသို့အမှားအယွင်းဖြစ်ရပုံနှင့် ပတ်သက်၍ သူ၏ထင်မြင်ချက်ကို စုံထောက် မောင်စံရှားလုပ်ရင်း ခင်သီကို အသိဖွဲ့ရတော့၏။

ခဏကြာသောအခါ ဦးကံရနှင့် ဦးလူကလေးတို့ ပြန်၍ရောက်လာကြလေသည်။ သူတို့၏မျက်နှာတွင် ဒေါသ,များ ပြေပျောက်လျက် တစ်ယောက်နှင့်တစ်ယောက် သင့်တင့်လာသည့် အမူအရာများ ပြနေပေ၏။

''ဟုတ်ပါ့ဗျာ။ နှမြောစရာကောင်းလိုက်တာ။ ပန်းပင်တွေ''ဟု ဦးလူကလေးက ဆို၏။

''အခုတော့ နှမြောနေလို့မဖြစ်ပါဘူးလေ။ ကျုပ်လည်း ခင်ဗျား အခုန ပြောသလိုပဲ သူတစ်ပါးပစ္စည်း၊ သူတစ်ပါး အလုပ်ကို မနာလို၊ ဝန်တို အမနာပပြောမှုတွေ ဘုရားပြတာ ပါပဲ''

''ဟုတ်ပါတယ်။ ကျုပ်တို့ဟာ ဥပုသ်သီတင်း အမြဲစောင့်ထိန်းပြီး ဒီလိုစိတ်တွေထားတာ မတော်ဘူးဗျ''



www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်တော့ဖြင့် ပန်းပင်တွေ မျိုးပြုတ်ပြီး သီးပင်ပဲစိုက်တော့မယ်''

''ကျုပ်လည်း သီးပင်မျိုးပြုတ်လို့ ကျန်တဲ့ပန်းပင်တွေ ပွားအောင်စိုက်ရတော့မှာပဲ''

''ကဲ... ကဲ... ရောက်တုန်းရောက်ခိုက် လက်ဖက်ရည်သောက်ကြဦးစို့''

''အို... ဖေဖေ ဥပုသ်ကြီးနဲ့လေ''

''ဟာ... ဟုတ်သားပဲ''

ဤတွင်မှ အားလုံးရယ်မောနိုင်ကြကာ မောင်တင့်ပါ ရောရောနှောနှော ဝင်၍ ရယ်လေ၏။

ထိုညတွင် မောင်တင့်မှာ ခင်သီနှင့် တွေ့ခဲ့ရသည်ကို တစိမ့်စိမ့် အတွေးစားမြုံ့ ပြန်နေလေ၏။

ဆိုးပေ၏ ဖခင်နှင့်မိခင်ကား တရုတ်ဖြူအရေးကို တိုင်ပင်နေကြလေသည်။

''အဖြူတွေ မောင်းထုတ်ဖို့ လေးနိုင်ငံဆွေးနွေးနေခိုက် ပြန်ဝင်နေပြန်တယ်ဆိုတော့ ဒီသတင်းသာမှန်ရင် တိုင်းရေးပြည်ရေး ရှုပ်တွေးလာနိုင်စရာ ရှိနေတယ်''

ဆိုးပေသည် အနားတွင်ရှိသဖြင့် ''အဝါရော၊ အဖြူရော မလာနိုင်တော့ဘူးအဖေရဲ့။ သူတို့လမ်းမသိအောင် ကျွန်တော် လုပ်ထားတယ်''ဟု ပြောပြလေ၏။

''မင်းက ကြီးကြီးကျယ်ကျယ် မင်းဘာလုပ်နိုင်တာ ရှိလို့လဲ''

''ဆိုင်းဘုတ်တွေ ပြောင်းထားတာပေါ့ အဖေရဲ့''



www.burmeseclassic.com

www.burmeseclassic.com



''ဘာ'' ဟု မောင်တင့်က ခေါက်ကနဲထလာပြီး ဆိုးပေအား မေးလေ၏။

''မာလာမြိုင်နဲ့ ဟေမာမြိုင်ဆိုင်းဘုတ်ကို ကျွန်တော်ပြောင်းထားလို့ တရုတ်အနီရော အဖြူရော လာလို့ရှိရင် သူတို့တလွဲတချော် ဖြစ်ကုန်တာနဲ့ ပြန်သွားရမှာပဲ''

''ဒီကောင်လေး ဘာတွေလာပြောနေတာလဲ။ ငါနားမလည်ပါဘူး''

''မဟုတ်ဘူး အဖေရ'' မောင်တင့်က ပြောလိုက်ပြီးမှ မိမိနှင့် ခင်သီတွေ့ရမှု၌ ဆိုးပေ၏ အကူအညီပါဝင်နေသည်ကို တွေးမိကာ ''သွား...သွား...လာရှုပ်မနေနဲ့'' ဟု အနားမှ မောင်းထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အလုပ်ရှာပုံတော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေနှင့် ရဲဘော်တစ်စုတို့သည် အချို့က ငါးမျှားတံကိုင်လျက်၊ အချို့က လက်ကိုင်ကြိုးကို တပ်ထားသည့် နို့ဆီခွက်ထဲတွင် မြေကြီးနှင့် တီကောင်ထည့်၍ ဆွဲကိုင်ကာ ငါးမျှားရန် ထွက်လာကြရင်း တံငါစုထဲမှ ဖြတ်၍ လာကြလေ၏။

''ဟဲ့... နင်တို့ဘယ်လဲ''

ထိုအသံကိုကြား၍ လှည့်ကြည့်လိုက်ကြရာ တဲရှေ့၌ ထွက်၍ ကလေးချီနေသော မိညှက်ကို တွေ့ကြရလေ၏။ ထိုသို့ မြင်လိုက်ရသည်တွင် ဆိုးပေ၏စိတ်ထဲ၌ ယခင်က မိညှက်တို့ သားအမိအား ကူညီရန် ဆုံးဖြတ်ခဲ့ကြဖူးသည်ကို ပြေး၍သတိရမိကာ ထိုဆုံးဖြတ်ချက်အတိုင်း ဖြစ်မြောက်အောင် မပြုလုပ်ရသေးသည်ကို စဉ်းစားမိလေ၏။ သို့ဖြစ်၍ မိမိတို့ ဘာလုပ်ရန် ထွက်လာသည့်အကြောင်းကို ပြန်၍ ဖြေမနေတော့ဘဲ ''နင်တို့ အဖေ ထောင်က လွတ်လာပြီလား''ဟု မေးလိုက်လေ၏။

မိညှက်သည် မရွှင်ပြသောမျက်နှာဖြင့် ခေါင်းညိတ်၍ ပြလေ၏။

''နင်တို့အဖေ ထောင်ကလွတ်လာတာ နင်ကမပျော်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



''အလုပ်မှ မရှိဘဲ။ ထောင်ထွက်ဆိုပြီး ဘယ်သူမှ အလုပ် မပေးကြဘူးတော့ ... သူ ထောင်ထဲတုန်းကမှ သူ့အတွက် ထမင်းသက်သာနေသေးတယ်။ အခုတော့ ပိုပြီးထမင်းကုန်၊ ပိုက်ဆံလည်းမရှိဘူး''

ဆိုးပေသည် ခေတ္တမျှ စဉ်းစားပြီးနောက် ''နင် ပူမနေနဲ့ အလုပ်တွေပြည့်လို့ပဲ။ ငါတို့ နင့်အဖေအတွက် အလုပ်ရအောင် ရှာပေးမယ်။ သူ ဘာတွေလုပ်တတ်သလဲ'' ဟု မေးလိုက်လေ၏။

''ဘာဖြစ်ဖြစ် လုပ်နိုင်တယ်''

ထိုအခိုက်တွင် အိမ်ထဲမှ ခေါ်သံကြားရသဖြင့် မိညက် ဝင်၍သွားပြီးနောက် ဆိုးပေတို့ လူသိုက်လည်း ချောင်းဘက်သို့ ဆက်လက်၍ ထွက်သွားကြလေ၏။

''သူ ဘာမဆို လုပ်နိုင်တယ်ဆိုရင် သူ့အတွက်အလုပ်ရဖို့ မခဲယဉ်းပါဘူး'' ဟု မောင်မောင်က အလုပ်ရှာဖွေရေးအတွက် စကားစ, လေ၏။

''အဲဒီတော့ ဒီနေ့ပဲ ဒို့များ အလုပ်လိုက်ပြီး ရှာကြမယ် ကွာ။ နောက်တစ်ရက် နှစ်ရက်ဆိုရင် ကျောင်းပြန်ဖွင့်တော့မှာမို့ အလုပ်ရှာဖို့ အချိန်ရမှာမဟုတ်ဘူး''ဟု ဆိုးပေက အကြံပေးလေ ၏။ ''အဲဒီတော့ သူ့ကို ဘာအလုပ်ပေးရင် ဖြစ်နိုင်မယ်ဆိုတာ စဉ်းစားကြစမ်းပါဦး''

''သူ ဘာမဆို လုပ်နိုင်ရင် ဆရာဝန်တို့၊ ရှေ့နေတို့ လုပ် ရင် ဖြစ်မှာပေါ့'' ဟု အဝိန်က ဆို၏။

''ဒါတော့ ဘယ်ဖြစ်နိုင်မှာလဲကွ။ ဒါတွေက သူ့ဟာနဲ့သူ ဖြစ်ပြီးသားမှ ဖြစ်တာ။ မဖြစ်ဘဲနဲ့ ဖြစ်လို့မရဘူး။ အလိုလိုဖြစ် နိုင်တာ ထမင်းချက်တို့၊ စာပို့သမားတို့၊ ဒရိုင်ဘာတို့၊ မီးသတ်



www.burmeseclassic.com

www.burmeseclassic.com



တို့၊ အများကြီးပဲ... ဒီအလုပ်မျိုးတွေ လိုက်ရှာရင်... ပြည့်လို့''

''ဒါပေမဲ့ သူက အများကြီးလုပ်နိုင်မှာ မဟုတ်ဘူး။ တစ်ခုတည်းပဲ လုပ်နိုင်မှာ''

''ဒါဖြင့် ဘယ်အလုပ်ကို အရင်စ,ရှာမလဲ''

ဆိုးပေသည် တာဝန်ဝေခွဲ၍ပေးရန် ခေတ္တမျှ စဉ်းစားနေလေ၏။

''ဒီလိုလုပ်ကွာ။ ငါက သူ့အတွက် ဒရိုင်ဘာအလုပ် ရှာမယ်။ မောင်မောင်က ပန်းခြံစိုက်တဲ့အလုပ်ရှာ။ အဝိန်က ထမင်းချက် အလုပ်ရှာ အီစွတ်က ထင်းခွေ၊ ရေခပ်တဲ့အလုပ် ရှာ။ သာဒွန်းဦးက အေး... မင်းကလဲ မင်းစဉ်းစားလို့ရတဲ့ အလုပ် တစ်ခုခုရှာ။ နေ့လယ်ကျတော့ ဒို့များ ဂိုဒေါင်မှာ ပြန်စုကြပြီး ဘာအလုပ်ရတယ်ဆိုတာ ပြောကြမယ် ဒီနေ့တော့ ဒို့ ငါးမမျှား ကြပါစို့နဲ့တော့ကွာ''

ဆိုးပေ၏ စကားကို အားလုံးသဘောတူညီကြကာ ပါ လာသော ငါးမျှားတံနှင့် နို့ဆီခွက်များကို ချုံပုတ်တစ်ခုထဲတွင် ဝှက်ထားခဲ့ကြပြီး လူခွဲ၍ ပြန်ကြလေ၏။

နံနက် ထမင်းစားပွဲတွင် ဆိုးပေသည် မိညှက်အဖေ အတွက် အလုပ်ရရန် လမ်းစကို ရှာလေ၏။

''ကျွန်တော်တို့ ဘယ်တော့ မော်တော်ကားဝယ်မှာလဲ''

''ငါတစ်သက် ဘယ်တော့မှ မဝယ်ဘူး'' ဟု ဆိုးပေ၏ ဖခင်က ပြန်၍ပြော၏။

ဆိုးပေသည် ခဏမျှတွေဝေနေပြီးမှ ''အဖေတစ်သက် ဘယ်လောက်ကြာဦးမှာလဲ'' ဟုမေးရာ ဖခင်ဖြစ်သူက မျက်လုံး ပြူး၍ စိုက်ကြည့်လိုက်သည်ကို တွေ့ရသဖြင့် ငြိမ်ပြီး နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။ သို့သော် ကြာကြာငြိမ်၍ မနေနိုင်ဘဲ စကားပြန်၍ စ,ပြန်လေ၏။

''လူတိုင်းလိုလို မော်တော်ကားရှိနေကြပြီး ကျွန်တော်တို့မှာ မရှိဘူးဆိုတော့ လူရယ်စရာကောင်းတာပေါ့။ မော်တော်ကား ဝယ်ထားတယ်ဆိုရင် ဘတ်စ်ကားခလည်း မကုန်ဘူး။ ဖိနပ်လည်း အပွန်းသက်သာတော့ ပိုက်ဆံအကုန်နည်းတယ် မဟုတ်လား။ မော်တော်ကား ဝယ်လိုက်ရင် ဒီပိုက်ဆံတွေ ဘယ်လောက်စုမိမလဲ''

ဆိုးပေပြောသည့်စကားကို မည်သူမျှ အာရုံမစိုက်၊ ထမင်းပွဲတွင် ၎င်းတို့ လက်ဆုံကျနေသည့်စကားမှာ ဈေးကလေးပိုင်းသို့ မကြာမီက ရောက်လာပြီး အိမ်ငှားနေသည့် ပန်းချီဆရာအကြောင်းပင် ဖြစ်ပေသည်။ ဆိုးပေ၏ အစ်ကို မောင်တင့်က ''အဲဒီ ပန်းချီဆရာကြီးမှာ သမီးတစ်ယောက်လည်း ပါတယ်။ ပြူတင်းပေါက်က ထွက်နေတာ ကျွန်တော်မြင်ခဲ့ရတယ်'' ဟု ပြောပြန်လေ၏။ ဆိုးပေကမူ မိမိစကားကို အာရုံမစိုက်ပါကလားဟု စိတ်မလျှော့ဘဲ ဆက်၍ ပြောလေ၏။

''ကားဝယ်မယ်ဆိုရင် ကားမောင်းဖို့ လူတစ်ယောက် ရှာပေးမယ်။ ဒီလူကို ကျွန်တော်တွေ့ထားပြီ။ ကားတွေလည်း အခုတော့ ပေါနေပါပြီ။ ဈေးပေါပေါနဲ့ ရမယ်ဆိုတာ လူတစ်ယောက်က တခြားလူတစ်ယောက် ပြောပြတာကို နောက်တစ်ယောက်ဆီက ကျွန်တော်ကြားထားတယ်။ အသစ်တော့ မဟုတ်ဘူး... ဒါပေမယ့် ကျွန်တော်နဲ့ မောင်မောင် ဆေးသုတ်တတ်ပါတယ်။ ဆေးသုတ်လိုက်ရင် အသစ်ပေါ့။ စက်က ကောင်းနေပြီးသားပဲ''

မောင်တင့်တို့ ပြောနေသည့်စကားမှာ ခေတ္တပြတ်သွားပြီး ဆိုးပေ၏မိခင်က ''လူလေး ဘာတွေလျှောက်ပြောနေကြ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ထမင်းကို စားမှာစားပါလား'' ဟု ဟန့်လိုက်လေ၏။

''ကျွန်တော်က ကားအကြောင်းပြောနေတာ''

''ဘာကားလဲ...''

''ကျွန်တော်တို့ ဝယ်မယ့်ကားလေ ... နောက်ပြီး အဲဒီ လူကလည်း''

''ဘယ်က ... ဘာလူလဲ''

''ကားမောင်းမယ့် လူပေါ့''

''ဒို့အိမ်က ကားဆိုရင် ဘာကားဖြစ်ဖြစ် ငါသာမောင်း မယ်'' ဟု မောင်တင့်က ဆိုလေ၏။

''အစ်ကို စာမေးပွဲဖြေရမှာနဲ့ ဘာနဲ့၊ ကားမောင်းနေရင် စာကြည့်ပျက်မယ် မဟုတ်လားလို့။ နောက်ပြီးတော့ အစ်ကို ကားမောင်းမယ်ဆိုရင် မိန်းကလေးတွေက အစ်ကို့ကို ညာပြီး ကားစီးမှာနဲ့ ဘာနဲ့''

''ဟော့... တိတ်စမ်း''

ဆိုးပေသည် ယာယီအားဖြင့် ငြိမ်သွားပြန်၏။

''ကျွန်တော် အဲဒီ ပန်းချီဆရာရဲ့ သမီးကို သေသေချာချာ မြင်ခဲ့တာ။ သူ့မျက်နှာကလေးကိုက'' ဟု မောင်တင့်က စကား ဆက်ရန် ရှက်ကိုးရှက်ကန်း ဖြစ်နေလေ၏။

''မင်းတွေ့ရသမျှ မိန်းကလေးတွေထဲမှာ အလှဆုံးပဲ မဟုတ်လား'' ဟု ဖခင်က ငေါ့လိုက်လေ၏။

''အဖေ ဘယ့်နှယ်လုပ်သိသလဲ''

''မင်းတွေ့လိုက်မှဖြင့် မချောတာများ ရှိသေးသလား''



www.burmeseclassic.com

www.burmeseclassic.com



မောင်တင့်သည် ပန်းချီဆရာ သမီးအကြောင်းကို ဋီကာချဲ့မည်လုပ်ပြီးမှ ဆိုးပေရှိနေသည်ကို သတိရ၍ ဆိုးပေကို အကဲခတ်နေလေ၏။ ဆိုးပေလည်း စကားပြတ်နေခိုက် မိမိအရေးကို ဆက်ပြန်လေ၏။

''ဒီလူကြီးက သိပ်တော်တာ''

''ဘယ်သူ့ပြောတာလဲ။ ပန်းချီဆရာလား''ဟု မိခင်က မေးလေ၏။

''မဟုတ်ဘူး။ ကားမောင်းမယ့် လူကြီးကို ပြောတာ။ ကားမောင်းဖို့လူကို ကားရမှ လိုက်ရှာနေမယ်ဆိုရင် မဟုတ်သေးဘူး။ စောစောက ဒရိုင်ဘာကို အရင်ခေါ်ထားလိုက်ရင်၊ ကားရတာနဲ့ မောင်းမယ့်သူ အဆင်သင့်ဖြစ်နေမယ် မဟုတ်လား''

''အင်း... အရှူးထောင်ရောက်နေတဲ့ လူတွေထဲမှာ မင်းလို သားသမီးတွေ မွေးမိတဲ့လူတွေလည်း ပါမှာပဲ''ဟု ဖခင်က ညည်းညူလေ၏။

''အဖေ စိတ်နောက်မှာကို မပူနဲ့၊ အဖေစိတ်နောက်ရင် ဟောဒီ လူကြီးက ကောင်းကောင်းကြည့်ပေးနိုင်တယ်''

''အို... တော်စမ်းပါဆိုနေ'' ဟု မောင်တင့်က ငေါက်လိုက်ပြန်လေ၏။

''အစ်ကိုကလည်း တစ်ခါလာလည်း မိန်းကလေးတွေ အကြောင်း၊ တစ်ခါလာလည်း မိန်းကလေးတွေအကြောင်း၊ ကျွန်တော်က ဒီလူကြီးအကြောင်းပြောမယ်လို့ ပါးစပ်ဟာလိုက်ရင်ပဲ''

''ဟဲ့ ကျော်ဒင်၊ နင် ဒီလူကြီးနဲ့ ပတ်သက်တဲ့စကား နောက်ထပ်ပြောရင် ဒါပဲ'' မိခင်က မာန်မဲလိုက်သဖြင့် ''နား



www.burmeseclassic.com

www.burmeseclassic.com



မထောင်ချင်ရင်လည်း နောက်မပြောတော့ပါဘူး''ဟု ဆိုကာ ထမင်းပွဲမှ လက်ဆေး၍ ထွက်ခဲ့လေ၏။

နေ့လယ်တွင် ရဲဘော်ငါးဦး ဂိုဒေါင်တွင် ဆုံကြကာ အသီးသီး အစီရင်ခံစာ တင်ကြလေ၏။ မည်သူ၏ အစီရင်ခံချက်တွင်မှ အောင်မြင်မှု မရှိပါချေ။ မောင်မောင်က သူ့အိမ်တွင် ပန်းခြံပြုပြင်သော ဘိုးထီး ခြေခေါက်၍လဲလျှင် ယာယီအားဖြင့် ဖြစ်စေ၊ လူစားသွင်းနိုင်မည့်အရေးကို မျှော်တွေးကာ၊ ဘိုးထီး ခလုတ်တိုက်၍လဲအောင် ကြိုးတန်းထားသည်ကို ဘိုးထီးတွေ့ နှင့်သဖြင့် တိုင်ကြားခံရကာ လူကြီးများ၏ ဆူပူမှုကိုသာ ရရှိခဲ့လေသည်။

''ဒါဖြင့် ဘယ်သူကမှ နေရမကျခဲ့ဘူးပေါ့'' ဟု ဆိုးပေက မေးလေ၏။

အားလုံးတွင် သာဒွန်းဦးတစ်ယောက်သာလျှင် မျှော်လင့်ချက်ရှိသည့် မျက်နှာကို ပြ၍နေလေ၏။

''ဒို့အိမ်တွေမှာ အလုပ်ရဖို့ရှာနေလို့တော့ အလကားပဲ၊ တခြားအိမ်တွေ အများကြီးရှိတယ် မဟုတ်လား။ အဲဒီအိမ်တွေ လိုက်ပြီးမေးရင် အလုပ်ပေးမယ့် အိမ်တစ်အိမ်တော့ ပေါ်လာမှာပေါ့''

ဤအကြံပေးချက်ကို ရဲဘော်အားလုံး ငြိမ်သက်စွာ စဉ်းစားကြလေ၏။ ထိုအကြံကို ဆိုးပေက မူအားဖြင့် သဘောကျသော်လည်း လက်တွေ့မဖြစ်နိုင်ပုံကို တွေ့မြင်လေ၏။

''ဒီတစ်ရပ်လုံးက ဒို့အကြောင်းသိနေကြတော့ ဒို့ကို အိမ်ထဲတောင် အဝင်ခံမှာ မဟုတ်ဘူးကွ''

''ဈေးကလေးနားမှာ လူသစ်တစ်ယောက် ရောက်လာတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ဒို့အမေပြောနေတာ ကြားတယ်''ဟု မောင်မောင်က ပြောပြလေ၏။

''ဟုတ်တယ်။ ပန်းချီဆရာကြီးလို့ ဒို့အဖေကလည်း ပြောနေတယ်'' ဟု အီစွတ်က ဆို၏။

''အေး... ဟုတ်တယ်။ ငါတို့အစ်ကိုလည်း ပြောတယ်။ သူ့မှာ သိပ်ချောတဲ့ သမီးတစ်ယောက်လည်း ရှိတယ်လို့ ပြောတယ်'' ဟု ဆိုးပေက ပြောလေ၏။

''ဒီလိုဆိုရင် သူ့အိမ်မှာ ခိုင်းဖို့ လူလိုမှာပဲ။ ဆိုးပေ သွားပြီး စုံစမ်းကွာ'' ဟု သာဒွန်းဦးက တိုက်တွန်းလေ၏။

ဆိုးပေသည် စွန့်စားခန်းအသစ် ပြုလုပ်ရမည်ဆိုလျှင် ဦးမလေးသည့်အတိုင်း ''အေး... ကောင်းပြီ၊ ငါအခုပဲ သွားမယ်ကွာ''ဟု တာဝန်ယူကာ စျေးကလေးပိုင်းသို့ ထွက်ခဲ့လေ၏။

မကြာမီပင် ဆိုးပေသည် ပန်းချီဆရာကြီး၏ အိမ်ဝင်းထဲသို့ ရောက်ရှိလာပြီးနောက် အိမ်ရှေ့တံခါးပေါက်ကို မချဉ်းကပ်သေးမီ တစ်စုံတစ်ရာ အရေးရှိ၍ ပြေးရလျှင် အလွယ်ဆုံးထွက်ပေါက်တွေ့နိုင်ရန် ခြံဝင်းအနေအထားကို အကဲခတ်နေ စဉ် အော်၍ခေါ်လိုက်သံကို ကြားရလေ၏။

''ဟေ့ သူငယ်ဟေ့... လာပါဦး''

အောက်ထပ်ရှိ ဘေးပြတင်းပေါက်မှ လူကြီးတစ်ယောက်၏ ကိုယ်တစ်ပိုင်းပေါ်လာကာ ဆိုးပေအား လက်ရပ်၍ ခေါ်လိုက်သေးသဖြင့် ဆိုးပေသည် သတိထား၍ အနီးသို့ ချဉ်းကပ်သွားလေ၏။ ထိုလူကြီးမှာ မျက်ခုံးမွေးထူထူ၊ နဖူးကျယ်ကျယ်နှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးဖြူဖြူတို့ စုံပြုပြုထွက်၍ နေသည်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟော့ သူငယ်'' ဟု ထပ်၍ ဆိုပြန်၏။

''ဗျာ... ''

''ငါလိုချင်တဲ့ ကလေးအတိုင်းပဲဟော့၊ ခပ်ပေပေ တေတေ ခပ်ကြမ်းကြမ်း ကလေးစားမျိုးကလေးပဲ။ မင့်လို ကလေးမျိုးကို ဘယ်မှာလိုက်ပြီးရှာရပါ့မလဲလို့ တောင့်တနေတုန်း ငါ့အလို သိကြားမင်းက သိလို့ထင်တယ် မင့်ကို လွှတ်လိုက်တာပဲ... လာ ဟော့... သူငယ်လေး အိမ်ထဲဝင်ခဲ့''

ဆိုးပေသည် အိမ်ထဲသို့ဝင်ကာ ထိုလူကြီး၏ အိမ်ခန်းထဲသို့ ရောက်သွားလေ၏။ အခန်းတစ်ခုလုံးတွင် ပန်းချီရေးဆွဲ သည့် ကိရိယာများဖြင့် ပြည့်လျှက်ရှိကာ၊ ထိုလူကြီး၏ အလုပ် ခန်းဖြစ်သည်ကို ဖော်ပြနေပေ၏။

''ကဲ... လာလာ ထိုင်ထိုင်... ငါလိုချင်တဲ့ ပုံစံအတိုင်းပါပဲ ကွာ၊ မင်းကို ငါပန်းချီကူးဆွဲမလို့''ဟု ပြောပြီးနောက် ပန်းချီ ရေးဆွဲရန် ကိရိယာများကို ပြင်ဆင်လေ၏။

''ငါဟာ ရန်ကုန်ထဲက လာနေတဲ့ ပန်းချီဆရာကြီးကွ။ အရင်တုန်းက ဆီဆေးတွေ၊ ရေဆေးတွေရေးနေတာပဲ။ ဒါပေ မယ့် လွတ်လပ်ရေးရပြီးတဲ့နောက် ဈေးက ပန်းချီကားတွေဝယ်တဲ့ နိုင်ငံခြားသားတွေ ပြန်ကုန်ကြတော့၊ မဂ္ဂဇင်းရုပ်ပုံတွေ ဆွဲနေ တယ်။ အဲဒီအလုပ်တွေ လက်ခံလိုက်ကတည်းက အလုပ်တွေ အပ်ကြလွန်းလို့ မနိုင်မနင်းနိုင်အောင်ဖြစ်၊ အလုပ်ရှင်တွေက လည်း နားပူလွန်းတာနဲ့ အနှောင့်အယှက် ကင်းအောင်ဆိုပြီး နားအေးပါးအေး ဒီကို ရွှေ့လာပြီးအလုပ်ကြွေးတွေ ဆပ်နေရ တယ်ကွ။ အဲဒီထဲမှာကွာ... ဝတ္ထုရေးတဲ့ ဆရာတွေကလည်း ဘယ်လိုဝတ္ထုမျိုးတွေ ရေးနေကြလဲ မသိပါဘူး။ ပေပေတေတေ သူငယ်လေးမျိုးကို ဇာတ်လိုက်လုပ်ထားလို့၊ အဲ့ဒီ ကလေးမျိုး



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ရေးဖို့ ဘယ်မှာ ရှာရပ့်ါမလဲ စိတ်ကူးနေတုန်း မင်းနဲ့အခန့် သင့်တွေ့တာပဲ။ ကဲကဲ… ဒီမှာငြိမ်ငြိမ်ရပ် ဟောဒီလို ကြည့်နေ''

ဆိုးပေသည် ပန်းချီဆရာကြီး ပြသည့်အနေအထား အတိုင်း ငြိမ်ငြိမ်ရပ်နေလေ၏။ ပန်းချီဆရာကြီးလည်း ဆိုးပေ အား အနေအထားအမျိုးမျိုးပြောင်းကာ ပုံခပ်များများတစ်ကြောင်း ဆွဲ အကြမ်းရေးယူလေ၏။ လိုသလောက် ရေးဆွဲပြီးသည့်အခါ တွင် ပုံကြမ်းများအား ဆိုးပေကြည့်ရန် ပြလေ၏။

''ကျွန်တော်နဲ့ တူလည်းမတူဘူး''

''မင်းကိုယ်မင်း သိပ်လှတယ်ထင်နေလို့ ဖြစ်ပါလိမ့်မယ် ကွာ။ မင်းက ကိုယ့်ကိုယ်ကို ဖြီးလိမ်းဝတ်စားထားတုန်းသာ မှန်ကိုကြည့်နေတဲ့ သူငယ်နဲ့တူတယ်။ အခုလို ပေရေနေတုန်း မကြည့်ပဲကိုး''

ဆိုးပေသည် ထိုသို့ပြောသည်ကို မခံချင်ချေ။ သို့သော် မိမိလာရခြင်းမှာ စကားစစ်ထိုးရန် မဟုတ်သဖြင့် လိုရင်းကိစ္စကို ပြီးမြောက်ဖို့ကိုသာ နှလုံးပြုမိလေ၏။

''ဗျို့ ဆရာကြီး မော်တော်ကားမောင်းဖို့ လူမလိုချင်ဘူး လား''

''ငါ့မှာ ကားမှမရှိဘဲ''

''အဝတ်အစားတွေ ဖွတ်ဖို့၊ လျှော်ဖို့၊ မီးပူတိုက်ဖို့ လူ ကော''

''ဒို့ပန်းချီဆရာဆိုတာ အဝတ်အစားကို သိပ်ဂရုစိုက်တာ မဟုတ်ဘူးကွဲ့''

''ပန်းပင်စိုက်ဖို့လူကော''

''ငါ ဒီမှာ ကြာကြာနေမှာမှ မဟုတ်ဘဲ''



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေသည် ပန်းချီဆရာနှင့် သင့်တော်သော အကူအညီ ပေးနိုင်သည့်အလုပ် မည်သည့်အလုပ် ရှိနိုင်မည်နည်းဟု ခေတ္တမျှ စဉ်းစားနေလေ၏။

ပန်းချီဆရာကြီးသည် အံဆွဲထဲမှ ဝတ္ထုလက်ရေးမူများကို ဆွဲထုတ်ကာ ''ဟောဒီဝတ္ထုအတွက် တော်တော်ခက်နေသေးတယ်။ ရေးတဲ့လူတွေကလည်း ကာလပေါ် ဝတ္ထုရေးစရာ ဇာတ်လမ်းတွေ ဒါလောက်များရဲ့သားနဲ့ ဘကြီးတော်ဘုရားလက်ထက်က ဇာတ်လမ်းတွေကိုမှ ကြံကြံဖန်ဖန် ရေးတတ်ပလေကွာ။ မြဝတီဦးစ စစ်ထွက်ခန်း အရုပ်ရေးရမှာ အခက်ဆုံးပဲ။ ရာဇဝင်အဝတ်အစားအတိုင်း မှန်ရင် ကောင်းပါရဲ့။ မမှန်ရင် မန္တလေးပန်းချီဆရာတွေက ရန်ကုန်ပန်းချီဆရာတွေကို အင်မတန်ကဲ့ရဲ့တာ။ ဒါကို ဒို့ကလည်း သိပ်မခံချင်ဘူး။ အခုနေ စစ်သူကြီးအဝတ်အစားနဲ့ လာပြီး ပုံဆွဲခံမယ့်လူရှိရင် သိပ်ကောင်းမှာပဲ''

အခွင့်အရေးကို အမြဲကြည့်နေသော ဆိုးပေသည် ထိုစကားကို ကြားသည်နှင့် တစ်ပြိုင်နက် ''ဟာ… အဲဒီလူ တစ်ယောက် ကျွန်တော့်မှာရှိတယ်။ ကျွန်တော် ခေါ်လာခဲ့မယ်။ ဒါပေမယ့် သူ့ကို ပိုက်ဆံပေးမှ ဖြစ်မှာ''ဟု ပြောပြလေ၏။

''သူ့အဝတ်အစားနဲ့လာပြီး ပုံဆွဲခံမယ်ဆိုရင် တစ်နာရီ တစ်ဆယ်ပေးမယ်။ အရေးကြီးတာက စစ်သူကြီးအဝတ်အစား ပါဖို့လိုတယ်''

''ဒါတော့ အို… ရှိမှာပေါ့လေ။ ရှိပါတယ်''

''ဒါဖြင့် ခေါ်ခဲ့လေ။ ငွေရစေမယ်''

''ဟုတ်ကဲ့ ခေါ်ခဲ့ပါမယ်။ စစ်သူကြီးသာမကဘူး၊ တစ်ခြား



www.burmeseclassic.com

www.burmeseclassic.com



လိုချင်လည်း ရမယ်။ ဘာမဆို သူလုပ်နိုင်တယ်''

ဤသို့ပြောပြီး လျှင်မြန်စွာ ထွက်လာခဲ့ကာ စောင့်နေကြသော ရဲဘော်များကို ပြန်၍တွေ့လေ၏။

''မင်းသွားတာ သိပ်ကြာပါလား''

''ငါ အလုပ်ရခဲ့ပြီ''

''ဘာလုပ်ရမှာလဲ''

''ပုံဆွဲခံဖို့ အလုပ်ပဲ။ ဒါပေမယ့် စစ်သူကြီးအဝတ်အစား ရှိဖို့ အရေးကြီးတယ်''

''အဲဒါတော့ ခက်တယ်ကွ။ သူ့မှာ ဆင်းရဲလို့ စားစရာမှမရှိတာ။ စစ်သူကြီး အဝတ်အစား ရှိဖို့တော့ ဝေးသားပဲ''

''ဒို့များ လိုက်ရှာတာပေါ့ကွာ။ ဘယ်မှာရှိသလဲ စုံစမ်းပြီး လိုက်ငှားတာပေါ့''

ဤသို့ပြောပြီး လူစုခွဲလိုက်ကြလေ၏။ ဆိုးပေသည် အိမ်သို့ရောက်သည့်အခါ ဗန္ဓုလအဝတ်အစား ဘယ်မှာရနိုင်မည်ကို အကြံထုတ်လေ၏။ ဘုရားပေါ်တွင် ညောင်ရေသွန်းပွဲလှည့်စဉ်က ဗန္ဓုလစစ်သူကြီးအဝတ်အစား ဝတ်ဆင်ထားသူများကို သတိရမိလေ၏။ သို့သော် ဘယ်သူ့ထံ လိုက်ရမည်ကို မကြံတတ်ချေ။ အရပ်ထဲတွင် လှည့်လည်၍ မျက်နှာချေပေါင်ဒါ၊ သွေးဆေးရောင်းသူတို့ ဝတ်ကြလေ့ရှိသည့် အဝတ်အစားများမှာလည်း ဝန်ကြီး၊ ပုဏ္ဏား၊ ဝိဇ္ဇာ အဝတ်အစားများဖြစ်ကြသည်သာများသဖြင့် သူတို့ထံက ငှား၍လည်း မရနိုင်။ သို့ဖြစ်ရကား ဘယ်မှာရှာရမည်ကို အကြံထုတ်နေသည်။ ထိုအခိုက် မြိန်ရေရှက်ရေပြောနေကြသော အစ်ကိုမောင်တင့်၏ စကားများကို ကြားရသဖြင့် နားစွင့်၍ထောင်နေလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် သူတို့ကို ထပ်တွေ့ခဲ့ရပြန်ပြီ။ ပန်းချီဆရာကြီး နာမည်က ဦးကျော်ဝင်း၊ သူ့သမီးနာမည်က ခင်ဆွေဝင်းတဲ့''

''နာမည်ကလေးက အယဉ်သားပဲ'' ဟု မိခင်က ဆို၏။

''နာမည်ထက် လူက သာပြီးလှသေးတယ်။ ပန်းချီဆရာသမီးဆိုတော့ လှအောင် ပအောင် ပိုပြီးပြင်တတ် ဆင်တတ်တာပေါ့''

မောင်တင့်၏မိခင်သည် ဆိုးပေနားစိုက်၍ ထောင်နေသည်ကို အကဲခတ်မိသဖြင့် အခြားစကားကိုပြောင်း၍ ပြောလေ၏။

''ဒီကနေ့ည သားကြီးတို့ကျောင်းက ပဒေသာကပွဲမှာ အဝတ်အစားအစုံနဲ့ နောက်ဆုံးဇာတ်တိုက်ကြရမယ် မဟုတ်လား''

''ဟုတ်ကဲ့''

''နို့... မင်းအတွက် အဝတ်အစားရပြီလား''

''ရွှေမန်းတင်မောင်အဖွဲ့ကို ဗန္ဓုလ အဝတ်အစား သွားငှားတာ ထွက်ရပ်လမ်းဇာတ် က,စရာရှိနေလို့တဲ့ ဆိုလို့ မရခဲ့ဘူး။ ဒါပေမဲ့ အေဝမ်းရုပ်ရှင်က ဗန္ဓုလ အဝတ်အစားတစ်စုံ ငှားလို့ ရလာခဲ့တယ်''

ဆိုးပေသည် ဗန္ဓုလအဝတ်အစားလို့ ကြားလိုက်ရသည်နှင့် ခေါင်းထောင်ထကာ မောင်တင့်အနားသို့ ကပ်၍လာလေ၏။

''အစ်ကို ဗန္ဓုလအကျႌ အိမ်ကိုယူလာခဲ့ပြီလား''

''အိမ်မှာရှိရှိ... မရှိရှိ။ မင်း အလုပ်ဘာရှိသလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တို့ ကျောင်းမှာ ရာဇဝင်သင်ရတယ် မဟုတ်လား။ ကျွန်တော်က ရာဇဝင်မှာ ညံ့တယ်လို့ ဆရာက ပြောနေလို့ ဗန္ဓုလအဝတ်အစားကို သေသေချာချာ ကိုင်ကြည့်ရရင် ရာဇဝင်နေ့စွဲတွေ ဘာတွေလည်း တစ်ခါတည်း ကျွန်တော်မှတ်မိသွားမယ်။ နောက်ပြီးတော့ မောက်တိုမောက်ရှည်၊ မိန်ညိုတို့ ဘာလီကွေးတို့ဆိုတာတွေဟာ ဘယ်ဒင်းကို ခေါ်တယ်ဆိုတာ ကျွန်တော်မမေ့တော့ဘူးပေါ့။ ကျွန်တော် ရာဇဝင်အောင်ရင် ဒီအတန်းအောင်မှာပဲ။ ဒါကြောင့် ဗန္ဓုလအင်္ကျီ ကျွန်တော်ကြည့်ချင်လို့ပါ''

''ကြည့်ချင်လို့... လဲသေနေ၊ မင်းတော့မပြဘူး''

ဆိုးပေသည် နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် ဆိုသကဲ့သို့ ဗန္ဓုလအဝတ်အစားတော့ ရှိနေပြီ။ ရအောင်ပဲ လုပ်ဖို့လိုတော့သည်ဟု နှလုံးပြုကာ မောင်တင့်အား ချော့မော့လှည့်စား၍ အရသုတ်ဖို့ရန် အကြံထုတ်လေ၏။

''ကျွန်တော် ဒီညနေ အားနေတယ်အစ်ကိုရဲ့။ ဒါကြောင့် အစ်ကို ဗန္ဓုလအင်္ကျီဝတ်တော့မယ်ဆိုရင် ကျွန်တော်ကူပြီး ဝတ်ပေးပါ့မယ်။ အဲဒီအင်္ကျီတွေ ဝတ်ရတာ၊ အတော်ခက်တာ အစ်ကိုတစ်ယောက်တည်း ဝတ်လို့ နိုင်မှာမဟုတ်ဘူး။ ပြီးတော့လည်း သူ့နေရာနဲ့သူ မဟုတ်ဘဲ မှားဝတ်ထားရင် လူရယ်စရာ ဖြစ်နေမယ်။ ဒါကြောင့် ကျွန်တော်အခု အဆင်သင့် လုပ်ပေးထားမယ်လေ။ အင်္ကျီတွေ ဘယ်မှာထားသလဲ''

''ဟေ့... မင်းအပူ ဘာမှမရှိဘူး။ အေးအေးနေ''

''ဤသို့ ပြောလိုက်သည့်အတွက် ဆိုးပေသည် အထူးပင်အခံရ ကြပ်၍သွားကာ မစားရတဲ့အမဲ သဲနှင့်ပက်မည်ဆိုသကဲ့သို့ စစ်သူကြီးအဝတ်ကို မိမိအား မြင်ရုံမျှ မမြင်ရစေလျှင် မောင်တင့်အား အနှောင့်အယှက်ပေးမည်ဟု နှလုံးပိုက်မိလေ၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ဤကိစ္စမှာ မိမိသဘောအတိုင်း ထင်ရာလုပ်ခြင်းထက် ရဲဘော်များနှင့် မျက်နှာစုံညီ အစည်းအဝေး ကျင်းပပြီးမှ တစ်စုံတစ်ခုလုပ်ရန် ဆုံးဖြတ်ခြင်းသည် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု ယူဆကာ ရဲဘော်များကို အမြန်လိုက်လံခေါ်ငင်ပြီး ဂိုဒေါင်တွင် စုရုံးကြလေ၏။

ဆိုးပေသည် ရဲဘော်များအား မိမိ၏ အစ်ကိုတွင် စစ်သူကြီးအဝတ်အစား ရှိနေသည့်အကြောင်း၊ သို့ပါသော်လည်း ထိုအဝတ်အစားကို မိမိရအောင် ယူနိုင်ဖို့ဝေးစွ၊ မြင်ရဖို့ရန်ပင်အလွန်ခဲယဉ်းနေသည့် အကြောင်းများသာမက ပန်းချီဆရာကြီး၏ သမီးကို အစ်ကိုဖြစ်သူ မောင်တင့် မြင်ရရုံမျှနှင့် ကြိုက်နေသည့်အကြောင်းကို လုံးဝဥဿုံပြောပြကာ မည်ကဲ့သို့ ရှေ့တစ်လှမ်းတိုးရမည်ကို အကြံဉာဏ် တောင်းလိုက်လေ၏။

အကြံဉာဏ် အကောင်းဆုံးပေးနိုင်သူမှာ ဆိုးပေ၏ ညာလက်ရုံးတစ်ဆူအဖြစ် မှတ်ယူထားသူမှာ မောင်မောင်သာလျှင်ဖြစ်ပေ၏။ မောင်မောင်ပေးသည့် အကြံဉာဏ်ဆိုလျှင် ဆိုးပေလက်မခံနိုင်သည်မှာ ရှားလှပေသည်။

''ဒီလိုလုပ်ပါလားကွာ''

''ဘယ်လိုလဲ''

''မင်းအစ်ကိုကို ဗန္ဓုလအဝတ်အစားနဲ့ ပန်းချီအရေးခံခိုင်းပါလား''

ဆိုးပေသည် မောင်မောင်၏အကြံပေးချက်ကို လေးလေးနက်နက် စဉ်းစားရင် မောင်တင့် ပန်းချီအရေးဆွဲခံလိုအောင်ပြုလုပ်ဖို့ကို နည်းလမ်းရှာဖွေကြည့်လေ၏။

''ဒီကိစ္စမှာ ဗန္ဓုလအဝတ်အစားနှင့် ပန်းချီအရေးခံလို့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငွေကိုလည်း မိညွက်တို့အဖေလက်ထဲရောက်အောင် လုပ်ဖို့ အရေးကြီးတယ်ကွ'' ဟု သာဒွန်းဦးက ပြောပြလေ၏။

''မိညွက်အဖေနဲ့ ဒို့နဲ့လည်း မတွေ့ရသေးဘူး။ အဝတ် အစားရဖို့လည်း အရေးကြီးတယ်။ အဲဒီနှစ်ခု ဆက်စပ်ရအောင် ဘယ်လိုလုပ်မလဲ'' ဟု အီစွတ်က မေးခွန်းထုတ်လေ၏။

''ဟော့... ဟုတ်ပြီ။ ငါအကြံရပြီ။ အစ်ကိုတင့်ကို ဗန္ဓုလ အဝတ်အစားနဲ့ ပန်းချီရေးဆွဲခံရအောင် ပန်းချီဆရာကြီးရဲ့ သမီး က ခေါ်တဲ့အနေမျိုးနဲ့ စာတစ်စောင်ပေးမယ်ကွာ။ ဒါပေမယ့် ပန်းချီရေးရတဲ့ အခအတွက် ငါတို့လက်ထဲရောက်အောင် ငါ လုပ်မယ်''

ရဲဘော်များသည် ဆိုးပေ၏ ကြံရည်ဖန်ရည်အတွက် ယုံကြည်ကြပြီးဖြစ်ကြ၍ မည်သို့ပြုလုပ်မည်ကို မမေးဘဲ ခင်ဆွေ ဝင်း ရေးသည့်အနေဖြင့် ပေးမည့်စာကို ဆိုးပေကိုယ်တိုင်ပေး လျှင် မဖြစ်နိုင်သည်ကို တွေးမိကြကာ... ''စာကို မင်းကိုယ်တိုင် သွားပေးလို့တော့ မဖြစ်ဘူး'' ဟု သတိပေးကြလေ၏။

''စာကို သွားပေးဖို့အတွက်တော့ အီစွတ်က တာဝန်ယူ။ မင်းကိုတော့ ငါ့အစ်ကိုက ခဏခဏ တွေ့ဖူးတာမဟုတ်တော့ မယုံသင်္ကာဖြစ်မှာ မဟုတ်ဘူး။ ငွေရမှုကိုတော့ ငါကိုယ်တိုင် ပန်းချီဆရာကြီးဆီကို အရင်သွားပြီး လှည့်ထားမယ်။ ဒီလိုဆိုရင် ပြီးရောမဟုတ်လား''

''ဒါဖြင့်... စာကို ဘယ်လိုရေးမလဲ''

ရဲဘော်ငါးဦးတို့သည် စာတစ်စောင်ဖြစ်အောင် အမျိုးမျိုး တိုင်ပင်နှီးနှော ရေးစပ်ကြပြီးလျှင် သတ်ပုံစာအုပ်တစ်ခု ကိုင်၍ စာအရေးအသား မမှားယွင်းအောင် ပြုလုပ်ကြရုံသာမက မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



လက်ရေးမှာ မိန်းကလေးလက်ရေးနှင့် မည်သည့်နည်းနှင့်မျှ မတူညီနိုင်သည့်အတိုင်း အများသဘောတူပြီးသားစာကို မောင်မောင်အား သူ့ဖခင်၏ လက်နှိပ်စက်ဖြင့် ကူးယူရိုက်နှိပ်ရန် တာဝန်လွှဲလိုက်ကြလေ၏။

မောင်တင့်ကား ဗန္ဒုလအဝတ်အစားဖြင့် ပဒေသာကပွဲတွင် တက်ရောက်ကပြရမည်ကို ဝမ်းမြောက်လျက်ရှိလေ၏။ ''ရှူး''ပြရခြင်းကို ခင်ဆွေဝင်းသာ ကြည့်မြင်ရမည်ဆိုလျှင် မိမိ၏ တစ်သက်တွင် ပျော်၍မဆုံးနိုင်စရာဖြစ်မည်ဟု နှလုံးပြုကာ မိမိ၌ရှိသမျှ စည်းစိမ်ပုံ၍အပ်ရချင် အပ်ရပါစေဟူသော စိတ်ဆန္ဒဖြစ်မိကာ စိတ်ကူးယဉ်၍ နေမိလေ၏။

ထိုအခိုက်တွင် ကလေးငယ်တစ်ယောက် အိမ်ရှေ့သို့ ရောက်လာကာ မောင်တင့်ကို တွေ့လိုကြောင်း ပြောပြပြီးလျှင် မောင်တင့်ကို တွေ့ရသည်တွင် စာတစ်စောင်ပေး၍ သွားလေ၏။ စာလာ၍ပေးသူမှာ ဆိုးပေ၏ တမန်တော် အီစွတ်ပင် ဖြစ်၏။ မောင်တင့်သည် စာပေးသည့် ကလေးကို သေချာစွာ အကဲမခတ်နိုင်ဘဲ စာကိုသာ အရေးတကြီး ဖွင့်၍ဖတ်လေ၏။

ချစ်လှစွာသော ကိုကိုတင့်ရှင့်

ကျွန်မတို့ အိမ်ရှေ့မှ ကိုကိုတင့် ဖြတ်၍ ဖြတ်၍ သွားသည်ကို မြင်ရခြင်းအားဖြင့် သူတစ်ဖက်သားကို ညှာတာသနားတတ်သူတစ်ယောက် ဖြစ်သည်ဟု ယုံကြည်မိသည့်အတိုင်း အကူအညီတောင်းပါတော့သည်။ ကျွန်မကို အဖေ့လက်ထဲမှကယ်ပါ ကိုကိုတင့်ရယ်။ ကျွန်မအဖေဟာ သိပ်ပြီး စိတ်မကောင်းဘူးရှင့်။ စာရေးဆရာအသင်းက မြဝတီဦးစပြဇာတ်ကို ကြည့်ရပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ကို ဘကြီးတော်ဘုရားလက်ထက်က လူတစ်ယောက်လို အောက်မေ့နေပြီးတော့ မဟာဆန်ချင်တဲ့စိတ်တွေ ပေါက်နေပါသည်။ သူဟာ ရူးနေပါတယ်။ ဒါပေမယ့် အရူးထောင် ပို့ရလောက်အောင်တော့ မဆိုးသေးဘူး။ သူစိတ်ထဲမှာ အခုဖြစ်နေတာက မြဝတီဦးစတို့ ဗန္ဓုလတို့လို စစ်သူကြီးအဝတ်အစားနဲ့လူမှ အိမ်ထဲကို ဝင်စေချင်တယ်။ အဲဒါမျိုးကိုမှ သူ အရုပ်ကူးပြီး ရေးချင်ပါတယ်။ ကိုကိုတင့် အဲဒီလို အဝတ်အစားနဲ့ လာနိုင်ရင် လာခဲ့ပါ။ သူ အရုပ်ရေးချင်တာလည်း ရေးပါစေ။ သူ့အကြိုက်လိုက်ပြီး လုပ်ပါ။ ပြီးတော့မှ ကျွန်မကို ကယ်ပါ။ ကယ်ပြီးတော့ ရှမ်းပြည်က ကျွန်မအဒေါ်ဆီ ပို့ပေးပါ။

ခင်ဆွေဝင်း

ထိုစာကို ဖတ်လိုက်ရသည်နှင့်တစ်ပြိုင်နက် မောင်တင့်၏ စိတ်ထဲတွင် အမျိုးမျိုးလှုပ်ရှားသွားလေ၏။ ခင်ဆွေဝင်းဟာ ငါ့ကို သိနေပါကလားဟု အံ့သြမိ၏။ ငါ့ကို မေတ္တာရှိနေပါကလားဟု ဝမ်းမြောက်မိ၏။ ငါ့ကိုမှ အကူအညီတောင်းပါကလားဟု အားတက်မိ၏။ ငါတယ်ပြီး စွန်နေပါကလားဟု ဝမ်းသာမဆုံးနိုင်ပေ။

''စစ်သူကြီးအဝတ်အစားနဲ့ဆိုတော့ သိပ်ဟန်ကျတာပဲ။ ငါ့မှာ ဒီအဝတ်အစား အဆင်သင့်ရှိနေတာနဲ့ အခန့်သင့်လိုက်တာ။ တိုက်ပဲ တိုက်ဆိုင်လွန်းလှတယ်။ ဖူးစာရေးနတ်ကလည်း ကြံကြံဖန်ဖန် စီမံတတ်လိုက်တာ လွန်ရော''

ဤသို့ မောင်တင့်၏ စိတ်၌ တွေးမိကာ ချက်ချင်းပင် ဗန္ဓုလအဝတ်အစားကို ဝတ်ဆင်ကာ ထိုအဝတ်အစားနှင့် အရုပ်



www.burmeseclassic.com

www.burmeseclassic.com



ထဲ လျှောက်လာသည်ကို လူမြင်လျှင် ရယ်စရာမဖြစ်အောင် သားမွေးအင်္ကျီရှည်ကြီးကို အပေါ်က ဝတ်လျက် စစ်သူကြီး ဦးထုပ်ကိုမူ မဆောင်းသေးဘဲ ဦးထုပ်ထည့်သည့် သံပုံးတွင် ထည့်၍လက်ဆွဲကာ ပန်းချီဆရာကြီးနေသည့်အိမ်သို့ ဦးတည်၍ထွက်လာခဲ့လေ၏။

ထိုအချိန်တွင် ဆိုးပေသည် ပန်းချီဆရာကြီး၏အိမ်သို့ ရောက်နေလေ၏။

''ဟော့... မင်းလာပြန်ပြီလား''

''ဟုတ်ကဲ့ ကျွန်တော်ပြောတဲ့လူကြီး လာနေပြီ''

''လာရင်ကောင်းတာပေါ့ကွာ။ စစ်သူကြီးအဝတ်အစား တွေကော ပါရဲ့လား''

''ဟုတ်ကဲ့... ဒါပေမယ့် ကျွန်တော် တစ်ခုပြောစရာရှိနေ တယ်။ ဒီလူဟာ သိပ်ပြီး စိတ်မနှံ့ဘူး''

''ဒီလိုဆိုရင် ဖြစ်ပါ့မလား။ မင်းက ရွာထဲက ဘယ်အရူး ကောင် ခေါ်လာတာလဲ''

''အရူးဆိုရင်လည်း ဟုတ်တာပဲ။ ဒါပေမယ့် ဒီလိုဗျ... ဒီ အရူးက သိပ်ဆိုးတဲ့ အရူးမဟုတ်ဘူး။ သူ့ကိုယ်သူ ဘဝင်မြင့်ပြီး ဗန္ဒုလအဝတ်အစားဝတ်ပြီး ရွာထဲ လျှောက်လည်နေတဲ့လူဗျ။ သူ့ကို စစ်ဗိုလ်ချုပ်ကြီးပြောမှ ကြိုက်တာ။ ဒါပေမယ့် အခု စစ် ဗိုလ်ချုပ်မဟုတ်ဘူး... ရှေးတုန်းက... စစ်ဗိုလ်ချုပ် ဗန္ဒုလတို့လို ရိုရိုသေသေပြောမှ ကြိုက်တာ ပုံတူကူးဆွဲတာကိုလည်း သူ သဘောကျတယ်။ ဒါပေမယ့် မိန်းမမြင်ရင် သူက ရှမ်းပြည်ကို ကယ်ပြီး ပြေးချင်တယ်''

''ဘာကြောင့် ရှမ်းပြည်ကိုမှ ကယ်ချင်ရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''မပြောတတ်ဘူး။ အဲဒီလိုပဲ သူ့စိတ်ထဲမှာ ရှုးနေတာပဲ''

''ကိစ္စမရှိပါဘူးကွာ... အရုပ်ကူးဆွဲဖို့ရရင် ပြီးတာပါပဲ။ ငါ့မှာလည်း သမီးပျိုတစ်ယောက်တော့ ရှိပါတယ်။ ဒါပေမယ့် သူနဲ့ တွေ့ချင်မှ တွေ့မှာပါ''

''ဟုတ်ကဲ့... ကျွန်တော်ပြောချင်တာက သူ့အတွက်ပေးဖို့ ရှိတဲ့ငွေကို ကျွန်တော့်ကို ပေးပါ။ သူ့ကို ကျွန်တော်က ထိန်းထား ရတယ်''

''ငွေအတွက်တော့ မပူပါနဲ့ကွာ။ အလုပ်ပြီးရင် ရမှာပေါ့။ သူလာဖို့သာ အရေးကြီးတာ''

''လာပါလိမ့်မယ်... စိတ်ချပါ''

ထိုအခိုက်မှာပင် တစ်စုံတစ်ယောက် အိမ်ဆီသို့ လာ ရောက်နေသည်ကို ခြေသံကြားရသဖြင့် ဆိုးပေလည်း လွတ်ရာ ဖက်မှလှည့်၍ ပြေးလေတော့၏။

မောင်တင့်သည် ပန်းချီဆရာကြီး၏ အိမ်ဝင်းထဲသို့ ဝင်၍လာလေ၏။ သူသည်ကား ဝတ္ထုအမြောက်အမြားဖတ်၊ ရုပ်ရှင်အမျိုးမျိုးကြည့်ကာ ဇာတ်လိုက်ရှူး ရှူးနေသူတစ်ယောက် ဖြစ်ပြီး ဇာတ်လိုက်မင်းသမီးကို ကယ်ချင်သူတစ်ဦး ဖြစ်လေ၏။

သို့သော် ယခုကိစ္စတွင် ဇာတ်လိုက်မင်းသမီးကို ရှမ်းပြည် သို့ ကယ်ပြေးရမည်ဖြစ်သည့်အပြင် အရေးတကြီး လောလော ဆယ် ပြေးရမည့်ကိစ္စဖြစ်သဖြင့် မိမိ၌ငွေကြေး လုံလောက်စွာ မစုဆောင်းနိုင်ခြင်းကို အကြံရကြပ်လေ၏။ မည်သို့ဖြစ်စေ ဇာတ်လိုက်မင်းသမီးကို ဦးစွာတွေ့ဖို့ရန် အရေးကြီး၏။ မင်းသမီး ၌ အနည်းဆုံး လက်ဝတ်လက်စား ရှိနိုင်မည်ဖြစ်ရာ စရိတ် အတွက် ရနိုင်မည်ဟုယုံကြည်၏။ နောက်ဆုံး မင်းသမီး၌



www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်ဘာပစ္စည်းမျှ မရှိစေကာမူ အဝေမ်းရုပ်ရှင်မှ မိမိ ငှား ထားသည့် ဗန္ဓုလအဝတ်ကို ပေါင်နှံပြီးပြေးလျှင် ဖြစ်နိုင် သည်ဟု နှလုံးပိုက်ကာ ပန်းချီဆရာကြီး၏ အိမ်သို့ ဝင်ခဲ့လေ ၏။

''သတိုးမဟာ ဗန္ဓုလကြီး ကြွပါခင်ဗျား။ ကြွတော်မူပါ''

ပန်းချီဆရာကြီး၏ စကားကို ကြားရသည်နှင့် ခင်ဆွေဝင်း ရေးသည့်စာအတိုင်းပင် စိတ်နောက်နေပါကလားဟု တွေးမိ လေရာ။

''ကျန်းခန့်သာလို့... မာပါစ... ပန်းချီဆရာတော်ကြီး''ဟု မောင်တင့်က ပြန်၍ပြောလိုက်၏။

ပန်းချီဆရာကြီး၏ စိတ်တွင် ''အင်း ဆိုးပေပြောသည့် အတိုင်း မှန်နေပါကလား''ဟု တွေးမိ၏။

''ဗိုလ်ချုပ်ကြီးတို့ ပို့သတဲ့မေတ္တာကြောင့် ကိုးဆယ့် ခြောက်ဖြာအနာဝေးပြီး၊ ဘယာဘေး ကင်းကြောင်းပါခင်ဗျ။ ဘကြီးတော်နှင့်တကွ ထိပ်ထားဘုရားတို့ကော မာပါစဗိုလ်ကြီး''

မောင်တင့်မှာ ဘကြီးတော်မှာ မည်သူဖြစ်၍ ထိပ်ထား ဘုရားမှာ မည်သူဖြစ်သည်ကိုလည်းကောင်း၊ မသိသည့်အတွက် တစ်စုံတစ်ခုပြောလိုက်၍ မှားသွားလျှင် ပန်းချီဆရာအရူးကြီးနှင့် ရှေ့ဆက်၍ အပြောရခဆိုရ ခက်နေမည်ကို စိုးရိမ်ကာ စကား ပြောင်းလိုက်ရလေ၏။

''ပန်းချီတော်ကြီးက ကျွန်တော်စစ်သူကြီးရဲ့ ပုံတူကို ကူး ယူချင်တယ်ဆိုလို့... ပန်းဝါတိုက်ပွဲ မသွားမီ ဝင်ခဲ့တယ်''

''ကျေးဇူးကြီးလှပါတယ် ဗိုလ်ချုပ်ကြီး... ဟောဒီခွေးခြေ ကို သလွန်အမှတ်ပြုပြီး ထိုင်တော်မူပါ... ပန်းချီရေးဆွဲဖို့ ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့မယ်''

မောင်တင့်သည် ခွေးခြေပေါ်တွင် စစ်သူကြီးဟန်ပေး၍ ထိုင်လိုက်လေ၏။

ပန်းချီဆရာကြီးသည် စကားမပြောတော့ဘဲ မောင်တင့်ကို ကြည့်၍ ပန်းချီရေးဆွဲလေ၏။ မောင်တင့်အဖို့မှာ မျက်ခုံးမွေးထူထူနှင့် ပန်းချီဆရာကြီးက တစ်ချက်တစ်ချက် မိမိအားစိုက်၍ ကြည့်နေသည်ကို အရူးကြီး ငါ့ကိုဘာများပြီး လုပ်လိုက်မလဲဟုတွေး၍ လန့်မိလေ၏။

''ရွှေမျက်နှာတော် နည်းနည်းမော့တော်မူပါ''

မောင်တင့်သည် ပန်းချီဆရာကြီး၏အကြိုက်ကို လိုက်၍ လုပ်နေရလေ၏။ မိမိအား ပုံအမျိုးမျိုးပြောင်း၍ ရေးနေသည်မှာ နာရီဝက်ခန့် ရှိလေပြီ။ ယခုထက်တိုင် ခင်ဆွေဝင်းကို မတွေ့ရ။ ပန်းချီဆရာ အရူးကြီးက သူ့သမီးကို အခန်းထဲ၌ သံကြိုးနှင့် ချည်နှောင်၍ ထားလေရော့သလားဟု အတွေးနက်မိ၏။ သို့သော် ယခု ပန်းချီဆရာကြီးကို ကြည့်ရသည်မှာ သွက်သွက်ခါအောင်ရူးနေပုံမရ။ ဘဝင်မြင့်နေပုံ ရသည်ဟုသာ ယူဆစရာရှိလေ၏။ ပန်းချီဆရာကြီးကလည်း မောင်တင့်အား လုံးဝရူးနေသည်မဟုတ်။ စိတ်ဖောက်ပြန်ရုံလောက်မျှသာ ရှိသည်ဟု သဘောပိုက်မိလေ၏။

ပန်းချီဆရာကြီးအဖို့မှာကား မောင်တင့်သည် ရူးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ အရုပ်ရဖို့ရန်သာ ပဓာနဖြစ်သည့်အလျောက် မောင်တင့်အလိုကိုလိုက်၍ လုပ်ဖို့ရန်ရှိသည်ဟူ ယူဆကာ ''ရွှေလည်တိုင်ဖော့ဖယောင်း ညောင်းတော်မူပါသလား။ ဗိုလ်ချုပ်ကြီး''ဟု မေးလေ၏။

မောင်တင့်သည် ထိုအမေးကို ဖြေမည်အပြုတွင် အခန်း



www.burmeseclassic.com

www.burmeseclassic.com



တွင်းသို့ ခင်ဆွေဝင်း ဝင်၍လာသည်ကို တွေ့ရသဖြင့် စကား မဆက်နိုင်ဘဲ ငေးစိုက်၍ ကြည့်နေမိလေ၏။ သူ၏ တစ်မျက်နှာ လုံးမှာ ရှားစေးရောင်ထ၍သွားကာ ပန်းချီဆရာကြီးကို လှည့်၍ ကြည့်လိုက်မိ၏။ ပန်းချီဆရာကြီးသည် မောင်တင့်၏ အဖြေကို မရသဖြင့် မောင်တင့်ကို မကြည့်ဘဲ ရေးဆွဲနေသည့် စက္ကူပေါ် တွင် မျက်နှာအပ်၍ အလုပ်ကို စူးစိုက်လုပ်ကိုင်နေလေ၏။ ဤ တွင် မောင်တင့်က ပန်းချီဆရာကြီး၏ အလစ်တွင် ခင်ဆွေဝင်း အား မျက်ရိပ်မျက်စ လက်ဟန်အမူအရာဖြင့် ''မင်းပေးလိုက်တဲ့ စာကို ငါရတယ်။ မင်းကို ကယ်ရအောင် ငါလာတာပဲ'' ဟူသည့် သဘောမျိုးကို လုပ်ပြလေ၏။ သို့သော် ခင်ဆွေဝင်းမှာ ဘာကိုမျှ နားမလည်။ ဘယ်လိုလူပါလိမ့်ဟု မစဉ်းစားတတ်ဘဲ ဖခင်ကြီး ကိုသာ''ဖေဖေ ပုံတူဆွဲဖို့ လူရထားပြီးလား''ဟု မေးလိုက်လေ၏။

ဦးကျော်ဝင်းသည် မိမိ၏ နှုတ်ခမ်းကို လက်ညှိုးနှင့် ကာ၍ပြကာ မောင်တင့်မကြားနိုင်သည့် လေသံဖြင့် ''သမီး ဟို လူဟာ စိတ်မကောင်းဘူး။ သူ့ကို အလိုက်သင့်ကြည့်ပြီး စကား ပြောနေ... ထွက်လည်း မသွားနဲ့... ဖေဖေ ပုံဆွဲတဲ့စက္ကူကုန် နေလို့ သွားယူလိုက်ဦးမယ်''ဟုဆိုကာ အခန်းထဲမှ ထွက်၍ သွား လေ၏။

''ခင်ပေးလိုက်တဲ့စာကို ရတယ်''

ခင်ဆွေဝင်းမှာ ဘာမျှအဓိပ္ပါယ်နားမလည်သော်လည်း ဖခင်မှာသည့်စကားအရ ''ဟုတ်ကဲ့''ဟု အလိုက်သင့်ပြောလိုက် လေ၏။

''ခင့်ကို မောင်ကယ်ဖို့ အသင့်ပဲ။ လိုက်မယ်မဟုတ်လား။ မောင့်ကို ယုံတယ်နော်''

''ဟုတ်ကဲ့....''



www.burmeseclassic.com

www.burmeseclassic.com



''ပုံဆွဲပြီးတာနဲ့ တစ်ပြိုင်နက် ခင့်ကို ရှမ်းပြည်က အဒေါ်ဆီ ပို့ပေးမယ်။ လိုက်ဖို့ အသင့်ပဲမဟုတ်လား''

ထိုအခိုက်တွင် ပန်းချီဆရာကြီးပြန်၍ ဝင်လာလေ၏။ ခင်ဆွေဝင်းသည် ဖခင်အနီးကပ်၍ ''အရူးကြီးပဲ ဖေဖေရဲ့ ကျွန်မကို ရှမ်းပြည်ခေါ်မလို့တဲ့''

''သူဟာ အဲဒီအတိုင်း ရူးလေ့ရှိတယ်… ဒါပေမယ့် သိပ်ဆိုးတဲ့အရူး မဟုတ်ဘူး။ အသာကြည့်နေပါ''

ဤသို့ ပြောပြီးလျှင် ပန်းချီဆရာကြီးသည် နောက်ထပ်အနေအထားတစ်မျိုးဖြင့် ပုံတစ်ခုယူရန် ပုံဆွဲစက္ကူများကို ပြင်ဆင်လေ၏။ မောင်တင့်၏ စိတ်ထဲ၌ ပန်းချီရူးကြီး ဦးကျော်ဝင်းသည် မိမိ၏အသက်တမျှချစ်လှသူ ခင်ဆွေဝင်းကိုသာမက မိမိကိုပါ ညှင်းပန်းနေသည်ဟု ယူဆကာ ငြိမ်၍မနေနိုင်တော့ဘဲ ပုံဆွဲရန်အမှီပြုသည့် ဘောင်ပေါ်တွင် ကုန်း၍ စက္ကူကပ်နေသော ဦးကျော်ဝင်းကို နောက်မှနေ၍ ဖမ်းချုပ်ကာ ခင်ဆွေဝင်းအား ''ပြေးပေတော့ ခင်ရေ… ပြေးနှင့် … သူ့ကို မောင် ချုပ်ပြီးကြိုးတုပ်ထားခဲ့မယ်'' ဟု ပြောလိုက်လေ၏။

ဤတွင် ဦးကျော်ဝင်း၏ စိတ်ထဲတွင် အရူးမှာ သောင်းကျန်း၍ လာလေပြီဟု နှလုံးပိုက်ကာ ဗန္ဓုလစစ်သူကြီးကဲ့သို့ ဝတ်ထားသော မောင်တင့်ကို ဖက်၍ နပမ်းချလေ၏။

ဦးကျော်ဝင်းမှာ အသက်အရွယ်ကြီးသော်လည်း ကျန်းမာသန်စွမ်းသူတစ်ယောက်ဖြစ်ရကား ဗန္ဓုလစစ်သူကြီးမှာ ဦးကျော်ဝင်း ခွထားသည့် ပေါင်ကြားတွင် ပြားပြားဝပ်၍ နေလေတော့၏။

''ဖေဖေ… ဖေဖေ… သူ့ကို နိုင်ပါ့မလား''



www.burmeseclassic.com

www.burmeseclassic.com



''သူ့ကိုတော့ နိုင်ပါတယ်။ ဒါပေမယ့် သူ့ကို ခေါ်လာတဲ့ သူငယ်လေးတစ်ယောက်ရှိတယ်။ အိမ်နားတစ်ဝိုက်မှာပဲ ရှိလိမ့်ဦးမယ်။ လိုက်ကြစမ်းပါဦး''

ခင်ဆွေဝင်းသည် အိမ်အပြင်ဘက်သို့ထွက်၍ ရှာသော်လည်း သူငယ်ကလေးနှင့်တူသူ တစ်ယောက်မျှ မတွေ့ရချေ။

ဆိုးပေအမျိုးပြုသော ရဲဘော်တို့သည် အခြေအနေကို အကဲခတ်၍ စောင့်စားကြည့်ရှုနေကြရာက အခန်းတွင်း၌ ထကြွသောင်းကျန်းပြီကို တွေ့ရသည်နှင့်တစ်ပြိုင်နက် ထိုအချိန်တွင် ထိုနေရာ၌ မိမိတို့ရှိခြင်းကို ခြေရာဖျောက်ရန် အရေးကြီးပြီကို တွေးမိကြကာ၊ ဖြစ်ချင်ရာဖြစ်နေကြစေတော့ဟု သဘောထားပြီး ခြေဦးတည့်ရာကို လစ်နှင့်ကြပြီး ဖြစ်ပေတော့သတည်း။

ခင်ဆွေဝင်းလည်း မည်သည့်ကလေးကိုမျှ မတွေ့ရသည့်အဆုံးတွင် အိမ်ထဲသို့ ပြန်၍ဝင်မည်အပြုတွင် ခမောက်မပါ၊ ဘိုကေဗလာနှင့် အိမ်ထဲမှ ပျာယီးပျာယာ ထွက်ပြေးလာသော ဗန္ဓုလကို ဝင်၍ မတိုက်မိအောင် မနည်းတိမ်းရှောင်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ဆိုးပေ၏ထူးတဲ့လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



''တစ်ရွာသားမို့... နောက်ကျ တကယ် ကြောက်လှတယ်တော့။ ဘယ်တော့မှ ပစ်မရ တကယ်ချစ်ပါ့မယ် ဗျ... တရွာသားမို့... ''

''ဟော့... တော်စမ်း၊ ခွေးနာ လောက်ကိုက်တဲ့ အသံမျိုးနဲ့ အော်နေတာ မကြားချင်ဘူး''ဟု မောင်တင့်က ငေါက်လိုက်သည့် အတွက် မြိန်ရေရှက်ရေဆိုနေသော ဆိုးပေ၏ သီချင်းသံမှာ လမ်းခုလပ်တွင် ထိုး၍ရပ်သွားလေ၏။

''ဘာလဲ... အစ်ကိုတစ်ယောက်တည်းပဲ အိမ်မှာ သီချင်း ဆိုဖို့ အမိန့်ရထားတာလိုက်လို့''ဟု ဆိုးပေက မကျေနပ်သည့် အမူအရာဖြင့် မျက်စောင်းထိုး၍ ပြောလိုက်လေ၏။

''မင်းဆိုလိုက်တဲ့အသံက တစ်ဖက်သားကို ရူးချင် နောက် ချင်သွားတာပဲ''

''ဒါ... ကျွန်တော်နဲ့ မဆိုင်ပါဘူး။ အစ်ကို့ဟာ အစ်ကို အချိန်ကျလို့ ရောဂါထတဲ့ဥစ္စာ''

''တိတ်... ဆိုတာ မတိတ်ဘူးလား''

''မယားတစ်ဦးရယ် ဘုရား... ဘုရားစူး ချစ်ပါ့မယ်''ဟူ



www.burmeseclassic.com

www.burmeseclassic.com



သော အသံနှင့်တကွ ဆိုးပေ၏ တဒုန်းဒုန်းပြေးသည့် ခြေသံများသည် မောင်တင့် ကောက်ပစ်လိုက်သည့် စာအုပ်စက်ကွင်းမှ အလွတ်ရုန်းကာ အိမ်နောက်ဖေးပေါက်မှ ကွယ်ပျောက်၍ သွားကြလေတော့၏။

ဆိုးပေသည် အိမ်နောက်ဖေး ခြံစည်းရိုးကို ကျော်ထွက်ခဲ့ပြီးလျှင် ခါတိုင်း သွားရိုးသွားစဉ်လမ်းအတိုင်း မသွားဘဲ ဆင်းရဲနွမ်းပါးသူများ နေထိုင်ကြသည့် ရွာအဖျားအနားထဲမှ ဖြတ်၍ လျှောက်လာခဲ့လေ၏။

''ဖိုးလမင်းကြီးရေ… ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးပါဟေ့… ဝါး… ဝါး… ဝါး… ဝါး… ဝါး''

ဆိုးပေသည် စိတ်ကူးနှင့် လျှောက်လာခဲ့သဖြင့် မည်သူ့ကိုမျှ ဂရုမစိုက်ခဲ့မိချေ။ ပါးစပ်ကို လက်ဝါးနှင့် ပိတ်ချီ ဖွင့်ချီလုပ်၍ ကလေးချော့သံကို ကြားမိမှ လှည့်ကြည့်မိလေ၏။

ရှစ်နှစ်အရွယ်ရှိ ကလေးမကလေးတစ်ယောက်သည် အနီးအဝတ်မရှိ အခါလည် သာသာမျှသာရှိသော ကလေးငယ်ကလေးကို ပေါင်ပေါ်တင်ကာ အိမ်ခါးပြင်ထွက်၍ ချော့နေသည်ကို တွေ့ရလေ၏။ တဲကလေးမှာ ဓနိမိုး ကျဲကျဲနှင့် နေမြင်လမြင်ဖြစ်သည်နှင့်အမျှ ကလေးမကလေး၏ အဝတ်အစားများမှာလည်း အပေါက်အပြဲများဖြင့် လေသာပြတင်း ဖွင့်ထားသည်ကို တွေ့ရလေသည်။ ဆိုးပေသည် ပြေကျနေသော ဆံပင်စုတ်ဖွားအောက်ရှိ ကလေးမကလေး၏ မျက်နှာမှာ ခြေဖျားအထိ အပြန်အလှန်ကြည့်ရှု အကဲခတ်လိုက်လေသည်။

''ဘာကြည့်တာလဲ''ဟု ကလေးမကလေးက ခပ်စွာစွာလုပ်လိုက်၏။

''ငါ့ဟာ ငါကြည့်တာ ဘာဖြစ်သလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဘာပြုလို့ ကြည့်ရတာလဲ''

''နင်ကော ဘာပြုလို့ ဝါးဝါးဝါး လုပ်နေတာလဲ''

''ငါ့ဟာ ငါလုပ်တာ ဘာဖြစ်သလဲ''

''ကဲ... လုပ်စမ်း...''

ကလေးမလေးသည် လဆုတ်ရက်တွင် နေ့ဘက်၌ ထွက်နေသောလ,ကို မော်ကြည့်ကာ၊ ''ဖိုးလမင်းကြီးရေ ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးပါဟော့။ ဝါး... ဝါး... ဝါး... ဝါး... ဝါး''ဟု လုပ်လိုက်ပြီးလျှင်၊ ''ကဲ... နင်ဘာလုပ်ချင်သေးလဲ''ဟု မေးလိုက်လေ၏။

''ငါက နင့်ကို လုပ်ချင်လို့ မဟုတ်ဘူး''

''တကယ်... သတ္တိဖြင့် မရှိဘဲနဲ့ လေအိုးကလေး''

''ငါလုပ်ချင်လား နင့်ခေါင်းကိုဖြတ်၊ အရေပြားကို ခွာ သစ်ပင်မှာ ချိတ်ဆွဲထားမှာ၊ နင့်ကို ငါ ဘာမှ မလုပ်ချင်လို့''

''လုပ်ချင်ကော ရမလား''

ဆိုးပေသည် ရန်တွေ့လိုသော စိတ်မရှိဘဲ၊ ထိုကလေးမကလေးကို မြင်ရသည်ကိုပင် သနား၍ ကြည့်မိခြင်းဖြစ်သည့်အတွက် စကားကို လွှဲပြောင်းလိုက်လေ၏။

''နင့်နာမည် ဘယ်သူလဲ...''

''မိညှက်တဲ့၊ နင့်နာမည်ကော''

''ဆိုးပေ..အဲလေ..ကျော်ဒင်တဲ့။ နင်အခု ဘာလုပ်တာလဲ''

''ကလေး ထမင်းဆာလို့ ချော့နေတာပေါ့''

''ထမင်းဆာရင် ကျွေးပါလား''



www.burmeseclassic.com

www.burmeseclassic.com



''ရှိမှ မရှိဘဲ... ''

''နင့်အမေက ချက်မကျွေးဘူးလား''

''အမေဖျားလို့ အိပ်ရာထဲ လဲနေတာ ဘယ်နှစ်ရက်ရှိပြီလဲ''

''နင့်အဖေကော''

''ဘယ်လောက်ကြာပြီလဲ ကျသွားတာ''

''ဘယ်အထဲ ကျသွားလို့လဲ''

''ခိုးမှုနဲ့ ထောင်ထဲကျသွားတာပေါ့ ဟဲ့။ ဘယ်ထဲကျရမှာလဲ''

''နင်က ထောင်မှ ထည့်မပြောဘဲ''

ထိုအခိုက်တွင် တဲအတွင်းမှ ''ငါ့ကို ရေကလေးများလည်း ပေးကြပါဦး။ ခေါ်နေတာများလည်း မကြားဘူးထင်တယ်'' လူမမာ၏အသံ သဲ့သဲ့ကလေး ထွက်လာလေ၏။

''ဟော...အမေခေါ်နေပြီ''ဟုဆိုကာ မိညွှက်လည်း ကလေးကို မနိုင့်တနိုင်ချီ၍ အိမ်ထဲသို့ ဝင်သွားလေ၏။

ဆိုးပေသည် တဲအတွင်းသို့ ခေတ္တမျှ လှမ်းကြည့်လိုက်ပြီးနောက် မိမိ၏လမ်းစဉ်ကို ဆက်လက်၍လျှောက်ကာ ရဲဘော်ရဲဘက်များ စုရုံးရာ ဂိုဒေါင်ပျက်ဆီသို့ ဦးတည်၍လာခဲ့လေ၏။

ဆိုးပေ၏ မျက်နှာမှာ ခါတိုင်းကဲ့သို့ မရွှင်လန်းလှပေ။ မိညွှက်တို့၏ အဖြစ်ကိုသာလျှင် တစိမ့်စိမ့် တွေးမိလာလေသည်။ သို့ရာတွင် ဂိုဒေါင်ထဲသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် တွေးတောလာခဲ့သည့် အာရုံအကုန်လုံး ပျောက်ကာ ထိုးကြမည့် ဟန်ပြင်နေသော မောင်မောင်နှင့် အဝိန်တို့ကို ပြေး၍ ဖျင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။

''ဟော့... မင်းတို့ ဘာဖြစ်တာလဲ''

''ငါက ထန်းလျက်ချောင်းကို တစ်ယောက်တစ်စုပ်စီ စုပ်ဖို့ပေးတာ သူ့အလှည့်မှာ တစ်ကိုက် ကိုက်ယူလိုက်တယ်ကွ'' ဟု မောင်မောင်က တိုင်လိုက်၏။

''ငါ ကိုက်လို့ ကုန်သွားသေးတာမှ မဟုတ်ဘဲနဲ့၊ သူက ငါ့ကို အာဋ္ဌာဝကလို့ ခေါ်တယ်''

ဆိုးပေသည် အဝိန်၏ အဖြေကို ကြားရပြီးသည့်နောက် ''အာဋ္ဌာဝကဆိုတာ ဘီလူးပဲကွ၊ ထန်းလျက်ချောင်းစားတာမှ မဟုတ်ဘဲ ... နာစရာမရှိပါဘူး'' ဟု ပြောပြလေ၏။

''ဒါပေမယ့် သူက ငါ့ကို ပါးစပ်ပြဲတယ်လို့ ဆိုချင်တာ''

''ဒါဖြင့် သူ နားမလည်လို့ပေါ့။ ပါးစပ်ပြဲတာ ကြွံမှပြဲတာ''

''မင်းကြွံက ထန်းလျက်ချောင်းစားလို့လား''ဟု မောင်မောင်က မိမိနားမလည်ဟု ဆိုခြင်းကို စောဒကတက်လေ၏။

''စားလိုက်တာမှ ငှက်ပျောသီးလည်းစား၊ မြေပဲလည်းစား၊ ထန်းလျက်ဆိုတာ မပြောနဲ့တော့။ တစ်နေ့ကို ငါးပိသာ ကုန်တယ်သိရဲ့လား'' ဟု ဆိုးပေက အနိုင်လု၍ ပြောလိုက်လေသည်။

''ဒို့တော့ မယုံပေါင်''

''မင်း မယုံပေမယ့်''ဟု ပြောရာက ဆိုးပေသည် စကားမဆက်ဘဲ ရပ်သွားလေ၏။

ဆိုးပေ စကားရပ်ရခြင်းအကြောင်းမှာ ဂိုဒေါင်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက် ဝင်လာခြင်းကြောင့် ဖြစ်ပေ၏။ ဆိုးပေတို့ ဌာနချုပ်တည်ရာ ဂိုဒေါင်တွင်းသို့ သာမန်မိန်းကလေး မဝင်ရဲပေ။ ဝင်လျှင်လည်း မောင်းထုတ်မြဲဖြစ်၏။ သို့သော် ယခုဝင်လာသူကလေးကိုကား မောင်းထုတ်ဝံ့သူ မရှိပေ။ အကြောင်းမူကား သူကလေးသည် ဆိုးပေ၏ သံယောဇဉ်မကင်းသူ မနှင်းရီကလေး ဖြစ်၏။

''ဘာလုပ်တမ်း ကစားနေကြသလဲဟေ့... ''

''ဒို့ဘာမှ မကစားကြသေးဘူး''

''ဒါဖြင့် ပုံပြောတမ်း ကစားကြမယ်။ တစ်ယောက်တစ်လဲစီ ပြောကြရအောင်''

''နှင် ဘာပုံပြောတတ်လို့လဲ''ဟု ဆိုးပေက မယုံသင်္ကာအမူအရာဖြင့် အနှင်းကို မေးလေ၏။

''တနင်္ဂနွေနေ့တုန်းက မြို့ထဲကို သွားကြရင် အင်္ဂလိပ်တောပုန်းကြီးဇာတ်ကားကို ဒို့များ ကြည့်ခဲ့ရတယ်။ အဲဒါ ငါပြောတတ်တယ်''

ဆိုးပေသည် အနှင်းက ပြောပြသည်ကို မိမိတို့က နားထောင်ရသည့်အဖြစ်မှာ မိမိတို့၏ ဂုဏ်ကျက်သရေကို ထိခိုက်သည်ဟု ထင်မိ၍ နားမထောင်လိုလှသော်လည်း တောပုန်းကြီးဟူသောစကားမှာ မိမိအကြိုက်ပင်ဖြစ်နေသည့်အတွက် ရဲဘော်တို့၏ဆန္ဒကို ယူသည့်အနေနှင့် လှည့်ကြည့်လိုက်ရာ အကြိုက်ချင်းတူညီနေသည်ကို တွေ့ရလေသည်။

''အေး... နှင်ပြောပြ၊ ဒါပေမယ့် တည့်တည့်နဲ့ ထည့်မပြောရဘူး''

''စာအုပ်ဖတ်ပြောတာမှ မဟုတ်ဘဲ... တည့်တည့်မပြော



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ရုပ်ရှင်ကို ပြောပြမှာပါ''

''ကဲ... ပြောရင်လည်း ပြောစမ်းပါ။ စကားများလိုက်တာ''

အနှင်းသည် တောပုန်းကြီး ရိုဘင်ဟုဒ် ရုပ်ရှင်ဇာတ်ကားကို ပြောပြလေ၏။ အနှင်းသည် ဇာတ်ကားကို ရေရေလည်လည် မသိသော်လည်း ဘေးက ပြောပြသည့်အတွက် အတော်အတန် သဘောပေါက်ခဲ့သည့်အလျောက် တောပုန်းကြီး ရိုဘင်ဟုဒ်သည် ပိုက်ဆံချမ်းသာသူများထံမှ ငွေများကို လုယူပြီး ဆင်းရဲသားများအား ဝေငှပေးပုံတို့ကို နားထောင်ကောင်းအောင် ပြောပြနိုင်လေသည်။

ရဲဘော်များသည် အနှင်း ပြောပြသည့်ပုံကို အလွန်သဘောကျကြကာ ''သိပ်ကောင်းတာပဲကွနော်... ဒို့များလည်း အဲဒီလို ချမ်းသာတဲ့ လူတွေဆီက ပိုက်ဆံတွေယူပြီး ဆင်းရဲသားတွေဝေပေးတာ သိပ်ကြိုက်တာပဲ''ဟု ဆိုကြလေ၏။

ဆိုးပေကား ရိုဘင်ဟုဒ်ဇာတ်ကားကို နားထောင်နေရင်း စောစောက တွေ့ခဲ့ရသော မိညှက်တို့ကို ပြေး၍ စဉ်းစားမိလေ၏။ ''ဒို့များမှာ ရိုဘင်ဟုဒ်ရှိရင် သိပ်ကောင်းမှာပဲ။ မိညှက်တို့ ထမင်းစားရမှာပဲ။ ဖိုးလမင်းကြီးက သူတို့ကို ထမင်းကျွေးနိုင်တာမဟုတ်ဘူး။ ရိုဘင်ဟုဒ်ကမှ ကျွေးနိုင်တာ''ဟု တွေးမိ၏။

အနှင်းမှာ ရိုဘင်ဟုဒ်ဇာတ်လမ်းကို အထူးစိတ်စွဲလမ်းလာခဲ့သည့်နောက် ''ဒို့များလည်း ဒီလိုလုပ်နိုင်ရင် ဘယ်လောက်ကောင်းမလဲ။ ပိုက်ဆံရှိတဲ့ လူတွေဆီက ငွေတွေယူ... မရှိတဲ့ ဆင်းရဲသားကိုပေး... သူတို့လိုပေါ့'' ဟု ပြောလေ၏။

အနှင်း၏ အကြံပေးချက်ကို ငြိမ်သက်စွာ စဉ်းစားနေကြလေ၏။ ရဲဘော်တို့သည် မိမိတို့၏ ခေါင်းဆောင် ဆိုးပေ၏ အရိပ်အကဲကို ကြည့်ကြလေ၏။ ဆိုးပေသည် နဂိုက ပွယောင်း



www.burmeseclassic.com

www.burmeseclassic.com



နေသော ခေါင်းစုတ်ဖွားထဲသို့ လက်ထိုး၍ဖွကာ မျက်နှာကျုံ့ပြီး ပြောရန်စကားကို စဉ်းစားနေလေ၏။ စွန့်စားလိုစိတ်ရှိသော ဆိုးပေအဖို့ ရိုဘင်ဟုဒ်၏ စွန့်စားခန်းသည် အထူးပင် စွဲလန်း ခြင်းဖြစ်နေသော်လည်း မိမိ၏ အရင်ဦးစွာ အနှင်းကပေးသည့် အကြံဖြစ်နေသည့်အတွက် မူအားဖြင့် လက်ခံရေးကို စကားရှာ နေခြင်းဖြစ်လေသည်။ အတန်ကြာမှ...

''ငါလည်း ဒီအကြံပေးမလို့ပါပဲကွာ... သူက အချောင်ဝင် ပြီး ဆရာလုပ်တာ... ကောင်မလေးတွေဟာ ဒါမျိုးချည်းပဲ ... သူတို့ချည်းစကားပြောချင်တယ်... တကယ်ကြတော့ ဘာမှ မလုပ်တတ်ကြဘူး... ကဲ... ပြောစမ်းပါဦး... ဘာလုပ်လို့ ဘယ် လိုလုပ်ကြမှာလဲ''

''ဒို့များ... ချမ်းသာတဲ့ လူတွေကို သေနတ်နဲ့ လျှောက်ပစ် မှာပေါ့''ဟု အဝိန်က စ၍ အကြံပေးလေ၏။

''ဟုတ်ကဲ့... အဲဒါမှ ထောင်နန်းစံနေရမှာ ဘာသိလဲ။ ဒို့လုပ်ရမှာက တောနက်ကြီးထဲမှာ ပုန်းနေပြီး ခရီးသွားတဲ့လူ တွေကို ဓားပြတိုက်။ ဒါမှ ဒို့ကိုဖမ်းလို့ မရမှာ။ ဒီလိုမဟုတ်ရင် လည်း တိတ်တိတ်ပုန်း ဓားပြတိုက်ယူရမှာ''

''မင်းပြောတဲ့ တောနက်ကြီးဆိုတာ ဘယ်မှာရှိမလဲ''

''ဓားပြတိုက်တာ တိတ်တိတ်ပုန်းလုပ်လို့ရမလား''

''တိတ်တိတ်ပုန်းမလုပ်လို့ သေနတ်ကြီးထမ်း လမ်းလျှောက် ပြီး လူတွေကို သေနတ်နဲ့ ပစ်ပြီး လုလို့ဖြစ်နိုင်ပါ့မလား။ မင်းဖြစ် ရင် ပြောစမ်းပါ''

မည်သူ့ထံမှ အဖြေမရချေ။

''ငါပြောမယ်...ဒီအလုပ်ကို ဒို့များ တစ်ယောက်စီ အလှည့်



www.burmeseclassic.com

www.burmeseclassic.com



ကျ လုပ်မှ ဖြစ်မယ်။ အားလုံးတစ်ပြုံကြီး လုပ်ကြမယ်ဆိုရင် မသက်ာဘဲ ဖြစ်သွားကြမယ်''

''ဘာလဲ မသက်ာဘူးဆိုတာ''ဟု အနှင်းက မေးသည်ကို ဆိုးပေက အရေးယူ၍ မဖြေဘဲ ထားလိုက်၏။

''ကဲ ဘယ်သူက အရင်စမလဲ''

''ငါအရင်''ဟု အနှင်းက စာရင်းသွင်းလေ၏။

''ဟင့်အင်း... နင်... နောက်ဆုံးမှလုပ်''

''နောက်ဆုံးမှ မလုပ်ချင်ဘူး... အရင်ဆုံးမှ''

''နင် အရင်ဆုံးလုပ်လို့ နင့်ကို မိသွားရင် ဒို့များအားလုံး ပေါ်သွားမှာပေါ့''

''ငါ အရင်လုပ်မယ်... ဒို့အဖေက ပိုက်ဆံရှိတယ်''

''အနှင်း၏ မိဘများမှာ ပိုက်ဆံချမ်းသာသူများ ဖြစ်သည်ကို မငြင်းနိုင်ပေ။ ဦးကံကောင်း၊ ဒေါ်မဲတူတို့၏ ငါးပိဆိုလျှင် နီးဝေးရပ်ရွာအနှံ့ သုံးကြသဖြင့် စပါးပေးနှင့် တစ်မျိုး။ ရိုးရိုးကောင်းရောင်း ကောင်းဝယ်တစ်ဖုံဖြင့် စီးပွားပွင့်လန်းသူ များ ဖြစ်ကြပေ၏။

''နင်တို့အဖေ ချမ်းသာနေတာ ဒို့ပိုက်ဆံချည်းပဲ။ နင်တို့ ငါးပိပဲ ဒို့ဝယ်စားနေရတာ''ဟု သာဒွန်းဦးက မခံချင်ကြေး ပြောလေ၏။

အီစွတ်ကမူ ''ဒို့တော့ မစားပေါင် ဖွဲတွေသလဲတွေ နွားချေး တွေနဲ့ ရောထားတယ်လို့ မြင်တဲ့လူတိုင်းက ပြောလို့ ရွံတာနဲ့ မစားဘူး''ဟု ပြောလိုက်လေ၏။

''ဒို့ ငါးပိလည်း ဒို့မစားပါဘူး။ ဒါပေမယ့် ဒို့အဖေက



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာလို့ ငါအရင်လုပ်မယ်''ဟု ပြောကာ မလုပ်ရလျှင် ငို တော့မည်ကဲ့သို့ ငိုမဲ့မဲ့ လုပ်နေလေ၏။ ဆိုးပေသည် အနှင်း ငိုသည်ကို တွေ့ရဖူးပေါင်း များလှပြီး ထိုသို့တွေ့ရတိုင်း စိတ် ထဲ၌ နောက်ကျိကျိ ဖြစ်မိလေ့ရှိသောကြောင့် ငိုအောင် မစောင့် နိုင်တော့ပေ။

''ကဲ... နင်အရင်လုပ်ချင်လည်း လုပ်။ ဒါပေမဲ့ ဒို့များ တစ်နာရီထက် ကြာကြာမစောင့်နိုင်ဘူး... တစ်နာရီကြာလို့မှ ဘာမှလည်းမရ ပြန်လည်းမလာဘူးဆိုရင် နင့်အလှည့်ပြီးပြီ... နောက်တစ်ယောက်ကို အလှည့်ပေးရမှာပဲ''

အနှင်းသည် များမကြာမီအတွင်းမှာပင် ခုန်ပေါက်မြူး တူးလျက် ပြန်၍ရောက်လာလေ၏။ သူ့လက်တွင်း၌ လှုပ်ရမ်း လာသည့် ပုလဲတစ်ကုံးမှာ ပုလဲစစ် ပုလဲကောင်းများဖြစ်သည် ကို သူမသိရှာချေ။ တန်းဖိုးကိုသာသိလျှင် ကိုင်ဝံ့မည်ပင် မဟုတ် ပေ။

ဆိုးပေသည် ပုလဲကုံးကိုကိုင်၍ ကြည့်ပြီးလျှင် ''အလကား ပုတီးစေ့တွေ''ဟု ရှုံ့ချ၍ ပြောလိုက်၏။

''ပုတီးစေ့ပေမယ့် အကောင်းတွေ ဒို့မေမေဗီရိုထဲမှာ သေတ္တာကလေးနဲ့ ထည့်ထားတာသိရဲ့လား။ မေမေပွဲထိုင်သွားမှ ဝတ်တာ။ ဗီရိုသော့ဖွင့်ထားလို့ ယူလို့ရတာသိရဲ့လား။ ပုတီး တွေဆိုပေမယ့် ပုလဲပုတီး ဘာမှတ်လို့လဲ''

''ဘာပဲဖြစ်ဖြစ် ပုတီးကို ဆင်းရဲသားတွေ ပေးလို့ ဘာလုပ် ရမှာလဲ။ ချက်စားရတာလည်း မဟုတ်ဘူး''

''ရောင်းလိုက်ရင် ပိုက်ဆံရမှာပေါ့ကွ''ဟု အဝိန်က အကြံ ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အကြံကောင်းတစ်ရပ်ဖြစ်သည့်အတိုင်း အားလုံးပင် သဘောတူကြကာ ရွာထဲသို့ ပြန်၍သွားကြလေ၏။ ရွာအရှေ့ဖျားတွင် ပုတီး၊ နားဋ္ဌောင်း၊ မောင်းကြေးနင်း၊ မြင်းဇက်ကြိုး၊ ကုန်းနှီး၊ ဝတ္ထုဆန်း၊ ပြဇာတ်စာအုပ်များရောင်းသည့် ဆိုင်တစ်ဆိုင်ရှိလေသည်။ ထိုဆိုင်သို့သွား၍ ရောင်းရလျှင် စွန်နိုင်စရာရှိသည်ကို ယုံကြည်ကာ ထိုဆိုင်ဆီသို့ ရှေးရှု၍ လာကြလေ၏။ သို့သော် ထိုနေ့မှာ ဥပုသ်နေ့ဖြစ်ရကား ဆိုင်ပိတ်၍ အိမ်ရှင်များ ဥပုသ်သီလစောင့်သွားနေသောကြောင့် မရောင်းရဘဲ ပြန်ခဲ့ကြရလေ၏။

''ကဲ... ဘယ့်နှယ်လုပ်ကြမလဲ''

''ဒီနေ့သိမ်းထားပြီး မနက်ဖြန်ကျမှ ရောင်းရမှာပေါ့''

''ဒါဖြင့် ငါပြန်သိမ်းသွားမယ်လေ။ မနက်ဖြန်ကျမှ ယူလာခဲ့မယ်''

''ပြန်ယူသွားလို့ တွေ့သွားရင် ပြန်ပြီးရမှာ မဟုတ်ဘူး။ ဒါကြောင့် ငါပဲသိမ်းထားမယ်။ ငါ့ကို မယုံဘူးလား''ဟု ဆိုးပေက မေးလေ၏။

ဆိုးပေအား မည်သူမျှ မလွန်ဆန်ဝံ့ပေ။ သို့သော် ယူလာသူ အနှင်းကလေး၏ သဘောသာ အခရာဖြစ်၍ အနှင်းအား စိုက်ကြည့်နေကြလေ၏။ အနှင်းသည် ဆိုးပေနှင့် မပေးလိုက်လိုသော်လည်း ဒီကနေ့ ဒီကိစ္စမပြီးသေးလျှင် မနက်ဖြန်ဆိုးပေတို့နှင့် ထပ်မံကစားနိုင်ဦးမည်ကို မျှော်လင့်ပြီး သဘောတူလိုက်လေ၏။

အချိန်မှာလည်း အနည်းငယ်နှောင်းသွားပြီဖြစ်၍ ဆိုးပေတို့လူသိုက် ဤတွင် လူစုခွဲလိုက်ကြလေ၏။ ဆိုးပေသည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ဝင်မိသည်နှင့် တစ်ပြိုင်တည်း အိမ်ခန်းတွင်းမှ လာနေသော မိခင်၏ခြေသံကို ကြားရသဖြင့် မိမိ၏လက်ထဲ၌ ပါလာသည့် ပုလဲပုတီးထည့်ထားသည့် သေတ္တာအပြားကလေးကို နံရံတွင် ကပ်ထားသော ပန်းတင်ခုံအထက်ရှိ အင်္ကျီများချိတ်ထားသည့် နောက်ဘက်က ကြွက်လျှောက်အပေါ်တွင်တင်၍ ဝှက်ထားလိုက်လေ၏။

လျှောက်လည်နေလိုက်တာ ဘယ်အချိန်ရှိပြီလဲ။ တစ်ကိုယ်လုံးလည်း ပေလို့ရေလို့... သွား... ရေချိုးချေ''

ဆိုးပေသည် မိခင်၏စကားအတိုင်း ရေချိုးရန်အိမ်နောက်ဖေးသို့ ဝင်သွားလေ၏။ ထို့နောက် ရေမိုးချိုး၍ အဝတ်လဲပြီး ပြန်ထွက်လာရာ ကျနသပ်ရပ်စွာ ဖြီးလိမ်းဝတ်စားလျက် ရေမွှေးနံ့တစ်ထောင်းထောင်း ထွက်နေသော အစ်ကိုဖြစ်သူ မောင်တင့် အိမ်ပေါ်မှ ဆင်းလာသည်ကို တွေ့ရလေ၏။

''အခု အချိန်သွားရင် စောမနေဘူးလား''ဟု မောင်တင့်က မိခင်အား မေးလိုက်လေ၏။

''စောမယ် မထင်ပါဘူးကွယ်။ နောက်ကျနေရင်လည်း ဘယ်ကောင်းမလဲ''

''ဒါပေမဲ့ ဟိုလက်ဆောင်ကလေးဟာ ယူသွားလို့ ကောင်းပါ့မလား''

''ဘာလက်ဆောင်လဲ... ဘယ်သူ့ပေးဖို့လဲ''ဟု ဆိုးပေက ကြားဖြတ်၍ မေးလေ၏။

''သွား... မင်းအလုပ်ဘာမှမရှိဘူး''

ဆိုးပေသည် ဘာမှမပြောဘဲ ခပ်လှမ်းလှမ်းသို့ သွား၍ ထိုင်နေလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဒီလက်ဆောင်ဘာဖြစ်သလဲ... အကောင်းသားပဲ... မေ့သက်ဝေဆိုင်က ဝယ်လာတာ မဟုတ်လား''

''ဒါပေမယ့် သိပ်အဖိုးတန်ကြီးမဟုတ်တော့ လက်ဆောင် အဖြစ်ပေးရတာ သေးသေးနုပ်နုပ် ဖြစ်နေမလားလို့''

''လက်ဆောင်ဆိုတာ အဖိုးတန်တာမတန်တာ မဟုတ်ပါ ဘူးကွယ်... စေတနာသာအရင်းပါ... သူ့ကို သတိတရရှိကြောင်း ပြဖို့ပဲ မဟုတ်လား... ရန်ကုန်ပြန်လက်ဆောင်ဆိုတော့ သူ လည်း မြတ်နိုးမှာပါပဲ... ယူသာသွားပါ''

မောင်တင့်သည် အချီအချပြောနေရန် အချိန်မရှိတော့ဟု နှလုံးပြုကာ ပန်းတင်ခုံထက်တွင် ချိတ်ထားသော အပေါ်အင်္ကျီ ကို ချိတ်မှ ဖြုတ်၍ဝတ်ကာ ထိုအင်္ကျီထားရာနောက်သို့ ကြွက် လျှောက်ပေါ်က သေတ္တာအပြားကလေးကို ယူ၍ အင်္ကျီအိတ် ထဲသို့ သွင်းလိုက်ပြီး ကသောကမြော ထွက်သွားလေ၏။

ဆိုးပေသည် အစ်ကိုနှင့် မိခင်တို့ ပြောနေသော စကား များကို နားစွင့်ကာ စာဖတ်ဟန်ဆောင်နေရာက အခန်းထဲမှ နှစ်ယောက်လုံးပျောက်သွားသည့်အခါမှ မိမိပုလဲပုတီးဝှက် ထားသောနေရာသို့ သွားရောက်ရှာဖွေကာ သေတ္တာအပြား ကလေး ပန်းတင်ခုံအောက်တွင် ကျနေသည်ကိုတွေ့၍ ကောက် ယူပြီး ထို့ထက်လုံခြုံစိတ်ချရသော နေရာတွင်ဝှက်ရန် အိပ်ခန်း ထဲသို့ ဝင်သွားလေ၏။

ဆိုးပေသည် ညစာစား၍အပြီးတွင် အိမ်ရှေ့ဆီမှ ''မယား တစ်ဦးရယ်... ဘုရား... ဘုရား... ဘုရားစူး ချစ်ပါ့မယ်''ဟူ၍ သီချင်းဆိုပြီး ဝင်လာသော အစ်ကိုမောင်တင့်၏ အသံကို ကြား လိုက်ရသည်တွင် အတော်ပင် စိတ်ထဲ၌မချင့်မရဲဖြစ်မိလေ၏။ ''ငါတော့ မဆိုရဘူး... သူ့ကျတော့ အမလေး... ကောင်းလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အသံကြီး''ဟု စိတ်ထဲက ကြိတ်၍ ကဲ့ရဲ့ရယ်မိလေ၏။

မောင်တင့်မှာ စောစောက ထွက်သွားစဉ်ကနှင့် မတူချေ။ တစ်မျက်နှာလုံးချိုပြုံးကာ တစ်ကိုယ်လုံးမှာလည်း ကြွကြွရွရွ ရှိလျက် မြေပြင်တွင် ခြေမတင်ဘဲ လမ်းလျှောက်နေဘိသကဲ့သို့ ထင်ရလေ၏။ မောင်တင့်၏ မြူးရွှင်နေပုံကို အကဲခတ်ရခြင်း အားဖြင့် ချစ်သူနှင့်တွေ့ရှိကာ အရာရာတွင် ချောမောပြေပြစ် လာလို့ပဲဟု ဆိုးပေ၏ စိတ်ထဲတွင် မှတ်ချက်ချလိုက်လေ၏။ ဆိုးပေထင်မှတ်သည့်အတိုင်းပင် မောင်တင့်သည် သူ၏ နောက်ဆုံးပိတ် ပူပူနွေးနွေးချစ်သူကလေး မသင်းကြည်နှင့် တွေ့ခဲ့ကာ မသင်းကြည်၏ ချိုသာပျူငှာစွာ လက်ခံစကားပြော ခြင်းကို ခံယူရခြင်းကြောင့် နှလုံးလေဟွေ့လာခြင်းပင် ဖြစ်ပေ သည်။

ရွာထဲရှိ အပျိုမှန်သမျှ မောင်တင့် မပိုးပန်းခဲ့ဖူးသူမရှိ ချေ။ ထိုအထဲက မောင်တင့်နှင့် ငြိသူလည်း ငြိခဲ့ကြသည်။ သို့ သော်... မောင်တင့်၏ အချစ်ဇာတ်လမ်းမှာ ဆုံးခမ်းတိုင်အောင် ဘယ်အခါမျှ မရောက်ခဲ့ဘဲ အသည်းကွဲသည်သာ များလေ၏။ ယခုတဖန် မသင်းကြည်နှင့် တွေ့ပြန်လေပြီ။ မောင်တင့်သည် မြင်မိလျှင်လိုက်၊ တွေ့မိလျှင် ကြိုက်မြဲအတိုင်း အစွဲကြီးစွဲတော့ သည်။ မောင်တင့်၏ မိခင်ကမူ သားဖြစ်သူ၏ ချစ်ကိစ္စတွင် ဘယ်အခါမှ ဟန့်တားနှောင့်ယှက်ခြင်းမရှိ။ အထူးသဖြင့် သား အကြီးနှင့်သမီးကို နေရာချလိုပြီဖြစ်ရာ ယခု မောင်တင့်နှင့် မသင်းကြည်တို့ အဆက်ဖြစ်နေကြသည်ကို သဘောတူကျေနပ် လျက် ရှိနေလေ၏။

သို့သော်လည်း မသင်းကြည်ကို ပိုးပန်းနေသူမှာ မောင်တင့် တစ်ယောက်သာလျှင် ရှိသူမဟုတ်။ ရည်းစားတစ်ထောင် လင်



www.burmeseclassic.com

www.burmeseclassic.com



ကောင် တစ်ယောက်ဟူသော စကားကဲ့သို့ ယောကျ်ားမရမီ ပိုးပန်းသူပေါ်များ၍ စန်းပွင့်မြဲဓမ္မတာ ဖြစ်သည့်အတိုင်း မောင်တင့်မှာ ပြိုင်ဘက်ပေါ်လျက်ရှိရာ မသင်းကြည်၏ အချစ်ပန်းကို တစ်ဦးတည်းပိုင် ဆွတ်လှမ်းဖို့အရေးမှာ မလွယ်ကူလှသည်ကို တွေ့ရပေသည်။ မသင်းကြည်ကလည်း မည်သူ့ကိုမျှ အတည်တကျ မဆုံးဖြတ်သေးဘဲ အကဲခတ်သည့်အနေဖြင့် လာရောက်ပိုးပမ်းသူဟူသမျှကို လိုက်လိုက်လျောလျော ဖော်ဖော်ရွေရွေ လုပ်ခဲ့လေသည်။

ထိုညတွင် မောင်တင့်ရောက်သွားစတွင် မောင်တင့်မှာ ပြန်၍ တပ်ဆုတ်ခဲ့ရတော့မည့် အခြေအနေမျိုးကို ရောက်ခဲ့ရသေးသည်။ ရောက်ရောက်ချင်း မသင်းကြည်က မောင်တင့်အား ဖော်ဖော်ရွေရွေ ခေါ်ပြောခြင်းမရှိ။ ပေးလိုက်သည့် လက်ဆောင်အတွက်လည်း ဝမ်းမြောက်ရွှင်လန်းသည့် အမူအရာမပြ၊ ဖွင့်၍မျှမကြည့်ဘဲ ဘေးသို့ အသာချထားလိုက်ကာ မိမိထက် အရင်ဦး၍ ရောက်နေသော ဂေါ်ငနဲတစ်ယောက်နှင့် စကားလက်ဆုံကျကာ မိမိအား ပစ်ဖယ်ဖယ်လုပ်၍ ထားသည်ကို တွေ့ရလေ၏။

မောင်တင့်၏ စိတ်ထဲတွင် ငါမလာမိရင် ကောင်းသား။ လက်ဆောင်ယူမလာခဲ့ရင် အကောင်းသား။ အို... ဒီလောကကြီးမှာ ငါ လူဖြစ်မလာခဲ့ရင်လည်း အကောင်းသား။ ထွေရာလေးပါးတွေးကာ ငေးငေးငိုင်ငိုင်နှင့် ဟန်မပျက် ထိုင်နေရရှာလေ၏။

ခဏကြာလျှင် မသင်းကြည်သည် အိမ်ခန်းထဲသို့ ဝင်သွားလေ၏။ မောင်တင့်ပေးလိုက်သော လက်ဆောင်ကိုမူ အမှတ်မထင် ယူ၍သွားလေ၏။ ဤတွင် မောင်တင့်မှာ ငါ့ကို လက်ခံစကားပြောလို၍သာ ဝင်သွားတာဖြစ်ရမည်ဟု တွေးမိပြီး အိမ်သို့ ပြန်၍သာ စောင့်လာခဲ့ချင်မိပေ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်ရှေ့တွင် အညံ့ခံလိုက်ရသည့်အဖြစ်ကို မပြလို၍ ဇွတ်နှစ်ပြီးစောင့်ဦးမည်ဟု စိတ်ကူးစဉ်မှာပင် မသင်းကြည် သည် ပြန်၍ထွက်လာလေ၏။

သို့သော် မသင်းကြည်၏ အမူအရာမှာ စောစောကနှင့် မတူဘဲ လုံးဝပြောင်းလဲလာသည့်အပြင် ရွှင်ချိသော မျက်နှာ ထားနှင့် မိမိအပါးသို့ ကပ်လာသည်ကို တွေ့ရလေရာ ငါ့ကို ပြုံး တာမှ ဟုတ်ရဲ့လားဟု ဇဝေဇဝါဖြစ်သွားမိလေ၏။ ထိုသို့ မယုံ နိုင်သဖြင့် မိမိ၏ ပြိုင်ဘက်ကို လှည့်၍ကြည့်လိုက်မိသေး၏။ မသင်းကြည်၏အပြုံးမှာ ပြိုင်ဘက်ဖြစ်သူအပေါ်တွင် မကျ ရောက်ဘဲ မိမိအား တကယ်ပင် စူးစိုက်၍ ပြုံးခြင်းဖြစ်သည်ကို တွေ့ရသောအခါ မောင်တင့်မှာ ဝမ်းသာလုံးဆို့သွားမိလေ၏။

''ကျေးဇူးတင်လိုက်တာ ကိုတင့်ရယ်၊ လှလိုက်တာလည်း မပြောနဲ့တော့။ ကြည်နဲ့လိုက်လွန်းလို့ ဘယ်လိုဝမ်းသာမှန်း မသိဘူး သိပ်ကောင်းပါကလား''

''မဖြစ်လောက်တဲ့ လက်ဆောင်ကလေးပါ ကြည်ရယ်။ ဒါလောက်တောင် ချီးကျူးနေစရာမလိုပါဘူး''

''ဒါမျိုးကိုများ မဖြစ်လောက်ဖူးတဲ့... ကိုတင့်က သူဌေးဆို တော့ ဒါလောက်အဖိုးတန်တဲ့ ပစ္စည်းကိုတောင် မဖြစ်လောက်ဘူး ပေါ့လေ ... မိဘ၊ ဘိုးဘွားလက်ထက်က ပစ္စည်းဖြစ်မှာပဲ ... ခုခေတ်မှ ဒါမျိုး အင်မတန်ရှားတာ''

''မိဘ၊ဘိုးဘွားအမွေ မဟုတ်ပါဘူး။ ကိုတင့်ကိုယ်တိုင် ရန်ကုန် မေ့သက်ဝေဆိုင်က ဝယ်လာခဲ့တာ''ဟုပြောကာ မောင် တင့်က တန်ဖိုးကို ဖော်ပြလိုက်မည်ဟု ရည်ရွယ်ပြီးမှ သူကြိုက် တာသာ လိုရင်းပဲဟု နှလုံးပြုပြီးလျှင် တန်ဖိုးကို ဖော်မပြဘဲ နေလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ကိုတင့်ဟာ ကြည့်အပေါ်မှာ ဒါလောက် ရက်ရောလိမ့်မယ်လို့ မထင်မိဘူး။ အခုမှ လက်တွေ့ဖြစ်လို့ ကျေးဇူးတင်မဆုံးပါဘူးရှင်။ အဲဒါထက် ကိုတင့်ရေ... ကံဦးဆရာတော်ကျောင်းမှာ ဘုံကထိန်ခင်းဖို့အတွက် မနက်ဖြန် ဒေါ်မဲတူတို့ အိမ်သွားပြီး ပြောစရာရှိတာနဲ့ အဆင်သင့်ပဲ။ နိုင်လွန် ကြည်ပြာနုကလေးနဲ့ ဒီပုလဲပုတီးကလေး ဝတ်သွားရမှာပဲ။ ကိုတင့်လည်း အားရင် ကြည်တို့နဲ့ အတူလိုက်ခဲ့ပါလား''

''ကြည်က လိုက်စေချင်တာကို ငြင်းလို့ ဖြစ်ပါမလား ... လိုက်မှာပေါ့... ဟဲ... ဟဲ''

ဤသို့ မသင်းကြည်သည် မိမိအပေါ်၌ မေတ္တာ၊ ဂရုဏာ၊ မုဒိတာတွေ ကန်ဘောင်ရိုး ချိုးချလိုက်သည်ကို တွေ့ရသည့်အတွက် မောင်တင့်မှာ ဝမ်းသာလုံးဆို့နေကာ အိမ်ရောက်သည့်အခါတွင် အခန်းတံခါးပိတ်၍ အားရပါးရ ဦးရွှေရိုးက ကလိုက်ချင်စိတ်ပင် ပေါ်ပေါက်မိလေ၏။ ထိုညအဖို့၌ မောင်တင့်မှာ အတွေးနှင့် ကြည်နူးကာ အိပ်၍မပျော်နိုင်ရှာတော့ချေ။

နံနက် လက်ဖက်ရည်သောက်ပြီးသည်နှင့် တစ်ပြိုင်နက် ဆိုးပေသည် မိမိလျှို့ဝှက်ထားသော သေတ္တာအပြားကလေးကို ယူကာ ဂိုဒေါင်သို့ ဦးစွာရောက်အောင်သွားပြီး ရဲဘော်တို့ကို စောင့်၍နေလေ။

အဝိန်... သာဒွန်းဦး၊ မောင်မောင်၊ အီစွတ်တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြသော်လည်း အနှင်းမှာ ရောက်၍ မလာသေးပေ။

''ကြာလှပြီကွာ...စောင့်နေရတာ အခုထက်ထိ မလာသေးဘူး''ဟု အဝိန်က စလိုက်၏။

''ကောင်မလေးတွေဟာ ဒီလိုချည်းပဲ။ ဘယ်တော့မဆို



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျတာချည်းပဲ''ဟု ဆိုးပေက ဝေဖန်ချက်ချလိုက်ပြီး နောက်...

''လာတော့မှာပဲကွ ... ဒါပေမဲ့ မစောင့်ချင်ရင်လည်း ဒို့များ သွားကြမယ်ကွာ ... အပြန်ကြရင် တွေ့မှာပေါ့''ဟု အကြံပေးလေ၏။

ဆိုးပေ၏ စကားကို ပယ်ရှားဝံ့သူ မရှိသည့်အတိုင်း ဆိုးပေက ခေါင်းဆောင်ကာ ရွာအရှေ့ဖျားရှိ ပုတီး၊ နာခွှောင်း ရောင်းသည့်ဆိုင်သို့ သွားကြပြီးလျှင် ဆိုးပေက ရှေ့ဆုံးက ဝင် လေသည်။

ဆိုင်ထဲ၌ အဖွားကြီးတစ်ယောက် ထိုင်လျက်ရှိကာ မိမိ တို့အား လှမ်းကြည့်နေသည်ကို တွေ့ကြရလေ၏။

''ကလေးတွေ ဘာလိုချင်လို့လဲ''

''ဒါကို ရောင်းချင်လို့''ဟု ဆိုကာ ဆိုးပေက ပုလဲပုတီး သေတ္တာလေးကို ထုတ်၍ပြလေ၏။

''ဘာကွဲ့ ... ''

''ပုတီး ...''

''ဘာပုတီးလဲ။ စိပ်ပုတီးလား''

''ပုလဲ ပုတီးပါ။ ဖွင့်ကြည့်ပါဦး''

အဖွားကြီးသည် သေတ္တာကလေးကို ဖွင့်၍ မှုန်ရီသော မျက်စိဖြင့် ကပ်ကြည့်ပြီးနောက် ''ဩော် ... ဒီပုတီးကို ရောင်း ချင်လို့လား''ဟု မေးလေ၏။

''ဟုတ်ကဲ့''ဟု သံပြိုင်ဖြေကြလေသည်။

''သိပ်လည်း မတန်ဘူးကွယ် ... ဝယ်သူလည်း ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ သုံးမတ်ပဲ ယူသွားကြတော့''

ဆိုးပေသည် ပိုက်ဆံသုံးမတ်ကို လက်ဝါးဖြန့်၍ခံယူလိုက်ပြီး ရဲဘော်များကို ဦးဆောင်၍ ပြန်လည်ထွက်လာခဲ့လေ၏။ အပြင်သို့ ရောက်ကြသောအခါ မိမိတို့နောက်သို့လိုက်လာသော အနှင်းကို တွေ့ရလေ၏။

''နင်တို့ကလဲဟယ် ငါ့တောင်စောင့်မနေဘူး''ဟု အနှင်းက ဆီး၍ အပြစ်တင်လိုက်ပြီးနောက် ''ဘယ်လောက်ပေးပြီး ယူလိုက်သလဲ'' ဟု မေး၏။

''သိပ်နည်းတာပဲဟာ၊ သုံးမတ်ပေးတယ်''

''အစမှာ ဒါလောက်ရလည်း တော်ပါပြီကွာ''ဟု မောင်မောင်က ပြောလေသည်။

''အေးပေါ့ကွာ ... ဒါလောက်နဲ့ပဲ စရမှာပေါ့''

''အဲဒါ ... ငါ့ကြောင့်ရတာ သိလား ... ဆင်းရဲသားတွေအတွက် ငါက ခိုးပေးရတာ''

''အေးပါဟ နင်ကလည်း သိပ်ကြွားတာပဲ''

''သွားကြမယ်လေ ... ပိုက်ဆံရပြီမဟုတ်လား ဆင်းရဲတဲ့လူကို လိုက်ရှာကြရမယ်''ဟု အဝိန်က ဆို၏။

''တခြားရှာနေဖို့ မလိုပါဘူး။ တံငါစုမှာ ဆင်းရဲတဲ့အိမ်တစ်အိမ် ငါတွေ့ထားတယ်။ အမေကလည်း မမာဘူး။ ကလေးတွေလည်း ထမင်းငတ်၊ အဖေကလည်း ထောင်ကျနေတယ်''

''တံငါစုဆိုရင် အဝေးကြီးပဲ ... ငါမလိုက်နိုင်ဘူး''ဟု အနှင်းက ကန့်ကွက်လေ၏။

''မလိုက်နိုင်ရင်လည်း နေရစ်ခဲ့ ... ဒို့ချည်းသွားမယ်''



www.burmeseclassic.com

www.burmeseclassic.com



''အောင်မယ် ယူပေးရတာ ဘယ်သူလဲ နင်တို့ယူပေးရတာဆိုရင် နင်တို့သဘော ... ငါယူပေးရတာဆိုရင် ငါသဘောတူမှဖြစ်မှာပေါ့''

ဆိုးပေသည် အနှင်း၏စကားကို ငြင်းပယ်ရန် ခက်နေသဖြင့် ခေါင်းကုတ်တွေဝေနေပြီးမှ ''ကဲ နင်ဘာလုပ်ချင်သလဲ'' ဟု မေးလိုက်လေ၏။

''အဝေးကြီးလည်း မသွားရအောင် အရင်ဦးဆုံးတွေ့တဲ့ ဆင်းရဲတဲ့ လူကို ပေးမှာပေါ့''

အနှင်း၏ အကြံပေးချက်မှာ မရိုင်းလှသဖြင့် သဘောတူညီကြကာ ဆင်းရဲသားရွေးကောက်ရန် ရွာဘက်သို့ ပြန်လှည့်ခဲ့ကြလေ၏။ ထိုသို့ လာခဲ့ကြရာ တစ်ကွေ့လောက်ကျော်လွန်လာခဲ့ကြလျှင်ပင် သက်ပြင်းဆိုသူတစ်ယောက်နှင့် တွေ့ရလေ၏။ သက်ပြင်းသည် တစ်ရွာလုံးက ဆေးဖော်ကြောဖက် အလုပ်မခံရ။ ရွာထဲ၌ အသုဘဖြစ်သည့်အခါမျိုးမှသာ သူတစ်ပါးမလုပ်ချင်သည့် အလုပ်မျိုးကို ခေါ်၍ အခိုင်းခံရသည့် ဘိန်းစားတစ်ယောက်ဖြစ်၏။ သို့ရာတွင် ရွာထဲ၌ တစ်နှစ်နေမှ တစ်ယောက်ဆိုသလို အသေအပျောက် နည်းသည့်အတွက် ဘိန်းကို မစားရဘဲ စုတ်ပြတ်နေသူတစ်ယောက် ဖြစ်လေသည်။

သက်ပြင်းကို မြင်လိုက်ရလျှင်ပင် ဆင်းရဲသားတစ်ယောက်ဟု အကဲခတ် ဆုံးဖြတ်လိုက်ကြကာ သက်ပြင်းအနားသို့ ကပ်သွားကြ၏။

''ခင်ဗျားငတ်နေတာ ဘယ်လောက်ကြာပြီလဲ''ဟု ဆိုးပေက ခေါင်းဆောင်၍ ရဲရဲတင်းတင်း မေးလေ၏။

''ကြာပြီမောင်ရေ့ ပိုက်ဆံဆိုလို့ မူးလို့တောင်မှ ရှုစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး''

''ဒါဖြင့်ရော့''

''ကျေးဇူးတင်လိုက်တာ ကလေးရာ''

ဆိုးပေ၊ အနှင်းနှင့်တကွ ရဲဘော်တစ်သိုက်တို့သည် ပိုက်ဆံကိုယူပြီး အိမ်ခန်းသို့ ခပ်သုတ်သုတ် ထွက်၍သွားသော သက်ပြင်းကို ရပ်ကြည့်နေကြလေ၏။

''သနားပါတယ်ကွာ... ဆာလွန်းလို့ ပြေးသွားလိုက်တာ''

''ဒို့ကယ်လို့ သူ ဘယ်လောက် စိတ်ချမ်းသာသွားသလဲ ဆိုတာ တွေးကြည့်လိုက်စမ်း''

''အဲဒါ ပုတီးကုံးကလေး တစ်ခုတည်းနဲ့ဖြစ်တာ''

''ကဲ ... နောက်ဘယ်သူ့အလှည့်လဲ''

''ငါ့အလှည့်ကွာ''ဟု ဆိုးပေက သူများထက် ဦးအောင် ပြောလိုက်လေ၏။

ဤအချိန်တွင် ဦးကံကောင်း၊ ဒေါ်မဲတူတို့၏ အိမ်သို့ မသင်းကြည်နှင့် အဒေါ်ကြီးတို့ ဝင်ရောက်လာခဲ့ကြလေ၏။ ဒေါ်မဲတူသည် အိမ်နောက်ဖေးတွင် ငါးပိနယ်နေသူများကို စီမံခန့်ခွဲနေရာက လှမ်း၍ မြင်လိုက်သဖြင့် လျင်မြန်စွာ ထွက်လာကာ ''လာကြပါ ... ကြွကြပါ မတွေ့ရတာကြာပြီ။ အခုမှပဲ ပေါ်လာတော့တယ်''ဟု ပြောပြောဆိုဆို ဖျာခင်း၊ ကွမ်းအစ်ချနှင့် လောကွတ်တွေ များ၍နေလေ၏။

''ဟဲ့ ... နောက်ဖေးမှာ အုံးမြတို့ မရှိကြဘူးလား ... လက်ဖက်ရည် ယူခဲ့ကြပါဦး''ဟု ဒေါ်မဲတူက နောက်ဘေးဘက်သို့ လှမ်း၍ မှာလိုက်ပြီးနောက် ''ဒေါ်ငွေဖော့တို့များ ဝလာလိုက်တာ ဟိုတစ်ခါက တွေ့တုန်းကနဲ့တောင် မတူဘူး။ တူမကြီး



www.burmeseclassic.com

www.burmeseclassic.com



မသင်းကြည်ကလဲ တစ်နေ့တခြား ကျက်သရေရှိလိုက်တာ… ကဲ … ကဲ … ပြောကြပါဦး၊ ကိစ္စအကြောင်းထူးကလေးများ ရှိကြရင်လဲ''ဟု မေးလေ၏။

''ကိစ္စကတော့ မထူးဘူးဆိုလည်း ဟုတ်ကဲ့… ထူးတယ်ဆိုလည်း … ဟုတ်ကဲ့ … မထူးဘူးဆိုရတာကတော့ နှစ်စဉ်လုပ်နေကျကိစ္စမို့ ဆိုရတာပါ … တခြားဟာတော့ မဟုတ်ပါဘူး … ကံဦးကျောင်းမှာ ဘုံကထိန်ခင်းဖို့ပါပဲ … ဒါပေမယ့် ခါတိုင်းလိုမဟုတ်ဘဲ ဒီနှစ်မှာ နိဗ္ဗာန်ဈေးဖွင့်ဖို့ စိတ်ကူးကြတယ်။ အဲဒါက ထူးတဲ့ကိစ္စဆိုရမှာပေါ့လေ''

''ကထိန်ခင်းတဲ့ ကိစ္စများလောက်တော့ ဒေါ်ငွေဖော့ရယ် … အထူးပြောနေစရာမလိုပါဘူး နှစ်တိုင်းလည်း ကျွန်မတို့ အလှူထည့်ခဲ့တာပါပဲ … ဒီနှစ်တောင် ကျွန်မတို့ချည်း ကမ္ဘကထပြုပြီး ကထိန်ခင်းမလို့ စောစောက ကြံမိပါသေးတယ် … ကိုကံကောင်းတစ်ယောက်က ဒီနှစ်မှာ ကောင်းကောင်းမမာတာနဲ့''

''ဟုတ်ကဲ့ နှစ်တိုင်း အလှူထည့်တာကိုလည်း သိပါတယ်။ ဒီလို စေတနာအကျိုးပေးတွေကြောင့် အခုလို နေရထိုင်ရ၊ တိုးပြီး လျှုနိုင်တမ်းနိုင်မှန်းသိလို့လည်း လာခဲ့ကြတာပါပဲ … အန္တိသော်လည်း ဒီနှစ်မှာတော့ ပွဲလည်းသွင်းမယ် … နိဗ္ဗာန်ဈေးလည်းဖွင့်ချင်ကြတာကြောင့် နိဗ္ဗာန်ဈေးအတွက်ပဲ … ဘုံမှာပဲဖြစ်ဖြစ် ကိုယ်တိုင်တစ်ဆိုင် ဖွင့်လို့ပဲဖြစ်ဖြစ် …''

''အိုအခုလို လာပြောတယ်ဆိုတော့ ကျွန်မတို့ ကိုယ်တိုင်တစ်ဆိုင်ဖွင့်ပါ့မယ်။ ဘယ်လိုဟာ ကျွေးစေချင်တယ်ဆိုတာသာ ပြောပါ။ ကဲကဲ … လက်ဖက်ရည် ကလေးများလည်း သောက်လိုက်ကြပါဦး''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မဲတူက စေတနာဗလဝနှင့် တိုက်ကျွေးသည့်လက်ဖက်ရည်များကို စားသောက်ကြပြီးနောက် မသင်းကြည်သည် လက်ဖက်ရည် သောက်လိုက်ရသည့်အတွက် အနည်းငယ် အိုက်လာသဖြင့် လည်ပင်းတွင် အလှစည်းထားသည့် ပိုးပဝါကလေးကို ချွတ်လိုက်လေ၏။

ထိုအခါမှ ဒေါ်မဲတူသည် မသင်းကြည်၏လည်တွင် ဆင်ယင်လာသည့် ပုလဲသွယ်ကို ဂရုစိုက်၍ကြည့်မိကာ ''တယ်လှပါကလား''ဟု စိတ်ထဲက ပြောမိလေ၏။

ထိုနောက် ကြည့်ရင်းကြည့်ရင်း မိမိ၏ပုလဲကုံးနှင့် တူလှချည့်လား။ တူတာမှ ချွတ်စွပ်ထားသလိုပါပဲကလားဟု တွေးမိကာ စကားပြောဖို့ရန်ကိုပင် သတိမရပဲ ပုလဲကုံးကိုသာလျှင် စိုက်ကြည့်နေလေ၏။ မိမိ၏ ပုလဲကုံးတွင် ကြီးစဉ်ငယ်လိုက် သီထားသည့်အထဲက အထက်နားတွင် ပုလဲတစ်လုံးအရွယ် မကိုက်သလိုရှိသည့်အတိုင်းပင် မသင်းကြည်၏ ပုလဲကုံး၌လည်းတွေ့နေရ၏။ အောက်ဆွဲ ပုလဲလုံးတွင် အခြားအလုံးများထက် အရောင်ပို၍ ဝင်းနေသည့်အတိုင်း မသင်းကြည်၏ ပုလဲကုံးတွင် ထပ်တူထပ်မျှတွေ့နေရ၏။

ဒေါ်မဲတူသည် မသင်္ကာဖြစ်၍လာကာ သေချာသည်ထက် ပို၍သေချာအောင် နောက်ဘက်မှလှည့်၍ ကြည့်ရန်သာလိုတော့သဖြင့် ''ကဲ ... အိုက်ကြတယ်ထင်တယ်။ ခေါင်းရင်းက ပြတင်းပေါက်ကလေး ဖွင့်လိုက်ဦးမှပဲ''ဟု ရမယ်ရှာ၍ နောက်ဘက်ရှိ ပြတင်းပေါက်သို့ ထသွားပြီးလျှင် ပြူတင်းပေါက်ကို ဖွင့်ရင်း ပုတီးဆက်သည့် ရွှေချိတ်ကလေးတစ်ဖက်တွင် စိန်ကလေးတစ်လုံးကျွတ်၍ နေမနေ ကြည့်လေ၏။

''အဟုတ်ပါပဲတော် ... ကျုပ်ပုလဲပုတီးမှ ကျုပ်ပုလဲပုတီး



www.burmeseclassic.com

www.burmeseclassic.com



အစစ်ပါ''ဟူ၍ အသံထွက်မသွားအောင် ဒေါ်မဲတူမှာ မနည်း မျိုသိပ်ထားလိုက်ရပြီးနောက် ''ကဲ...ခဏနေကြပါဦး ... အိမ်ပေါ် တက်ပြီး ကိုကံကောင်းကို ခေါ်လိုက်ပါဦးမယ်''ဟု ဆို၍ အိမ် ပေါ်သို့ ခပ်သုတ်သုတ် တက်သွားလေ၏။

အပေါ်ထပ်သို့ ရောက်သည်နှင့် ဗီရိုရှိရာသို့ ခပ်သုတ် သုတ်ကြီးပြေးသွားကာ အံဆွဲကို ဖွင့်ကြည့်လိုက်ရာ မိမိ၏ ပုလဲကုံးမှာ ထားသည့်နေရာတွင် မရှိတော့သည်ကို တွေ့ရလေ ၏။

''ကိုကောင်းရေ ... လာပါဦးတော့ မြန်မြန်''

ဦးကံကောင်းသည် အခန်းတွင်းမှ စိုးရိမ်တကြီး ထွက် လာပြီးလျှင် ''ဘာ ... ဘာ ... ဘာဖြစ်သလဲ''ဟု မေးလေ၏။

''ကျုပ် ... ကျုပ် ... ကျုပ်ပုတီးမရှိတော့ဘူး။ ခိုးထားကြ တယ်တော့''

''ဘယ်သူခိုးလို့လဲ''

''ဗီရိုအံဆွဲထဲမှာလည်း မရှိဘူး။ ဒေါ်ငွေဖော့ရဲ့တူမ သင်း ကြည်ရဲ့ လည်ပင်းမှာလည်း ဆွဲလာတယ်။ ကျုပ် နောက်ဖေး မှာနေတုန်း သူတို့ အိမ်ထဲဝင်လာကြတာပဲ။ အိမ်ပေါ်တက် နှိုက်တာနဲ့တူတယ်''

''အိမ်ပေါ်တက်လာတာ ကျုပ်မမြင်ပါကလား။ ခိုးထား ရင်လည်း ပြောင်ကြီးဆွဲလာရဲပါ့မလား''

''ဆွဲလာရဲ မလာရဲတော့ဖြင့် မပြောတတ်ဘူး။ သူ့ လည်ပင်းက ပုတီးဟာတော့ဖြင့် ကျုပ်ပုတီးမှ ကျုပ်ပုတီးအစစ် ပါပဲ။ အဲဒါ ရှင် သူတို့မမြင်အောင် နောက်ဖေးဘက်ကထွက်ပြီး ပုလိပ်တစ်ယောက် မြန်မြန်ခေါ်လိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေဖော့တို့ သုံးဦးသားသည် ဒေါ်မဲတူဆင်းလာပြီးသည့်နောက် မိမိတို့အနားသို့ ခဏလာလိုက် အိမ်ထဲဝင်လိုက် အိမ်ပြင်ထွက်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေသည်ကို တွေ့ကြရလေ၏။ ထိုသို့ စောစောကနှင့်မတူ အမူကွဲပြားနေသည်ကို တွေ့ကြရသည့်အတွက် မစဉ်းစားတတ်အောင်ဖြစ်ကြရကာ မိမိတို့လာခဲ့မိကြသည်မှာပင် မှား၍နေပြီလောဟု တွေးကြလေ၏။

ခဏမျှအကြာတွင် အိမ်ရှေ့တံခါးဝ၌ မည်းကနဲလာ၍ရပ်သော အရိပ်ကိုတွေ့ကြရ၍ ကြည့်လိုက်ကြရာ ပုလိပ်တစ်ယောက်ဖြစ်နေသည်ကို တွေ့ရလေ၏။

''ဒေါ်မဲတူ ... ဆိုတာရှိပါသလား''

''ရှိပါတယ်''ဟု ဖြေလျက် ဒေါ်မဲတူသည် အိမ်ထဲမှ ပျာပျာသလဲ ထွက်လာလေ၏။

''ခင်ဗျား အိမ်ထဲက ပုလဲပုတီးပျောက်သွားတယ်လို့ တိုင်ချက်ရတယ်။ ဘယ်အချိန်က ပျောက်သလဲ''

''ဘယ်အချိန်က ပျောက်သွားသလဲတော့ မသိဘူး။ သူများဆွဲလာတာတွေ့ရမှ ပျောက်မှန်းသိရတယ်''

''ဘယ်သူ ဆွဲလာတာကို တွေ့ရသလဲ''

''ဟော ... ဟိုကလေးမ လည်ပင်းမှာ''

မသင်းကြည်မှာ အံ့အားသင့်သွားကာ မျက်လုံးပြူးသွားလေ၏။ ဒေါ်ငွေဖော့နှင့် မောင်တင့်တို့မှာလည်း မစဉ်းစားတတ်အောင် ဖြစ်နေကြလေ၏။

ပုလိပ်သည် မသင်းကြည်အနားသို့ ကပ်လာပြီးလျှင် ''ခင်ဗျား ပုတီး တဆိတ်လောက် ပြစမ်းပါ''ဟု တောင်းလေ၏။

''အို ... မဟုတ်တာ ... ဒါ ... ကျွန်မ ကိုယ်ပိုင်ပစ္စည်းပါ



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကပဲ လက်ဆောင်ရတာ။ ပုလဲအစစ်မဟုတ်ပါဘူး''

''ကြည့်ပါရစေဦးလေ... မဟုတ်တော့လည်း မဟုတ်တဲ့ အလျောက်ပေါ့'' ပုလိပ်က ထပ်၍တောင်းနေသဖြင့် မသင်းကြည် သည် လည်ပင်းမှ ပုလဲပုတီးကို မချွတ်ချင် ချွတ်ချင် ဖြုတ်ပေး လိုက်လေ၏။

ပုလိပ်သည် ပုတီးကို ကြည့်ပြီးနောက် ''ဒါ ပုလဲအစစ် တွေပါပဲလား။ ကြည့်စမ်းပါဦး။ ခင်ဗျားပုလဲပုတီး ဟုတ်မဟုတ်''

ဒေါ်မဲတူသည် ပုလိပ်လက်မှ ပုတီးကိုကြည့်ကာ

''အဟုတ်မှ အဟုတ်ပါတော် ကျုပ်ပုလဲပုတီးပါ ဘယ် နေရာတွေ့တွေ့ မှတ်မိပါတယ် ဟောဒီ အလုံးနှစ်လုံးက အရွယ် မညီဘူး ဟောဒါက ခပ်ညို့ညို့ကလေးနေတယ် ဟောဒီမှာ လည်း ကျောက်တစ်လုံး ပြုတ်နေတယ် ကျောက်ပြန်ထည့်ဖို့ တောင် ကိုကောင်းက ပြောနေတာကြာပြီ''

''ဒေါ်ဒေါ်ပြောနေတာ ကျွန်မ နားမလည်ဘူး... ဒီပုတီးဟာ ဒေါ်ဒေါ်ပစ္စည်း ဖြစ်ရအောင်ကလည်း ကိုတင့်က မနေ့ညကမှ လက်ဆောင်ပေးတာ။ ဒေါ်ဒေါ်ပစ္စည်း ဖြစ်နိုင်ပါ့မလား။ စဉ်းစား ပါဦး''ဟု မသင်းကြည်က ပြောပြီးနောက် မောင်တင့်ဘက်သို့ လှည့်ကာ ''ဟုတ်တယ် မဟုတ်လား ကိုတင့်ရယ်'' ဟု သက်သေ ထူလိုက်လေ၏။

မောင်တင့်သည် ပုလဲပုတီးကို ကြည့်ကာ မျက်နှာဖြူဖတ် ဖြူရော်ဖြစ်၍ လာလေ၏။

''ဒါ ... ခင်ဗျား လက်ဆောင်ပေးတာလား''

မောင်တင့်မှာ ပုလိပ်၏ အမေးကို လွှဲရှောင်လို့မရနိုင် တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



''ဟင့်အင်း ... မဟုတ်ပါဘူး ... ဘုရားစူးရစေရဲ့ ... ဒါကို ကျွန်တော်မပေးဘူး ... ဒီပုတီးကို အခုမှမြင်ဖူးတာ''

''အို ... ဘယ့်နှယ် ... ရှင်မဟုတ်တာကို ပြောလိုက်တာ လဲရှင့် ... ရှင်ကိုယ်တိုင်ပေးပြီးမှ ကျွန်မကို ဒုက္ခရောက်အောင် လုပ်တာလား''

ဒေါ်ငွေဖော့မှာလည်း ငြိမ်၍ မနေသာတော့ချေ။

''ဒီပုလဲပုတီးဟာ မောင်တင့်ပေးတာ အဟုတ်ပါပဲ ... ကျုပ် တူမလက်ထဲပေးတာ ကျုပ်အမြင်ပါပဲ။ အခန်းထဲက မသင်းကြည် ယူလာပြီး ဖွင့်ကြည့်တော့လည်း ကျုပ်လိုက်ကြည့်လို့ တွေ့ရ တယ်။ ဘုရားပေးပေး ကျမ်းပေးပေးပါတော် ... ဘယ်ရုံးမှာပဲ ကျမ်းကိုင်ထွက်ရထွက်ရ ထွက်ရဲပါတယ်''

''ကျွန်မလည်း ... ကျမ်းကိုင်ထွက်ပါ့မယ်''

ဒေါ်မဲတူသည် မောင်တင့်ဘက်သို့လှည့်၍ ''ဒီလိုဆို တော့ မောင်တင့်ရယ် မင်း ဘယ့်နှယ်လုပ်တာလဲ မင်းမိဘ များ မျက်နှာမှ မထောက်''ဟု ယူကြုံးမရသည့်အသံဖြင့် လှည့်၍ ပြောလေ၏။

''ကျွန်တော် သူ့ကို ပုတီးလက်ဆောင်ပေးတာတော့ ကျွန်တော် မငြင်းပါဘူး။ မေမေလည်း အသိပါပဲ။ ဒါပေမဲ့ ဒီ ပုလဲတွေတော့ မဟုတ်ပါဘူး။ ဒါတွေအခုမှ မြင်ဖူးတာ''

''သူတို့က ဒါကို မင်းပေးတာဆိုပါလား''

မောင်တင့်၏ ပါးစပ်မှာ အသက်ထွက်လုဆဲဆဲ ဖြစ်နေ သော ငါးပါးစပ်ကဲ့သို့ ဟ,လိုက် ပိတ်လိုက် တံတွေးမျိုလိုက် ဖြစ်နေလေ၏။ သင်းကြည်မှာလည်း မောင်တင့်ကို ကြည့်၍ ဒေါသထွက်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ... မိတ်ဆွေ ကျူပ်ကတော့ ဝတ္တုရားရှိတဲ့အတိုင်း စစ်ဆေးရမှာပဲ အခု သူတို့ထွက်ချက်အရ ဒီပုလဲပုတီးဟာ ခင်ဗျားလက်က သူတို့ရတာဟာ ထင်ရှားနေတယ် ဒါကြောင့် ခင်ဗျားလက်ထဲ ဘယ်လိုရောက်လာတယ်ဆိုတာ အမှန်အတိုင်း ပြောပါ''ဟု ဆို၍ ပုလိပ်သည် မှတ်စုစာအုပ်ကို ထုတ်လိုက်လေ၏။

''အို ... ကျူပ် ... ကျူပ်မဟုတ်ဘူး ... ဘယ်ကလာပြီး''

ထိုအခိုက်တွင် အနှင်းနှင့် ဆိုးပေတို့ ဝင်၍လာကြလေ၏။ ကျန်ရဲဘော်များကား ခြံပြင်မှ စောင့်နေကြလေ၏။ ၎င်းတို့သည် တောပုန်းကြီး ရိုဘင်ဟုဒ်ကဲ့သို့ တောထဲက စောင့်၍ လုရန် တစ်နာရီခန့်မျှ ကြာသည့်တိုင်အောင် စောင့်စားခဲ့ကြသော်လည်း မည်သူမျှ မပေါ်ပေါက်လာကြသဖြင့် စိတ်အပျက်ကြီးပျက်ပြီး ပြန်လာခဲ့ကြရာက အနှင်းတို့၏ အိမ်ထဲတွင် ပုလိပ်တစ်ယောက်ကိုတွေ့ရ၍ လူများလည်း ရုတ်ရုတ်ရက်ရက် ဖြစ်နေကြသည်ကို မြင်ရသဖြင့် ဝင်ရောက်လာကြခြင်း ဖြစ်ပေ၏။

ဒေါ်မဲတူသည် ဆိုးပေကို တွေ့ရသည်နှင့် ''ဟဲ့ ... မောင်ကျော်ဒင် မင့်အမေ သွားပြီး ခေါ်ချေစမ်းပါ ... မင့်အစ်ကို တစ်ယောက် အမှုပတ်နေလို့'' ဟု ပြောလေ၏။

ဆိုးပေမှာ အံ့အားသင့်သွားပြီးမှ ''ဘာဖြစ်လို့လဲ''ဟု မေးကြည့်လေ၏။

''အဒေါ့်အိမ်က ပုလဲပုတီးတစ်ကုံး ပျောက်သွားတာ မသင်းကြည်လည်ပင်းမှာ ဆွဲလာတာတွေ့ရပြီး မင်းအစ်ကို ပေးလို့ ရတယ်ဆိုလို့ အမှုက တော်တော်ကြီးနေတယ်''

ဆိုးပေသည် ခေတ္တမျှတွေဝေစဉ်းစားနေပြီး ''ဒီ ပုလဲပုတီး ခိုးတာ အစ်ကိုမဟုတ်ဘူး''ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်တင့်မှာ မိမိအားကယ်ဆယ်မည့်သူ ရောက်လာပြီးဟု ဝမ်းမြောက်ကာ မိမိဆိုခဲ့ ဝေါက်ခဲ့သည့် ညီကလေးကို ပြေး၍ဖက်ကာ ခွင့်လွှတ်ရန်တောင်းပန်ချင်စိတ် ဖြစ်ပေါ်သွားမိလေ၏။ အခြားသူများကလည်း ပုလဲပုတီး အရှုပ်အထွေးကြီးကို ပေါ်ပေါက်စေသည့် အလင်းရောင်ရတော့မည်ဟု မျှော်လင့်နေကြလေ၏။

''ဘယ်သူခိုးတယ်ဆိုတာ မင်းသိသလား ... မင်းသိသမျှ ပြောပြစမ်း''

''သူ...သူ''ဟု အနှင်းအား လက်ညှိုးထိုးပြပြီးမှ ''သူသိတယ်'' ဟု စကားကို ဝေ့လည်လည် လုပ်လိုက်လေ၏။

''သမီး ... သိသလား ... ဟုတ်လား''

အနှင်းးက ခေါင်းညိတ်လိုက်လေ၏။

''မောင်တင့် ယူတာမြင်သလား''

အနှင်းက ခေါင်းခါပြလေ၏။

''ဒါဖြင့် ... ဘယ်သူလဲ''

''မသိဘူး''

''နို့ ... စောစောကတော့ သိတယ်ဆို''

''သိတော့သိတယ်။ ဒါပေမယ့် ပြောပြရင်သတ်ပစ်မယ်တဲ့'' ဟုဆို၍ နှင်းရီသည် ပြောရင်းထိတ်လန့်ကြောက်ရွံ့လာကာ ပုလိပ်ကိုကြည့်ပြီး ချုံးမဲချ၍ ငိုလေတော့၏။ ဆိုးပေသည် အနှင်းငိုသည်ကို ကြားဖူးပေါင်းများလှလေပြီ။ အနှင်းငိုတိုင်းနားထဲ၌ စူးစူးရှရှ ခံစားရသလောက် စိတ်ထဲမှာလည်း ဝမ်းနည်းပက်ကျိဖြစ်မိကာ အနှင်းကို ဝိုင်း၍ချော့နေသည့်အချိန်မှာပင် အလစ်ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေနှင့် အနှင်းတို့၏ ထွက်ချက်အရလည်းကောင်း၊ မောင်တင့်အကြောင်းကို ဒေါ်မဲတူတို့ သိနေကြ၍လည်းကောင်း၊ မောင်တင့်အပေါ်တွင် သံသယ ရှင်းကြသော်လည်း ပုလဲပုတီး ပြဿနာမှာ ရှင်းလေရှုပ်လေ ဖြစ်နေပေတော့။ ဒေါ်မဲတူနှင့်ဒေါ်ငွေဖော့တို့ ရှင်းရ၊ ပုလိပ်နှင့် ဦးကံကောင်းတို့ရှင်းရ၊ ဒေါ်ငွေဖော့နှင့် ဆိုးပေတို့လူသိုက် ရှင်းရ၊ အနှင်းနှင့် အားလုံးနှင့် ရှင်းရ။ နောက်ဆုံး ဆိုးပေနှင့်တကွ ရဲဘော်တို့မှာ မိဘများနှင့် ရှင်းကြရသော်လည်း ဆုံ၍ရှင်းဖို့မဆိုထားဘိ၊ မျက်နှာချင်း မဆိုင်ကြတော့သူတို့မှာ မောင်တင့်နှင့် မသင်းကြည်တို့သာ ဖြစ်ကြလေ၏။

မောင်တင့်မှာ ဆိုးပေအား တစ်နည်းတစ်လမ်း ကျေးဇူးတင်နေရလေကား ဆိုးပေကို ရက်အနည်းငယ်မျှ မပြောရက် မဆိုရက်ဘဲ ''တစ်ရွာသားမို့ … နောက်ကျ တကယ်ကြောက်လှတယ်တော့''ဟူ၍ ဆိုးပေသီဆိုသည့် သီချင်းသံကို ကြိတ်၍ခံနေလိုက်ရပေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ထင်မိယောင်မှား

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီကျောင်းပိတ်ရက် နှစ်လ,ရရှိသည်ကိုပင် ဆိုးပေတို့မှာ အားလပ်ရက် နည်းလွန်းလှသည်။ အကုန်မြန်လှသည်ဟု အောက်မေ့မိကြလေသည်။ သူတို့အဖို့ တစ်ရက်မျှ အလဟဿ နေခဲ့ရသည်မရှိ။ ပျင်းရိစရာ မတွေ့ရ။ အပြစ်ရှိသည့် အလုပ်များကိုလည်း စုံအောင်လုပ်ခဲ့ကြပြီ။ အပြစ်မရှိသည့် အလုပ်များကိုလည်း စုံ၍နေခဲ့ပြီ။ သို့နှင့်လည်း ညည်းငွေ့သည်မရှိကြသေး။ မလုပ်ဖူးသေးသည့်အလုပ် ပေါ်၍လာလျှင် လုပ်ရန် အသင့်ရှိနေကြလေ သေးသည်။

သူတို့သည် ပင်လယ်ဓားပြများ၊ ကြက်တောင်စိုက် လူရိုင်းများ၊ ကောင်းဘွိုင်များ၊ ပြန်ပေးလူဆိုးများ လုပ်ခဲ့ပြီးကြပြီး ရွာထဲရှိ ခြံတွေ၊ လယ်တွေကို ဝင်၍ စုံအောင် မွှေခဲ့ကြပြီး ဖြစ်ရကား ခြံရှင်၊ လယ်ရှင်မှန်သမျှ သူတို့ကို မြင်ရလျှင် ဒေါသမထွက်ဘဲ မနေနိုင်ကြပေ။ တစ်ယောက်က ဆန်ရှာ၊ တစ်ယောက်က ထင်းရှာ၊ တစ်ယောက်က မီးခြစ်ရှာကာ မောင်မောင်၏အိမ်နောက်ဖေးတွင် ထမင်းချက်ပြီး မကျက်တကျက်နှင့် စားမိ၍ ဗိုက်နာပြီး အိပ်ရာထဲ၌လဲခွေ၍ နေခဲ့ကြရဖူးလေပြီ။ ဆိုးပေ၏ ခွေးကလေး ဂျမ်ဘိုမှာလည်း ဆိုးပေတို့နှင့်အတူ အမဲလိုက်ထွက်


www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ကြောင်ခုတ်ခံရသဖြင့် နှာခေါင်းစုတ်ကာ ရွာရိုးတစ်လျှောက် အော်၍ ပြေးခဲ့ရဖူးလေပြီ။ ပျားအုံတစ်ခုကို တွေ့၍ စက္ကူမီးမြိုက်ပြီး ပျားဖွတ်ကြရာ ပျားများလိုက်၍ တုပ်သဖြင့် တစ်ကိုယ်လုံး ရစရာမရှိအောင် ထုံးတို့ထားခဲ့ကြရဖူးလေပြီ။ အဝိန်၏အမေ အဝတ်လှမ်းသည့်ကြိုးကို ယူ၍ဆိုးပေက ကြိုးတန်းလျှောက်ရာ ကြိုးပြတ်ကျ၍လည်း ဆိုးပေမှာ နှစ်ရက်လောက် ခါးစောင်း၍ နေခဲ့ဖူးလေပြီ။ အီစွတ်၏ ကြက်တူရွေး ဆပ်ကပ်အပြကောင်းသဖြင့် သာဒွန်းဦး၏ လက်ညှိုးကို ပရုပ်ဆီသိပ်၍ အဝတ်စီးထားခဲ့ရဖူးလေပြီ။ ဤသို့လျှင် မျိုးစုံအောင် ကစားခဲ့ကြရပြီ ဖြစ်သော်လည်း ကျောင်းမဖွင့်မီ ကြွင်းကျန်သောရက်အတွင်း အသစ်အဆန်းကစားရန် ရှာကြလျက် ရှိစဉ် တစ်နေ့တွင် မောင်မောင်က သတင်းအဆန်းတစ်ခု သယ်ဆောင်၍ လာလေ၏။

''ဟေ့ ... ဒို့ရွာထဲမှာ ရွှေတွေ၊ ငွေတွေဖြစ်အောင် လုပ်နိုင်တဲ့ လူကြီးတစ်ယောက် ရောက်နေတယ်တဲ့ ဆရာရေ့ ... ခဲတွေ၊ သံတွေကို မီးထဲထည့်ပြီး အရေကျိုလိုက်ရင် ငွေတွေဖြစ်ပြီး ကြေးနီ၊ ကြေးဝါတွေဆိုရင် ရွှေတွေ ဖြစ်လာတာပဲတဲ့''

''အဲဒီလူကြီး ဘယ်မှာလဲ''ဟု ဆိုးပေက မေး၏။

''အရှေ့က ရေအိုးစင်နဲ့ ဇီးပင်ကလေးနားက အိမ်မှာ ပြောင်းလာတာ မကြာသေးဘူး''

''ရွှေတွေ၊ ငွေတွေဖြစ်အောင် လုပ်ပေးနိုင်တယ်ဆိုတာ မင်းကို ဘယ်သူက ပြောသလဲ''

''ဒို့အိမ်က လူကြီးတွေ ပြောနေတာ ငါကြားခဲ့ရတယ်ကွ... ဟုတ်လို့သာ ပြောနေကြတာ ဖြစ်မှာပဲ ... ဘိုးဘိုးအောင်ဆိုတာ မင်းတို့ ကြားဖူးမှာပေါ့ကွ... ရွှေတွေ၊ ငွေတွေ လုပ်နိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ''

''အဲဒီလူကြီးလား ဘိုးဘိုးအောင်ဆိုတာ ဟုတ်လား''ဟု သာဒွန်းဦးက အားတက်သရော မေးလေ၏။

''သူကတော့ ဘိုးဘိုးအောင် မဟုတ်ဘူး။ သူ့နာမည်ကတော့ ကိုပုတဲ့။ ဒါပေမယ့် သူလုပ်တာ ဘိုးဘိုးအောင်အလုပ်နဲ့ အတူတူပဲတဲ့''

''လာကွာ...ဒီလူကြီး သွားကြည့်ရအောင်'' ဟု သာဒွန်းဦးက ဆွယ်လေ၏။

''ဘာလုပ်ဖို့လဲကွ''ဟု အီစွတ်က မေးလိုက်၏။

''သူ တကယ်လို့ ရွှေတွေ၊ ငွေတွေဖြစ်အောင် လုပ်ပေးနိုင်ရင် ရွာထဲက သံတိုသံစတွေ ဒို့များ ကောက်ပေးပြီး ရွှေဖြစ်အောင် လုပ်ပေးခိုင်းမှာပေါ့ကွ။ ဒီလိုဆိုရင် ဒို့များအိမ်ကိုတောင် မုန့်ဖိုး ဘယ်တော့မှ တောင်းနေဖို့ မလိုတော့ဘူး''

''မင်းလူကြီးက ဒို့များကို ရွှေဖြစ်အောင် လုပ်ပေးပါ ခိုင်းရင် လုပ်ပေးမှာတဲ့လားလို့''ဟု အဝိန်က မေးလေ၏။

''ဒါတော့ ငါ ဘယ်ပြောတတ်ပါ့မလဲ ... ငါက ဒီလူကြီး အကြောင်း ငါကြားခဲ့ရတာသာ ငါပြောပြတာ''

ဆိုးပေက စဉ်းစားနေပြီး ''ရွှေဖြစ်တယ်ဆိုတာ မဟုတ်နိုင်ပါဘူးကွာ ရွှေမိုး၊ ငွေမိုး ရွာတယ်ဆိုတာ စာအုပ်ထဲမှာသာ ဖတ်ရတာပါ တကယ်တမ်းတော့ ကိုပုမပြောနဲ့ သိကြားမင်းတောင် မရွာနိုင်ဘူး။ ရွာနိုင်ရင် သူ့အကြောင်း သိရအောင် တစ်ခါတလေ ရွာပြမှာပေါ့ကွ''ဟု ဆင်ခြေပေးလေ၏။

''ရွှေဖြစ်တာ မဖြစ်တာတော့ ထားပေါ့ကွာ ... ဒါပေမဲ့ ဒီလူကြီးဟာ ထူးဆန်းတဲ့ လူတစ်ယောက်ဖြစ်လို့သာ သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ပြောနေကြတာ ဖြစ်ရမယ် မဟုတ်လား ... အဲဒီတော့ ဘယ်လိုထူးဆန်းတဲ့ လူကြီးလဲဆိုတာ သိရအောင် သွားကြည့်ရရင် မကောင်းဘူးလား''ဟု သာဒွန်းဦးက ဝင်၍ ဆွယ်လေ၏။

အားလုံးက ဆိုးပေ၏ မျက်နှာကိုကြည့်ကာ ဆိုးပေ၏ သဘောတူညီချက်ကို စောင့်မျှော်ကြလေ၏။ ဆိုးပေကား ကြားရသည့်စကားကို မယုံသော်လည်း လူသစ်တစ်ယောက်ကိုမူ မိမိတို့ သိထားရန် လိုအပ်သည်ဟု ယူဆသည့်အလျောက် ''လာသွားစို့''ဟု ဆိုလိုက်လေ၏။

မှောင်စပျိုးနေပြီဖြစ်၍ အိမ်သို့ပြန်ရန် အချိန်နီးကပ်နေပြီဖြစ်ရာ ဆိုးပေနှင့် ရဲဘော်တစ်သိုက်သည် ကိုပု၏အိမ်သို့ သုတ်ခြေတင်ကြလေ၏။

ကိုပုကား အင်္ဂရိတ် ဆရာတစ်ဦးဖြစ်၍ သူနေထိုင်သည့် အိမ်ကြီးနှင့် ကပ်လျက်ရှိသော တဲကလေးထဲတွင် အင်္ဂရိတ်ထိုးလေ့ ရှိပေ၏။ ဆိုးပေနှင့်ရဲဘော်တစ်သိုက်တို့သည် ထိုတဲတွင်းရှိ ကိုပုကို မလှမ်းမကမ်းမှ ချောင်းမြောင်း၍ ကြည့်ကြကာ မြင်ရသည့်အရာများကြောင့် ကြောက်ရွံ့ခြင်း၊ အံ့သြခြင်း ဖြစ်မိကြ၏။

ဖားဖိုမှ တစ်ရှူးရှူးမြည်လျက် ရဲကနဲ ရဲကနဲ မီးရောင်များ လင်း၍လင်း၍ လာသည်ကို မြင်ရတိုင်း ဆိုးပေတို့မှာ အသက်ကိုပင် မှန်မှန်မရှူဝံ့ကြချေ။ ဖိုထဲမှ အလင်းရောင်သည် ဇော်ဂျီမုတ်ဆိတ်နှင့် ကိုပု၏မျက်နှာကို ထင်လင်းစွာ မြင်ရစေလေရာ ဆိုးပေမှာ တစ်ချက်တစ်ချက်တွင် ထိုမျက်နှာကိုကြည့်၍ ရယ်ချင်မိကြသလောက် တစ်ချက်တစ်ချက်၌လည်း ကြောက်ရွံ့မိကြလေ၏။ ဖိုထိုးနေရာ တစ်ဝိုက်ရှိ မြေပြင်ပေါ်တွင် လုံကွဲများ မီးသွေးခဲများ ပြန့်ကျဲလျက်ရှိပြီး နံရံတစ်လျှောက်၌လည်း လုံ



www.burmeseclassic.com

www.burmeseclassic.com



များ၊ ဆေးပုလင်းများ၊ ဖလ်ခွက်များ စီကာ ရီကာ တင်ထား သည်ကို တွေ့ကြရလေ၏။

ထိုသို့ ရဲဘော်များ ကြည့်နေကြသည့်အခိုက် ကိုပုသည် အခန်းထောင့်ကြားထဲမှ လူဦးခေါင်းခွံတစ်ခုကို ယူလိုက်ပြီး နံရံတွင် ကပ်၍ လုပ်ထားသော ဆင့်ပေါ်သို့ တင်လိုက်သည်ကို တွေ့ရသည်တွင် ဆိုးပေတို့တစ်သိုက်မှာ ပါးစပ်ဟ မျက်လုံးပြူး သွားကြရာက တစ်ဦးကို တစ်ဦး တိုင်ပင်အချက်ပေး မနေရဘဲ အလျှိုလျှို ထွက်ပြေးကြလေတော့၏။

သူတို့ငါးဦးစလုံး ကုပ်ကုပ်,ကုပ်ကုပ်နှင့် မှောင်ထဲမှ ပြန်၍ဆုတ်လာကြကာ လမ်းပေါ်သို့ ရောက်ကြမှ ပါးစပ်ဟရဲကြလေ၏။

''ဟော့ ... ဘယ်လိုဟာလဲကွ ... ဒီလူကြီးဟာ ဘာလဲ... ဘာလုပ်တာလဲ''ဟု ဆိုးပေက စ၍ ပြောမိ၏။

''ငါထင်တာတော့ မဟုတ်မှလွဲရော ဘိုလရှီဆိုလား ကွန်မြူနစ်ဆိုလား အဲဒီလူစားမျိုးပဲကွ ကမ္ဘာကြီးကို ဖောက်ခွဲ ပစ်ရအောင် ကြံစည်နေတာဖြစ်မှာပဲ''ဟု မောင်မောင်က ထင်မြင်ချက်ပေးလေ၏။

''လူသေကောင်ကြီးလည်း ပါသေးတယ်''ဟု အီစွတ်က အလန့်မပြေသေးသည့်အသံဖြင့် ပြော၏။

''ငါထင်တာကတော့ ဓာတုဗေဒဆရာရင်လည်း ဖြစ်ရမယ်။ ဒါမှမဟုတ် ဘယဆေးဆရာရင်လည်း ဖြစ်ရမယ်။ သူလုပ်နေတာက ရိုးရိုးတန်းတန်း ဆေးစပ်နေတာမျိုးပဲ''ဟု အဝိန်က ဆိုလိုက်လေ၏။

''လူသေကောင်ကြီး တွေ့နေရက်သားနဲ့ မင်းမို့ ဓာတုဗေဒ



www.burmeseclassic.com

www.burmeseclassic.com



ဆရာလို့ ထင်ပလေတယ်ကွာ မင်းတို့ထင်ထားတာတွေ တစ်ခုမှ မဟုတ်ဘူး။ ငါထင်တာကတော့''ဟု ဆိုးပေက လမ်းလျှောက်ရင်း ပြောလာရာတွင် စကားမဆုံးသေးမီ ''ဆိုးပေ''ဟု အော်၍ ခေါ်လိုက်သော မယ်မြင့်အသံကို ကြားရမှ အိမ်နားရောက်လာကြမှန်းသိကာ လူစုခွဲလိုက်ကြလေ၏။

နောက်နေ့တွင် ဆိုးပေတို့စုဝေးရာ ဂိုဒေါင်တွင်းသို့ မနှင်းရီကလေး ရောက်၍လာ၏။ မနှင်းရီမှာ ဆိုးပေတို့၏ အထူးအသိအမှတ်ပြုခြင်းခံရသော မိန်းကလေးးတစ်ယောက်ဖြစ်ပေ၏။ ကျောင်းပိတ်ရက်အတွင်း မနှင်းရီသည် တစ်မြို့တစ်ရွာရှိ ဆွေမျိုးများထံသို့ အလည်သွားရောက်လျက်ရှိရာ ယခုကျောင်းဖွင့်ကာနီးသဖြင့် ပြန်၍ရောက်ရှိလာခြင်း ဖြစ်ပေ၏။

ရောက်သည့်နေ့မှာပင် မနှင်းရီသည် ဆိုးတို့ရှိရာ ဂိုဒေါင်ဆီသို့ ရောက်၍လာခဲ့လေရာ ဆိုးပေတို့က မိမိတို့၏ စွန့်စားမှုအမျိုးမျိုးကို အားရဝမ်းသာစွာ ဖောက်သည်ချကြလေ၏။

''မပြောနဲ့တော့ဟာ … တစ်ခါတစ်ခါ ဒို့များ အလိုက်ခံရလို့ ပြေးလိုက်ရတာ မောနေတာပဲ။ ဒါပေမဲ့ ဒို့ကိုတော့ ဘယ်သူမှ မီအောင် မလိုက်နိုင်ကြပါဘူး''

''ရွာထဲက လူတွေဟာ တစ်ယောက်မှ မကောင်းပါဘူး ဒို့တတွေ ဘာပဲလုပ်လုပ် အပြစ်ရှာချင်နေကြတယ် … လူတွေ ဒါလောက်များများထဲမှာ ဒို့နေရတာ မဟန်ပါဘူး … လူတွေသူတွေမရှိတဲ့ အာဖရိကအလယ်ကောင် သွားနေရရင် ဘယ်လောက်ကောင်းမလဲ … ဆယ်မိုင်လောက်အကွာမှာ တစ်အိမ်လောက်ရှိတော့ ဒို့တတွေ လွတ်လွတ်လပ်လပ် ကစားချင်သလို ကစားရတာပေါ့''

နှင်းရီသည် သူတို့၏ အတိတ်က စွန့်စားမှုများထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားခြင်းမရှိဘဲ မိမိကိုယ်တိုင် ပါဝင်ရမှုကိုသာ ဆန္ဒရှိသည့်အလျောက် ''ဒီကနေ့ ဘာလုပ်ကြမလို့လဲ''ဟု မေးလေ၏။

ရဲဘော်တို့မှာ တစ်စုံတစ်ရာ ကြံစည်ထားခြင်းမရှိသဖြင့် အဖြေမပေးနိုင်ဘဲ ရှိနေစဉ် မောင်မောင်က ''ဒို့များ မနေ့ညက သွားကြည့်တဲ့နေရာ ခေါ်သွားရ မကောင်းဘူးလား'' ဟု ဆိုလေ၏။

''ဟုတ်တယ်...လူသေကောင်လည်း တွေ့ရမယ်'' ဟု အီစွတ်က ပြောလိုက်ရာ နှင်းရီမှာ မျက်လုံးပြူး၍ သွားလေ၏။

''လူသေကောင် မဟုတ်ပါဘူးကွ...ကမ္ဗဋ္ဌာန်းရုပ်ပါ'' ဟု သာဒွန်းဦးက ရှင်း၍ ပြောလေ၏။

''ကမ္ဗဋ္ဌာန်းရုပ်လည်း လူသေကောင်ပေါ့ကွ...အလောင်းကနေပြီး အလောင်းပျောက်သွားတော့ ကမ္ဗဋ္ဌာန်းဖြစ်သွားတာပဲဟာ...''

''လူသေမှ မဟုတ်ဘဲ...အရိုးချည်းပဲ''

''အရိုးလည်း အသေပဲ မဟုတ်လား...ဘာထူးမှာလဲ''

ဤတွင် နှင်းရီက ကြားဝင်၍ဖြတ်ကာ ''ဒါဆိုရင် အထူးအဆန်းပဲပေါ့...ဘယ်မှာလဲ သွားကြည့်ရအောင်'' ဟု ဆိုလိုက်ရာ နှင်းရီ စကားပြောလိုက်လျှင် အငြင်းအခုံရပ်စဲ၍ နှင်းရီ၏ အလိုသို့ လိုက်ရမြဲအတိုင်း အီစွတ်တို့ ငြိမ်သွားကြပြီးလျှင် ဆိုးပေက ''လာသွားမယ်...ဒို့များ နောက်ဖေးခြံစည်းရိုးပေါက်က ငုံ့ဝင်ပြီး ဒို့ကို မြင်မသွားရအောင် ချုံကွယ်ကနေ ချောင်းကြည့်ရမှာ'' ဟု ပြောကာ ကိုယ်တိုင်ခေါင်းဆောင်၍ ထွက်သွားကြလေ၏။

ကိုပု အင်္ဂရိတ်ထိုးသည့်တဲသို့ မရောက်မီ ဆိုးပေ၏ စိတ်ထဲ၌ ယမန်နေ့ညက မြင်ခဲ့ရသော အရာများသည် မှောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်အခိုက်၌သာ မြင်ရသည့် အရာများဖြစ်၍ အလင်းရောင်တွင် ကြည့်သည့်အခါ ပျောက်ကွယ်ရလေမည်လားဟု ထင်မိ၏။ သို့သော် မိမိထင်သကဲ့သို့ မဟုတ်ဘဲ ယမန်နေ့ညက မြင်ရသည့်အရာများကို ပိုမိုထင်ရှားစွာ တွေ့ရသည့်ပြင် အလင်းရောင်တွင် မြင်ရသည့်အခါမှ ပို၍ထူးထွေ ဆန်းပြားလှသည်ကို တွေ့မြင်ရလေ၏။

ဆိုးပေတို့လူသိုက်သည် တဲနှင့် မလှမ်းမကမ်းရှိ ချုံပုတ်အကွယ်မှ ကြည့်နေကြရာ တဲထဲတွင် ကိုပု၏ လှုပ်ရှားလုပ်ကိုင်နေပုံကို ကောင်းစွာ တွေ့ရလေ၏။ ကိုပုသည် ဖိုဆွဲလိုက်၊ မီးထဲက လုံကို ညှပ်နှင့် ဆယ်ယူလိုက်၊ ထိုင်ရာမှထပြီး ကျောက်ငရုတ်ဆုံထဲသို့ ဆေးမှုန့်များထည့်ပြီး ကျည်ပွေ့နှင့် မွှေကြိတ်လိုက်လုပ်ကာ မိမိ၏ အလုပ်တွင် လွန်စွာ နှစ်သိမ့်ကျေနပ်လျက် သီချင်းကလေး တအေးအေးနှင့် ရှိလေ၏။

ကိုပုကား မိမိ၏အလုပ်ထဲတွင် စိတ်ဝင်စားလျက် ရှိလေရာ အပြင်က ဆိုးပေတို့လူသိုက် ချောင်းမြောင်းကြည့်ရှုနေသည်ကို သတိမမူမိချေ။ ချောင်း၍ ကြည့်နေကြသူထဲတွင် မောင်မောင်မှာ မျက်စိအရှင်ဆုံးဖြစ်သည့်အလျောက် နံရံနှင့်ကပ်ထားသည့် ဆင့်ပေါ်ရှိ ပုလင်းကလေးများထဲတွင် ဖားခြောက်ကလေးများလိုလို၊ ဂမုန်းဥများလိုလို မြင်ရသည့်အရာများကို တွေ့မြင်ရကာ ထိုအရာတို့ကို ရဲဘော်များအား ညွှန်ပြလေ၏။

ဆိုးပေတို့ လူသိုက်သည် ထိုဖားခြောက်ကလေးများကို မြင်ရ၍ ရွံရှာသည့် အမူအရာကိုပြကာ ထွက်ခွာ၍ လာကြ၏။

''ငါပြောတာ ဟုတ်နေပါပြီကွာ ဒီလူကြီးဟာ ကမ္ဘာကြီးတစ်ခုလုံးကို ဖေါက်ခွဲပစ်ရအောင် ဓာတ်လုံး လုပ်နေတာပါ'' ဟု မောင်မောင်က မိမိ၏အယူအဆကို ထပ်၍ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ငါတော့ ဒီလိုမထင်ဘူး...သူ့ဟာသူ ရိုးရိုးဆေးစပ်နေတာ ဖြစ်လိမ့်မယ်'' ဟု အဝိန်က ပြောပြ၏။

''ဒါလား ရိုးရိုး...လူသေကောင်ကြီးတော့ ဘယ်သွားထားမလဲ'' ဟု အီစွတ်က မေးလေ၏။

''ဒါတွင်လား...ပုလင်းထဲက ဖားသေကောင်တွေကော'' ဟု ဆိုးပေက ဖြည့်စွက်လိုက်၏။

ဤနေရာတွင် နှင်းရီက သူ၏ထင်မြင်ချက်ကို ပေးလေတော့၏။ ''ဒီလူကြီးဟာ တခြားမဟုတ်ဘူး ... မှော်ဆရာကြီး သိရဲ့လား''

''ဘယ်ကလာ မှော်ဆရာ လုပ်ရမှာလဲ... မှော်ဆရာဆိုတာ မရှိဘူး'' ဟု ဆိုးပေက ပြောလိုက်၏။

''ရှိလိုက်တာမှ ငါသေသေချာချာ သိတာ''

''ဘယ်မှာရှိသလဲ ... ပြောပါဦး''

''မှော်ဆရာနဲ့ လူသေကောင် ဘာဆိုင်သလဲ''

''လူသေကောင် မဟုတ်ပါဘူးကွ ... ကမ္ဗဠာန်းရုပ်ပါ''

နှင်းရီကား တော်ရုံတန်ရုံနှင့် အရှုံးပေးလေ့မရှိသည့်အလျောက် ''အဲဒီ ကမ္ဗဠာန်းရုပ်ဟာ လူအရှင်ကို အရိုးတွေ ဖြစ်အောင် 'မှော်' အတတ်နဲ့ လုပ်ထားပြီး အဲဒီကမ္ဗဠာန်းရုပ်ကို ဦးရွှေရိုးအက ခိုင်းချင်တဲ့အခါ ခိုင်းတယ်... သိရဲ့လား'' ဟု အတည်နှင့် ပြောလေ၏။

''အလကားပါဟာ... မှော်ဆရာဆိုတာ ပုံထဲမှာသာရှိတာ။ တကယ်မရှိပါဘူး''

''ရှိတယ်ဆိုးပေရဲ့... တစ်ကယ်ရှိတာ''



www.burmeseclassic.com

www.burmeseclassic.com



''မှော်ဆရာမဟုတ်ပါဘူးဟာ... ကမ္ဘာကြီးကို ဖေါက်ခွဲမယ့် ဘိုလရှီကြီးပါ''

''မင်းဘိုလရှီနဲ့ ဖားခြောက်တွေနဲ့ ဘာဆိုင်တာလိုက်လို့'' ဟု သာဒွန်းဦးက ကန့်ကွက်လိုက်၏။

''အဲဒီ ဖားခြောက်တွေဟာလည်း လူတွေကို ဖားဖြစ်အောင် ဖန်ဆင်းထားတာ'' ဟု နှင်းရီက မိမိ၏စကားကို ခိုင်မာအောင် ထပ်၍ ပြောလေ၏။

''သူ ဆေးတွေ ဖေါ်နေတုန်းမှာ သူ့ပါးစပ်က ဆိုနေတာ မတွေ့ဘူးလား... အဲဒါ သီချင်းဆိုတာ မှတ်လို့လား ဂါထာမန်းနေတာ''

နှင်းရီ၏စကားမှာ အတော်ကလေး ယုတ္တိယုတ္တာ ရှိနေလေရာ ရဲဘော်တို့မှာ အပြင်ပန်းအားဖြင့် မယုံကြည်သည့် အမူအရာကို ပြသော်လည်း စိတ်ထဲ၌ကား ယုန်ထင်၊ ကြောင်ထင် ဖြစ်၍ လာကြလေ၏။

''မှော်ဆရာဆိုတာတော့ ငါမယုံဘူး'' ဟု ဆိုးပေက ဆက်၍ ပြောပြန်၏။

''ကဲကွ... ပြန်ကြည့်ကြဦးမယ်... ဒီတစ်ခါ ဘာလုပ်နေသလဲဆိုတာ တွေ့ရရင် ပိုပြီးသေချာတာပေါ့''

''သွားချင်လည်း သွားကြ... ဒီလူကြီးက ဒို့ကို မမြင်ရင် ကောင်းတယ်... မြင်ရင် ပြုစားခံရမှာပဲ'' ဟု နှင်းရီက ပြောပြလေ၏။

''ဒီလိုဆိုရင် မင်းတို့ ဒီမှာပဲနေကြဦး... ငါတစ်ယောက်တည်း သွားပြီး ပြန်ကြည့်လိုက်ဦးမယ်'' ဟု သာဒွန်းဦးက လူစွမ်းကောင်းလုပ်၍ ပြောလေ၏။ စင်စစ်ကား သာဒွန်းဦးသည် ကျန်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထက် သတ္တိကောင်းလှ၍ မဟုတ်ပေ။ သူ၏စိတ်ထဲ၌ ကိုပုကို ရွှေ၊ ငွေဖြစ်အောင် လုပ်ပေးတတ်သူ အမှန်ဖြစ်သည်ဟု ယုံကြည်မိကာ မိမိတစ်ယောက်တည်းသွားလျှင် ရွှေများ ရလိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် ဖြစ်ပေ၏။

ယင်းသို့ သာဒွန်းဦးတစ်ယောက်တည်း သွားကြည့်မည် ဆိုခြင်းကို သဘောတူလိုက်ကြရာ သာဒွန်းဦးသည် ကိုပုဆီသို့ သွားရင်း လမ်းပေါ်က တွေ့ရသော သံတုံးကလေးတစ်တုံးကို ရွှေဖြစ်အောင် လုပ်ပေးပါက အဆင်သင့်ရနိုင်ရန် ကောက်ယူ၍ သွားလေ၏။

ဆိုးပေတို့ ရှိနေရာနှင့် ကိုပု၏တဲမှာ အလှမ်းမဝေးလှသော်လည်း ကြည့်၍မမြင်ရသည့်အလျောက် ကင်းထောက်တွက်သွားသော သာဒွန်းဦးမှာ မည်သို့မည်ပုံဖြစ်သည်ကို မသိနိုင်ကြပေ။ ခေတ္တမျှအကြာတွင် ''ဟဲ့...ခွေးတိရစ္ဆာန်ကလေး... ငါ့ကို လာပြီးနှောင့်ယှက်တာ သရော်တာ။ နင်တော့လား သိစေရမယ်'' ဟူသော ကြိမ်းဝါးသံနှင့် တစ်ပါတည်း... တစ်ဟုန်ထိုးပြေးလာသော သာဒွန်းဦးကို တွေ့ ရသဖြင့် ၎င်းတို့ပါ ရောနှော၍ ထွက်ပြေးရလေတော့၏။

ဘေးအန္တရာယ်နှင့် ကင်းဝေးလောက်ပြီဟု ယူဆရသော နေရာသို့ရောက်မှ ဆိုးပေတို့လူသိုက်မှာ ပြန်၍ စုစည်းရပ်နားနိုင်ကြလေ၏။

''ကံကောင်းလို့ပေါ့...ငါ့မျှားမိလိုက်ရင်တော့လား... ဖိုထိုးပြီး သတ်ပစ်မလားမသိဘူး''

''သိရစေမယ်ဆိုတာ ဘာကိုပြောချင်တာလဲမသိဘူး'' ဟု ဆိုးပေက ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



''သူ့ကို ပြုစားထားမလို့ပေါ့'' ဟု နှင်းရီက ပြော၏။

သာဒွန်းဦးမှာ မိမိအားပြုစားမည်ဆိုသဖြင့် မျက်နှာပျက်သွားရာ ဆိုးပေက ''မယုံပါနဲ့ကွာ စုန်းတွေ မှော်တွေဆိုတာ အရင်ကသာ ငါယုံတာ…အခုတော့ မဟုတ်မှန်း ငါသိပြီ… ပုံထဲမှာသာ စုန်းတွေ မှော်တွေရှိတာပါ'' ဟု ပြောပြလေ၏။

''မယုံရင်လည်း နေလေ…နောက်တော့မှသိမှာပေါ့… စောင့်သာကြည့်ပါ'' ဟု နှင်းရီက မိမိ၏အယူအဆကို မလျှော့ဘဲ ပြောလေ၏။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသကဲ့သို့ တိုက်ဆိုင်ကြုံကြိုက်မှုဆိုသည်မှာ ရှိတတ်မြဲဖြစ်လေရာ ထိုနေ့မှာပင် သာဒွန်းဦးမှာ အလှူအိမ်တစ်ခုက ပို့လိုက်သော ကောက်ညှင်းထုပ်များကို မချင့်ချိန်ဘဲ စားမိသဖြင့် ဗိုက်ထိုးရင်ကြပ်ဖြစ်ပြီး အိပ်ရာထဲတွင် လဲလေတော့၏။

နောက်တစ်နေ့တွင် ရဲဘော်များသည် သာဒွန်းဦး၏ အိမ်သို့ သွားရောက်ခေါ်ငင်ကြရာတွင် နေမကောင်း၍ အိပ်ရာထဲမှ မထနိုင်ကြောင်းကို သိခဲ့ကြရလေ၏။ ထိုအကြောင်းကို သိရသည်တွင် စိတ်မကောင်းကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာ လျှောက်လာကြရာက နှင်းရီကစတင်၍ စကားစလိုက်လေ၏။

''ကဲ… ငါမပြောလား… ဒီလူကြီးဟာ မှော်ဆရာကြီးပါလို့ ဆိုနေတာ သာဒွန်ဦးကို သူ ပြုစားလိုက်ပြီ''

ဆိုးပေကား ဤအကြိမ်တွင် ''အလကားပါ… ပုံထဲမှာသာ ရှိတာပါ'' ဟူသော စကားကို မပြောဘဲ တွေဝေစဉ်းစားရင်း လျှောက်ခဲ့လေ၏။

သာဒွန်းဦးမှာ နောက်တစ်နေ့တွင် ရဲဘော်ရဲဘက်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ ဆုံနိုင်လေတော့၏။ သူ၏စိတ်ထဲတွင်လည်း မိမိနေထိုင် မကောင်းဖြစ်ရခြင်းမှာ ကိုပု၏လက်ချက်ကြောင့်ဟု ယူဆထား မိလေ၏။

''မနေ့ကများဆိုရင်ကွာ ငါ့တစ်ကိုယ်လုံး ခြစ်ခြစ်တောက် အောင်ပူပြီးတော့ ဟိုက ထိုးနာလိုက်၊ ဒီက ထိုးနာလိုက်နဲ့ အော် နေရတာပဲ''

''အဲဒါသိလား... မော်ဆရာကြီးက ဖယောင်းလုံးကို နင့် ရုပ်ပုံလုပ်ပြီး အပ်နဲ့ဆွလို့ အခုလိုနာတာ... နင့်ကို အဲဒီလို လုပ်ချင်လို့ အကြောင်းသိစေမယ် ဘာညာနဲ့ ကြိမ်းတာဟ'' ဟု နှင်းရီက ပြောလေ၏။

နှင်းရီ၏ စကားကို မည်သူမျှ မသရော်တော့ချေ။ သာဒွန်းဦးမှာ ကိုယ်တိုင်ခံစားရသူဖြစ်လေရာ ''ဟုတ်တယ်... ဟုတ်တယ်... အပ်တွေနဲ့ထိုးသလိုပဲ... ထွန့်ထွန့်ကို လူးနေတာ ပဲ'' ဟု ထောက်ခံချက်ပေးလေ၏။

''အဲဒါ သတိထားကြပေတော့... ဒို့များ အဲဒီမော်ဆရာ ကြီးနဲ့ ဝေးဝေးနေမှဖြစ်မယ်... နို့မဟုတ်ရင် ဒို့ကို တစ်ခုခုဖြစ် အောင် ပြုစားမှာတော့ သေချာတယ်''

သာဒွန်းဦးမှာ ခံစားရသူဖြစ်သဖြင့် မကျေမနပ်ရှိကာ ''ဒီလူကြီးကို တစ်ခုခုဖြစ်သွားအောင် ငါလုပ်ချင်တယ်ဟာ'' ဟု ညည်းတွားလေ၏။

''သူတို့လို လုပ်တတ်မှ ဖြစ်မှာပေါ့ ... မလုပ်တတ်ရင် ခပ်ဝေးဝေးက အေးအေးနေတာ ကောင်းတယ်'' ဟု နှင်းရီက သတိပေးလေ၏။

သို့အားဖြင့် ကိုပုအကြောင်းကို စကားဖြတ်လိုက်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် လိုက်တမ်း ပြေးတမ်းကစားကြ၊ သစ်ပင်တက်ကြ၊ လူရိုင်း လုပ်ကြနှင့် ခါတိုင်းကဲ့သို့ ရိုးရိုးတမ်တမ်း ကစားကြလေ၏။ သို့သော် ဤကစားနည်းမျိုးကို ဘယ်ခါမှ မညည်းငွေ့ခဲ့သော်လည်း ယခုမူ စိတ်မပါတပါ ဖြစ်နေကြလေ၏။ သူတို့၏ အာရုံမှာ ကိုပုထံ၌သာ ရှိနေလေ၏။

''လာကွာ ... ဒို့များ ဟိုလူကြီးကို သွားပြီး ကြည့်ကြဦးစို့လား'' ဟု ဆိုးပေက စကားခေါ်လိုက်လေ၏။

''မင်း သွားချင်သွား ... ငါတော့ တစ်ချီနဲ့ လန့်ပြီ'' ဟု သာဒွန်းဦးက ငြင်းပယ်လေ၏။

''ဟေ့ ... ဒို့တော့ မလိုက်ချင်ဘူး ... သူ့အနား မသွားတာ ကောင်းတယ်'' ဟု နှင်းရီက သတိပေးလိုက်၏။

ဆိုးပေက မည်သူ့စကားကိုမျှ မလိုက်နာလိုချေ။ သို့ဖြစ်၍ ''မင်းတို့ မလိုက်ချင်နေကြ ... ငါတစ်ယောက်တည်း သွားမယ်'' ဟု ဆိုလိုက်ရာ ဆိုးပေ၏ ဆန္ဒကို မည်သူမျှ မဆန့်ကျင်နိုင်ကြသည့်အလျောက် အားလုံးပင် ဆိုးပေနောက်က လိုက်ပါသွားကြ၏။

ဆိုးပေတို့သည် ကိုပုအိမ်သို့ သွားရာ၌ လမ်းရိုးရိုးက မသွားကြချေ။ ကိုပု အင်္ဂရိတ်ထိုးသော တဲနှင့် ကပ်လျက်ရှိသော ခြံစည်းရိုးမှာ အိမ်နောက်ဖေးဘက်တွင် ရှိလေရာ ဦးနီတိုး၏ လယ်ကွက်ထဲက လှည့်၍သွားမှသာလျှင် အလွယ်နှင့်အမြန် ရောက်နိုင်သည့်အပြင် သူတို့၏ သွားလာလှုပ်ရှားမှုကိုလည်း လူမြင်သူမြင် နည်းပါးမည် ဖြစ်လေ၏။ သို့ဖြစ်၍ လယ်ကွက်ထဲမှ ဖြတ်၍လာကြရာ ကိုပု၏အိမ် မရောက်မီမှာပင် ကိုပုကို တွေ့မြင်ကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှာ နေအတော်သာလေရာ ကိုပုလည်း မီးနားတွင် ချွေးတစ်လုံးလုံးနှင့် လုပ်နေရသောအလုပ်ကို ရပ်နားလိုက်ပြီး နောက် အင်္ဂရိတ်ကျမ်း စာအုပ်တစ်အုပ်ကို ဆွဲကာ ၎င်း၏အိမ် နောက်ဖေးဘက်ရှိ လယ်ကွက်ထဲသို့ထွက်၍ အရိပ်ကောင်း ကောင်းရှိရာ မြက်ခင်းတစ်ခုပေါ်တွင် လှဲလျောင်းရင်း စာဖတ် နေသည်ကို ဆိုးပေတို့ တွေ့ရှိကြရလေ၏။

ကိုပုကား မိမိဖတ်ရှုနေသော စာထဲတွင် စိတ်ဝင်စား လျက်ရှိလေရာ ဆိုးပေတို့ကို မမြင်မိချေ။ ဆိုးပေတို့သည် မိမိ တို့အား ကိုပုမမြင်ရအောင် ခတ်သုတ်သုတ် ထွက်ခွာပျောက် ကွယ်၍ သွားလေ၏။ လယ်ကွက်ကို ကျော်မိကြသောအခါ သာဒွန်းဦးက ''မြင်ရဲ့လား လူတွေကို သူ ဘာမှမလုပ်ရသလို ဟန်လုပ်ပြီး စာဖတ်နေတယ်'' ဟု ပြောလေ၏။

''ငါတော့ ဒီနေရာနားမှာ မနေချင်ဘူးဟယ် ... အိမ်ပြန် ကြပါစို့လား ... သူ ဘာလုပ်ဦးမယ်မှန်းမသိဘူး'' ဟု နှင်းရီက ပြောလေ၏။

''မပြန်သေးဘူး ... အခု သူ့ဟာသူ စာဖတ်နေတုန်း သူ့ တဲထဲကို ဒို့များဝင်ပြီး ကြည့်ရရင် မကောင်းဘူးလား'' ဟု ဆိုးပေ က ဆိုလေ၏။

ရဲဘော်တို့မှာ ပွင့်ပွင့်လင်းလင်း မငြင်းဆန်ရဲကြသဖြင့် အာ ... အာ ... အင် ... အင် ... အင် လုပ်နေကြလေ၏။

''ကောင်းပြီ ... မင်းတို့ မလိုက်ချင်နေ ... ငါ့ဘာသာငါ သွားမယ်''

ဤသို့ ပြောလိုက်သည့်အတွက် ရဲဘော်အားလုံး ဆိုးပေ နောက်က ပါကြရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေနှင့်ရဲဘော်တို့သည် ကိုပုဏ်တဲသို့ ရောက်၍ ပြူတင်းပေါက်က ကျော်တက်ပြီး ဝင်ကြလေ၏။ ဤသို့ ဝင်ရသည်မှာ မိမိတို့ တွေ့ကြုံခဲ့ရသမျှ စွန့်စားမှုများထက် ပို၍ ရင်တဖိုဖိုနှင့် ရှိရသည်ကို တွေ့သိခံစားကြရတော့၏။ မှော်ဆရာကြီးသည် အခါမရွေး ဤနေရာသို့ ရောက်လာနိုင်ကြီး မိမိတို့အား ဖားကလေးများဖြစ်အောင် ပြုစားနိုင်သည်ဟူသော အတွေးသည် သူတို့အား အသည်းတယားယားနှင့် ရှိနေစေလေ၏။

''ငါနဲ့တူအောင်လုပ်ပြီး အပ်နဲ့ထိုးတဲ့အရုပ်ကို တွေ့အောင်ရှာပြီး လွှင့်ပစ်မှဖြစ်မယ်'' ဟု သာဒွန်းဦးက လုပ်ငန်းစဉ်ကို ပြောလိုက်လေ၏။

''ရှာလို့တော့တွေ့မှာမဟုတ်ဘူး ... အဲဒီတော့ သူနဲ့တူအောင် ဖယောင်းရုပ်လုပ်ပြီး အပ်တွေနဲ့ ထိုးရရင် မကောင်းဘူးလား'' ဟု မောင်မောင်က ဆို၏။

''ဒီလိုလုပ်မယ့်အစား သူ့ကို ဘဝပြောင်းသွားအောင် လုပ်ရရင် သာပြီးကောင်းတာပေါ့''ဟု အဝိန်က အကြံပေးလိုက်၏။

ဤအကြံကို နှင်းရီက လွန်စွာသဘောကျကာ ''ဟုတ်တယ် ... အဲဒါကောင်းတယ် ... ဒီလိုဆိုရင် သိပ်ပျော်စရာကောင်းမယ်'' ဟု ထောက်ခံလေ၏။

မောင်မောင်သည် ကျောက်ရေတ်ဆုံနှင့် ကျည်ပွေ့ကို ဆွဲယူကာ ''မနက်က အဲဒါကို သူမွှေနေတာ တွေ့ရတယ်... အဲဒါနဲ့လုပ်ရင် ဘာဖြစ်မလဲမသိဘူး''ဟု ပြောပြလေ၏။

''ပါးစပ်က ရွတ်တဲ့ဂါထာဟာ အရေးကြီးတာပေါ့''

''ဒီလိုဆိုရင် စမ်းကြည့်ကြစို့လား'' ဟု ဆိုးပေက ဆိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။

''ဘာဖြစ်သွားအောင် လုပ်ကြည့်မလဲ''

''မြင်းဖြစ်သွားအောင် လုပ်မယ်'' ဟု ဆိုးပေက ပြော၏။

''ဒါဖြင့်ရင် ငါအရင်လုပ်စမ်းကြည့်မယ်'' ဟု နှင်းရီက ပြောပြီးနောက် ''ငါ့ကို အနှောင့်အယှက် အဖျက်အဆီးမရှိအောင် စည်းဝိုင်းထား'' ဟု ပြောလေ၏။

မောင်မောင်သည် နှင်းရီအား စည်းဝိုင်းပေးရန် ကြည့်ရာ ကြမ်းပြင်တစ်ခုလုံး မီးသွေးဖြင့် မဲနေသည့်အတွက် တစ်စုံတစ်ရာ ရေးခြစ်မရနိုင်သည်ကို တွေးမိကာ နှင်းရီ၏ ပတ်ပတ်လည်နှင့် မီးသွေးခဲများစီ၍ စည်းဝိုင်းပေးရလေ၏။

ကျန်ရဲဘော်တို့မှာ နှင်းရီမျက်စိစုံမှိတ်ကာ ကျည်ပွေ့ကို မွှေရင်း ရွတ်ဆိုနေပုံကို အကဲခတ်နေကြလေ၏။

''ဉ ... မိုးပေါ်ကသိကြားမင်း တန်ခိုးတော်နဲ့ ဖန်ဆင်း... အောက်က မှော်ဆရာ ဖြစ်လေရော့မြင်း''

နှင်းရီသည် ဤဂါထာကို သုံးကြိမ်တိတိ ရွတ်ဆိုပြီးသည့်နောက် မျက်စိဖွင့်ကြည့်လိုက်၏။

''ငါတော့ ဂါထာကောင်းကောင်းမရဘူး ... ဒါပေမဲ့ အခုလိုပဲ ရွတ်ကြတာပဲ ... ငါရွတ်တာ မှန်ရင်တော့ ဂါထာတန်ခိုးသိရမှာပဲ''

''ဒါဖြင့် သွားကြည့်ရအောင် သူ ဒီအတိုင်းပဲ ရှိနေရင် ဒို့ ပြန်လာပြီး နောက်တစ်မျိုး စမ်းကြည့်သေးတာပေါ့'' ဟု ဆိုးပေက ပြောလိုက်ရာ အားလုံး သဘောတူညီကြလေ၏။

ဆိုးပေတို့သည် လယ်ကွင်းထဲရှိ အရိပ်တွင် စာဖတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ကိုပုကို တွေ့ရှိသွားကြပြီးနောက် ကိုပု၏ အိမ်သို့ အရောက်လောက်မှာပင် လူငယ်တစ်ယောက်သည် ကြေးနန်းစာ တစ်စောင်ကိုကိုင်ကာ ထိုလယ်ကွင်းထဲမှပင် ဖြတ်၍လာလေ သည်။ ထိုလူငယ်ကား စာတိုက်မှလာသော လူငယ်ဖြစ်၍ သူ၏ လက်တွင် ကိုပုကိုပေးရန် ကြေးနန်းစာပါ၍ လာလေရာ အဆင်သင့်ပင် ကိုပုကို ထိုနေရာ၌ တွေ့ရသဖြင့် အိမ်သို့ ရောက်အောင် သွားမနေရတော့ဘဲ ကြေးနန်းစာကို ကိုပုလက်ထဲ သို့ ပေးအပ်သွားလေ၏။

ကိုပုသည် ကြေးနန်းစာကို ဖောက်၍ဖတ်လိုက်ရာ အသည်းအသန် မမာနေသော သူ၏အဒေါ်ဖြစ်သူမှာ မျှော်လင့် ချက်မရှိတော့သဖြင့် အသက်မီလိုလျှင် အမြန်လိုက်လာရန် မှာကြားလိုက်သော စာဖြစ်သည်ကို တွေ့ရလေ၏။

ကိုပု၏အဒေါ်မှာ ဥစ္စာပစ္စည်းပြည့်စုံ၍ မြို့ပေါ်၌ နေလေ ရာ မီးရထားနှင့်အမြန်လိုက်လျှင် အသက်မီနိုင်သေးရကား မိမိ အား ပေးကမ်းထောက်ပံ့နေသည့် အဒေါ်ဖြစ်သည့်အလျောက် ယခုအမြန်သွား၍ အသက်မီလိုက်လျှင် အမွေအနှစ် ပေးကမ်း သွားစရာ အကြောင်းရှိသည်ကို ကိုပုတွေးမိလေ၏။ သို့သော် အချိန်ကား များစွာမရတော့ပေ။ ယခုအချိန် ဘူတာရုံ ပြေးပါမှ မြို့ထဲသို့သွားသော နောက်ဆုံးမီးရထားကို မီနိုင်မည် ဖြစ်လေ ၏။ အိမ်ကိုပြန်၍ သွားနေလျှင် မီးရထားမမီမည်ကို စိုးရိမ်ရ ပေ၏။ သို့ဖြစ်၍ ကိုပုသည် အိမ်ကို စောင့်ကြည့်နေကျဖြစ်သော ကိုချစ်ထွေး ရောက်လာလျှင် ကြည့်ရှုလိမ့်မည်ဟု စိတ်ချကာ အိမ် သို့ပင် မပြန်တော့ဘဲ ထိုနေရာမှပင် ဘူတာရုံဆီသို့ ဖြတ်လမ်းမှ ထွက်၍ သွားလေတော့၏။ ကိုပုမှာ အလျင်စလိုဖြစ်၍ ထွက် သွားသဖြင့် ကြေးနန်းစာကို လှမ်း၍ ယူလိုက်စဉ်က မြက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ ချမိသောစာအုပ်ကိုပင် ကောက်ယူရန် သတိမရဘဲ ကျန်ရစ်ခဲ့လေ၏။

ကိုပုသာ အချိန်ရခဲ့လျှင် အိမ်သို့ ပြန်ဦးမည်ဖြစ်ရာ ထိုသို့ ပြန်ခဲ့လျှင် ဆိုးပေတို့ လူသိုက်နှင့် မုချတွေ့ပေတော့မည်။ ထိုသို့ တွေ့ခဲ့လျှင် မည်သို့ဖြစ်မည်ကိုကား မမှန်းနိုင်ပေ။ လောကတွင် ထိုသို့ တွေ့လွဲမှုကလေးများ၊ တိုက်ဆိုင်မှုကလေးများသည် မကြာမကြာ ဖြစ်တတ်၏။ ယင်းသို့ ဖြစ်တတ်ခြင်းကြောင့်သာလျှင် ထူးခြားဆန်းပြားသော ဝတ္ထုဇာတ်လမ်းကလေးများ ဖြစ်ပေါ်လာရပေ၏။ ဤသို့သော တိုက်ဆိုင်မှု၊ တွေ့လွဲမှုမျိုးများ ဖြစ်မြဲမရှိခဲ့လျှင် ဝတ္ထုဇာတ်လမ်းဟူသမျှမှာ တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှု ရှိကြမည်မဟုတ်ဘဲ ပျင်းရိငြီးငွေ့ဖွယ်ရာဖြစ်ရမည် မှန်ပေ၏။

ကိုပုထွက်သွား၍ ငါးမိနစ်ခန့်အကြာမှာပင် ထိုလယ်ကို ပိုင်သူ ဦးနီတိုးသည် ထိုနေရာသို့ မြင်းသိုးကလေးတစ်ကောင်ကို ဆွဲ၍ ရောက်လာလေ၏။

ဦးနီတိုးသည် ထိုမြင်းကလေးကို နံနက်ကမှပင် ဝယ်ယူလိုက်၏။ သို့ဖြစ်၍ ထိုမြင်းကလေး ရှိနေခြင်းကို ဆိုးပေတို့ မသိကြသေးချေ။ ဦးနီတိုးမှာ ထိုမြင်းကလေးကို ထိန်းကျောင်းနေရန် အချိန်မရသဖြင့် မိမိ၏ လယ်ကွက်ထဲတွင် အစာစားရန် လွှတ်ထားခဲ့ပြီး ထွက်သွားလေတော့၏။

သို့အားဖြင့် ဦးနီတိုး ထွက်သွားပြီး များမကြာမီပင် ထိုနေရာသို့ ရောက်လာကြသည့် ဆိုးပေနှင့် ရဲဘော်တစ်သိုက်မှာ ကိုပု စာဖတ်နေသည့်နေရာတွင် ကိုပုအစား မြင်းကလေးကို တွေ့ရသောအခါ အံ့အားသင့်သွားကြလေ၏။ ဆိုးပေမှာ မျက်လုံးပေကလပ် ပေကလပ်နှင့် ဖြစ်နေ၏။ မောင်မောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မေးရိုးပြုတ်နေသူကဲ့သို့ ပါးစပ်ဟလျက် ရှိတော့၏။ သာဒွန်းဦး မျက်လုံးများမှာ ကျွတ်ထွက်မတတ် ရှိ၏။ အီစွတ်မှာ အာခေါင် သို့ လည်ဇလုတ်တက်၍ ကပ်လုမတတ် တံတွေးမျိုထားလိုက် မိ၏။ အဝိန်နှင့် နှင်းရီမှာ မိမိတို့မြင်ရသည်ကို မယုံနိုင်အောင် ရှိကြ၏။ ပို၍ အံ့ဩစရာဖြစ်ရသည်မှာ မြင်းကလေးသည် ဆိုးပေ တို့မလာမီက အစာစားကာ ခုန်ပေါက်နေရာမှ အစာဝ၍ သစ်ပင် ရိပ်တွင် လှဲလိုက်ရာ ကိုပုချထားခဲ့သော စာအုပ်ကို မျက်နှာနှင့် ကပ်လျက်ရှိသောကြောင့် ကိုပုစာဖတ်နေသကဲ့သို့ တွေ့နေကြ ရခြင်းပင် ဖြစ်ပေ၏။

''ကဲ ...''

''ဟော ...''

''ဟယ် ...''

ရဲဘော်အားလုံးတို့၏ ပါးစပ်တိုင်းမှ အံ့ဩခြင်းကို ပြ သော အာမေဋိတ်သံတစ်ခုစီ ထွက်လာလေ၏။

''ဟေ့ ... သူ့ကိုယ်သူ မြင်းဖြစ်လို့ဖြစ်မှန်း မသိသေးဘူး ထင်တယ်။ စာဖတ်နေတုန်းပဲ'' ဟု ဆိုးပေက အံ့ဩစွာဖြင့် ပြော ၏။

''သူ့ကိုယ်သူ မသိဘဲ နေပါ့မလား ... မျက်လုံးတွေ အပါ သားပဲ ... သူ့ကိုယ်မှာ အမြီးပေါက်ပြီး ခြေလေးချောင်း ဖြစ်နေ တာ မြင်မှာပေါ့''

''ဒို့ စောစောက တွေ့ရတဲ့အတိုင်း စာဖတ်နေတုန်းပဲ''

''စာဖတ်နေပေမယ့် လူစိတ်တော့ ပျောက်နေပါပြီ''

''အရေးကြီးတာက လူတွေကို သူမပြုစားနိုင်ရင် ပြီးတာ ပဲ ... မြင်းဖြစ်ရင် ဘာမှမလုပ်နိုင်တော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ဟော့ ... ဒီဟာ ဦးနီတိုးရဲ့လယ် မဟုတ်လား ... သူ့လယ်ထဲမှာ ဒီမြင်းဝင်နေတာ တွေ့သွားရရင် တိရစ္ဆာန်ထောင်ကို ဖမ်းပို့မှာတော့ သေချာနေတယ် ... ဒီမြင်းဟာ ကိုပုဆိုတာကို သူဘယ်နည်းနဲ့မှ ရိပ်မိမှာ မဟုတ်ဘူးကွ''

''ဒါက အရေးမကြီးဘူး ... အရေးကြီးတာက လူကို ဘဝပြောင်းအောင် လုပ်တာဟာ လူသတ်မှုလိုပဲ အပြစ်ရှိချင်ရှိနေမှာ ဒီလိုမလုပ်ရဘူးဆိုတဲ့ ဥပဒေရှိမှဖြင့် အခက်ပဲ ... ဘာကြောင့်လဲဆိုတော့ သူဟာ မြင်းဖြစ်သွားပေမယ့် စာဖတ်နိုင်ရင် စကားလည်းပြောနိုင်မှာပဲ ... စကားပြောနိုင်လို့ရှိရင် သူ့ကို ဒီလိုလုပ်ထားတာဒို့လက်ချက်ပဲလို့ လျှောက်တိုင်ရင် ဒို့တစ်တွေ ဒုက္ခပဲ ... အားလုံးထောင်ကျမလား ... ကြိုးပေးခံရမလားပဲ''ဟု ဆိုးပေက တွေး၍ပူပန်စွာ ပြောဆိုလေ၏။

''ဒါမင်းရဲ့အပြစ်ပဲ ... မင်းက မြင်းဖြစ်အောင် လုပ်ခိုင်းတာကို တခြားဟာဆိုရင် တော်သေးရဲ့''

''တကယ် ဖြစ်လိမ့်မယ်မှ ငါမထင်ပဲ''

''ဒို့ ဒီလိုနေလို့တော့မဖြစ်ဘူး ... တစ်ခုခုလုပ်မှပဲ ... သူလျှောက်တိုင်မှာ စိုးရတယ်''

ထိုအခိုက်တွင် မြင်းကလေးသည် ဆိုးပေတို့ ချည်းကပ်လာသဖြင့် ဟီလိုက်လေ၏။

''ဟော စကားပြောတယ် တွေ့လား ... ဒါပေမဲ့ လူလိုမဟုတ်တော့ဘူး ... မြင်းစကားပဲ ပြောတယ်''

''လူလိုလည်း ပြောတတ်မှာပါပဲကွာ ... မပြောတတ်ချင်ဟန်ဆောင်နေတာ ဖြစ်မှာပါ ... တစ်ယောက်ယောက်လာမှသူတိုင်မလို့ လုပ်နေတာနဲ့ တူတယ် ... တိုင်ရင်တော့ ဒုက္ခပဲ''



www.burmeseclassic.com

www.burmeseclassic.com



''သူ့ကို လူပြန်ဖြစ်အောင် လုပ်ပေးရင် ပြီးတာပေါ့ သူ့ကို ဒီလို လုပ်ခံရတာ သူသိသွားရင် သူများကို သူ မပြုစား တော့ဘူး'' ဟု နှင်းရီက စဉ်းစား၍ ပြောလေ၏။

''သူ့ကို လူပြန်ဖြစ်အောင် ဘယ်သူလုပ်တတ်သလဲ... ဒို့ တော့ မလုပ်တတ်ဘူး''

''သူ့တဲထဲ ရောက်အောင် ပြန်ပို့လိုက်ရင် ပြီးတာပဲ သူ့ဟာသူ လုပ်လို့ရရင်လည်း ရမှာပဲ မရရင်လည်း ဒို့လာမေး ရင် သူ့အတတ်နဲ့သူ မြင်းဖြစ်တာလို့ ဒို့များက ပြောမှာပေါ့'' ဟု နှင်းရီက နည်းလမ်းပြလေ၏။

မြင်းကလေးသည် လှဲနေရာက ထလိုက်ရာ ရဲဘော်တို့ လည်း သတ်ဝိရိယနှင့် အနီးသို့ ချဉ်းကပ်သွားကြလေ၏။ ဆိုးပေကား ရှေ့ဆုံးကသွားကာ မြင်းကို စကားပြောကြည့်လေ၏။

''ခင်ဗျားဟာ မှော်အတတ်နဲ့ လူတွေကို ဖားဖြစ်အောင်၊ အရိုးပုံဖြစ်အောင်လုပ်လို့ ခင်ဗျားကို မြင်းဖြစ်အောင် လုပ်ထား တာ နောင်တရပြီလား နောင်ကို မလုပ်ပါဘူး ကတိပေးရင် လူပြန်ဖြစ်စေမယ်''

မြင်းပုကလေးသည် ဟီပြန်လေရာ ရဲဘော်များသည် လန့်ပြီး နောက်သို့ ဆုတ်လိုက်မိကြလေ၏။

''ဟော့ သူ ခုနပြောတာ ကတိပေးတာထင်တယ်''

''ဟုတ်ဘူးကွ ဒို့ကို ဂရုမထားလို့ ရယ်တာနဲ့တူတယ်''

''ဘာပဲဖြစ်ဖြစ်ကွာ သူ့ကို မြန်မြန်ပြန်ပို့တာ ကောင်းပါ တယ် လူများ တွေ့မသွားဖို့ အရေးကြီးတယ်''

မြင်းပုကလေးကို ကိုပု၏အိမ်ရောက်အောင် ခေါ်ဆောင် ဆွဲငင်ကြရသည့်အလုပ်မှာ မလွယ်လှပေ။ မည်သို့မည်ပုံ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားခေါင်င်ရသည်ကို ဖော်ပြရလျှင် ဆုံးနိုင်တော့မည် မဟုတ်။ ကိုပုဇ၏တဲသို့ ရောက်သည့်အချိန်တွင် တင်ပါးကို မြင်းကန်ခံရ၍ ထော့နဲ့ထော့နဲ့ နေသူနေ။ မြင်းဆွဲပြေးသဖြင့် ကြိုးတန်းလန်းနှင့်ပါကာ ဒူးပြဲသူပြဲ။ ရေမြောင်းထဲကျသူကျ ဖြစ်လာကြသည်ကို ထောက်ချင့်ရခြင်းဖြင့် မည်မျှဒုက္ခခံ၍ ယူဆောင်လာခဲ့ရသည်ကို တွေးယူသိရှိနိုင်ပေ၏။

ကိုပုဇ၏အိမ်သို့ရောက်၍ ထွက်လာကြသောအခါ မည်သူ့ကိုမျှ မတွေ့ရ။ အိမ်ကို ကြည့်ရှုပေးသူ ကိုချစ်ဆိုသူလည်း မရောက်လာသေး။ လယ်ကူလီ ကုလားလေးတစ်ယောက်သာလျှင် မြင်းတစ်ကောင်နှင့် တစ်ရှုန်းရှုန်းဖြစ်နေသော ဆိုးပေတို့ကို ခပ်လှမ်းလှမ်းမှ အကဲခတ်မိသူရှိလေ၏။

ဆိုးပေတို့သည် မြင်းကလေးကို ကြိုးဆွဲသူဆွဲ။ ဖင်တွန်းသူကတွန်းနှင့် အနိုင်နိုင်ကြိုးစား၍ တဲထဲသို့ ရောက်အောင်သွင်းကြရပြီးနောက် ပြူတင်းပေါက်မှ ကြည့်ကြလေ၏။ မြင်းကလေးသည် တဲထဲသို့ရောက်ခါမှ ပို၍ခုန်ပေါက် သောင်းကျန်းလေတော့ရာ ကိုပု အဂ္ဂိရတ်ထိုးသည့် ဖားဖိုများ၊ လုံများ၊ နံရံတွင်တင်ထားသည့် ပုလင်းများကို ကန်မိကျောက်မိလေတော့ရာ တစ်ခုမှ ရစရာမရှိသလောက် ကျိုးပဲ့ပျက်စီးကုန်ကြလေတော့၏။

''အခုမှ သူ့ကိုသူ မြင်းဖြစ်မှန်းသိပြီ ... လူပြန်ဖြစ်အောင် လုပ်လို့မရလို့ ဒေါပွပြီး လျှောက်ရမ်းနေပြီ''ဟု ဆိုးပေက ထင်မြင်ချက် ပေးလေ၏။

''သူ့ကို အကျိုးအကြောင်း ပြောပြပါဦး''

''ဗျို့ ... ဒီမှာ ခင်ဗျားကိုယ်ကို လူပြန်ဖြစ်အောင် မလုပ်နိုင်ရင်တော့ ဒီအတိုင်းပဲ ခင်ဗျားနေရမှာပဲ ... ကျွန်တော်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမတတ်နိုင်ဘူး''ဟု ဆိုးပေက ပြောလိုက်ရာ မြင်းသည် နားလည်၍ ပိုမိုဒေါသထွက်လာသည့်အလား တစ်ခန်းလုံး ခုန်

''လာဟေ့ ပြန်ကြစို့ ... ဒီမှာ ကြာကြာနေလို့တော့ မဖြစ်ဘူး ... သူ့ထိုက်နဲ့ သူ့ကံပဲ''

ဆိုးပေနှင့် ရဲဘော်တို့သည် အိမ်သို့ပြန်ကြရန် လှည့်၍ အထွက်တွင် မိမိတို့ ပြန်မည့်ခရီးလမ်း၌ အဆီးအတားတစ်ခုနှင့် တိုးနေလေ၏။ ၎င်းကား အခြားမဟုတ်။ တိရစ္ဆာန်ညှဉ်းပန်းမှုကာကွယ်ရေးအသင်းမှ ပုလိပ်များသည် မိမိတို့ရှိရာသို့ လာ၍ နေကြသည်ကို တွေ့ရခြင်းပင် ဖြစ်ပေ၏။ ဆိုးပေတို့မှာ မိမိတို့သည် လူကို မြင်းဖြစ်အောင်လုပ်မိ၍ အပြစ်ရှိနေရသည့်အထဲ တိရစ္ဆာန်ညှဉ်းပန်းမှုနှင့် ထပ်မံ၍ အရေးယူခံရဦးတော့မည်ဟု ထိတ်လန့်သွားကြကာ လျှပ်စစ်ပြက်လိုက်သည့်အလား လမ်းဘေး၊ ဝဲယာအကာအကွယ်ရှိရာသို့ ပြေးလွှား၊ ပုန်းအောင်းလိုက်ကြလေ၏။

ဦးနီတိုးသည် မိမိ၏ လုပ်ငန်းဆောင်တာများ လုပ်ကိုင်ပြီးစီး၍ လယ်ကွက်ထဲသို့ သွားရောက်ပြီး မိမိ၏မြင်းကလေးကို ပြန်၍ ကြည့်ရာတွင် မရှိတော့သည်ကို တွေ့ရလေ၏။

သို့ဖြစ်၍ မြင်းကို လူဆွဲသွားပြီး တိရစ္ဆာန်ထောင်သို့ ပို့လေရော့သလားဟု အောက်မေ့ကာ တိရစ္ဆာန်ထောင်သို့ သွားကြည့်ပါသော်လည်း မည်သည့် ကျွဲ၊ နွား တိရစ္ဆာန်ကိုမျှ ဖမ်းဆီး၍ လာရောက်ပို့ထားခြင်း မရှိသည်ကို သိသဖြင့် မြင်းလွတ်သွားခြင်း ဖြစ်လိမ့်မည်ဟု ယူဆကာ ဟိုမေးသည်မေးနှင့် မြင်းနောက်ကို လိုက်၍ ရှာရလေတော့၏။

ထိုသို့ လိုက်လံရှာဖွေမေးမြန်းရာတွင် ဆိုးပေတို့ မြင်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို မြင်လိုက်ရသော လယ်ကူလီ ကုလားလေးနှင့် တွေ့လေ၏။

''ဟုတ်တယ် ... နာတွေ့တယ် ... ကန်းကလေးတွေ လေးခု.. ငါးခု မြင်းကို ယူသွားတယ် ... ဟိုးနားက အိမ်ထဲကို ယူသွားတယ်''

ကုလားကလေး၏ သတင်းပေး ညွှန်ကြားချက်အရ ဦးနီတိုးသည် တရှူးရှူးတရှားရှား ဒေါသထွက်ကာ ''ဒီခွေးမသားကလေးတွေတော့ တွေ့ကြပြန်ပေါ့'' ဟု ရေရွတ်ရင်း ကိုပု၏ အိမ်ဆီသို့ သုတ်ခြေတင်ခဲ့လေ၏။

ကိုပု၏အိမ်သို့ ရောက်သောအခါ ဦးနီတိုးမှာ ကိုပုကိုလည်း မတွေ့ရ။ မြင်းကိုလည်း မတွေ့ရ။ မြင်းဆွဲသွားသည်ဆိုသော ကလေးများကိုလည်း မတွေ့ရသဖြင့် ဘယ်ပုံဘယ်နည်း ဖြစ်ပြန်သည်ကို မစဉ်းစားတတ်အောင်ရှိကာ ဒီကိစ္စကို ဂါတ်တိုင်မှ ဖြစ်မည်ဟု နှလုံးပြုပြီး ဂါတ်ကို တိုင်ရန် သွားလေ၏။

ဦးနီတိုး ထွက်သွား၍ မကြာမီမှာပင် ကိုပုအိမ်ကို ကြည့်ရှုပေးလေ့ရှိသော ကိုချစ်ထွေး ရောက်လာလေ၏။ ကိုချစ်ထွေးသည် အိမ်ကြီးတွင် ကိုပုကို မတွေ့ရသဖြင့် အင်္ဂရိတ်ထိုးသည့် တဲထဲတွင် ရှိလိမ့်မည် ဟူသောအထင်ဖြင့် တဲထဲသို့ ဝင်ရောက်၍ ကြည့်ရှုရာတွင် ကိုပုကိုကား မတွေ့ရဘဲ ကိုပု အင်္ဂရိတ်ထိုးသည့် ပစ္စည်းများကို ရိုက်နှက်ချိုးဖျက်ထားသကဲ့သို့ ကွဲအက်ပျက်စီးကြေမွကာ အခန်းထဲတွင် ပြန့်ကျဲနေသည်ကို တွေ့ရလေ၏။

''ဟိုက် ... တစ်ခုခုတော့ ဖြစ်ပြီ ... ကိုပုကို တစ်ယောက်ယောက်က သတ်ဖို့ကြံစည်ပြီး ရိုက်နှက်ဆွဲခေါ်သွားတာနဲ့တူတယ် ... တစ်ခန်းလုံး ကြေမွနေတာထောက်ရင် ဒီအထဲဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခွဲသွားတာ ဖြစ်လိမ့်မယ် ဒီလိုနေလို့တော့ မဖြစ်ဘူး ဂိတ်ကိုမြန်မြန်ပြေးပြီး တိုင်မှပဲ''ဟု ကိုချစ်ထွေးက တစ်ယောက်တည်း ပြောဆိုပြီး ဂိတ်သို့ပြေးလေ၏။

ဂိတ်သို့ ဦးစွာရောက်နှင့်နေကြသူတို့ကား တိရစ္ဆာန်ညှဉ်းပန်းမှု ကာကွယ်ရေးအသင်းမှ ပုလိပ်နှစ်ယောက်နှင့် ဦးနီတိုး၏ မြင်းကလေး ဖြစ်ပေ၏။ ဆိုးပေနှင့် ရဲဘော်တစ်သိုက်တို့ကား ဂိတ်နှင့် မလှမ်းမကမ်းရှိ တစ်နေရာမှ ချောင်းမြောင်း၍ အရိပ်အကဲ ကြည့်နေကြလေ၏။ တိရစ္ဆာန်ကာကွယ်ရေးပုလိပ်များက မိမိတို့သည် ကိုပု၏အိမ်တွင် မြင်းတစ်ကောင်ဖမ်းဆီးညှဉ်းပန်းထားသည်ကို တွေ့ရ၍ ကိုပုအား တိရစ္ဆာန်ညှဉ်းပန်းမှုဖြင့် အရေးယူရန် တိုင်ကြားလျက်ရှိလေ၏။

ထိုသူတို့၏ တိုင်ချက်ကို ပုလိပ်တစ်ယောက်က မှတ်ယူနေစဉ်မှာပင် ဦးနီတိုး သုတ်သီးသုတ်ပြာ ရောက်၍လာလေ၏။ ဦးနီတိုးသည် မြင်းပျောက်ကို တိုင်မည်ဟု လာရာတွင် ဂိတ်တဲ၌ မိမိ၏မြင်းကလေး ရောက်နေသည်ကို တွေ့ရသဖြင့် အံ့သြသွားလေ၏။

''ကျုပ်မြင်းကို လူခိုးသွားလို့ တိုင်ရအောင် လာတယ်ဗျ။ အခု ဂိတ်ထဲကို ရောက်နေတဲ့ မြင်းဟာ ကျုပ်မြင်းပဲ''

''နေပါဦးဗျ ... ဒီမှာ အမှု ၂ မှု ပေါ်နေတုန်း ခင်ဗျားက အော်ကျယ်အော်ကျယ် လုပ်မနေစမ်းပါနဲ့''ဟု ဂိတ်စာရေးက ပြောလိုက်လေ၏။

''ကျုပ်အမှုက အရေးကြီးတဲ့အမှုပါ ... လူသတ်သွားတာ''

''ဘယ်သူ့အသတ်ခံရလို့လဲ''

''ကိုပုဗျ ... ကိုပု''



www.burmeseclassic.com

www.burmeseclassic.com



ဂါတ်တဲရှိ လူအားလုံးမှာ မစဉ်းစားတတ်အောင် ရှိသွားကြလေ၏။ ဂါတ်စာရေးမှာကား ခေါင်းရှုပ်နေတော့၏။

''ဘယ့်နှယ်တွေတုန်းဗျာ ... တစ်ယောက်က ကိုပုကို တိရစ္ဆာန် ညှဉ်းပန်းမှုနဲ့တိုင် ... တစ်ယောက်က ကိုပုကို ခိုးရာပါပစ္စည်း လက်ခံမှုနဲ့တိုင် ... တစ်ယောက်က ကိုပုကို လူသတ်ခံရပါတယ်လို့တိုင် ... ကျုပ် ဘယ်ဟာ အရေးယူရပါ့မလဲ'' ဟုပြောကာ ဂါတ်စာရေးမှာ လက်မှိုင်ချမိလေ၏။

ဂါတ်တဲသို့ တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်၍လာနေကြသည်ကို ဆိုးပေတို့ တွေ့ရသဖြင့် အမှုမှာ မိမိတို့ထင်သည်ထက် ရှုပ်ထွေးလာပြီဟု ရိပ်မိကာ ပို၍သိလိုဇောဖြင့် ရဲဘော်တစ်စုတို့သည် တဖြည်းဖြည်း ဂါတ်အနားသို့ ကပ်၍လာမိကြလေ၏။

BURMESE CLASSIC .com

ဂါတ်စာရေးသည် ခေါင်းရှင်းအောင် အတန်ကြာ ငြိမ်သက်နေလိုက်ရလေ၏။ ထိုနောက်မှ ''အခု ကိုပုအလောင်း ဘယ်မှာလဲ''ဟု မေးလိုက်၏။

''ကိုပုဟာ အလောင်းဖြစ်တဲ့ အခြေအနေ ရောက်သွားပြီလား ... မရောက်သေးဘူးလား ... မပြောနိုင်သေးဘူး ... ကိုပုအခန်းထဲမှာတော့ ဝင်ပြီး ရိုက်နှက်ဆွဲခေါ်သွားတဲ့ ခြေရာလက်ရာတွေ တွေ့ရတယ်။ လူကိုတော့ မတွေ့ရဘူး''

ထိုသို့ ပြောနေစဉ်မှာပင် ဒေါ်သ,ခြောင်းခြောင်းထွက်သည့် အမူအရာဖြင့် ဂါတ်တဲသို့ ဝင်ပြေးလာသော ကိုပုကိုတွေ့ရလေရာ အားလုံးအံ့သြမဆုံး ဖြစ်သွားကြလေတော့၏။ ကိုပုသည် မီးရထား မမီလိုက်သည့်အတွက် ခရီးမသွားဖြစ်တော့ဘဲ ဘူတာရုံမှ အိမ်သို့ ပြန်လာခဲ့ရာ မိမိ၏အင်္ကျီရတ်ထိုးသည့် တဲထဲတွင် ကွဲရှကြေမွနေသည်ကို တွေ့ရပြီး စုံစမ်းရာတွင် လယ်



www.burmeseclassic.com

www.burmeseclassic.com



ကူလီကလေး၏ သတင်းပေးချက်အရ အကျိုးအကြောင်းသိရသဖြင့် ဂါတ်သို့တိုင်ကြားရန် ရောက်လာခြင်း ဖြစ်၏။ ထိုသို့ ရောက်လာသည့်အတွက် ဂါတ်တဲရှိ လူများ အံ့သြခြင်းထက် ဆိုးပေတို့မှာ ပို၍အံ့သြမိကြရာက တိုင်ကြားပြောဆိုနေသည့် စကားများအရ မိမိတို့အပေါ်၌ အပြစ်များစုပုံလာသည်ကို သိကြရ၍ မိမိတို့အား တွေ့မသွားမီ ထိုနေရာမှ လစ်ကြလေတော့၏။

နောက်နေ့တွင် ဆိုးပေ၏ဖခင်မှာ ဒေါပွလျက် ရှိလေတော့၏။ ''မဖြစ်ဘူးဟေ့ ... မဖြစ်ဘူး ... ဒီကောင်ကလေးအတွက် တစ်ခုခုတော့လုပ်မှ ဖြစ်မယ် အခု ကိုပုအိမ်က ပျက်ဆီးတာတွေအတွက် မျှပြီးလျော်ကြေးပေးလိုက်ရတာ တော်သေးတယ် ... ရှေ့ကို ဒီ့ထက်ဆိုးမယ် ... ဒီကောင်ကလေးကို ထားရလည်း အခက် ... သတ်ပစ်ရမှာလည်း အခက်ပဲ''

''ကလေးအမိုက်အမဲဆိုတာ ဘယ်သိမလဲရှင့် ... ကြီးလာရင် ရှင့်လို ဖြစ်လာမှာပေါ့''

''ကျုပ်နဲ့မနှိုင်းပါနဲ့ ... ကျုပ် သူ့လို မရူးပါဘူး''

''ကလေးကို သိပ်လည်း စိတ်ဆိုးမနေပါနဲ့ရှင် ... နောက်နှစ်ရက်ကြရင် ကျောင်းဖွင့်တော့မှာပဲ''ဟု ဆိုးပေ၏ မိခင်က သားအတွက် ကာကွယ်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com